ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၈ ပြည့်နှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F. A

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

## ၁၉၇၀ ပြည့်နှစ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရ ရိုက်နှိပ်ထုတ်ဝေသည်။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာ့ရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့်(၀၅၀)ယာယီ ချိုးဖြူစာပေပုံနှိပ်တိုက်
အမှတ်-၉၁၆ သုမိတ္တာ ၂၄-လမ်း ၁-ရပ်ကွက်
မြောက်ဥက္ကလာပ က ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၅၂၇) က ထုတ်ဝေသည်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့တရားသူကြီးအဖွဲ့

| | | |
|---|---|---|
| ၁။ | သူရဦးအောင်ဖေ | ဥက္ကဋ္ဌ |
| ၂။ | စည်သူတံဆိပ်ရ ဇေယျကျော်ထင် ဦးစိုးလှိုင် | အဖွဲ့ဝင် |
| ၃။ | သီရိပျံချီ ဦးတင်အောင် | အဖွဲ့ဝင် |
| ၄။ | ဦးလှဘုန်း | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းရှိန် | အဖွဲ့ဝင် |
| ၆။ | ဦးအေးမောင် ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | အဖွဲ့ဝင် |
| ၇။ | ဦးသန့်စင်၊ ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ<br>(၁-၁-၈၀ နေ့မှ ၁၃-၁၀-၈၀ နေ့ထိ) | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၁။ | သူရဦးအောင်ဖေ | ဥက္ကဋ္ဌ |
| ၂။ | စည်သူတံဆိပ်ရ ဇေယျကျော်ထင် ဦးစိုးလှိုင် | အဖွဲ့ဝင် |
| ၃။ | သီရိပျံချီ ဦးတင်အောင် | အဖွဲ့ဝင် |
| ၄။ | ဦးလှဘုန်း | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းရှိန် | အဖွဲ့ဝင် |
| ၆။ | ဗိုလ်မှူးချုပ်ခင်အုန်း | အဖွဲ့ဝင် |
| ၇။ | ဦးမန်းစံမြတ်ရွှေ | အဖွဲ့ဝင် |
| ၈။ | ဦးအေးမောင် ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | အဖွဲ့ဝင် |
| ၉။ | ဦးသန့်စင် ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ<br>(၁၄-၁၀-၈၀ နေ့မှ ၃၁-၁၂-၈၀ နေ့ထိ) | အဖွဲ့ဝင် |

# ၁၉၇၀ ပြည့်နှစ်
# ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသောမှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကာစီး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၁ |
| ဦးကိုကြီး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၄ |
| မောင်ကိုးနီ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၇ |
| ဦးဣန္ဒဝံသ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးကျော်သန်း ပါ-၄) | ၁၀ |
| ဦးစိန်ထွန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၁၃ |
| မောင်တင်ထွန်းငင်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၁၇ |
| မောင်တင့်ဆွေ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်) | ၂၀ |
| မောင်ထွန်းလွင် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၂၄ |
| မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း ပါ-၂ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၂၉ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | ဦးခင်ဖေ ပါ-၃ | ၃၃ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | မောင်တင်ညွန့် | ၃၆ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | ဦးအောင်ကြီး-ပါ၂ | ၃၉ |

## စီရင်ထုံးပြုသော မှုခင်းများ

### ပြစ်မှုဆိုင်ရာ အမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| မောင်မက်မွတ်စ်တဖား | နှင့် | ဟာဂျာဘီ-ဘီဘီ | ၄၆ |
| ဦးမောင်သိန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၅၀ |
| ဒေါ်ဟောက်ခန့်ကြောင် | နှင့် | ဦးနိုန်ရိုဂှန် | ၅၃ |
| ဦးအောင်ထွန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၅၆ |
| ဦးအောင်သန်း | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မဌေးတင်) | ၅၉ |
| ဦးအုံးရီ | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၆၂ |
| ဗိုလ်ပရာကပ်ဆင်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၆၄ |
| ဦးလှစိန် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးသိန်း | ၆၆ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | ၁။ ဦးလောဖုန်း<br>၂။ ဦးလောကျူး<br>၃။ ဦးဘမြင့်<br>၄။ ဦးခင်မောင်ဝင်း | ၆၈ |

## ပြစ်မှုဆိုင်ရာ အမှုများ

စာမျက်နှာ

**ဥပဒေများ:-**

၁။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

၃။ ပြစ်မှုဆိုင်ရာဥပဒေ

၄။ ရုံးတော်ကိုမထီမဲ့မြင်ပြုမှုဥပဒေ

၅။ သက်သေခံဥပဒေ

၆။ ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ

၇။ ၁၉၇၀ ပြည့်နှစ်၊ သမ္မဝါယမအသင်း ဥပဒေ

၈။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ

**ရုံးပြောင်းလျှောက်ထားခြင်း—လျှောက်ထားသူ၏ စိတ်တွင် အမှုဆုံးဖြတ်ရာ၌ တရားမျှတမှု ရှိပါမည်လားဟူသော သံသယစိတ်ဖြစ်ပေါ်ခြင်း ရုံးပြောင်းပေးရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်းလျှောက်ထားရာတွင် အဓိက စဉ်းစားရန်မှာ တရားစီရင်ရေးအဖွဲ့ဝင်များသည် အမှုကိုမလွဲမသွေ ဘက်လိုက်ဆုံးဖြတ်လိမ့်မည်ဟူသော အချက်မဟုတ်ပေ။ လျှောက်ထားသူ၏ စိတ်ဝယ် တရားသူကြီးအဖွဲ့ဝင်များသည် အမှုကိုဘက်လိုက်ဆုံးဖြတ် လိမ့်မည်ဟု သံသယဖြစ်ပေါ် စေနိုင်သောအချက် ရှိမရှိဖြစ်သည်။ ဦးအောင်ထွန်း၏ ကတိသစ္စာပြုချက်အရ ဦးအောင်ထွန်းက တရားလိုအဖြစ်တရားစွဲဆိုထားသောအမှုမှာ များစွာကြန့်ကြာလျက်ရှိကြောင်း၊ တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တရားခံတစ်ဦးမှာ ယခင်ကရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြောင်းနှင့် တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးမှာလည်း၊ တရားခံတစ်ဦး၏ မိခင်နှင့် အိမ်နီးချင်းဖြစ်ပြီး ထိုအိမ်သို့အမြဲတစေ ဝင်ထွက်စားသောက်နေသူ ဖြစ်ကြောင်း သိရသည်။ ဤအချက်များမှာ

စာမျက်နှာ

လျှောက်ထားသူ၏စိတ်တွင် သူ၏အမှုဆုံးဖြတ်ရာ၌ တရားမျှတမှုရှိပါမည်လား ဟူသော သံသယဖြစ်ပေါ်စေနိုင်သည့် အချက်များပင် ဖြစ်ပေသည်။

ဦးအောင်ထွန်း　နှင့်　ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်　၅၆

**ရဲ့ရှေ့ထွက်ဆိုချက်များကို မှတ်တမ်းတင်ထားခြင်း– ရဲ့ရှေ့ထွက်ချက်သည် သက်သေအား ရှေ့နောက်မညီညွတ်ကြောင်း ပြရန်အတွက်လည်းကောင်း မယုံကြည်ထိုက်ကြောင်း ပြရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်–ကျန်အခြေအနေတွင် အသုံးမပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးက အမှုစစ်ရဲအရာရှိ ဦးမောင်သန်းအပါအဝင် တရားလိုပြသက်သေငါးဦးကို စစ်ဆေးပြီးနောက် ဦးစိန်ထွန်းအပေါ် စွဲချက်တင်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့သော သက်သေများအနက် ဦးမောင်သန်းမှအပ ကျန်တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များတွင် ဦးစိန်ထွန်း၏အမည် လုံးဝပေါ်ပေါက်ခြင်းမရှိချေ။ ဦးမောင်သန်း၏ သက်သေခံချက်၌ ဦးစိန်ထွန်း၏အမည် ပေါ်ပေါက်လာရခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်၍ ဦးမောင်သန်းက ထွက်ဆိုခဲ့ခြင်းများကို တရားရုံးက မှတ်တမ်းတင်ခဲ့သောကြောင့် ဖြစ်ပေသည်။ ဦးမောင်သန်းသည် အမှုစစ်ရဲအရာရှိအဖြစ် မောင်မြင့်အားစစ်မေးခဲ့သည်။ မောင်မြင့်က ယခုပြစ်မှုကိစ္စနှင့် ပတ်သက်၍ သူနှင့်ဦးစိန်ထွန်းတို့ မည်သို့ စီစဉ်ဆောင်ရွက်ခဲ့ကြသည့် အကြောင်းများကို ဦးမောင်သန်းထံ အစစ်ခံခဲ့ရာ ထိုအစစ်ခံချက် အလုံးစုံကို ဦးမောင်သန်းက တရားရုံး၌ သက်သေခံသောအခါ ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

အမှုစစ်ရဲအရာရှိ တစ်ဦးသည် အမှုစုံထောက် စစ်မေးစဉ် အမှုအကြောင်းအရာများကို သိသည်ဟု အဆိုရှိသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၁ အရ နှုတ်တိုက်စစ်မေးခွင့်ရှိပေသည်။ ထိုသို့စစ်မေးခြင်းခံရသူသည် အမှုစစ်ဆေးရာ၌ သက်သေအဖြစ် အစစ်ခံသောအခါ ထိုသက်သေ၏ အမှုစုံထောက် စစ်မေးစဉ်က ပြောဆိုခဲ့သောထွက်ဆိုချက်များကိုသက်သေခံ ဥပဒေပုဒ်မ ၁၄၅ အရ သက်သေ၏ ထွက်ဆိုချက်သည် ရှေ့နောက်မညီကြောင်း ပြဆိုရန်အတွက် မေးမြန်းသည့်အခါတွင်လည်းကောင်း၊ သက်သေခံ ဥပဒေ ပုဒ်မ ၁၅၅ အရ သက်သေ

စာမျက်နှာ

အား မယုံကြည်ထိုက်ကြောင်း ဖော်ပြရန်အတွက် မေးမြန်းသည့်အခါ တွင်လည်းကောင်း အသုံးပြုနိုင်သည်မှအပ အမှုစစ်ဆေးရာ၌ သက်သေခံအဖြစ် အသုံးမပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ တွင်ပြဋ္ဌာန်းထားသည်။

ယခုအမှု၌ အမှုစစ်အရာရှိ ဦးမောင်သန်း၏ သက်သေခံချက်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ နှင့် ဆန့်ကျင်လျက် ရှိသည်။ ထိုဥပဒေနှင့် ဆန့်ကျင်လျက်ရှိသော ဦးမောင်သန်း၏ ထွက်ဆိုချက်များ ကို ဖယ်ရှားလျှင် ဦးစိန်ထွန်းအပေါ် ငြိစွန်းသော သက်သေခံချက် လုံးဝမရှိကြောင်းတွေ့ရသည်။

ဦးစိန်ထွန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၃

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ၊ တိုက်ဆိုင်စစ်ဆေးမေး မြန်းခြင်း—ရဲစခန်း အစစ်ခံခဲ့ခြင်း မရှိသည့်အချက်ကို ရုံးရှေ့တွင်ထွက် ဆိုပါက ရဲရှေ့အစစ်ခံချက်တရပ်လုံး သက်သေအား ဖတ်ပြရန်လို ခြင်း– ဖတ်ပြသော အချက်ကို မှတ်တမ်းတင်ရန်လိုခြင်း—ဖတ်ပြသည့် အတိုင်း မှန်မမှန် မပြောနိုင်ပါဟု သက်သေက ထွက်ဆိုပါက ရဲရှေ့ အစစ်ခံချက်ကို သက်သေထင်ရှား ပြသရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုတွင် သက်သေခံချက်များကို မသုံးသပ်မီ သက်သေတစ်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ၊ ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင် စစ်ဆေးပုံစစ်ဆေးနည်းကို ဖော်ပြလို သည်။ ယခုအမှုမှာကဲ့သို့ ဦးကျော်သန်း (လိုပြ–၆)အား ရဲရှေ့တွင် အစစ်ခံခဲ့ခြင်း မရှိသည့်အချက်ကို တရားရုံးရှေ့တွင် ထွက်ဆိုသည်ကို အကြောင်းပြုပြီး သက်သေအား ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင်မေး မြန်းရာတွင် ရဲရှေ့အစစ်ခံချက် တရပ်လုံးကို သက်သေအား ဖတ်ပြပြီး နောက်၊ ရုံးရှေ့တွင်ထွက်ဆိုသော ထွက်ဆိုချက်သည် ရဲရှေ့ အစစ်ခံ ချက်တွင် အဘယ့်ကြောင့် မပါရှိရကြောင်း မေးမြန်းဖို့လိုသည်။ ထို သို့ ဖြေရှင်းနိုင်ရန် လိုအပ်သည့် မေးခွန်းများကိုလည်း မေးမြန်းဖို့လို သည်။ ဦးကျော်သန်းအား ရဲရှေ့ အစစ်ခံချက်ကို ဖတ်ပြသောအခါ ဦးကျော်သန်းက ဖတ်ပြသည့်အတိုင်း ရဲရှေ့ တွင်အစစ်ခံခဲ့ကြောင်း ဝန်ခံ

စာမျက်နှာ

ထားသည်ကို တွေ့ရသည်။ သို့ရာတွင် ဦးကံရက၊ တရားခံ ဦးအောင်ကြီးအား တုတ် ခေါ်း မကွဲပြားသည့် လက်နက်ဖြင့် ရိုက်မည့်အပြုတွင် ဦးအောင်ကြီးက ဆူးရင်းခွဖြင့် ပြန်ရိုက်သည်ကို မြင်ရကြောင်းအချက်နှင့် စပ်လျဉ်း၍ ရဲရှေ့အစစ်ခံချက် တရပ်လုံးကို သက်သေအားဖတ်ပြပြီးနောက် အဘယ့်ကြောင့် ရုံးရှေ့ထွက်ဆိုချက်များ မပါရှိရကြောင်း ဦးကျော်သန်းအား မေးမြန်းထားခြင်း မရှိသဖြင့် ဦးကျော်သန်းသည် ထိုအချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းခွင့် မရပေ။ သို့ဖြစ်၍ ဦးကျော်သန်း၏ အစစ်ခံချက်ကို အကဲဖြတ်ရာတွင် အခက်အခဲနှင့် ကြုံတွေ့ရပေသည်။

သက်သေ ဦးထွန်းရှင် (လိုပြ-၉)အား ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင် စစ်ဆေးရာတွင် တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းက ရဲရှေ့အစစ်ခံချက်ကို သက်သေအား ဖတ်ပြသည်ဟု ဦးထွန်းရှင်၏ ထွက်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ အမှန်ဆိုသော် ယင်းသို့ဖတ်ပြသော အစစ်ခံချက်ကို ဦးထွန်းရှင်၏ သက်သေထွက်ချက်တွင် မှတ်တမ်းတင်ရန် လိုပေသည်။ သို့မှသာ ဦးထွန်းရှင်သည် ရဲရှေ့တွင် မည်သို့အစစ်ခံခဲ့သည်၊ ထိုအစစ်ခံချက်နှင့် စပ်လျဉ်း၍ ဦးထွန်းရှင် မည်သို့ဖြေရှင်းသည်ကို သိရှိနိုင်မည်ဖြစ်ပေသည်။

ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသောအခါ ဖတ်ပြသည့်အတိုင်း ထွက်ဆိုခဲ့ကြောင်း ဝန်ခံထားသဖြင့် ဦးကျော်သန်း၏ ထွက်ချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေ ထင်ရှားပြရန် မလိုတော့ပေ။ ဦးထွန်းရှင်ကမူ ရဲရှေ့တွင် ဥပဒေဝန်ထမ်း ဖတ်ပြသည့်အတိုင်း မှန်မမှန် မပြောနိုင်ပါဟု ထွက်ဆိုထားသဖြင့် ၎င်း၏ ရဲရှေ့အစစ်ခံချက်ကို သက်သေထင်ရှားပြဖို့လိုသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ သက်သေအား စစ်ဆေးခဲ့သည့် အမှုစစ်ရဲအရာရှိ ဦးလှမြင့် (လိုပြ-၁၄) အနေဖြင့် ဦးထွန်းရှင်အား စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးသည့်အတိုင်း သက်သေထွက်ချက်များကို မှန်မှန်ကန်ကန် ရေးယူခဲ့ကြောင်း၊ ဦးထွန်းရှင်၏ အစစ်ခံချက်မိတ္တူမှာ ရုံးရှေ့တွင် တင်ပြသော သက်သေခံ မိတ္တူမှန်ဖြစ်ကြောင်း ထွက်ဆိုဖို့လိုပေသည်။ သို့မှသာ ရဲရှေ့အစစ်ခံချက်ကို ပြစ်မှု

စာမျက်နှာ

ဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) တွင် လိုအပ်သည့်အတိုင်း သက်သေထင်ရှားပြရာ ရောက်ပေလိမ့်မည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးအောင်ကြီး ပါ ၂ ၃၆

**သက်သေ၏ ရဲရှေ့အစစ်ခံချက်– တရားခံအပြစ်ရှိ မရှိ သုံးသပ်ရာတွင် ရဲရှေ့အစစ်ခံချက်ကို အသုံးမပြုနိုင်ခြင်း– ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ–၅၁၇ အရ သက်သေခံပစ္စည်း ခန့်ခွဲရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံအဖြစ် အသုံးမပြုရန်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) က ပိတ်ပင်သည်ဟု ကောက်ယူရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေတစ်ဦးက အမှုစစ်ရဲအရာရှိ ရှေ့၌ ထွက်ဆိုသော အစစ်ခံချက်ကို အမှုစစ်ရဲအရာရှိက စုံထောက်စစ်ဆေးခဲ့သည့် ပြစ်မှုနှင့် စပ်လျဉ်း၍ အမှုတွင် သက်သေခံချက်အဖြစ် အသုံးမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) တွင် တားမြစ်ထားသည်။ သို့ဖြစ်၍ တရားခံ မောင်ကျော်ဝင်းစိန် အပြစ်ရှိ မရှိ ဆန်းစစ်ရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံ အထောက်အထားအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည် မဟုတ်ပေ။ သို့သော် သက်သေခံပစ္စည်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့်ကိစ္စမှာမူ တရားခံ မောင်ကျော်ဝင်းစိန် အနေဖြင့် ပြစ်မှုကျူးလွန်ခြင်းရှိ မရှိ သုံးသပ်ဆုံးဖြတ်သည့် ကိစ္စနှင့် ကွဲပြားခြားနားသည်ဖြစ်ရာ သက်သေခံပစ္စည်းကို စီမံခန့်ခွဲရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံချက်အဖြစ် အသုံးမပြုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) က ပိတ်ပင်ထားသည်ဟု ကောက်ယူရန် မသင့်ချေ။

မောင်တင့်ဆွေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်) ၂၀

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) ၏ ခြွင်းချက်နှင့် ပုဒ်မ ၁၆၂ (၂)–ရဲရှေ့အစစ်ခံချက်ကို စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီးနောက်မှဖြစ်စေ တရားခံက တောင်းဆိုလျှင် ပေးရန် တရားရုံးက ညွှန်ကြားရခြင်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၁) ၏ ခြွင်းချက်တွင် စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီး နောက်မှဖြစ်စေ ရဲထံအစစ်ခံချက်ကို ရေးမှတ်ထားသည့် မှတ်တမ်းများကို သက်သေအား ပြသစစ်မေးရန် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် စစ်ကိုင်းတိုင်းတရားရုံးက ယူဆသလို ရဲထံအစစ်ခံချက် မိတ္တူများကို မည်သည့်အဆင့်တွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းခြင်း မရှိဆိုသော သုံးသပ်ချက်သည် ဥပဒေနှင့် ကိုက်ညီသည်ဟု မဆိုနိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ (၂) တွင် တရားခံက တောင်းဆိုလျှင် ရဲထံ ထွက်ချက်မိတ္တူကို တရားရုံးကပေးရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားသည်။ တရားရုံးသည် အမှုနှင့် မသက်ဆိုင်ဟု ယူဆသည့် အပိုင်းများ၏ မိတ္တူကို မပေးပဲ ငြင်းဆိုနိုင်သော်လည်း၊ အမှုနှင့်သက်ဆိုင်သည့် အပိုင်းများမိတ္တူကို မပေးပဲ ငြင်းဆိုပိုင်ခွင့်မရှိပေ။

ဦးအောင်သန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
(မငွေးတင်) ၅၉

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄-စွပ်စွဲခံရသူအပေါ် အရေးယူပြီးနောက် ရုံးခေါ်စာ ထုတ်ဆင့်ပြီးသည့် အဆင့်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်းစစ်ဆေးရန်မလို။**

**ဆုံးဖြတ်ချက်။** ။စွပ်စွဲခြင်း ခံရသူအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ ရုံးခေါ်စာထုတ်ဆင့်ပြီး ဆောင်ရွက်သည့် အမှုမျိုးတွင် အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်မည် မဟုတ်ပေ။

ဦးကာစီး နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ
မြန်မာနိုင်ငံတော် (ဒေါ်ရွှေထည်ပါ ၂) ၁

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆ ခြွင်းချက်-တဘက်အမှုသည်သို့ အကြောင်းကြားစာ မထုတ်ပဲ အမိန့်မချမှတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးမှ တရားခံအား လွှတ်သည့်အမိန့်များအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆ အရ တိုင်းတရားရုံးသို့ ပြင်ဆင်မှု တဘက်က တင်သွင်းခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ

စာမျက်နှာ

ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆ ၏ ခြင်းချက်အရ တဘက်သို့ အကြောင်း ကြားပြီးမှသာလျှင် အမိန့်ချမှတ်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဦးအုံးရီ နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၆၂

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၁)အရ၊ စားစရိတ်လျှောက် ထားခြင်း–အစ္စလာမ်ဘာသာ ကိုးကွယ်ကြသူများကို မဟာမေဒင် ဥပဒေအရသာ အဆုံးအဖြတ်ပေးရခြင်း– တလာပ် ၃ ကြိမ်ပေး၍ ကွာရှင်းပြီးနောက်၊ အိဒတ်ကာလအတွင်း သားမယားစရိတ် ရထိုက် ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာပြည် တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃(၁) တွင် မြန်မာပြည်ရှိ တရားရုံးများအနေနှင့် အမွေဆက်ခံခြင်း၊ အမွေကြောင်းနှင့်ပတ်သက်ခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ လူမျိုးရေး နှင့်ပတ်သက်ခြင်း၊ ဘာသာရေးနှင့်ပတ်သက်ခြင်း စသော အချက်များ ကို ဆုံးဖြတ်ရာ၌ အမှုသည်များမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ် ကြလျှင် မြန်မာဓလေ့ထုံးတမ်း ဥပဒေကို လိုက်နာရမည်ဟူ၍လည်း ကောင်း၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သည့် မဟာမေဒင်များဖြစ်ကြ လျှင် မဟာမေဒင် ဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း၊ ဟိန္ဒူ ဘာသာကို ကိုးကွယ်သည့် ဟိန္ဒူများဖြစ်ကြလျှင် ဟိန္ဒူဥပဒေကို လိုက် နာရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အစ္စလာမ် ဘာသာကို ကိုးကွယ်ကြသော လျှောက်ထားသူနှင့် လျှောက်ထားခံရ သူတို့၏ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာကို မဟာမေဒင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆုံး အဖြတ် ပြုရပေမည်။

မဟာမေဒင်ဥပဒေတွင် လင်ခန်း မယားခန်း ပြတ်စဲရေးနှင့်ပတ်သက် ၍ ကွာရှင်းခြင်းပြုလုပ်ရာတွင် တလာပ်ပေး၍ ကွာရှင်းနိုင်ကြောင်းဖြင့် လည်းကောင်း၊ တလာပ်ပေးရာ၌ တစ်ကြိမ်ပေးခြင်း၊ နှစ်ကြိမ်ပေးခြင်း၊ သုံးကြိမ်ပေးခြင်းဖြင့်လည်း ကွာရှင်းနိုင်ကြောင်းဖြင့် လည်းကောင်း၊ တလာပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပေးနိုင်ကြောင်းဖြင့်လည်း ကောင်း၊ တလာပ်ပေး၍ ကွာရှင်းပြီးနောက်၊ မယားဖြစ်သူသည် အိဒတ်ကာလအတွက် အထောက်အပံ့စရိတ် ရရှိနိုင်ကြောင်းဖြင့်လည်း ကောင်း ဖော်ပြထားသည်။

စာမျက်နှာ

ထို့ကြောင့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လင်ခန်း မယားခန်းမှာ လျှောက်ထားသူက တလာပ်ပေးသည့် နေ့ဖြစ်သော ၇-၉-၇၇ ရက် နေ့မှစ၍ ပြတ်စဲပြီးဖြစ်သည်ဟု ဆိုရပေမည်။ တလာပ် ပေးသည့် နေ့ဖြစ်သော ၇-၉-၇၇ ရက်နေ့ နောက်(၃)လနှင့် (၁၃) ရက် ဖြစ်သည့် အိဒတ်ကာလအတွက် လျှောက်ထားသူက လျှောက် ထားခံရသူအား အထောက်အပံ့ စရိတ်ငွေများပေးရန် တာဝန်ရှိသည်။ လျှောက်ထားခံရသူသည် စရိတ်တောင်းခံရာတွင် အမှုစတင်စွဲဆိုသည့် ၂၄-၁-၇၇ နေ့မှစ၍ အိဒတ်ကာလကုန်ဆုံးသည့် ၁၉၇၇ ခုနှစ် ဒီဇင် ဘာလကုန်အထိ၊ စုစုပေါင်း (၄) လ အတွက်သာလျှင် မယားစရိတ် ရထိုက်ခွင့်ရှိပေသည်။

မာမုက်မွတ်စ်တဖား နှင့် ဟာဂျာဘီ-ဘီဘီ ၄၆

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ် တောင်းခံခြင်း – ယောကျာ်းဖြစ်သူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှား စီရင်ခံရသည့်တိုင်၊ မိမိနှင့်ပေါင်းသင်း ဆက်ဆံရာမှ ရရှိသော ကလေးဖြစ်ကြောင်း လျှောက်ထားသူဘက် မှ သက်သေထင်ရှားပြရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုမှု တွင် တရားခံက တရားလို မိန်းကလေးအား လိမ်လည်လှည့်ဖြား သွေး ဆောင်၍ ပေါင်းသင်းမှု ပြုမပြုကိုသာ ဆုံးဖြတ်ခြင်းဖြစ်ပေသည်။ ထို့ ကြောင့် တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှု ထင်ရှား စီရင်ခြင်းခံရသည့်တိုင် ၎င်းအပေါ် ကလေးစရိတ်ရလိုပါက မွေးဖွားလာသော ကလေးသည် တရားခံနှင့် ပေါင်းသင်းဆက်ဆံရာမှ ရရှိသော ကလေးဖြစ်ကြောင်း တရားလိုဘက်မှ သက်သေအခိုင်အမာ တင်ပြရန် တာဝန်ရှိပေသေးသည်။

ဒေါ်ဟောက်ခန့်ကြောင် နှင့် ဦးနိုန်ခိုဝှန် ၅၃

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ဂ) အရ၊ မှုပြစ်ထင်ရှားစီရင် ခြင်း– မသေဆုံးမီ အယူခံတရားလိုအပေါ် စွပ်စွဲပြောဆိုခဲ့ခြင်း-ညနေ ၆ နာရီ အလင်းရောင်ရှိ၍ လူမှားစွပ်စွဲရန် အကြောင်းမရှိခြင်း– သေကာနီး စွပ်စွဲချက်ကို ထောက်ခံသက်သေခံချက်များရှိခြင်း–

စာမျက်နှာ

**မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ခြင်း- ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ဂ) တွင် အကျုံးဝင်သော ပြစ်မှုကို သီးခြား အပြစ်ဒဏ်ပေးရန်မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။မတင်သန်းအား မောင်ထွန်းလွင်က သားမယား အဖြစ်ပြုကျင့်၍ ရိုက်ပုတ်ကြောင်း မျက်မြင်သက်သေမရှိပေ။ ဦးပုလေး တို့အဖွဲ့သည် မတင်သန်းအား ဒဏ်ရာများဖြင့်တွေ့ရ၍ အကျိုးအကြောင်း မေးမြန်းကြည့်ရာ မတင်သန်းက မိမိအား မောင်ထွန်းလွင်က သားမယား အဖြစ်ပြုကျင့်ကြောင်း၊ မိမိက အော်ဟစ်သောအခါ မောင်ထွန်းလွင် က ဝါးတုတ်နှင့် ရိုက်ကြောင်း ပြောပြသည်ဟု ဦးပုလေး (လိုပြ-၁) နှင့် ဦးလှဆောင် (လိုပြ-၂) တို့က ထွက်ဆိုသည်။ မတင်သန်းအား ရွာသို့ခေါ်လာသောအခါ ဦးလေးတော်သူ ဦးစိန်ဝင်း (လိုပြ-ဂ) က မေးမြန်းကြည့်ရာ မတင်သန်းက ဦးပုလေးတို့အား ပြောပြသည့်နည်းတူ မောင်ထွန်းလွင်အပေါ် စွပ်စွဲပြောဆိုသည်။ မတင်သန်းအား အရာတော် ပြည်သူ့ဆေးရုံသို့ လှည်းဖြင့်ပို့ရာတွင် လမ်း၌ မောင်ထွန်းလွင်က သား မယားအဖြစ် ပြုကျင့်ကြောင်း၊ အော်ဟစ်သောအခါ တုတ်နှင့်အချက် ပေါင်းများစွာ ရိုက်နှက်ကြောင်း ပြောပြပါသည်ဟု မမြတင်(လိုပြ-၄) က ထွက်ဆိုသည်။ ဆရာဝန် ဒေါက်တာ ဦးမောင်မောင်လွင် (လိုပြ-၆) က၊ မတင်သန်းအား မေးမြန်းသည့်အခါတိုင်း ''ကျမ-ကိုထွန်းလွင် ကြောင့်ဖြစ်တာ''ဟု ထပ်ခါလဲလဲ ပြောဆိုကြောင်း၊ သို့ဖြစ်၍ မတင်သန်း စွပ်စွဲသော မောင်ထွန်းလွင်အမည်ကို ဆေးစာတွင် ရေးမှတ်ခဲ့ကြောင်း၊ မတင်သန်းမှာ မုဒိမ်းကျင့်ခံရသည့် လက္ခဏာများကို စစ်ဆေးတွေ့ရ ကြောင်း၊ မတင်သန်း၏ ဦးခေါင်းမှ ဒဏ်ရာများမှာ သေစေမည့် ဒဏ်ရာမျိုးဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် မတင်သန်းသည် မသေဆုံးမီ မောင်ထွန်းလွင်အပေါ် စွပ်စွဲပြောဆိုခဲ့ကြောင်း ပေါ်ပေါက် နေပေသည်။ အချင်းဖြစ်ပွားသည့် အချိန်မှာ ညနေ (၆) နာရီခန့်ဖြစ် ပြီးနွေရာသီဖြစ်သည့်အလျောက်၊ ယင်းအချိန်တွင် အလင်းရောင်ရှိ ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်၍ မတင်သန်းသည် လူမှားစွပ်စွဲရန် အကြောင်းမရှိပေ။ ထို့ပြင် မောင်ထွန်းလွင်အား မမှန်မကန်စွပ်စွဲရန်၊ ရန်ငြိုးရန်စရှိကြောင်းလည်း မပေါ်ပေါက်ပေ။

မတင်သန်း၏ သေကာနီးစွပ်စွဲချက်ကို ဦးပုလေး၊ ဦးလှဆောင် မမြတင်၊ ဦးစိန်ဝင်းနှင့် ဒေါက်တာဦးမောင်မောင်လွင်တို့၏ ထွက်ချက်

စာမျက်နှာ

များက ထောက်ခံလျက်ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မတင်သန်း၏ သေကာနီး စွပ်စွဲချက်ကို မယုံကြည်နိုင်ရန် အကြောင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။"မောင်ထွန်းလွင်သည် မတင်သန်းအား အလိုမတူပဲ သားမယားအဖြစ် ပြုကျင့်စဉ် မတင်သန်းက အော်ဟစ်ပြီး အကူအညီတောင်းသည့်အတွက် မောင်ထွန်းလွင်က တဆက်တည်းပင် မတင်သန်းအား ရိုက်ပုတ်သဖြင့် မတင်သန်းမှာ ဒဏ်ရာ (၆) ချက် ရရှိပြီး ဦးခေါင်းခွံ ကွဲအက်၍ သေဆုံးရကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခြင်းခံထိုက်သော မုဒိမ်းမှုကို ကျူးလွန်စဉ် အတောအတွင်း တဆက်တည်းဆိုသလို လူသတ်မှုကို ကျူးလွန်သဖြင့် မောင်ထွန်းလွင်သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်။

မြို့နယ်တရားရုံးက မောင်ထွန်းလွင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၆ အရ အပြစ်ပေးခြင်းနှင့် ပတ်သက်၍ ယင်းပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၃၀၂ (၁) (ဂ) တွင် အကျုံးဝင်နေပြီး ဖြစ်သဖြင့် သီးခြားပြစ်ဒဏ် သတ်မှတ်ရန် လိုမည် မဟုတ်ပေ။


| | | | | |
|---|---|---|---|---|
| မောင်ထွန်းလွင် | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | .... | ၂၄ |


ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇-ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုခြင်း-ပိုင်ဆိုင်မှု အဓိကမဟုတ်-ပစ္စည်းလက်ရှိဖြစ်ရန်သာ အဓိက ဖြစ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုမှုတွင် ပိုင်ဆိုင်မှုသည်အဓိကမဟုတ်ပေ။ ပစ္စည်းလက်ရှိ ဖြစ်ခြင်းသာလျှင် အဓိက ဖြစ်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အချင်းဖြစ် သာသနာ့ရိပ်သာကို ပိုင်ဆိုင်မှုအပေါ် အခြေခံ၍ လျှောက်ထားခံရသူများအပေါ် ပြစ်မှုကြောင်းအရ အရေးယူပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ထားခြင်းသည် ဥပဒေအရ မှန်ကန်မှုမရှိပေ။


| | | | | |
|---|---|---|---|---|
| ဦးဣန္ဒဝံသ | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးကျော်သန်းပါ-၄) | .... | ၁၀ |

စာမျက်နှာ

**ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၇–မယားခိုးမှုများတွင် မျက်မြင်သက်သေ ရရှိရန် ခဲယဉ်းခြင်း– သွယ်ဝိုက်သော သက်သေခံချက်များအရ လင်မယားအဖြစ် ပေါင်းသင်းရန် အခွင့်အလန်းရှိလျှင် ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးသောင်းအုန်း (လိုပြ–၃)၊ ဦးသန်းဖေ (လိုပြ–၄) ဦးအောင်မြင့် (လိုပြ–၆)၊ ဦးသောင်းချစ် (လိုပြ–၇) တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဦးတင်ဝင်း၏ ဇနီး ဒေါ်ညွှန့်ရင်နှင့် ရင်းရင်းနှီးနှီး ဆက်ဆံ၍ ဦးမောင်သိန်းသည် ဒေါ်ညွှန့်ရင်၏ နေအိမ်၌ ညဥ့်အချိန်မတော် ဝင်ထွက်သွားလာကြောင်း ပေါ်ပေါက်နေပေသည်။ ဦးသောင်းအုန်း၊ ဦးသန်းဖေနှင့် ဦးအောင်မြင့်တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွှန့်ရင်နှင့် ဖောက်ပြားရန် အခွင့်အရေး ရရှိကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ စွဲဆိုသောအမှုမျိုးတွင် ကာယကံရှင် ယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်သည်ကို မြင်သော တိုက်ရိုက်သက်သေခံချက် ရရှိရန် ခဲယဉ်းပေသည်။ သွယ်ဝိုက်သော သက်သေခံချက်များအရ၊ ထိုယောကျ်ားသည် ထိုမိန်းမနှင့် လင်မယားအဖြစ် ပေါင်းသင်းရန်အခွင့်အလန်း ရရှိကြောင်း ပေါ်လွင်ထင်ရှားခြင်းရှိ မရှိ စိစစ်ရန် လိုအပ်ပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွှန့်ရင်၏ နေအိမ်တွင် ညဥ့်အချိန်၌ ဒေါ်ညွှန့်ရင်နှင့်အတူ ရှိနေကြောင်း ပေါ်ပေါက်သဖြင့်၊ ဦးမောင်သိန်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူနိုင်ပေသည်။

| | | | | |
|---|---|---|---|---|
| **ဦးမောင်သိန်း** | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | .... | ၅၀ |

**ရုံးတော်ကို မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃–ပြည်နယ်တရားစီရင်ရေးအဖွဲ့က ဗဟိုတရားစီရင်ရေးအဖွဲ့မှ ချမှတ်ခဲ့သည့်အမိန့်ကို မလိုက်နာခြင်း– တရားရုံးကို မထီမဲ့မြင်ပြုရာ ရောက်ခြင်း။**

ပြည်နယ်တရားရုံး တရားမ ဇာရီမှုအား ဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန် ဗဟိုတရားစီရင်ရေးအဖွဲ့မှ အမိန့်ချမှတ်ခဲ့သည်။ ပြည်နယ် တရားစီရင်ရေးအဖွဲ့က၊ ယာယီဆိုင်းငံ့မိန့်ကို လိုက်နာခဲ့ခြင်း

စာမျက်နှာ

မရှိပေ။ ပြည်နယ် တရားစီရင်ရေးအဖွဲ့အား အရေးယူပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အမှုတွဲတွင် ပေါ်ပေါက်သည့် အထောက်အထားများအရ လျှောက်ထားခံရသူများ ပါဝင်သည့် တရားစီရင်ရေးအဖွဲ့သည် ဗဟိုတရားစီရင်ရေးအဖွဲ့မှ ချမှတ်သည့် ဆိုင်းငံ့ထားရန် ညွှန်ကြားထားသည့်အမိန့်ကို လိုက်နာခြင်းမပြုပဲ အမှုကို ဆက်လက်ဆောင်ရွက်ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ တရားရုံးကို မထီမဲ့မြင်ပြုရာရောက်သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးခင်ဖေ ပါ (၃) .... ၃၃

**တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂/၃- မကောင်းသော စေတနာရှိ မရှိမှာ အဓိကမဟုတ်- တရားရုံးများအား မထီမဲ့မြင်ပြုရာရောက် မရောက်သာ ပဓာနဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးများကို မထီမဲ့မြင်ပြုလုပ်သည့် အမှုများတွင် မကောင်းသော စေတနာရှိ မရှိမှာ အဓိကမဟုတ်ပေ။ လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် တရားရုံးများအား မထီမဲ့မြင်ပြုရာရောက် မရောက်သာ ပဓာနဖြစ်သည်။ လျှောက်ထားခံရသူတို့သည် ရမ်ဂါဆွာမီအား လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၀/၇၆ တွင် အပြစ်တွေ့ရှိ၍ ပြစ်ဒဏ်သတ်မှတ်ခြင်းကို မကျေနပ်ပါက၊ အဆင့်ဆင့်သော တရားရုံးများတွင် ဒ ယူခံဝင်ခြင်း၊ ပြင်ဆင်မှု တင်သွင်းခြင်းများ ပြုလုပ်နိုင်ပေသည်။ လျှောက်ထားခံရသူတို့သည် တရားဥပဒေအရ လမ်းဖွင့်ပေးထားသည့်အတိုင်း ဆောင်ရွက်ခြင်း မပြုပဲ၊ လမ်းမတော်မြို့နယ် တရားရုံးက အမှန်တရားကို ဆင်ခြင်ခြင်းမပြုပဲ လျှောက်ထားခံရသူ ရမ်ဂါဆွာမီအား အပြစ်ပေးခဲ့ပါသည်ဟု စွပ်စွဲခြင်းမှာ မြို့နယ်တရားရုံး၏ ဂုဏ်သိက္ခာကို သေးသိမ်စေသဖြင့် လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် မြို့နယ်တရားရုံးအား မထီမဲ့မြင်ပြုရာရောက်ပေသည်။ သို့ဖြစ်၍ တရားရုံးအပေါ်တွင် မကောင်းသောစေတနာ မရှိပါဟု ထုချေရုံမျှဖြင့် လျှောက်ထားခံရသူတို့သည် အပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ပေ။

ဦးကိုကြီး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပါ-၄ .... ၄

**သက်သေခံ အက်ဥပဒေ ပုဒ်မ ၂၆-ပူးတွဲတရားခံ၏ ရဲရှေ့တွင် ပြောဆို ဝန်ခံချက်– သက်သေခံအဖြစ် အသုံးမပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မောင်ကိုးနီအပေါ် ပြစ်စွန်းနေသည်ဟု မြို့နယ် တရားရုံးက ယူဆသည့် အချက်မှာ သက်သေခံအမှတ် (ဃ) ရှာဖွေပုံစံ တွင် ဖော်ပြပါရှိသည့် အချက်ပင်ဖြစ်ပေသည်။ သက်သေခံအမှတ်(ဃ) ရှာဖွေပုံစံတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့က မောင်ထင်ပေါ်၊ မောင်ကိုးနီနှင့် မောင်ထင်ဦးတို့ထံမှ တဆင့်ဝယ်ယူခဲ့သည့် ဆန်အိတ်များ ဖြစ်ကြောင်း ပြောဆိုပေးအပ်သည်ဟူ၍ ရဲတပ်ဖွဲ့စခန်းမှူး ဦးသာကျော် က ရေးမှတ်ထားကြောင်း တွေ့ရှိရပေသည်။ သက်သေခံ ဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းချက်အရ တရားခံက ရဲရှေ့တွင် ဖြောင့်ဆိုသည့် အချက်ကို သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ ဤအမှုတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့မှာ တရားခံများဖြစ်ကြသဖြင့် ၎င်းတို့၏ ရဲရှေ့တွင် ဖြောင့်ဆိုသည့် အချက်ကို ဥပဒေအရ လက်ခံစဉ်းစား ရန်မဖြစ်နိုင်ပေ။

မောင်ကိုးနီ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၄

**သက်သေခံ အက်ဥပဒေပုဒ်မ ၃၀– တစ်မှုတည်းတွင် ပူးတွဲတရားခံမဟုတ် သော တရားခံတစ်ဦး၏ ဖြောင့်ချက်ကို အခြားအမှုမှ တရားခံများ အပေါ် ထည့်သွင်း အသုံးပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အယူခံ တရားလို မောင်နူးနှင့် မောင်ကျားဘိုတို့သည် ဒမြတိုက် လုသတ်သည့် ပြစ်မှုကျူးလွန်ခြင်းရှိမရှိ သုံးသပ်ရာတွင် မောင်နီ၏ ဖြောင့်ချက်ကို ထည့်သွင်း စဉ်းစားခဲ့ကြောင်း တွေ့ရသည်။ ဖြောင့်ဆိုသော တရားခံကို အခြားတရားခံများနှင့် ပူးတွဲတရားစွဲဆိုသည့် အခါတွင် ယင်းသို့ ဖြောင့်ဆိုသော တရားခံ၏ ဖြောင့်ချက်ကို အခြားတရားခံများအပေါ် အသုံးပြုနိုင်သည်ဟု သက်သေခံ ဥပဒေပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထား သည်။ အချင်းဖြစ် ဒမြတိုက်မှုနှင့် စပ်လျဉ်း၍ မောင်နီအပေါ် စွဲဆိုသော အမှုကို၊ မြို့နယ်တရားရုံးက စစ်ဆေးခဲ့စဉ်က အယူခံတရားလိုတို့ကိုပြည်သူ့ ရဲတပ်ဖွဲ့က ဖမ်းဆီး ရမိခြင်း မရှိသေးသောကြောင့် မောင်နီတစ်ဦးတည်း ကိုတရားခံအဖြစ်ထား၍ အမှုကို စစ်ဆေး ဆုံးဖြတ်ခဲ့လေသည်။ မောင်နူးနှင့် မောင်ကျားဘိုတို့အပေါ် တရားစွဲဆိုသော အမှုတွင်မောင်နီ

စာမျက်နှာ

သည် တရားခံမဟုတ်သည့်အလျောက် မောင်နီကို မောင်နူးတို့နှင့် ပူးတွဲ တရားစွဲဆိုခဲ့ခြင်း မဟုတ်ပေ။ ထို့ပြင် ဖြောင့်ဆိုသော တရားခံမောင်နီကို မောင်နူးတို့၏ အမှုစစ်ဆေးသည့်အခါတွင် သက်သေအဖြစ် တင်ပြခဲ့ခြင်း လည်း မတွေ့ရပေ။ ထို့ကြောင့် မောင်နီ၏ ဖြောင့်ချက်ကို မောင်နူး တို့အပေါ်တွင် အသုံးမပြုနိုင်ပေ။


မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်းပေါ်(၂)　နှင့်　ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ....　၂၉


**သက်သေထွက်ချက်ကို မှတ်တမ်းတင်ခြင်း—တရားစီရင်ရေး အဖွဲ့ဝင်များ ၏ တာဝန်–အမှုသည်များက မည်သို့ မှတ်တမ်းတင်သင့်ကြောင်း အကြံပြုရန်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။သက်သေထွက်ချက် မှတ်တမ်းတင်ရန်မှာ တရား စီရင်ရေး အဖွဲ့ဝင်များ၏ တာဝန်ဖြစ်၍ အမှုသည်များအနေဖြင့် မည်သို့ မည်ပုံ မှတ်တမ်းပြုလုပ်သင့်ကြောင်း အကြံပြုရန် မဟုတ်ပေ။


ဗိုလ်ပရာကပ်ဆင်း　နှင့်　၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မောင်မူနူး　....　၆၄


**၁၉၆၅ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ် ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄—မှောင်ခိုဆန် သယ် ဆောင်သော ရေယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း– ပိုင်ရှင်သည် ရေယာဉ်နှင့်အတူ မရှိခြင်း—ရေယာဉ်မှာ ဆလင်၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိခြင်း– မှောင်ခိုဆန်သယ်ရန် ရေယာဉ် ပိုင်ရှင်၏ သဘောတူခွင့်ပြုချက် မရှိခြင်း–ရေယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန်သင့်မသင့်။**

**ဆုံးဖြတ်ချက်။** ။ရေယာဉ်ပိုင်ရှင် ဦးလှစိန်သည် အချင်းဖြစ်ပွား စဉ်က ရေယာဉ်နှင့်အတူ ရှိသူမဟုတ်ချေ။ ဆလင်ဖြစ်သူ ကိုမြင့်သိန်း အား မှောင်ခိုဆန်များ တင်ရန်အတွက် ဦးလှစိန်က သဘောတူခွင့်ပြု ကြောင်းလည်း မပေါ်ပေါက်သည့်အပြင် ဆလင်ကိုမြင့်သိန်းကိုယ်တိုင် ပင် အမှုတွင် တရားခံအဖြစ် ထည့်သွင်းခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် ဖြစ်မှုကျူးလွန်ခြင်းမှာ လျှောက်ထားသူ ဦးလှစိန်နှင့် မည်သို့မျှပတ် သက်ခြင်း မရှိကြောင်း ထင်ရှားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရား

ရုံးတို့က သက်သေခံပစ္စည်း ရေယာဉ်ကို ပြည်သူပိုင်သိမ်းစေရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်၍ ရေယာဉ်ကို လျှောက်ထားသူ ဦးလှစိန်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ဦးလှစိန် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသိန်း .... ၆၆

**၁၉၆၅ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄– နည်းဥပဒေ ၂၅– ကျောက်စိမ်းတုံးများ တွေ့ရှိခြင်းအတွက် တရားစွဲဆိုရာတွင် နည်းဥပဒေ ၂၅ အရ ပြည်နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်မရှိခြင်း–အမှုမှာ မူလကနဦးကပင် ပျက်ပြယ်နေခြင်း။**

ဆုံးဖြတ်ချက်။ ။၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေ ၂၅ အရ "တိုင်း/ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသည် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ တင်ပြလာသော အမှုတွဲများကို တိုင်း/ပြည်နယ် မှုခင်းကော်မတီအား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်စေရမည်" ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးသောအခါ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြလာသော အမှုတွဲများကို မည်သည့် ဥပဒေ ပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်ရသည်။ ဤအမှုတွင် အမှုတွဲရှိ မှတ်တမ်းများအရ အမှုကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ ပုဒ်မ ၁၅(၁) အရ အရေးယူရန် မိုးညှင်းမြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီက ဆုံးဖြတ်ခဲ့သော်လည်း ကချင်ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီကဖြစ်စေ၊ ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကဖြစ်စေ အထက်ဖော်ပြပါ နည်းဥပဒေ ၂၅ အရ အဆုံးအဖြတ် ပေးထားခြင်း မရှိသည်ကိုတွေ့ရသည်။

**စာမျက်နှာ**

ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံတရားခံတို့အား မည်သည့်ဥပဒေ ပုဒ်မဖြင့် အရေးယူရမည်ကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေ ၂၅ အရ ဆုံးဖြတ်ထားခြင်း မရှိသည့်အလျောက် ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄(၁)အရ တရားမစွဲဆိုနိုင်သဖြင့် ယင်းတို့အပေါ် ပုဒ်မ ၁၄(၁) အရ စွဲဆိုသော အမှုမှာ မူလကနဦး ကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ၁။ ဦးလှဖုန်း ၂။ ဦးလှကျူး ၃။ ဦးဘမြင့် ၄။ ဦးခင်မောင်ဝင်း .... ၆၀

**၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ- လျော်ကြေးငွေ ပေးရန် ပျက်ကွက်ခြင်းအတွက် ထောင်ဒဏ်ကျခံစေရမည်ဟု တရားရုံးတွင် အမိန့်ချမှတ်နိုင်ခွင့် မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။အလွဲသုံးစားပြုငွေကို ပေးဆောင်စေရန်နှင့် ပျက်ကွက်ပါက နောက်ထပ် ထောင်ဒဏ်(၂)နှစ် ကျခံစေရန် အမိန့်ချမှတ်ထားသည်ဖြစ်ရာ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေတွင် ထိုသို့လျော်ကြေးပေးရန် ပျက်ကွက်လျှင် ထောင်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်မရှိသဖြင့် လျော်ကြေးငွေပေးရန် ပျက်ကွက်ရုံနှင့် ထောင်ဒဏ် မည်ရွေ့မည်မျှ ကျခံစေရမည်ဟု တရားရုံးတွင် အမိန့်ချမှတ်နိုင်ခွင့် မရှိပေ။

မောင်တင်ထွန်းဝင်းနှင့် နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် .... ၁၇

**မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ ဖြစ်မှုထင်ရှား စီရင်ခြင်း- နည်းဥပဒေ ၄၉ အရ ရှာဖွေရာတွင် အမှား- အမှုပျက်ပြယ်ခြင်း ရှိမရှိ။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။မောင်တင်ညွန့်၏ နေအိမ်မှ ဘိန်းရှူကိရိယာများ နှင့် ဘိန်း ၂ ရွေးသားခန့် ဖမ်းဆီးရမိကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ရာတွင် အမှုမှာ ကျေးရွာ ပြည်သူ့ကောင်စီဝင်များက ရှာဖွေဖမ်း ဆီးခြင်းဖြစ်သောကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေး ဝါးများဥပဒေ၏ နည်းဥပဒေ ၄၉ အရ၊ရှာဖွေဖမ်းဆီးသောအချိန်တွင် ဒုလုံခြုံရေးမှူး အဆင့်ထက်မနိမ့်သော ရဲအရာရှိ ပါဝင်ခြင်းမရှိချေ။ ထို့ကြောင့်ပင်လည်း မူလတရားရုံးက မောင်တင်ညွန့်အားအမှုမှ အပြီး အပြတ် လွှတ်ခဲ့သည့်သဘော ဖြစ်နိုင်သည်။

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၏ နည်း ဥပဒေ ၄၉ မှာ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း ပြုလုပ်သောအချိန်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့် အကျုံးဝင်သည့် ပစ္စည်းအမှန်တကယ် တွေ့မတွေ့ဟူသော အချက်ကို သိသာထင်ရှားစေရန် အတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့် ဆန့်ကျင်သော ပစ္စည်း တွေ့ရှိကြောင်း ထင်ရှားပေါ်လွင်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်း ချက်ကို တိကျစွာ မလိုက်နာကာမျှဖြင့် အမှုတစ်မှုလုံး ပျက်ပြယ်ပြီဟူ၍ မဆိုနိုင်ပေ။

| | | | | |
|---|---|---|---|---|
| ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | နှင့် | မောင်တင်ညွန့် | .... | ၃၆ |

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးဆန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးကာစီး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်ရွှေထည်ပါ-၂)*

† ၁၉၈၀

မတ်လ ၂၇ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄-စွပ်စွဲခံရသူအပေါ် အရေးယူပြီးနောက် ရုံးခေါ်စာထုတ်ဆင့်ပြီးသည့် အဆင့်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်း စစ်ဆေးရန်မလို။**

**ဆုံးဖြတ်ချက်။** ။စွပ်စွဲခြင်းခံရသူအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ရုံးခေါ်စာ ထုတ်ဆင့်ပြီး ဆောင်ရွက်သည့်အမှုမျိုးတွင် အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်မည် မဟုတ်ပေ။

လျှောက်ထားသူအတွက် —သခင်ချစ်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် —ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ပွင့်ဖြူမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၆/၇၇ တွင် ဒေါ်ရွှေထည်နှင့် ဦးထွန်းပိုင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/၃၃၉ အရ အရေးယူပေးရန် ဦးကာစီးက တိုက်ရိုက်မှု စွဲဆိုသည်။ မြို့နယ်တရားရုံးက ဦးကာစီးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး ဒေါ်ရွှေထည်တို့ နှစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/၃၃၉ တို့အရ အရေးယူ ဆောင်ရွက်ရန် အမိန့်ချမှတ်သည်။ ထို့နောက် မြို့နယ်တရားရုံးက တရားလို

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂၅ (ခ)

† ၁၉၇၇ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၅၅ တွင် ချမှတ်သော (၁၄-၁၂-၇၇) နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၈၀

ဦးကာစီး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်ရွှေထည်ပါ ၂)

ပြု သက်သေများကို စစ်ဆေးရန် ချိန်းဆိုသည့်နေ့တွင် ဒေါ်ရွှေထည်တို့၏ အကျိုးဆောင်က အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်း စစ်ဆေးပေးရန် လျှောက်ထားသည်ကို မြို့နယ်တရားရုံးက ပယ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သည့်အတွက် ဒေါ်ရွှေထည်တို့က မကွေးတိုင်း တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းရာ တိုင်းတရားရုံးက အမှုကို ကြားနာပြီး ဒေါ်ရွှေထည်တို့ နှစ်ဦးအား အမှုမှ စွဲချက်မတင်မီ လွှတ်ခဲ့သည်။ တိုင်းတရားရုံး၏ အမိန့်ကို ဦးကာစီးက မကျေနပ်သည့်အတွက် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ပွင့်ဖြူမြို့ အလယ်ပိုင်းအရပ်ရှိ တိုက်နှင့်ခြံကို ဦးကာစီးက ပိုင်သည်ဆိုပြီး တိုက်ကို သော့ခတ်သည်။ ဦးကာစီးက ခတ်ထားသည့် သော့ပေါ်တွင် ဒေါ်ရွှေထည်တို့က ထပ်မံ၍ သော့တလုံး ခတ်ကြသည်။ ထို့အပြင် အဆိုပါ တိုက်တည်ရှိရာ ဝင်းအတွင်းသို့ ဒေါ်ရွှေထည်တို့က ဝင်ပြီး အိမ်သာဆောက်ကြပြန်သည်။ ထို့ကြောင့် ဦးကာစီးက ဒေါ်ရွှေထည်တို့ နှစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/၄၄၈ အရ အရေးယူပေးရန် တိုက်ရိုက်စွဲဆိုခြင်း ဖြစ်သည်။

မြို့နယ်တရားရုံးက ဦးကာစီးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး ဒေါ်ရွှေထည်တို့ နှစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၄၇/၄၄၈ တို့အရ အရေးယူမည်ဖြစ်ကြောင်း အမိန့်ချမှတ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒေါ်ရွှေထည်တို့ နှစ်ဦးအား ရုံးသို့ လာရောက်ပြီး အမှုကို ထုချေရှင်းလင်းရန် မြို့နယ်တရားရုံးက အကြောင်းကြားစာ ထုတ်ဆင့်ခဲ့သည်။ ထို့နောက် မြို့နယ်တရားရုံးက ဦးကာစီးအား စစ်ဆေးသည်။ ဦးကာစီး၏ သက်သေများကို စစ်ဆေးရန် ချိန်းဆိုသည့်နေ့တွင် ဒေါ်ရွှေထည်တို့၏ အကျိုးဆောင်က ထိုသက်သေများကို စစ်ဆေးခြင်းမပြုပဲ အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်း စစ်ဆေးပေးရန် လျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို မြို့နယ်တရားရုံးက ပယ်ခဲ့လေသည်။ စွပ်စွဲခြင်း ခံရသူအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ရုံးခေါ်စာ ထုတ်ဆင့်ပြီး ဆောင်ရွက်သည့် အမှုမျိုးတွင် အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်မည် မဟုတ်ပေ။

ဤအမှုတွင် ယခုရောက်ရှိနေသည့် အဆင့်မျိုး၌ ပဏာမ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ကြောင်း ယင်း ဥပဒေ ပုဒ်မ ၂၀၄ တွင် ပြဋ္ဌာန်းမထားပေ။

ဒေါ်ရွှေထည်တို့က အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၂ အရ ပဏာမ စုံစမ်းမှုများ ပြုလုပ်ပေးရန် လျှောက်ထားချက်ကို ပယ်သည့် မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန်သာ လျှောက်ထားခြင်းဖြစ်သောကြောင့် တိုင်းတရားရုံးသည် ယင်း လျှောက်ထားချက်အပေါ် အမိန့်ချမှတ်ရန်သာ ရှိပေသည်။ တိုင်းတရားရုံးက ထိုကဲ့သို့ဆောင်ရွက်ခြင်း မပြုပဲ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ရွှေထည်တို့အား အမှုမှ လွှတ်ခဲ့ခြင်း ဖြစ်သည့်အတွက် တိုင်းတရားရုံး၏ အမိန့်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း (၁၇)ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသည်ဟု ဆိုရပေမည်။

ထို့ကြောင့် မြို့နယ်တရားရုံး၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားသည့် ဆောင်ရွက်ချက်များ ဖြစ်သည့်အတွက် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ်ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၀ ဦးကိုကြီး

ဇွန်လ နှင့်

၆ ရက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပါ ၄*

**တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂/၃–မကောင်းသော စေတနာရှိ မရှိမှာ အဓိကမဟုတ်–တရားရုံးများအား မထီမဲ့မြင် ပြုရာ ရောက် မရောက်သာ ပဓာနဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးများကို မထီမဲ့မြင် ပြုလုပ်သည့် အမှုများတွင် မကောင်းသောစေတနာ ရှိမရှိမှာ အဓိကမဟုတ်ပေ။ လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် တရားရုံးများအား မထီမဲ့မြင် ပြုရာ ရောက် မရောက်သာ ပဓာနဖြစ်သည်။ လျှောက်ထားခံရသူတို့သည် ရမ်ဂါဆွာမိအား လမ်းမတော်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈၀၀/၇၆ တွင် အပြစ်တွေ့ရှိ၍ ပြစ်ဒဏ်သတ်မှတ်ခြင်းကို မကျေနပ်ပါက အဆင့်ဆင့်သော တရားရုံးများတွင် အယူခံဝင်ခြင်း၊ ပြင်ဆင်မှု တင်သွင်းခြင်းများ ပြုလုပ်နိုင်ပေသည်။ လျှောက်ထားခံရသူတို့သည် တရားဥပဒေအရ လမ်းဖွင့်ပေးထားသည့် အတိုင်း ဆောင်ရွက်ခြင်း မပြုပဲ၊ လမ်းမတော်မြို့နယ် တရားရုံးက အမှန်တရားကို ဆင်ခြင်ခြင်း မပြုပဲ လျှောက်ထားခံရသူ ရမ်ဂါဆွာမိအား အပြစ်ပေးခဲ့ပါသည်ဟု စွပ်စွဲခြင်းမှာ မြို့နယ်တရားရုံး၏ ဂုဏ်သိက္ခာကို သေးသိမ်စေသဖြင့် လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် မြို့နယ်တရားရုံးအား မထီမဲ့မြင် ပြုရာ ရောက်ပေသည်။ သို့ဖြစ်၍ တရားရုံးအပေါ်တွင် မကောင်းသောစေတနာ မရှိပါဟု ထုချေရုံမျှဖြင့် လျှောက်ထားခံရသူတို့သည် အပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ပေ။

---

* ၁၉၇၀ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၂၀၂

† ရုံးတော်ကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ ပုဒ်မ ၃ အရ အရေးယူရန် လျှောက်ထားမှု။

လျှောက်ထားသူအတွက် -ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် -ဦးဘမော်၊ ဥပဒေပညာရှင်
ဦးဝင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၇၀

ဦးကိုကြီး နှင့် ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင်ငံ တော် ပါ ၄

ဤအမှုမှာ လျှောက်ထားသူ ဦးကိုကြီးက လျှောက်ထားခံရသူ ရမ်ဂါဒ္ဓာမိ၊ ဆူပရာမန်းနီးနှင့် အူရာဇူးတို့ သုံးဦးအပေါ် တရားရုံးများ မထိမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၂/၃ အရ အရေးယူပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားသော အမှုဖြစ်သည်။

လျှောက်ထားခံရသူ ရမ်ဂါဒ္ဓာမိ၊ ဆူပရာမန်းနီးနှင့် အူရာဇူးတို့က မိမိတို့နေထိုင်လျက်ရှိသော လမ်းမတော်မြို့နယ် ၁၂-လမ်း၊ အိမ်အမှတ် (၁၆) ထဲသို့ လျှောက်ထားသူ ဦးကိုကြီးက၊ ကျူးကျော်ဝင်ရောက်သည်ဟု အငြင်းပွားကြရာမှ မသင့်မမြတ် ဖြစ်လာကြသည်။ လျှောက်ထား ခံရသူတို့သည် ဦးကိုကြီးနှင့် မိသားစုအား အရေးယူပေးရန် ၂၉-၁၁-၇၇ နေ့စွဲပါ စာတစ်စောင် ရေးသား၍ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးထံ လိပ်မူပေးခဲ့ရာ အဆိုပါစာတွင် လမ်းမတော်မြို့နယ်တရားရုံး၏ ဂုဏ်သိက္ခာကို ပုတ်ခတ် ရေးသားထားသည်ဟုဆိုကာ၊ လျှောက်ထား ခံရသူတို့အား အရေးယူပေးရန် လျှောက်ထားသူ ဦးကိုကြီးက လျှောက် ထားလာသည်။

ဤအမှုတွင် လျှောက်ထားခံရသူများက ၂၉-၁၁-၇၇ နေ့စွဲပါ စာဖြင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ဝန်ကြီးထံ တိုင် တန်းရာ၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်မှာ အငြင်း မပွားပေ။

> "၎င်းတို့ လုပ်ကြံဖမ်းဆီးခြင်းကို လမ်းမတော်မြို့နယ် တရား ရုံးကလည်း ၎င်းရုံး၏ ဖြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၀၀ / ၇၆ တွင် ၎င်းတို့စွပ်စွဲချက်အတိုင်း အမှန်တရား ဆင်ခြင်မှုမပြုပဲ၊ ကျွန်ုပ်တော်အပေါ် ဒဏ်ငွေကျပ် ၅၀ /-ထပ်ရိုက်လိုက်ပါသဖြင့် များစွာနစ်နာလှပါသည်။

လျှောက်ထားခံရသူများ၏ အကျိုးဆောင်က လျှောက်ထားသူဦးကို ကြီးသည် လျှောက်ထားခံရသူများအပေါ် အမျိုးမျိုးဒုက္ခပေးခဲ့သဖြင့် လျှောက်ထားခံရသူတို့က ဦးကိုကြီးအား အရေးယူပေးရန် အချင်းဖြစ် စာကို ရေးသား၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး အားတိုင်ကြားခဲ့ခြင်း ဖြစ်ကြောင်း၊ စာတစောင်လုံးကို ဖတ်ရှုပါက၊

၁၉၀၀

ဦးကိုကြီး နှင့် ပြည် ထောင်စုဆိုရှယ်လစ် သမ္မတ မြန် မာ နိုင်ငံ တော် ပါ ၄

ဦးကိုကြီး၏ လုပ်ရပ်များကို မကျေနပ်သဖြင့် တိုင်တန်းခဲ့ခြင်းသာ ပေါ်ပေါက်ကြောင်း၊ လမ်းမတော်မြို့နယ် တရားရုံးအပေါ် မထီလေးစား စွပ်စွဲပြောဆိုသည့် စိတ်စေတနာမပါသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့ပါ၍ လျှောက်ထားခံရသူတို့ကို တရားရုံးများအား မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေ ပုဒ်မ ၃ အရ အပြစ်မပေးသင့်ကြောင်းဖြင့် လျှောက်လဲ တင်ပြသည်။

တရားရုံးများကို မထီမဲ့မြင် ပြုလုပ်သည့် အမှုများတွင် မကောင်းသောစေတနာ ရှိမရှိမှာ အဓိကမဟုတ်ပေ။ လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် တရားရုံးများအား မထီမဲ့မြင်ပြုရာ ရောက်မရောက် သာ ပဓာနဖြစ်သည်။ လျှောက်ထားခံရသူတို့သည် ရမ်ဂါဆွာမိအား လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၀၀/၇၆ တွင် အပြစ်တွေ့ရှိ၍ ပြစ်ဒဏ်သတ်မှတ်ခြင်းကို မကျေနပ်ပါက၊ အဆင့်ဆင့်သော တရားရုံးများတွင် အယူခံဝင်ခြင်း၊ ပြင်ဆင်မှုတင်သွင်းခြင်း များ ပြုလုပ်နိုင်ပေသည်။ လျှောက်ထားခံရသူတို့သည် တရားဥပဒေ အရ လမ်းဖွင့်ပေးထားသည့်အတိုင်း ဆောင်ရွက်ခြင်းမပြုပဲ လမ်းမတော် မြို့နယ် တရားရုံးက အမှန်တရားကို ဆင်ခြင်ခြင်းမပြုပဲ လျှောက်ထား ခံရသူ ရမ်ဂါဆွာမိအား အပြစ်ပေးခဲ့ပါသည်ဟု စွပ်စွဲခြင်းမှာ မြို့နယ် တရားရုံး၏ ဂုဏ်သိက္ခာကို သေးသိမ်စေသဖြင့် လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် မြို့နယ်တရားရုံးအား မထီမဲ့မြင် ပြုရာရောက်ပေ သည်။ သို့ဖြစ်၍ တရားရုံးအပေါ်တွင် မကောင်းသောစေတနာ မရှိ ပါဟု ထုချေရုံမျှဖြင့် လျှောက်ထားခံရသူတို့သည် အပြစ်ဒဏ်မှ မလွတ် ကင်းနိုင်ပေ။

ထို့ကြောင့် လျှောက်ထားခံရသူ ရမ်ဂါဆွာမိ၊ ဆူပရာမန်းနီးနှင့် အူရာဇူးတို့သည် တရားရုံးများအား မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ၊ ဒဏ်ကျပ် ၁၀၀/-စီပေးဆောင်စေရန် အမိန့်ချမှတ်လိုက် သည်။ ဒဏ်ငွေမဆောင်နိုင်ပါက၊ အလုပ်မဲ့ထောင်ဒဏ် တစ်လခွဲစီကျခံ ရမည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်**
**တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

မောင်ကိုးနီ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

† ၁၉၈၀

ဒီဇင် ဘာလ
၅ ရက်

**သက်သေခံ အက်ဥပဒေပုဒ်မ ၂၆– ပူးတွဲတရားခံ၏ ရဲရှေ့တွင်ပြောဆို ဝန်ခံချက်–သက်သေခံအဖြစ် အသုံးမပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မောင်ကိုးနီအပေါ် ငြိစွန်းနေသည်ဟု မြို့နယ်တရားရုံးက ယူဆသည့်အချက်မှာ သက်သေခံအမှတ် (ဃ) ရှာဖွေပုံစံတွင် ဖော်ပြပါရှိသည့် အချက်ပင်ဖြစ်ပေသည်။ သက်သေခံအမှတ်(ဃ) ရှာဖွေပုံစံတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့က မောင်ထင်ပေါ်၊ မောင်ကိုးနီနှင့် မောင်တင်ဦးတို့ထံမှ တဆင့် ဝယ်ယူခဲ့သည့်ဆန်အိတ်များ ဖြစ်ကြောင်း ပြောဆိုပေးအပ်သည်ဟူ၍ ရဲတပ်ဖွဲ့ စခန်းမှူး ဦးသာကျော်က ရေးမှတ်ထားကြောင်း တွေ့ရှိရသည်။ သက်သေခံ ဥပဒေ ပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းချက်အရ တရားခံကရဲရှေ့တွင် ဖြောင့်ဆိုသည့် အချက်ကို သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ ဤအမှုတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့မှာ တရားခံများဖြစ်ကြသဖြင့် ၎င်းတို့၏ ရဲရှေ့တွင်ဖြောင့် ဆိုသည့် အချက်ကို ဥပဒေအရ လက်ခံစဉ်းစားရန် မဖြစ်နိုင်ပေ။

လျှောက်ထားသူအတွက် – ဦးလှတင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်– ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

တွံတေးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ဂ၆၄/၇၇ တွင် မောင်ကိုးနီ၊ မောင်သန်းမြင့်၊ မောင်သောင်းရီ၊ မောင်ချိုတူးနှင့် မောင်အောင်ဘု တို့အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက် ရေး ဥပဒေပုဒ်မ ၆(၁) အရ စွဲချက်တင်ကြောင်း မြို့နယ်တရားရုံးက အမိန့် ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို မောင်ကိုးနီက မကျေ

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၆ (ခ)

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉၆ တွင် ချမှတ်သော (၁၀-၁၁-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

မောင်ကိုးနီ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး၌ ပြင်ဆင်မှု တင်သွင်းရာတွင် မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၂-၁၀-၇၅ ရက်နေ့ ည ၈ နာရီ အချိန်ခန့်တွင် တံတားမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းသန်းနှင့် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး ဦးသာကျော်တို့ အဖွဲ့သည် ကင်းလှည့်စစ်ဆေးကြသည်။ ဘုရားသုံးဆူ ဆိပ်ကမ်းအနီး၌ ရပ်ထားသည့် မောင်အောင်ဘု၏ သမ္ဗန်ပေါ်သို့ ဦးအုန်းသန်းတို့ အဖွဲ့က တက်ရောက်ရှာဖွေသောအခါ မောင်သောင်းရီနှင့် မောင်ချိုတူးတို့ပိုင်သည့် ငစိန်ဆန်အိတ် ၉၉ အိတ်နှင့် ၇၁ ပေါင်တို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ မောင်သောင်းရီနှင့် မောင်ချိုတူးတို့က စီဘီသမ္ဗန်ပေါ်မှ ဝယ်ယူခဲ့ကြောင်း ထုတ်ဖော်အစစ်ခံသည့်အတွက် စခန်းမှူး ဦးသာကျော်က အမှုကို ဆက်လက်စုံစမ်းထောက်လှမ်းပြီး မောင်ကိုးနီ၊ မောင်သန်းမြင့်၊ မောင်သောင်းရီ၊ မောင်ချိုတူး နှင့် မောင်အောင်ဘုတို့အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁)အရ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူ မောင်ကိုးနီက ပြင်ဆင်မှုတင်သွင်းရာတွင် အဓိကအားဖြင့် တင်ပြသည်မှာ မိမိအပေါ် အမှုနှင့်ပတ်သက်၍ ငြိစွန်းအောင် သက်သေများက မထွက်ဆိုနိုင်ကြောင်း၊ ပူးတွဲတရားခံနှစ်ဦး၏ ရဲရှေ့ဝန်ခံချက်အပေါ် အခြေခံ၍ မြို့နယ်တရားရုံးက မိမိအပေါ် စွဲချက်တင်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ထို့ကြောင့် မိမိအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က စွဲချက်တင်ရန် ချမှတ်သည့်အမိန့်များကို ပယ်ဖျက်သင့်ပါသည်ဟု တင်ပြလေသည်။

မြို့နယ်တရားရုံးက သက်သေ ၁၂ ဦးကို စစ်ဆေးခဲ့သည်။ သက်သေများ၏ အစစ်ခံချက်များအရ ၁၂-၁၀-၇၅ ရက် နေ့ညက ကြံ့(၂) သင်္ဘောဖြင့် ဆွဲလာသည့် စီဘီပေါ်မှ အစိုးရပိုင် ဆန်အိတ်များအနက် သက်သေခံ ငစိန်ဆန် ၉၉ အိတ်နှင့် ၇၁ ပေါင်ကို စီဘီတာဝန်ခံ မောင်သန်းမြင့်ထံမှ မောင်သောင်းရီနှင့် မောင်ချိုတူးတို့က ဝယ်ယူခဲ့သည်ကို လည်းကောင်း၊ သက်သေခံဆန်အိတ် များကို မောင်အောင်ဘုပိုင် သမ္ဗန်ဖြင့် သယ်ဆောင်ခဲ့သည်ကို လည်းကောင်း တွေ့ရသည်။ တရားလိုပြသက်သေများက မောင်ကိုးနီနှင့် ပတ်သက်၍ ငြိစွန်းအောင် ထွက်ဆိုထားကြောင်း အမှုထဲတွင်မတွေ့ရပေ။

၁၉၇၀

မောင်ကိုးနီနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မောင်ကိုးနီအပေါ် ငြိစွန်းနေသည်ဟု မြို့နယ်တရားရုံးက ယူဆသည့် အချက်မှာ သက်သေခံအမှတ် (ဃ)ရှာဖွေပုံစံတွင် ဖော်ပြပါရှိသည့် အချက်ပင်ဖြစ်ပေသည်။ သက်သေခံအမှတ် (ဃ) ရှာဖွေပုံစံတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့က မောင်ထင်ပေါ်၊ မောင်ကိုးနီနှင့် မောင်အောင်ဦးတို့ ထံမှ တဆင့်ဝယ်ယူခဲ့သည့် ဆန်အိတ်များဖြစ်ကြောင်း ပြောဆိုပေးအပ်သည်ဟူ၍ ရဲတပ်ဖွဲ့စခန်းမှူး ဦးသာကျော်က ရေးမှတ်ထားကြောင်း တွေ့ရှိရသည်။ သက်သေခံဥပဒေ ပုဒ်မ ၂၆တွင် ပြဋ္ဌာန်းချက်အရ တရားခံက ရဲရှေ့တွင်ပြောင့်ဆိုသည့် အချက်ကိုသက်သေခံ အဖြစ် အသုံးမပြုနိုင်ပေ။ ဤအမှုတွင် မောင်သောင်းရီနှင့် မောင်ချိုတူးတို့မှာ တရားခံများ ဖြစ်ကြသဖြင့် ၎င်းတို့၏ ရဲရှေ့တွင် ပြောင့်ဆိုသည့် အချက်ကို ဥပဒေအရ လက်ခံစဉ်းစားရန် မဖြစ်နိုင်ပေ။

ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁) အရ ပြစ်မှုမြောက်ရန် တရားခံသည် ပြည်သူပိုင်ပစ္စည်း တစုံတရာကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရပဲ၊ သို့မဟုတ် ပိုင်ဆိုင်ခွင့်မရှိပဲ လက်ဝယ်ထားကြောင်း၊ သို့မဟုတ် ခိုးယူကြောင်း၊ သို့မဟုတ် အလွဲသုံးစားပြုကြောင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ပြုလုပ်ကြောင်း ခိုင်လုံသည့် အထောက်အထားများ ထင်ရှားရှိရန် လိုသည်။ ဤအမှုတွဲတွင် ပေါ်ပေါက်သည့် သက်သေခံ အထောက်အထားများ အရ လျှောက်ထားသူ မောင်ကိုးနီအပေါ် ဖော်ပြပါ အချက်များနှင့် ငြိစွန်းနေကြောင်း မတွေ့ရပေ။ ထို့ကြောင့် လျှောက်ထားသူ မောင်ကိုးနီအပေါ် စွဲချက်တင်ကြောင်း ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားသူ မောင်ကိုးနီအား အမှုမှစွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးဆိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးချုပ်ခင်အုန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၀

ဦးဣန္ဒဝံသ

နှင့်

ဒီဇင် ဘာလ ၁၆ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဦးကျော်သန်းပါ (၄)*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇-ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုခြင်း-ပိုင်ဆိုင်မှု အဓိကမဟုတ်-ပစ္စည်းလက်ရှိ ဖြစ်ရန်သာအဓိကဖြစ်ရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့်စွဲဆိုမှုတွင် ပိုင်ဆိုင်မှုသည် အဓိကမဟုတ်ပေ။ ပစ္စည်းလက်ရှိ ဖြစ်ခြင်းသာလျှင် အဓိကဖြစ်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အချင်းဖြစ်သာသနာ့ရိပ်သာကို ပိုင်ဆိုင်မှုအပေါ် အခြေခံ၍ လျှောက်ထားခံရသူများအပေါ် ပြစ်မှုကြောင်းအရ အရေးယူပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ထားခြင်းသည် ဥပဒေအရ မှန်ကန်မှုမရှိပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | -ဦးဝင်းမောင် (ပဲခူး)၊ဗဟိုတရားရုံးရှေ့နေ။ |
| လျှောက်ထားခံရသူများအတွက် | -ဦးခင်အောင်၊ ဥပဒေ ဝန် ထမ်း အဆင့်(၁)<br>ဦးလှသောင်း၊ ဗဟိုတရားရုံးရှေ့နေ။ |

ဖြူးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၀၁/၇၇ တွင် ဦးကျော်သန်းပါ (၄) ဦးအပေါ် ဦးဣန္ဒဝံသ၏ တိုင်တန်းစွဲဆိုမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ ပယ်လိုက်သဖြင့် ဦးဣန္ဒဝံသက ပဲခူးတိုင်း တရားရုံးသို့ အမှုအမှတ် ၂/၇၀ အရ ပြင်ဆင်မှုတင်သွင်း

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၅၇ (ခ)

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂ (ဖြူး) တွင် ချမှတ်သော (၂၃-၀-၇၀) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၈၀

ဦးဇာနန္ဒဝံသ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးကျော်သန်းပါ ၄)

သော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ဦးဇာနန္ဒဝံသက ၎င်းသည် ဖြူးမြို့၊ မြို့မဂိုဏ်းဝင် ရိပ်သာကျောင်းတိုက်တွင် ၁၂ နှစ်ကျော် သီတင်းသုံးလျက်ရှိနေရာမှ ၁၃၃၈ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်နေ့က သက်နှီးဝယ်ယူရန်အတွက် တောင်ငူမြို့သို့ ခေတ္တခဏ ကြွရောက်နေစဉ် ဦးကျော်သန်းပါ (၄)ဦးတို့သည် ကျောင်းတိုက်အတွင်းသို့ ကျော်နင်း ဝင်ရောက်၍ ကျောင်းဝင်းအတွင်းရှိ ပစ္စည်းပရိဘောဂများကို ဖျက်ဆီးခြင်း၊ ကျောင်းဝင်းအတွင်း စိုက်ထူထားသော သာသနာ့မှတ်တိုင်ကို ဖြိုလှဲဖျက်ဆီးခြင်း၊ ကျောင်းဝင်းအတွင်းနေ ရဟန်းတပါးသီလရှင်(၇)ပါးနှင့် ကျောင်းသားသုံးယောက်တို့ကို ကျောင်းဝင်းအတွင်းမှ နှင်ထုတ်ခြင်း၊ ကျောင်းဝင်းတံခါးကို သော့ခတ်၍ပိတ်ထားခြင်းစသော ပြစ်မှုတို့ကို ကျူးလွန်ကြောင်းဖြင့် ဦးကျော်သန်းပါ( )ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇/၄၂၇/၃၄၁/၅၀၆/၃၄ အရ အရေးယူပေးရန် ဖြူးမြို့နယ်တရားရုံး၌ တိုက်ရိုက်လျှောက်ထား စွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးသည် ဦးဇာနန္ဒဝံသ၏ တိုင်လျှောက်လွှာအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် ယင်းဥပဒေ ပုဒ်မ ၂၀၂ အရ ပြည်သူ့ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးစေရန် လွှဲအပ်ခဲ့သည်။ ထို့နောက် ရဲတပ်ဖွဲ့မှ စုံစမ်းတွေ့ရှိချက် အစီရင်ခံစာအပေါ် အခြေပြု၍ တရားလို၏ တိုင်လျှောက်လွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃အရ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့ရာမှ တရားလိုက မကျေနပ်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်ပေသည်။

အမှုကို လေ့လာရာတွင် မြို့နယ်တရားရုံး၏ ၂၂–၁၂–၇၇ နေ့စွဲပါ အမှု နေ့စဉ် မှတ်တမ်း၌ "ရဲစုံစမ်း စစ်ဆေးချက်အရ တရားလိုအား ကျောင်းရိပ်သာကို လှူဒါန်းထားခြင်းမရှိကြောင်းတွေ့ရ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်သည်" ဟုမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ တိုင်းတရားရုံး၏ စီရင်ချက်တွင်လည်း အဆောက်အအုံကို ဂေါပကအဖွဲ့ကသာ ပိုင်ပြီး၊ ဦးဇာနန္ဒဝံသ အနေဖြင့်ပိုင်ဆိုင်ခွင့်မရှိကြောင်းဖော်ပြ၍ မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် စွဲဆိုမှုတွင် ပိုင်ဆိုင်မှုသည်အဓိက မဟုတ်ပေ။ ပစ္စည်းလက်ရှိဖြစ်ခြင်းသာလျှင် အဓိကဖြစ်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အချင်းဖြစ် သာသနာ့ရိပ်သာကို ပိုင်ဆိုင်မှုအပေါ် အခြေခံ၍ လျှောက်ထားခံရသူများအပေါ် ပြစ်မှုကြောင်းအရ အရေးယူပိုင်ခွင့်မရှိကြောင်းဆုံးဖြတ်ထားခြင်း

၁၉၀၀

ဦးရာန္တဝံသ နှင့် ပြည် ထောင်စုဆိုရှယ်လစ် သမ္မတ မြန် မာ နိုင်ငံတော် (ဦးကျော်သန်းပါ ၄)

သည့်ဥပဒေအရ မှန်ကန်မှုမရှိပေ။ ပြည်သူ့ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စစ်ဆေးချက် စာရွက်စာတမ်းများ အရလည်း အခင်းဖြစ် ရိပ်သာကျောင်းတိုက်မှာ သံဃိကပစ္စည်းဖြစ်ပြီး လျှောက်ထားသူ ဦးဣန္ဒဝံသ၏ လက်ရှိပစ္စည်းဖြစ်ကြောင်း ပေါ်လွင်သဖြင့် အမှုကို ဆက်လက်ဆောင်ရွက်ရန် လုံလောက်သည့် အကြောင်းများရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့် လျှောက်ထားသူ ဦးဣန္ဒဝံသ၏ တိုင်လျှောက်လွှာကို ပလပ်ခဲ့သော မြို့နယ်တရားရုံးနှင့် ယင်းအမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏အမိန့်များကိုပယ်ဖျက်၍ ယင်းတိုင်လျှောက်လွှာအပေါ် ယခင်စစ်ဆေးခဲ့သော တရားစီရင်ရေးအဖွဲ့မှအပ ဖြူးမြို့နယ်တရားသူကြီးအဖွဲ့က တာဝန်ပေးသော အခြားတရားစီရင်ရေးအဖွဲ့မှ ဥပဒေနှင့်အညီ ဆက်လက် စုံစမ်းစစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။

အမှုကို လက်ခံအရေးယူ ဆောင်ရွက်မည့် တရားစီရင်ရေးအဖွဲ့သည် လျှောက်ထားသူ၏ တိုင်လျှောက်လွှာနှင့် အစစ်ခံချက်များအပြင်ပြည်သူ့ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေး တွေ့ရှိချက်များအရ လျှောက်ထား ခံရသူများအပေါ် မည်သည့် ဥပဒေပုဒ်မနှင့် အကျုံးဝင်နိုင်သည် မဝင်နိုင်သည်ကို ချင့်ချိန်ဝေဖန်၍ သင့်တော်မည့်ပုဒ်မများဖြင့် အရေးယူပြီး အမှုကို ဆက်လက် စုံစမ်းစစ်ဆေးရန်ဖြစ်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးခင်အုန်းနှင့် ဦးမန်းစံမြိတ်ရွှေတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်ထွန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၀ ဇူလိုင်လ ၃၁ ရက်

**ရဲရှေ့ထွက်ဆိုချက်များကို မှတ်တမ်းတင်ထားခြင်း– ရဲရှေ့ထွက်ချက်သည် သက်သေအား ရှေ့နောက် မညီညွတ်ကြောင်း ပြရန်အတွက် လည်းကောင်း မယုံကြည် ထိုက် ကြောင်း ပြရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်– ကျန်အခြေအနေတွင် အသုံးမပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးက အမှုစစ် ရဲအရာရှိ ဦးမောင်သန်း အပါအဝင် တရားလိုပြ သက်သေ ၇ ဦးကို စစ်ဆေးပြီးနောက် ဦးစိန်ထွန်းအပေါ် စွဲချက်တင်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့သော သက်သေများအနက် ဦးမောင်သန်းမှအပ ကျန်တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များတွင် ဦးစိန်ထွန်း၏ အမည် လုံးဝပေါ်ပေါက်ခြင်း မရှိချေ။ ဦးမောင်သန်း၏ သက်သေခံချက်၌ ဦးစိန်ထွန်း၏ အမည် ပေါ်ပေါက်လာရခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်၍ ဦးမောင်သန်းက ထွက်ဆိုခဲ့ခြင်းများကို တရားရုံးက မှတ်တမ်းတင်ခဲ့သောကြောင့် ဖြစ်ပေသည်။ ဦးမောင်သန်းသည် အမှုစစ်ရဲအရာရှိအဖြစ် မောင်မြင့်အား စစ်မေးခဲ့သည်။ မောင်မြင့်က ယခု ပြစ်မှုကိစ္စနှင့် ပတ်သက်၍ သူနှင့် ဦးစိန်ထွန်းတို့ မည်သို့စီစဉ် ဆောင်ရွက်ခဲ့ကြသည့် အကြောင်းများကို ဦးမောင်သန်းထံ အစစ်ခံခဲ့ရာ ထိုအစစ်ခံချက် အလုံးစုံကို ဦးမောင်သန်းက တရားရုံး၌ သက်သေခံသောအခါ ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

အမှုစစ် ရဲအရာရှိ တစ်ဦးသည် အမှုစုံထောက် စစ်မေးစဉ် အမှုအကြောင်းအရာများကို သိသည်ဟု အဆိုရှိသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၁ အရ နှုတ်တိုက်စစ်မေးခွင့် ရှိပေသည်။ ထိုသို့စစ်

---

* ၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၁၄ (ခ)

† ၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၁၉ တွင် ချမှတ်သော (၁၉-၇-၇၅) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၀

ဦးစိန်ထွန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မေးခြင်း ခံရသူသည် အမှုစစ်ဆေးရာ၌ သက်သေအဖြစ် အစစ်ခံသော အခါ ထိုသက်သေ၏ အမှုစုံထောက် စစ်မေးစဉ်က ပြောဆိုခဲ့သော ထွက်ချက်များကို သက်သေခံ ဥပဒေပုဒ်မ ၁၄၅ အရ သက်သေ၏ ထွက်ဆိုချက်သည် ရှေ့နောက်မညီကြောင်း ပြဆိုရန်အတွက် မေးမြန်းသည့် အခါတွင်လည်းကောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၁၅၅ အရ သက်သေအား မယုံကြည်ထိုက်ကြောင်း ဖော်ပြရန်အတွက် မေးမြန်းသည့်အခါတွင်လည်းကောင်း အသုံးပြုနိုင်သည်မှအပ အမှုစစ်ဆေးရာ၌ သက်သေခံအဖြစ် အသုံးမပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ တွင် ပြဋ္ဌာန်းထားသည်။

ယခုအမှု၌ အမှုစစ်အရာရှိ ဦးမောင်သန်း၏ သက်သေခံချက်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ နှင့် ဆန့်ကျင်လျက်ရှိသည်။ ထိုဥပဒေနှင့် ဆန့်ကျင်လျက်ရှိသော ဦးမောင်သန်း၏ ထွက်ဆိုချက်များကို ဖယ်ရှားလျှင် ဦးစိန်ထွန်းအပေါ် ငြိစွန်းသော သက်သေခံချက် လုံးဝမရှိကြောင်း တွေ့ရသည်။

လျှောက်ထားသူအတွက် –ဦးရဲထွဋ်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် –ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့် (၁)

မော်လမြိုင်မြို့နယ် တရားရုံး၏ ၁၉၇၉ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် –၃၅၂၇ ၌ မောင်မြင့်နှင့် ဦးစိန်ထွန်းတို့ အသီးသီး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၂ (ခ) နှင့် ၁၆၂ (ခ)/၁၁၄ များအရ တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက် မောင်မြင့်နှင့် ဦးစိန်ထွန်းတို့အပေါ် စွဲဆိုသည့်အတိုင်း စွဲချက်များ တင်ခဲ့သည်။ ဦးစိန်ထွန်းက သူ့အပေါ် တင်ထားသော စွဲချက်ကို ပယ်ဖျက်ပေးရန် မွန်ပြည်နယ် တရားရုံး၌ လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ထပ်မံ လျှောက်ထားခြင်းဖြစ်သည်။

၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ မွန်းတည့် အချိန်ခန့်တွင် မောင်မြင့်ဆိုသူသည် မော်လမြိုင်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးထွန်းကြည်၏ ရုံးခန်းသို့ သွားရောက်ပြီးလျှင် သူ၏ဖခင်သို့ မြေကွက်အငှား ရရန် ချပေးရန်နှင့် ထိုမြေပေါ်၌

၁၉၈၀

ဦးစိန်ထွန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နေအိမ်အဆောက်အအုံ ဆောက်လုပ်ခွင့် ရရှိအောင် ဆောင်ရွက်ပေးရန်အတွက် ဦးထွန်းကြည်အား လာဘ်ငွေ ကျပ် ၄၇၅ /-ကို စာအိတ်တွင် ထည့်၍ပေးသည်။ ဦးထွန်းကြည်က ထိုငွေများကို လက်ခံခြင်းမပြုပဲ မောင်မြင့်နှင့် ငွေများကို မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးတင်မောင်ထံ လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် အပ်ပေးလိုက်ရာမှ ယခုအမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြို့နယ်တရားရုံးက အမှုစစ်ရဲအရာရှိ ဦးမောင်သန်းအပါအဝင် တရားလိုပြသက်သေ ငါးဦးကို စစ်ဆေးပြီးနောက် ဦးစိန်ထွန်းအပေါ် စွဲချက်တင်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့သော သက်သေများအနက် ဦးမောင်သန်းမှအပ ကျန်တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များတွင် ဦးစိန်ထွန်း၏အမည် လုံးဝပေါ်ပေါက်ခြင်း မရှိပေ။ ဦးမောင်သန်း၏ အစစ်ခံချက်၌ ဦးစိန်ထွန်း၏အမည် ပေါ်ပေါက်လာရခြင်း မှာလည်း ဥပဒေနှင့် ဆန့်ကျင်၍ ဦးမောင်သန်းက ထွက်ဆိုခဲ့ခြင်းများကို တရားရုံးက မှတ်တမ်းတင်ခဲ့သောကြောင့် ဖြစ်ပေသည်။ ဦးမောင်သန်းသည် အမှုစစ်ရဲအရာရှိအဖြစ် မောင်မြင့်အား စစ်မေးခဲ့သည်။ မောင်မြင့်က ယခုဖြစ်မှုကိစ္စနှင့် ပတ်သက်၍ သူနှင့် ဦးစိန်ထွန်းတို့ မည်သို့စီစဉ် ဆောင်ရွက်ခဲ့ကြသည့် အကြောင်းများကို ဦးမောင်သန်းထံ အစစ်ခံခဲ့ရာ ထိုအစစ်ခံချက် အလုံးစုံကို ဦးမောင်သန်းက တရားရုံး၌ သက်သေခံသောအခါ ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

အမှုစစ် ရဲအရာရှိတစ်ဦးသည် အမှုစုံထောက်စစ်မေးစဉ် အမှုအကြောင်းအရာများကို သိသည်ဟု အဆိုရှိသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ အရ နှုတ်တိုက်စစ်မေးခွင့် ရှိပေသည်။ ထိုသို့စစ်မေးခြင်းခံရသူသည် အမှုစစ်ဆေးရာ၌ သက်သေအဖြစ် အစစ်ခံသောအခါ ထိုသက်သေ၏ အမှုစုံထောက် စစ်မေးစဉ်က ပြောဆိုခဲ့သော ထွက်ဆိုချက်များကို သက်သေခံ ဥပဒေပုဒ်မ ၁၄၅ အရ သက်သေ၏ ထွက်ဆိုချက်သည် ရှေ့နောက်မညီကြောင်း ပြဆိုရန်အတွက် မေးမြန်းသည့် အခါတွင်လည်းကောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၁၅၅ အရ သက်သေအား မယုံကြည်ထိုက်ကြောင်း ဖော်ပြရန်အတွက် မေးမြန်းသည့် အခါတွင်လည်းကောင်း အသုံးပြုနိုင်သည်မှအပ အမှုစစ်ဆေးရာ၌ သက်သေခံအဖြစ် အသုံးမပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ တွင် ပြဋ္ဌာန်းထားသည်။

၁၉၈၀ — ဦးစိန်ထွန်း နှင့် ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံ တော်

ယခုအမှု၌ အမှုစစ်အရာရှိ ဦးမောင်သန်း၏ သက်သေခံချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ နှင့် ဆန့်ကျင်လျက်ရှိသည်။ ထို ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသော ဦးမောင်သန်း၏ ထွက်ဆိုချက်များကို ပယ်ရှားလျှင် ဦးစိန်ထွန်းအပေါ် ငြိစွန်းသော သက်သေခံချက် လုံးဝ မရှိကြောင်းတွေ့ရသည်။

အထက်ပါ အကြောင်းများကြောင့် မော်လမြိုင်မြို့နယ်တရားရုံး၏ ၁၉၇၉ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်–၃၅၂၇ ၌ ဦးစိန်ထွန်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၂(ခ)/၁၁၄ အရ စွဲချက် တင်သည့် အမိန့်နှင့် ထိုအမိန့်ကို အတည်ပြုသော မွန်ပြည်နယ်တရား ရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး ဦးစိန်ထွန်းအား ယခုအမှုနှင့် သက် ဆိုင်သမျှ စွဲချက်မတင်မီ ပြန်လွှတ်ထားလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်တင်ထွန်းဝင်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၈၀

နိဝင် ဘာလ ၁၄ ရက်

**၁၉၇၀ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ-လျော်ကြေးငွေပေးရန် ပျက်ကွက်ခြင်းအတွက် ထောင်ဒဏ်ကျခံစေရမည်ဟု တရားရုံးတွင် အမိန့်ချမှတ်နိုင်ခွင့် မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။အလွဲသုံးစားပြုငွေကို ပေးဆောင်စေရန်နှင့် ပျက်ကွက်ပါက နောက်ထပ် ထောင်ဒဏ် (၂) နှစ်ကျခံစေရန် အမိန့်ချမှတ်ထားသည်ဖြစ်ရာ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေတွင် ထိုသို့လျော်ကြေးပေးရန် ပျက်ကွက်လျှင် ထောင်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်မရှိသဖြင့် လျော်ကြေးငွေပေးရန် ပျက်ကွက်ရုံနှင့် ထောင်ဒဏ် မည်၍မည်မျှ ကျခံစေရမည်ဟု တရားရုံးတွင် အမိန့်ချမှတ်နိုင်ခွင့် မရှိပေ။

လျှောက်ထားသူအတွက် - မလာ

လျှောက်ထားခံရသူအတွက် - ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

မလှိုင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆/၇၀ တွင် လျှောက်ထားသူ မောင်တင်ထွန်းဝင်းအပေါ် ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား ၂-အမှတ်စဉ် (၆) အရ ထောင်ဒဏ် (၃)နှစ် ကျခံစေရန်နှင့် အလွဲသုံးစား ပြုငွေ ကျပ် ၇၁၆၆၉/၈၉ ပြားကို ပေးဆောင်ရန်နှင့် မပေးဆောင်ပါက နောက်ထပ် ထောင်ဒဏ် (၂) နှစ် ကျခံစေရန် ,အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မောင်တင်ထွန်းဝင်းက

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၂ (ခ)

† ၁၉၇၉ခု နှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀၀ (မလှိုင်) တွင် ချမှတ်သော (၂၀-၃-၇၉) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၀

မောင်တင်ထွန်းဝင်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မကျေနပ်၍ မန္တလေးတိုင်း တရားရုံးသို့ အမှုအမှတ် ၂၀၈/၇၉ အရ အယူခံဝင်ရောက်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

အမှုမှာ ၁-၄-၇၆ နေ့က မလှိုင်မြို့နယ် အစိုးရ အမှုထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းအား မြို့နယ်သမဝါယမ ဦးစီးဌာန စာရင်းစစ်အဖွဲ့မှ ၁၉၇၅-၇၆ ဘဏ္ဍာရေးနှစ် အပြီးသတ်စာရင်း ဝင်ရောက် စစ်ဆေးရာတွင်• အသင်း၏အတွင်းရေးမှူး (ငွေထိန်း) ဖြစ်သူ မောင်တင်ထွန်းဝင်းမှ အသင်းပိုင်ငွေကျပ် ၆၇၁၁၀/၅၅ ပြား အလွဲသုံးစား ပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဥက္ကဋ္ဌ ဦးကျော်မြင့်က တရားလိုပြုလုပ်၍ တိုင်တန်းသောအမှု ဖြစ်သည်။

အမှုကို လေ့လာရာတွင် တရားလို ဦးကျော်မြင့်၊ ဦးတင်မြင့်နှင့် ဦးသန်းထွန်းအောင်၊ ဦးကိုကိုလေး၊ ဦးတင်မြင့်တို့၏ ထွက်ချက်များအရ မောင်တင်ထွန်းဝင်းသည် မလှိုင်မြို့နယ်ငွေစုငွေချေး အသင်းအတွင်းရေးမှူး (ငွေထိန်း) ဖြစ်ပြီး အမှုထမ်းများအား ငွေထုတ်ချေးခြင်း၊ ပြန်လည်တောင်းခံခြင်းစသည့် လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သူဖြစ်ကြောင်း၊ ၁၉၇၅-၇၆ ခုနှစ် ဘဏ္ဍာရေးနှစ်အပြီးသတ်စာရင်းစစ်ဆေးရာတွင် ငွေပေါင်း ၆၇၁၁၀/၅၅ ပြား လျော့နည်း ကွာခြားမှု ရှိကြောင်း၊ မောင်တင်ထွန်းဝင်းသည် ယင်းလျော့နည်း ကွာခြားငွေများနှင့် ပတ်သက်၍ စာရင်းတင်ပြနိုင်ခြင်း မရှိပဲ၊ ၎င်းတွင် တာဝန်ရှိသည်ဟု သက်သေခံ (ခ) စာတွင် ဝန်ခံလက်မှတ် ရေးထိုးခဲ့ကြောင်း၊ မောင်တင်ထွန်းဝင်း၏ စာရင်းအင်းများကို မြို့နယ်လုပ်ငန်း စစ်ဆေးရေးအဖွဲ့မှ ထပ်မံစစ်ဆေးရာတွင် လျော့နည်းကွာခြားငွေမှာ ၆၇၁၁၀/၅၅ ပြား မဟုတ်ပဲ၊ ငွေကျပ် ၇၂၉၆၉/၀၉ ပြား ဖြစ်ကြောင်း၊ ယင်းလျော့နည်းကွာခြားငွေများ အတွက် မောင်တင်ထွန်းဝင်းတွင် တာဝန်ရှိကြောင်း ပေါ်လွင်သည်ကို တွေ့ရသည်။

မောင်တင်ထွန်းဝင်းက အသင်းသားများ လာရောက်ပေးသွင်းငွေများကို အသင်းစာရေး ဦးထင်ကျော်၊ ဦးကျော်ဝင်း တို့ကလည်း လက်ခံခြင်းများ ရှိခဲ့၍လည်းကောင်း၊ အချို့ဌာနများကလည်း လစဉ်ပေးသွင်းရန် ငွေများကို ဦးထင်ကျော်၊ ဦးကျော်ဝင်းတို့ထံသာ ပေးသွင်းပြီး၊ ၎င်းတို့က မိမိတို့ထံ မှန်မှန်ပေးသွင်းခြင်း မပြု၍လည်းကောင်း၊ လျော့နည်းကွာခြားငွေများ ဖြစ်ပေါ်ရခြင်းဖြစ်၍ ယင်း လျော့နည်း

၁၉၀၀

မောင်တင်ထွန်းဝင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ကွာခြားငွေများအတွက် မိမိတစ်ဦးတည်းတွင် တာဝန်မရှိကြောင်း ခုခံချေပထွက်ဆိုသည်ကို တွေ့ရပေသည်။

သို့ရာတွင် မြို့နယ်လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးချက်အစီရင်ခံစာသက်သေခံ (ဂ)၊ မြို့နယ်သမဝါယမအသင်း ဒုအသင်းစုံမှူး ဦးသန်းထွန်းအောင်၏ စစ်ဆေးချက်အစီရင်ခံစာ သက်သေခံ(ဃ)နှင့် ပ-အသင်းစုမှူး ဦးတင်မြင့်၏ စစ်ဆေးချက် အစီရင်ခံစာ သက်သေခံ (င) အရ လျော့နည်းကွာခြားငွေများမှာ အခြားဌာနများမှ မောင်တင်ထွန်းဝင်းထံသို့ ပေးသွင်းထားသော ငွေများကို မောင်တင်ထွန်းဝင်းက အသင်းစာရင်းသို့ ပေးသွင်းခြင်းမပြုပဲ အလွဲသုံးစား ပြုထားသော ငွေများဖြစ်ကြောင်း ပေါ်လွင်သည့်အပြင် မြို့နယ်လုပ်ငန်း စစ်ဆေးချက်အစီရင်ခံစာတွင် ဦးထင်ကျော်နှင့် ဦးကျော်ဝင်းတို့၏ အလွဲသုံးစားငွေများနှင့်ပတ်သက်၍ သီးခြားဖော်ပြထားပြီး ဖြစ်သောကြောင့် မောင်တင်ထွန်းဝင်း၏ ခုခံချေပချက်ကို လက်ခံနိုင်ရန် အကြောင်းမရှိပေ။ ယင်းလျော့နည်းငွေများအတွက် ၎င်းတွင်သာ တာဝန်ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ၎င်းအပေါ် မြို့နယ်တရားရုံးက ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား -၂ အမှတ်စဉ် (၆) အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။ သို့ရာတွင် အလွဲသုံးစား ပြုငွေကို ပေးဆောင်စေရန်နှင့် ပျက်ကွက်ပါက နောက်ထပ် ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်ထားသည်ဖြစ်ရာ၊ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေတွင် ထိုသို့ လျော်ကြေးပေးရန် ပျက်ကွက်လျှင် ထောင်ဒဏ် ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်မရှိသဖြင့် လျော်ကြေးငွေပေးရန် ပျက်ကွက်ရုံမျှနှင့် ထောင်ဒဏ် မည်ရွေ့မည်မျှ ကျခံစေရမည်ဟု တရားရုံးတွင် အမိန့်ချမှတ်နိုင်ခွင့် မရှိပေ။

ထို့ကြောင့် လျှောက်ထားသူ မောင်တင်ထွန်းဝင်းအပေါ် မြို့နယ်တရားရုံးက ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား -၂၊ အမှတ်စဉ် (၆) အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ထောင်ဒဏ် (၃) နှစ် ကျခံစေရန်နှင့်၊ အလွဲသုံးစား ပြုခဲ့သောငွေများ ပေးဆောင်စေရန် ချမှတ်သော အမိန့်ကို အတည်ပြုသော်လည်း ငွေမပေးဆောင် ပျက်ကွက်ပါက ထောင်ဒဏ် (၂) နှစ် ကျခံစေရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး ပြင်ဆင်မှု လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၀

ဩဂုတ်လ ၂၇ ရက်

မောင်တင့်ဆွေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းဟန်)*

**သက်သေ၏ ရဲရှေ့အစစ်ခံချက်– တရားခံ အပြစ်ရှိ မရှိ သုံးသပ်ရာတွင် ရဲရှေ့အစစ်ခံချက်ကို အသုံးမပြုနိုင်ခြင်း– ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်း ခန့်ခွဲရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံချက်အဖြစ် အသုံးမပြုရန်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၂(၁) က ပိတ်ပင်သည်ဟု ကောက်ယူရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေတစ်ဦးက အမှုစစ်ရဲအရာရှိရှေ့၌ ထွက်ဆိုသော အစစ်ခံချက်ကို ထိုအမှုစစ်ရဲအရာရှိက စုံထောက်စစ်ဆေး ခဲ့သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုတွင် သက်သေခံချက်အဖြစ် အသုံးမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂(၁)တွင် တားမြစ်ထားသည်။ သို့ဖြစ်၍ တရားခံမောင်ကျော်ဝင်းစိန် အပြစ်ရှိမရှိ ဆန်းစစ်ရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံ အထောက်အထားအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည် မဟုတ်ပေ။ သို့သော် သက်သေခံပစ္စည်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် ကိစ္စမှာမူ တရားခံ မောင်ကျော်ဝင်းစိန် အနေဖြင့် ပြစ်မှုကျူးလွန်ခြင်း ရှိမရှိ သုံးသပ်ဆုံးဖြတ်သည့် ကိစ္စနှင့်ကွဲပြား ခြားနားသည်ဖြစ်ရာ သက်သေခံပစ္စည်းကို စီမံခန့်ခွဲရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံချက်အဖြစ် အသုံးမပြုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂(၁)က ပိတ်ပင်ထားသည်ဟု ကောက်ယူရန် မသင့်ချေ။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၇ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၁၇ တွင် ချမှတ်သော (၁၇-၀-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

မောင်တင့်ဆွေ
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ဦးသိန်း
ဟန်)

လျှောက်ထားသူအတွက် – ဦးခင်ဇော်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် – (၁) ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)

(၂) ဦးစိန်အောင်၊ ဗဟိုတရားရုံး ရှေ့နေ

တိုက်ကြီးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၆၇၀/၇၆ တွင် မောင်ကျော်ဝင်းစိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၄ အရ ထောင်ဒဏ် (၂)နှစ် ကျခံစေရန်နှင့် သက်သေခံ ရွှေထည်ပစ္စည်းများကို လျှောက်ထားခံရသူ ဦးသိန်းဟန်အား ပြန်ပေးစေရန် အမိန့်ချမှတ်သည်။ လျှောက်ထားသူ မောင်တင့်ဆွေက မိမိထံမှ အမှုစစ်ရဲအရာရှိ ဦးလှတင်က သိမ်းသွားသော ရွှေချောင်းမှာ ခိုးရာပါပစ္စည်း မဟုတ်သဖြင့် မိမိအား ပြန်ပေးသင့်ကြောင်းဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှုလျှောက်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

၁၉၇၆ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့နံနက်တွင် တိုက်ကြီးမြို့နယ် ဖိုးခေါင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းပိုင် ဖက်ဝင်းကုန်းကျေးရွာနေ ဦးသိန်းဟန် (လိုပြ–၁) နှင့် ဇနီးဒေါ်ကြွက်မ (လိုပြ–၂)တို့သည် နေအိမ်ကို သော့ခတ်၍ နံနက် (၈) နာရီခန့်တွင် ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်ရန် ထွက်သွားသည်။ ၉ နာရီခန့်တွင် ဦးသိန်းဟန်တို့ နေအိမ်သို့ ပြန်ရောက်လာပြီးနောက် ပဲဝယ်ရန်အတွက် ခေါင်းအုန်းအောက်တွင်ထားသော ငွေကိုသွားယူရာ ငွေကျပ် ၁၃၀/–နှင့် လက်ဝတ်လက်စားများ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ဦးသိန်းဟန်က ဤပစ္စည်းများ ပျောက်ဆုံးသည့်ကိစ္စကို တိတ်တဆိတ် စုံစမ်းကြည့်ရာ တရွာတည်းနေ မောင်ကျော်ဝင်းစိန်အား သင်္ကာမကင်း ဖြစ်လာသဖြင့် ၁၃ ရက်နေ့တွင် ဖိုးခေါင် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ ပစ္စည်းများ အခိုးခံရသည့် ကိစ္စကို တိုင်တန်းသည်။

မူလရုံး အမှုတွဲရှိ သက်သေခံချက်များအရ တရားခံ မောင်ကျော်ဝင်းစိန်သည် ဦးသိန်းဟန်အိမ်က ခိုးယူသော လက်ဝတ်လက်စားများကို မောင်သန်းစိန် (လိုပြ–၇)ထံ ရောင်းချခဲ့ကြောင်း၊ မောင်သန်းစိန်က တဖန် လျှောက်ထားသူ မောင်တင့်ဆွေ ထံသို့ ရောင်းကြောင်း ပေါ်ပေါက်သည်။ ဤပြင်ဆင်မှုတွင် စိစစ်ရန်မှာ မောင်တင့်ဆွေက အမှု

၁၉၇၀

မောင်တင့်ဆွေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးသိန်းဟန်)

စစ်ရဲအရာရှိ ဦးလှတင် (လိုပြ-၅) အား ပေးအပ်ခဲ့သော အငြင်းပွားနေသည့် သက်သေခံ ရွှေချောင်းမှာ၊ မောင်သန်းစိန်က မောင်တင့်ဆွေထံသို့ ရောင်းချခဲ့သည့် ခိုးရာပါ ပစ္စည်းများကို အရည်ကြို ထားသော ရွှေလား သို့တည်းမဟုတ် မောင်တင့်ဆွေ ထွက်ဆိုသကဲ့သို့ ဦးလှတင်က သူ့ထံမှ ခိုးရာပါပစ္စည်း လာသိမ်းစဉ်က သူသည် မောင်သန်းစိန်ထံမှ ဝယ်ယူခဲ့သော လက်ဝတ်လက်စားများကို ထုခွဲရောင်းချပြီးဖြစ်၍ ဦးလှတင် ညွှန်ကြားသည့်အတိုင်း အချင်းဖြစ်ရွှေချောင်းကို အစားထိုး ပေးခဲ့ခြင်းလားဆိုသည့် အချက်ဖြစ်သည်။ ဦးလှတင်က မောင်တင့်ဆွေထံမှ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ "ကိုတင့်ဆွေကလည်း ထိုပစ္စည်းများကို၊ ကိုသန်းစိန်ထံမှ ဝယ်ယူထားသည်မှာ မှန်ကြောင်း၊ ကိုသန်းစိန်ထံမှ ဝယ်ယူထားသော ရွှေများကို အရည်ကြိုထားပြီး ဖြစ်ကြောင်း၊ ထိုပစ္စည်းများကျန်တော့် ထံတွင်ယခုရှိကြောင်း ပြောဆိုပြီး သက်သေလူကြီးများရှေ့၌ ငါးလက်မခန့် ရွှေချောင်း တစ်ချောင်းကို ပေးအပ်ပါသည်" ဟု ထွက်ဆိုသည်။ သက်သေခံ(ဃ) ရှာဖွေပုံစံ၌လည်း အလားတူ ဖော်ပြထားသည်ကို တွေ့ရသည်။

လျှောက်ထားသူ မောင်တင့်ဆွေ၏ အကျိုးဆောင်က ဦးလှတင်ထံတွင် မောင်တင့်ဆွေ အစစ်ခံသော ထွက်ဆိုချက်သည်လည်းကောင်း၊ သက်သေခံ (ဃ) ရှာဖွေပုံစံ၌ ရေးသားထားချက်သည်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) တွင် ရည်ညွှန်းသော ရဲရှေ့အစစ်ခံချက် ဖြစ်သဖြင့် ယင်း ပုဒ်မပါ ပြဋ္ဌာန်းချက်များ အရ အမှုတွင် သက်သေခံချက်အဖြစ် အသုံးမပြုနိုင်ကြောင်း တင်ပြလျှောက်လဲသည်။

သက်သေတစ်ဦးက အမှုစစ် ရဲအရာရှိရှေ့၌ ထွက်ဆိုသော အစစ်ခံချက်ကို ထိုအမှုစစ် ရဲအရာရှိက စုံထောက်စစ်မေးခဲ့သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုတွင် သက်သေခံချက်အဖြစ် အသုံးမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) တွင် တားမြစ်ထားသည်။ သို့ဖြစ်၍ တရားခံ မောင်ကျော်ဝင်းစိန် အပြစ်ရှိ မရှိ ဆန်းစစ်ရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံ အထောက်အထားအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည် မဟုတ်ပေ။ သို့သော် သက်သေခံပစ္စည်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် ကိစ္စမှာ မူ တရားခံ မောင်ကျော်ဝင်းစိန် အနေဖြင့် ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ သုံးသပ် ဆုံးဖြတ်သည့်ကိစ္စနှင့် ကွဲပြား ခြားနားသည်ဖြစ်ရာ သက်သေခံပစ္စည်းကို စီမံခန့်ခွဲရာတွင် ရဲရှေ့အစစ်ခံချက်ကို သက်သေခံချက်အဖြစ်

အသုံးမပြုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁)က ပိတ်ပင်ထားသည်ဟု ကောက်ယူရန်မသင့်ချေ။

အမှုတွင် မောင်တင့်ဆွေက မောင်သန်းစိန်ထံမှ ဝယ်ယူခဲ့သော လက်စွပ်လက်စားများအတွက် သက်သေခံ ရွှေချောင်းကို အစားထိုး၍ ဦးလှတင်အား ပေးအပ်ခဲ့ရသည်ဟု ထွက်ဆိုသော်လည်း ခိုင်လုံသည့် အထောက်အထား တင်ပြနိုင်ခြင်း မရှိကြောင်း တွေ့ရသည်။

မှုလရုံး အမှုတွဲရှိ သက်သေခံချက်များကို ပေါင်းခြုံ သုံးသပ်ကြည့်လျှင် အချင်းဖြစ် ရွှေချောင်းမှာ မောင်တင့်ဆွေက မောင်သန်းစိန်ထံမှ ဝယ်ယူခဲ့သော ရွှေဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ပါ ရှင်းလင်းချက်အရ ယင်းရွှေချောင်းသည် ခိုးရာပါပစ္စည်း ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ပြင်ဆင်မှုလျှောက်လွှာကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဉက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၀

ဇန်နဝါရီလ
၁၀ ရက်

မောင်ထွန်းလှိုင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာဉပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ မှုပြစ်ထင်ရှားစီရင်ခြင်း– မသေဆုံးမီ အယူခံတရားလို အပေါ် စွပ်စွဲပြောဆိုခဲ့ခြင်း–ညနေ ၆ နာရီ အလင်းရောင်ရှိ၍ လူမှားစွပ်စွဲရန် အကြောင်းမရှိခြင်း–သေခါနီး စွပ်စွဲချက်ကို ထောက်ခံ သက်သေခံချက်များ ရှိခြင်း၊ မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ခြင်း—ပြစ်မှုဆိုင်ရာ ဉပဒေ ပုဒ်မ ၃၀၂ (၁) (ဂ)တွင် အကျုံးဝင်သော ပြစ်မှုကို သီးခြားပြစ်ဒဏ်ပေးရန် မလိုခြင်း။**

ဆုံးဖြတ်ချက်။ ။မတင်သန်းအား မောင်ထွန်းလှိုင်က သားမယားအဖြစ် ပြုကျင့်၍ ရိုက်ပုတ်ကြောင်း မျက်မြင်သက်သေ မရှိပေ။ ဦးပုလေးတို့အဖွဲ့သည် မတင်သန်းအား ဒဏ်ရာများဖြင့် တွေ့ရ၍ အကျိုးအကြောင်း မေးမြန်းကြည့်ရာ မတင်သန်းက မိမိအား မောင်ထွန်းလှိုင်က သားမယားအဖြစ် ပြုကျင့်ကြောင်း၊ မိမိက အော်ဟစ်သောအခါ မောင်ထွန်းလှိုင်က ဝါးတုတ်နှင့်ရိုက်ကြောင်း ပြောပြသည်ဟု ဦးပုလေး (လိုပြ ၁)နှင့် ဦးလှဆောင်(လိုပြ ၂)တို့ ကထွက်ဆိုသည်။ မတင်သန်းအား ရွာသို့ခေါ်လာသောအခါ ဦးလေးတော်သူ ဦးစိန်ဝင်း (လိုပြ ၈) က မေးကြည့်ရာ မတင်သန်းက ဦးပုလေးတို့အား ပြောပြသည့်နည်းတူ မောင်ထွန်းလှိုင်အပေါ် စွပ်စွဲပြောဆိုသည်။ မတင်သန်းအား အရာခံတော်ပြည်သူ့ဆေးရုံသို့ လှည်းဖြင့်ပို့ရာတွင် လမ်း၌ မောင်ထွန်းလှိုင်က သားမယားအဖြစ် ပြုကျင့်ကြောင်း၊ အော်ဟစ်သောအခါ တုတ်နှင့်အချက်ပေါင်းများစွာ ရိုက်နှက်ကြောင်း ပြောပြပါသည်ဟု မမြတင်(လိုပြ ၄)

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၁၂၉

† ၁၉၇၆ ခုနှစ်၊ ခသဒဏ် အဘည်ပြုမှုအမှတ်–၂၄ တွင် ချမှတ်သော (၈-၈-၇၇) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို အယူခံမှု။

က ထွက်ဆိုသည်။ ဆရာဝန်ဒေါက်တာဦးမောင်မောင်လှင်(လိုပြ ၆)က၊ မတင်သန်းအား မေးမြန်းသည့်အခါတိုင်း "ကျမ-ကိုထွန်းလှင်ကြောင့် ဖြစ်တာ"ဟုထပ်တလဲလဲပြောဆိုကြောင်း၊ သို့ဖြစ်၍ မတင်သန်းစွပ်စွဲသော မောင်ထွန်းလှင်အမည်ကို ဆေးစာတွင်ရေးမှတ်ခဲ့ကြောင်း၊ မတင်သန်းမှာ မုဒိမ်းကျင့်ခံရသည့် လက္ခဏာများကို စစ်ဆေးတွေ့ရကြောင်း၊မတင်သန်း၏ဦးခေါင်း မှဒဏ်ရာများမှာ သေစေမည့် ဒဏ်ရာမျိုးဖြစ်ကြောင်းထွက်ဆိုသည်။ ထို့ကြောင့် မတင်သန်းသည် မသေဆုံးမီ မောင်ထွန်းလှင်အပေါ် စွပ်စွဲပြောဆိုခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။ အချင်းဖြစ်ပွားသည့် အချိန်မှာ ညနေ (၆) နာရီခန့် ဖြစ်ပြီး နွေရာသီ ဖြစ်သည့်အလျောက်၊ ယင်းအချိန်တွင် အလင်းရောင်ရှိကြောင်း ပေါ်လှင်သည်။ သို့ဖြစ်၍ မတင်သန်းသည် လူမှားစွပ်စွဲရန်အကြောင်းမရှိပေ။ထို့ပြင်မောင်ထွန်းလှင် အား မမှန်မကန်စွပ်စွဲရန်၊ရန်ငြိုးရန်စရှိကြောင်းလည်း မပေါ်ပေါက်ပေ။ ၁၉၈၀

မတင်သန်း၏ သေခါနီး စွပ်စွဲချက်ကို ဦးပုလေး၊ ဦးလှဆောင်၊ မမြတင်၊ ဦးစိန်ဝင်းနှင့် ဒေါက်တာဦးမောင်မောင်လှင်တို့၏ ထွက်ချက်များကထောက်ခံလျက်ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မတင်သန်း၏ သေခါနီး စွပ်စွဲချက်ကို မယုံကြည်နိုင်ရန်အကြောင်းမရှိပေ။

မောင်ထွန်းလှင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

**ထပ်မံဆုံးဖြတ်ချက်။** ။မောင်ထွန်းလှင်သည် မတင်သန်းအား အလိုမတူပဲသားမယားအဖြစ် ပြုကျင့်စဉ် မတင်သန်းက အော်ဟစ်ပြီး အကူအညီတောင်းသည့်အတွက် မောင်ထွန်းလှင်က တဆက်တည်းပင် မတင်သန်းအား ရိုက်ပုတ်သဖြင့် မတင်သန်းမှာ ဒဏ်ရာ(၆)ချက် ရရှိပြီး ဦးခေါင်းခွံ ကွဲအက်၍ သေဆုံးရကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခြင်းခံထိုက်သော မုဒိမ်းမှုကို ကျူးလွန်စဉ်အတောအတွင်း တဆက်တည်းဆိုသလို လူသတ်မှုကို ကျူးလွန်သဖြင့် မောင်ထွန်းလှင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်။

မြို့နယ်တရားရုံးက မောင်ထွန်းလှင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ အပြစ်ပေးခြင်းနှင့်ပတ်သက်၍ ယင်းပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)တွင် အကျုံးဝင်နေပြီးဖြစ်သဖြင့် သီးခြားပြစ်ဒဏ် သတ်မှတ်ရန် လိုမည်မဟုတ်ပေ။

အယူခံတရားလိုအတွက် — ဦးလှညွန့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားခံအတွက် — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

၁၉၇၀

မောင်ထွန်းလွင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

အရာတော်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၂/၇၂ တွင် အယူခံဘရားလို မောင်ထွန်းလွင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ အရ ထောင်ဒဏ်(၅)နှစ်နှင့် ယင်းဥပဒေပုဒ်မ ၁၀၂ (၁) (ဂ) အရ သေဒဏ်ကျခံစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ စစ်ကိုင်းတိုင်း တရားသူကြီးအဖွဲ့က မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သဖြင့် မောင်ထွန်းလွင်က ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းသည်။

၁၉၇၁-ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အရာတော်မြို့နယ်ဆိပ်ဖူးကြီးရွာနေ မချစ်ပို၏ သမီးများဖြစ်ကြသော မတင်သန်းနှင့် မတင်ရှန်း တို့သည် ယင်းတို့နေထိုင်ရာ ရွာအနောက်ဘက် တမိုင်သာသာ အကွာတွင်ရှိသော သရက်ပင်များမှ သရက်သီးများ စောင့်ကြည့်ရန် သွားကြရာ နေဝင်သည်အထိ ပြန်မလာသောကြောင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးပုလေးအား မချစ်ပိုက အကျိုးအကြောင်း ပြောပြသည်။ ဦးပုလေးသည် ကျေးရွာ ကာကွယ်ရေး အဖွဲ့ဝင် ဦးလှဆောင်အပါအဝင် ကာကွယ်ရေး အဖွဲ့ဝင်များနှင့်မတင်သန်းတို့အား လိုက်ရှာရာ မတင်သန်းတို့ ရှိမည်ဟု ယူဆရသော သရက်တော အနီးတွင် မတင်သန်းအား ဒဏ်ရာများဖြင့် ညည်းညူနေသည်ကို တွေ့ရသည်။ မတင်သန်းက ယင်းအား မောင်ထွန်းလွင်က သားမယားအဖြစ် ပြုကျင့်၍ ရိုက်နှက်ကြောင်း ဦးပုလေးအား တိုင်တန်းသည်။ မတင်သန်းအား ရွာသို့ခေါ်လာကြသည်။ ထို့နောက် ဦးစိန်ဝင်းက မတင်သန်းအား အရာတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ လှည်းဖြင့် ပို့ပေးသည်။ ဦးပုလေးနှင့် အဖွဲ့သည် မတင်ရှန်းအား ထပ်မံရှာဖွေရာ သရက်တော၏အနောက်ဘက်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသော မတင်ရှန်း၏ အလောင်းကို တွေ့ရှိရသည်။ အရာတော် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် အချင်းဖြစ်ပွားပုံနှင့် စပ်လျဉ်း၍ ဦးစိန်ဝင်းက တိုင်တန်းသည်။

မတင်သန်းအား အရာတော်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် လက်ခံပြီး ဒေါက်တာ ဦးမောင်မောင်လွင်က ကုသသည်။ လူနာ၏ အခြေအနေမကောင်းသဖြင့် မတင်သန်း၏ သေတမ်းစစ်ချက်ကို ရယူရန် စီစဉ်ရာ မတင်သန်းမှာ စကားမေးမရတော့ပဲ ၂၇-၃-၇၁ နေ့တွင် သေဆုံးသွားလေသည်။ အမှုကို စခန်းမှူး ဦးဇော်ဝင်းက စုံစမ်း စစ်ဆေးပြီး မောင်ထွန်းလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ဂ)အရ အရာတော်မြို့နယ် တရားရုံးတွင် တရားစွဲဆိုသည်။

၁၉၇၀

မောင်ထွန်းလွင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဤအမှုတွင် မတင်သန်းအား မောင်ထွန်းလွင်က သားမယားအဖြစ် ပြုကျင့်၍ ရိုက်ပုတ်ကြောင်း မျက်မြင်သက်သေ မရှိပေ။ ဦးပုလေးတို့အဖွဲ့သည် မတင်သန်းအား ဒဏ်ရာများဖြင့် တွေ့ရ၍ အကျိုးအကြောင်းမေးမြန်းကြည့်ရာ မတင်သန်းက မိမိအား မောင်ထွန်းလွင်က သားမယားအဖြစ် ပြုကျင့်ကြောင်း၊ မိမိက အော်ဟစ်သောအခါ မောင်ထွန်းလွင်က ဝါးတုတ်နှင့် ရိုက်ကြောင်း ပြောပြသည်ဟု ဦးပုလေး (လိုပြ ၁)နှင့် ဦးလှဆောင်(လိုပြ ၂)တို့က ထွက်ဆိုသည်။ မတင်သန်းအား ရွာသို့ခေါ်လာသောအခါ ဦးလေးတော်သူ ဦးစိန်ဝင်း(လိုပြ ၇) က မေးမြန်းကြည့်ရာ မတင်သန်းက ဦးပုလေးတို့အား ပြောပြသည့်နည်းတူ မောင်ထွန်းလွင်အပေါ် စွပ်စွဲပြောဆိုသည်။ မတင်သန်းအားအရာတော် ပြည်သူ့ဆေးရုံသို့ လှည်းဖြင့်ပို့ရာတွင် လမ်း၌ မောင်ထွန်းလွင်က သားမယားအဖြစ် ပြုကျင့်ကြောင်း အော်ဟစ်သော အခါ တုတ်နှင့် အချက်ပေါင်းများစွာ ရိုက်နှက်ကြောင်း ပြောပြပါသည်ဟု မမြတင်(လိုပြ ၄)က ထွက်ဆိုသည်။ ဆရာဝန် ဒေါက်တာ ဦးမောင်မောင်လွင် (လိုပြ ၆)က မတင်သန်းအား မေးမြန်းသည့် အခါတိုင်း "ကျမ ကိုထွန်းလွင်ကြောင့်ဖြစ်တာ"ဟု ထပ်တလဲလဲ ပြောဆိုကြောင်း၊ သို့ဖြစ်၍ မတင်သန်းစွပ်စွဲသော မောင်ထွန်းလွင် အမည်ကို ဆေးစာတွင် ရေးမှတ်ခဲ့ကြောင်း၊ မတင်သန်းမှာ မုဒိမ်းကျင့်ခံရသည့် လက္ခဏာများကို စစ်ဆေးတွေ့ရကြောင်း၊ မတင်သန်း၏ ဦးခေါင်းမှ ဒဏ်ရာများမှာ သေစေမည့်ဒဏ်ရာမျိုး ဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် မတင်သန်းသည် မသေဆုံးမီ မောင်ထွန်းလွင်အပေါ် စွပ်စွဲပြောဆိုခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။ အချင်းဖြစ်ပွားသည့် အချိန်မှာ ညနေ(၆)နာရီခန့်ဖြစ်ပြီး နွေရာသီဖြစ်သည့်အလျောက် ယင်းအချိန်တွင် အလင်းရောင်ရှိကြောင်း ပေါ်လွင်သည်။ သို့ဖြစ်၍ မတင်သန်းသည် လူမှားစွပ်စွဲရန် အကြောင်းမရှိပေ။ ထို့ပြင် မောင်ထွန်းလွင်အား မမှန်မကန် စွပ်စွဲရန် ရန်ငြိုးရန်စရှိကြောင်းလည်း မပေါ်ပေါက်ပေ။

မောင်ထွန်းလွင်က အချင်းဖြစ်နေ့တွင် ဦးအောင်လှနှင့် နွားကျောင်းနေကြောင်း၊ မတင်သန်းအား သားမယားအဖြစ်မပြုကျင့်ရကြောင်း၊ ရိုက်ပုတ်ခြင်းလည်း မပြုရကြောင်း၊ ဦးပုလေးကခေါ်၍ သွားရာတွင် မိမိအား ဖမ်းဆီးခဲ့ကြောင်း ထွက်ဆိုသည်။ သို့သော် မောင်ထွန်းလွင်သည် ခိုင်လုံသော အထောက်အထားတင်ပြ၍ ထုချေနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

၁၉၇၀ | မောင်ထွန်းလွင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မတင်သန်း၏ သေခါနီး စွပ်စွဲချက်ကို ဦးပုလေး၊ ဦးလှဆောင်၊ မမြတင်၊ ဦးစိန်ဝင်းနှင့် ဒေါက်တာ ဦးမောင်မောင်လွင် တို့၏ ထွက်ချက်များက ထောက်ခံလျက်ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မတင်သန်း၏ သေခါနီး စွပ်စွဲချက်ကို မယုံကြည်နိုင်ရန် အကြောင်းမရှိပေ။

မောင်ထွန်းလွင်သည် မတင်သန်းအား အလိုမတူပဲ သားမယား အဖြစ် ပြုကျင့်စဉ် မတင်သန်းက အော်ဟစ်ပြီး အကူအညီ တောင်းသည့်အတွက် မောင်ထွန်းလွင်က တဆက်တည်းပင် မတင်သန်းအား ရိုက်ပုတ်သဖြင့် မတင်သန်းမှာ ဒဏ်ရာ(၆)ချက်ရရှိပြီး ဦးခေါင်းခွံ ကွဲအက်၍ သေဆုံးရကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခြင်းခံထိုက်သော မုဒိမ်းမှုကို ကျူးလွန်စဉ် အတောအတွင်း တဆက်တည်းဆိုသလို လူသတ်မှုကို ကျူးလွန်သဖြင့် မောင်ထွန်းလွင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်။

မြို့နယ်တရားရုံးက မောင်ထွန်းလွင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ အပြစ်ပေးခြင်းနှင့် ပတ်သက်၍ ယင်းပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)တွင် အကျုံးဝင်နေပြီးဖြစ်သဖြင့် သီးခြား ပြစ်ဒဏ် သတ်မှတ်ရန် လိုမည်မဟုတ်ပေ။

ထို့ကြောင့် မောင်ထွန်းလွင် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)အရ သေဒဏ်အပြစ်ပေးခြင်းကို အတည်ပြုလိုက်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ ပြစ်ဒဏ် သတ်မှတ်ခြင်းကိုပယ်ဖျက်သည်။ မောင်ထွန်းလွင်သည် နိုင်ငံတော်ကောင်စီ၏ ၁၉-၃-၇၄ နေ့စွဲပါ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက် အမှတ်(၁)ပါ အကျိုးခံစားခွင့် ရရှိစေရမည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးဖြေးမောင်၊အဖွဲ့ဝင်များအဖြစ်ဦးလှဘုန် နှင့်ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း ပါ (၂) † ၁၉၇၀

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် * မတ်လ ၁၂ ရက်

**သက်သေခံ အက်ဥပဒေပုဒ်မ ၃၀ - တစ်မှုတည်းတွင် ပူးတွဲတရားခံ မဟုတ်သော တရားခံတစ်ဦး၏ ဖြောင့်ချက်ကို အခြားအမှုမှ တရားခံ များအပေါ် ထည့်သွင်း အသုံးပြုနိုင် မပြုနိုင်။**

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အယူခံ တရားလို မောင်နူးနှင့် မောင်ကျားဘိုတို့သည် ဒမြတိုက် လုသတ်သည့် ပြစ်မှု ကျူးလွန်ခြင်းရှိ မရှိ သုံးသပ်ရာတွင် မောင်နီ၏ ဖြောင့်ချက်ကို ထည့်သွင်း စဉ်းစားခဲ့ကြောင်း တွေ့ရသည်။ ဖြောင့်ဆိုသော တရားခံ ကို အခြားတရားခံများနှင့် ပူးတွဲတရားစွဲဆိုသည့် အခါတွင် ယင်းသို့ ဖြောင့်ဆိုသော တရားခံ၏ ဖြောင့်ချက်ကို အခြားတရားခံများအပေါ် အသုံးပြုနိုင်သည်ဟု သက်သေခံ ဥပဒေပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထား သည်။ အချင်းဖြစ် ဒမြတိုက်မှုနှင့် စပ်လျဉ်း၍ မောင်နီအပေါ် စွဲဆို သော အမှုကို၊ မြို့နယ်တရားရုံးက စစ်ဆေးခဲ့စဉ်က အယူခံတရားလိုတို့ကို ပြည်သူ့ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခြင်း မရှိသေးသောကြောင့် မောင်နီ တစ်ဦးတည်းကို တရားခံအဖြစ်ထား၍ အမှုကို စစ်ဆေးဆုံးဖြတ်ခဲ့လေ သည်။ မောင်နူးနှင့် မောင်ကျားဘိုတို့အပေါ် တရားစွဲဆိုသော အမှု တွင် မောင်နီသည် တရားခံမဟုတ်သည့်အလျောက် မောင်နီကို မောင်နူး တို့နှင့် ပူးတွဲ တရားစွဲဆိုခဲ့ခြင်း မဟုတ်ပေ။ ထို့ပြင် ဖြောင့်ဆိုသော တရားခံ မောင်နီကို မောင်နူးတို့၏ အမှုစစ်ဆေးသည့်အခါတွင် သက်သေ အဖြစ် တင်ပြခဲ့ခြင်းလည်း မတွေ့ရပေ။ ထို့ကြောင့် မောင်နီ၏ ဖြောင့် ချက်ကို မောင်နူးတို့အပေါ်တွင် အသုံးမပြုနိုင်ပေ။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၉၅

† ၁၉၇၀ ခုနှစ်၊ သေဒဏ် အတည်ပြုမှုအမှတ် ၅ တွင် ချမှတ်သော (၁၆-၁၂-၇၀) နေ့စွဲပါ ရောဝတီတိုင်း တရားရုံး၏ အမိန့်ကို အယူ ခံမှု။

**၁၉၇၀**

**မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း ပါ ၂ နှင့် ပြည် ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

အယူခံတရားလိုများအတွက် – ဦးတင်ရီ၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားခံများအတွက် – ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

ကျုံပျော်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၉/၇၈ တွင် အယူခံတရားလို မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်ကျခံစေရန်နှင့် မောင်ကျားဘိုအပေါ် ယင်းဥပဒေပုဒ်မ ၃၉၆ အရ ထောင်ဒဏ်(၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ ရောဝတီတိုင်း တရားရုံးက အတည်ပြုလိုက်သဖြင့် မောင်နူးနှင့် မောင်ကျားဘိုတို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းကြသည်။

၁၉၇၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ ညနေတွင် ကျုံပျော်မြို့နယ် ဂုံမင်းချောင်ရွာနေ မောင်ချက်ကြီးသည် လယ်ကွင်းထဲ၌ မြုံးထောင်နေစဉ် လက်နက်ကိုင် လူဆိုး(၅) ဦးသည် မောင်ချက်ကြီးထံ ရောက်လာပြီး ကျွဲမှော်ကွင်းရွာနေ ဦးရွှဲ၏ နေအိမ်သို့ ခေါ်သွားလေသည်။ ထိုစဉ်က အိမ်ထဲတွင် မဝင်းပု၊ ဒေါ်သိန်းနှင့် အခြားအိမ်သူအိမ်သားများသည် မုန့်ကျွဲသဲ ကျိုနေကြသည်။ ဦးရွှဲ၏သားဖြစ်သူကိုရွှေသည် လယ်တောမှ မြက်ရိတ်ပြီး ပြန်ရောက်လာသည်။ လူဆိုးများက အိမ်ရှင်ဘကြီး ဘယ်သွားသလဲဟု မေးရာ ဒေါ်သိန်းက အိမ်ပေါ်တွင် ရှိကြောင်း ပြောသဖြင့် လူဆိုး (၃) ဦးသည် အိမ်ပေါ်တက်သွားသည်။ များမကြာမီ ဦးရွှဲသည် အိမ်ပေါ်မှ ခုန်ဆင်းလာပြီး "ဒမြ-ဒမြ ပြေး ပြေး" ဟု အော်ဟစ်သည်။ ထိုစဉ် သေနတ်သံများ ပေါ်ထွက်လာပြီး ဦးရွှဲသည် သေနတ်ဒဏ်ရာဖြင့် လဲသွားသည်။ ဒေါ်သိန်း၊ မဝင်းပုနှင့် ကိုရွှေတို့ ထွက်ပြေးကြသည်။ လူဆိုးအချို့က ဒေါ်သိန်းနောက်ပြေးလိုက်ပြီး နားကပ်တစ်ရံနှင့် လက်စွပ်တစ်ကွင်းကို တောင်းယူသည်။ အိမ်ပေါ်မှ လူဆိုးများသည် ရေဒီယိုတစ်လုံးဆွဲ၍ ပြေးဆင်းလာကြသည်။ ရွာသူရွာသားများက ဒမြများကို ဝိုင်းလိုက်ရာ၊ လူဆိုးများသည် သေနတ်များဖြင့် ပစ်ခတ်ခုခံ၍ ထွက်ပြေးကြသည်။ ရွာသား တစ်ဦးဖြစ်သော မောင်စိုးသည် သေနတ်မှန်၍ သေဆုံးသွားသည်။ ဒဏ်ရာရသူ ဦးရွှဲသည် အထောင် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတွင် ဒမြတိုက်မှုနှင့် ပတ်သက်၍ တိုင်တန်းသည်။ ဦးရွှဲ၏ဒဏ်ရာမှာ ပြင်းထန်သဖြင့် ၎င်းအား ဟင်္သာတမြို့ ပြည်သူ့ဆေးရုံသို့ သယ်သွားရာ လမ်းတွင် ဦးရွှဲသေဆုံးသွားလေသည်။ ဦးရွှဲ၏အိမ်ကို ဒမြတိုက်၍ လူသတ်သည့် ကိစ္စနှင့် ပတ်သက်ပြီး ပြည်သူ့ရဲတပ်ဖွဲ့က မောင်နူးနှင့် မောင်ကျားဘိုတို့ကို အရေးယူ ဖမ်းဆီးပြီး ကျုံပျော်မြို့နယ် တရားရုံးသို့ တင်ပို့စွဲဆိုသည်။

မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဤအမှုတွင် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အယူခံတရားလို မောင်နူးနှင့် မောင်ကျားဘိုတို့သည် ဒမြတိုက် လူသတ်သည့်ပြစ်မှု ကျူးလွန်ခြင်း ရှိ မရှိ သုံးသပ်ရာတွင် မောင်နီ၏ ဖြောင့်ချက်ကို ထည့်သွင်းစဉ်းစားခဲ့ကြောင်း တွေ့ရသည်။ ဖြောင့်ဆိုသော တရားခံကို အခြားတရားခံများနှင့် အတူ ပူးတွဲ တရားစွဲဆိုသည့်အခါတွင် ယင်းသို့ ဖြောင့်ဆိုသော တရားခံ၏ ဖြောင့်ချက်ကို အခြားတရားခံများအပေါ် အသုံးပြုနိုင်သည်ဟု သက်သေခံ ဥပဒေပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထားသည်။ အချင်းဖြစ် ဒမြတိုက်မှုနှင့် စပ်လျဉ်း၍ မောင်နီအပေါ် စွဲဆိုသောအမှုကို မြို့နယ်တရားရုံးက စစ်ဆေးခဲ့စဉ်က အယူခံ တရားလိုတို့ကို ပြည်သူ့ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခြင်း မရှိသေးသောကြောင့် မောင်နီ တစ်ဦးတည်းကို တရားခံအဖြစ် ထား၍ အမှုကို စစ်ဆေးဆုံးဖြတ်ခဲ့လေသည်။ မောင်နူးနှင့် မောင်ကျားဘိုတို့ အပေါ် တရားစွဲဆိုသော အမှုတွင် မောင်နီသည် တရားခံမဟုတ်သည့် အလျောက် မောင်နီကို မောင်နူးတို့နှင့် ပူးတွဲ တရားစွဲဆိုခဲ့ခြင်း မဟုတ်ပေ။ ထို့ပြင် ဖြောင့်ဆိုသော တရားခံ မောင်နီကို မောင်နူးတို့၏ အမှုစစ်ဆေးသည့်အခါတွင် သက်သေအဖြစ် တင်ပြခဲ့ခြင်းလည်း မတွေ့ရပေ။ ထို့ကြောင့် မောင်နီ၏ ဖြောင့်ချက်ကို မောင်နူးတို့ အပေါ်တွင် အသုံးမပြုနိုင်ပေ။

ဒမြတိုက်သည့် လူဆိုးများထဲတွင် မောင်ကျားဘို ပါဝင်ကြောင်း မည်သည့်သက်သေကမျှ ခိုင်ခိုင်လုံလုံ ထွက်ဆိုထားခြင်း မရှိပေ။ ကိုရွှေ (လိုပြ ၁)က ရုံးရှေ့ရှိ တရားခံ (၂)ဦးကို အချင်းဖြစ် ဒမြတိုက်စဉ်က ကျွန်တော် လှမ်းကြည့်၍ မြင်တွေ့လိုက်ခြင်း ဖြစ်ပါသည်ဟု အစစစ်မေးချက်တွင် ထွက်ဆိုသော်လည်း ပြန်လှန်စစ်မေးရာတွင်မူ မောင်နူး တစ်ယောက်တည်းကိုသာ မှတ်မိကြောင်း ထွက်ဆိုသည်။ အချင်းဖြစ်ပွားသည့်အခါက ဒမြများသည် သေနတ်များဖြင့် ပစ်ခတ်ခဲ့သည့် အလျောက် ထိုအချိန်တွင် ကိုရွှေသည်စိတ်တုန်လှုပ်ချောက်ချား နေပေလိမ့်မည်။ ကိုရွှေသည် ဒမြများကို ခေတ္တခဏသာ တွေ့မြင်ခွင့် ရရှိခဲ့ပေသည်။ ကိုရွှေသည် ဒမြများကို အမှန်တကယ် မှတ်မိခြင်း ရှိ မရှိ သိရှိနိုင်ရန် အယူခံ တရားလိုများအား တန်းစီပြသခဲ့ခြင်းလည်း မရှိပေ။ မောင်ကျားဘိုအား အချင်းဖြစ်ပွားစဉ်က တွေ့မြင်ရသည်ဟု ကိုရွှေက စွပ်စွဲထွက်ဆိုရာတွင် ယင်းအား အဘယ်ကြောင့် မှတ်မိရကြောင်း အကြောင်းပြမထားသည်ကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်၍ ကိုရွှေ၏ ထွက်ချက်အရ မောင်နူးနှင့် မောင်ကျားဘိုတို့သည် ဒမြတိုက်ရာတွင် ပါဝင်ခဲ့သည်ဟု စိတ်ချလက်ချ ကောက်ယူရန် မသင့်ပေ။

၁၉၇၀

မောင်နူး (ခ) စိန်ဟန် (ခ) ကျော်ဝင်း ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

မောင်ချက်ကြီး (လိုပြ ၂) က မောင်နူးအပါအဝင် လူဆိုး (၅) ဦးသည် မိမိအား ကျွဲမော်ကွင်းရွာနေ ဦးရွှဲ၏အိမ်သို့ ခေါ်သွားကြောင်း လူဆိုးများထဲတွင် မောင်နူးအား မှတ်မိကြောင်း၊ မောင်နူးသည် မိမိထံမှ ဓားကို ယူလိုက်၍လည်းကောင်း၊ မိမိအား ရယ်ပြ၍လည်းကောင်း မှတ်မိခြင်းဖြစ်ပါသည်ဟု မောင်ချက်ကြီးက အကြောင်းပြသည်။ လူဆိုးများသည် မောင်ချက်ကြီးထံသို့ ရောက်လာစဉ်က နေမဝင်သေးပေ။ မောင်ချက်ကြီးသည် လူဆိုးများအား လယ်ကွင်းထဲ၌ စတင်တွေ့ရှိရသည့် အလျောက် အသင်းရောင် ရှိနေသည့် နေရာတွင် မောင်နူးအားမှတ်မိလောက်အောင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ရန် အကြောင်းရှိပေသည်။ ထို့ပြင်လူဆိုးများကို စတင်တွေ့ရသည့်အချိန်မှစ၍ ဦးရွှဲ၏အိမ်ရောက်သည် အထိ မောင်ချက်ကြီးသည် လူဆိုးများနှင့်အတူ တပါတည်း လိုက်ပါလာရသောကြောင့် မောင်နူးအား အချိန်အတန်ကြာ တွေ့မြင်ခွင့်ရရှိခဲ့သည်ဟု ဆိုရပေမည်။ ထို့ပြင် မောင်ချက်ကြီးက မောင်ကျားဘိုကို မမှတ်မိပါ၊ မောင်နူးကိုသာ မှတ်မိသည်ဟု ထွက်ဆိုထားသည် ဖြစ်ရာ သူသည် မောင်နူးအား မှန်းဆ၍ စွပ်စွဲခြင်းမဟုတ်ပါဟု ယူဆရပေမည်။ သို့ဖြစ်ရာ မောင်နူးသည် ဦးရွှဲ၏အိမ်ကိုဒမြတိုက်သော လူဆိုးများထဲတွင် ပါဝင်သည်ဟု ကောက်ယူရပေမည်။ မောင်နူးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၂) အရ အစစ်ခံရာတွင် ဦးရွှဲ၏အိမ်ကိုဒမြမတိုက်ရကြောင်း ငြင်းဆိုထားသည်။ သို့သော် မောင်နူးသည် ခိုင်လုံသော အထောက်အထား တင်ပြ၍ ခုခံထားခြင်း မရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် ကျုံပျော်မြို့နယ် တရားရုံးနှင့် ဧရာဝတီတိုင်း တရားရုံးတို့က မောင်နူးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ သေဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ၊ ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ မောင်ကျားဘို အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ အပြစ်တွေ့ရှိ၍ ထောင်ဒဏ်(၁၀)နှစ် အပြစ်ပေးခြင်းကို ပယ်ဖျက်၍ ဤအမှုမှ အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဦးကျင်အဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်
ဦးလှဘုန်းတို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် † ၁၉၈၀

နှင့်

ဦးခင်မေပေါ(၃)ဦး* ဇွန်လ ၁၃ ရက်

ရုံးတော်ကို မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃-တိုင်းတရားစီရင်ရေး အဖွဲ့က ဗဟိုတရားစီရင်ရေးအဖွဲ့မှ ချမှတ်ခဲ့သည့် အမိန့်ကို မလိုက်နာခြင်း-တရားရုံးကို မထီမဲ့မြင် ပြုရာရောက်ခြင်း။

ပြည်နယ်တရားရုံးတရားမဇာရီမှုအား ဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန် ဗဟိုတရားစီရင်ရေးအဖွဲ့မှ အမိန့်ချမှတ်ခဲ့သည်၊ ပြည်နယ် တရားစီရင်ရေး အဖွဲ့က ယာယီဆိုင်းငံ့မိန့်ကို လိုက်နာခဲ့ခြင်း မရှိပေ။ ပြည်နယ်တရားစီရင်ရေး အဖွဲ့အား အရေးယူပေးပါရန် လျှောက်ထားလာခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အမှုတွဲတွင် ပေါ်ပေါက်သည့် အထောက်အထားများ အရ လျှောက်ထားခံရသူများ ပါဝင်သည့် တရားစီရင်ရေးအဖွဲ့သည် ဗဟိုတရားစီရင်ရေး အဖွဲ့မှ ချမှတ်သည့် ဆိုင်းငံ့ထားရန် ညွှန်ကြားထားသည့် အမိန့်ကို လိုက်နာခြင်း မပြုပဲ အမှုကို ဆက်လက်ဆောင်ရွက်ကြောင်းပေါ်ပေါက်သည်။ သို့ဖြစ်၍ တရားရုံးကို မထီမဲ့မြင် ပြုရာရောက်သည်။

လျှောက်ထားသူအတွက် -ဦးအောင်စိန်၊ဥပဒေဝန်ထမ်း
အဆင့်(၁)

လျှောက်ထားခံရသူများအတွက် -ဦးသန်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

ဗဟိုတရားရုံး၊ တရားမအထွေထွေ အယူခံမှု အမှတ် ၄၆ / ၇၇ တွင် အယူခံမှုကို ကြားနာနေစဉ်အတွင်း မွန်ပြည်နယ်တရားရုံး တရားမဇာရီမှု အမှတ် ၉၅၁/၇၇ ကို ဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားရန်

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၁၀
† ရုံးတော်ကို မထီမဲ့မြင် ပြုမှု အက်ဥပဒေ ပုဒ်မ ၃ အရ၊ အရေးယူရန် လျှောက်ထားမှု။

၁၉၈၀

ပြည် ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးခင်ဖေ ပါ (၃) ဦး

ဗဟိုတရားစီရင်ရေး အဖွဲ့က ယာယီဆိုင်းငံ့မိန့် ထုတ်ပေးခဲ့သည်။ လျှောက်ထားခံရသူ ဦးခင်ဖေ၊ ဦးအုန်းကြိုင်နှင့် ဦးသာညွန့်တို့ ပါဝင်သည့် မွန်ပြည်နယ် တရားစီရင်ရေး အဖွဲ့က ယာယီဆိုင်းငံ့မိန့်ကို လိုက်နာခြင်းမရှိခဲ့သဖြင့် ၎င်းတို့အပေါ် ရုံးတော်ကို မထိမဲ့မြင် ပြုမှု အက်ဥပဒေ ပုဒ်မ ၃ အရ၊ အရေးယူခဲ့သော အမှုဖြစ်သည်။

မွန်ပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၃၁၁/၇၇ တွင် တရားလို ဦးအိမ်စွန်ပါ ၃ ဦးတို့က တရားပြိုင်ဦးစံရင် ပါ ၃ ဦးတို့အပေါ် ရော်ဘာခြံကို လက်ရောက်ရလိုကြောင်းနှင့် ရော်ဘာရောင်းရငွေ ကျပ် ၁၈၄၇၀/-ကို ရလိုကြောင်းဖြင့် တရားစွဲဆိုသည်။ မွန်ပြည်နယ် တရားရုံးက ဦးအိမ်စွန်တို့ ၃ ဦးစွဲဆိုသည့်အမှုကို အနိုင်ဒီကရီချမှတ် ပေးခဲ့သည်။ ဦးအိမ်စွန်တို့က မွန်ပြည်နယ် တရားရုံး၌ ဇာရီမှု အမှတ် ၉၅၁/၇၇ ကို လျှောက်ထားကြသည်။

ဦးစံရင်တို့က မူလ တရားမကြီးမှု တွင် ရှုံးနိမ့်ခဲ့သောကြောင့် ဗဟိုတရားရုံးသို့ တရားမအထွေထွေ အယူခံမှု အမှတ် ၄၆/၇၇ ကိုတင်သွင်းခဲ့သည်။ ထိုအမှုကို အယူခံဝင်နေစဉ်အတွင်း မွန်ပြည်နယ် တရားရုံးမှ ဇာရီမှု အမှတ် ၉၅၁/၇၇ ကို ဆက်လက် ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ပေးရန် ဦးစံရင်တို့က ဗဟိုတရားရုံးတွင် လျှောက်ထားခဲ့သဖြင့် ဗဟိုတရားရုံးက ၂၉-၁၂-၇၇ ရက်နေ့က ယာယီ ဆိုင်းငံ့မိန့်ကို ထုတ်ပေးခဲ့သည်။ ယင်းဆိုင်းငံ့မိန့်ကို လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းအောင်က ၂၉-၁၂-၇၇ နေ့တွင် ရုံးတံဆိပ် ရိုက်နှိပ် လက်မှတ်ရေးထိုး ထုတ်ပေးခဲ့လေသည်။

ထိုဆိုင်းငံ့မိန့်ကို ဦးစံရင် တို့က မွန်ပြည်နယ် တရားရုံးသို့ တင်ပြရာ၊ လျှောက်ထားခံရသူများ ပါဝင်သည့် မွန်ပြည်နယ် တရားစီရင်ရေးအဖွဲ့က ဗဟိုတရားရုံး တရားမ အထွေထွေ အယူခံမှုတွင် ဆိုင်းငံ့မိန့် ထုတ်ပေးရန် ချမှတ်သည့် အမှုတွဲ နေ့စဉ်မှတ်တမ်း အမိန့် မိတ္တူကို တင်ပြရန် ၂-၁-၇၈ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။

၅-၁-၇၈ ရက်နေ့က ဦးစံရင်တို့က ပြည်နယ်တရားရုံးသို့ လျှောက်လွှာတစ်စောင်တင်သည်။ ထိုလျှောက်လွှာတွင် ဗဟိုတရားရုံးမှ ထုတ်ပေးသည့် ဆိုင်းငံ့မိန့်ဖြင့် လုံလောက်ကြောင်း အယူခံမှုအမှတ် ၄၆/၇၇ မှ နေ့စဉ်မှတ်တမ်း အမိန့်မိတ္တူကို တင်ပြရန် လိုအပ်သည်ဟု ဆိုလျှင် ထို နေ့စဉ်မှတ်တမ်း အမိန့်မိတ္တူကို တင်သွင်းနိုင်ရန် ၁၀-၁-၇၈ ရက်နေ့ အထိ၊ဇာရီမှုကို ဆိုင်းငံ့ပေးရန် ဖော်ပြထားသည်။

၁၀-၁-၇၈ ရက်နေ့က ရော်ဘာခြံများကို ဦးအိမ်စွန်တို့ထံ ပေး အပ်ပြီး ဖြစ်ကြောင်း ဇာရီမှုတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ဦးစံရင်တို့က ဗဟိုတရားရုံး၏ အယူခံကို လက်ခံကြောင်း နေ့စဉ်မှတ်တမ်းမိတ္တူမှန်ကို တင်သွင်းသော်လည်း ထိုမှတ်တမ်းမိတ္တူတွင် ဆိုင်းငံ့မိန့် ထုတ်ပေးကြောင်း ဖော်ပြထားခြင်း မရှိသည့်အတွက် အမှုကို ဆိုင်းငံ့ထားရန် မလိုကြောင်း၊ ဦးခင်ဖေ ပါဝင်သော တရားစီရင်ရေးအဖွဲ့က ၂၃-၁-၇၈ နေ့က အမိန့်ချမှတ်ခဲ့သည်။ ဦးစံရင်တို့က တင်ပြသော မိတ္တူတွင် ဆိုင်းငံ့မိန့် ထုတ်ပေးကြောင်း ဖော်ပြထားခြင်း မရှိသော်လည်း ဗဟိုတရားစီရင်ရေးအဖွဲ့မှ ၂၉-၁၂-၇၇ နေ့က၊ ယာယီဆိုင်းငံ့မိန့် ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သဖြင့် လက်ထောက်ညွှန်ကြားရေးမှူးက ယင်းအမိန့်ကို ထိုနေ့ကပင် ထုတ်ပေးခဲ့ကြောင်း တွေ့ရသည်။

၁၉၈၀

မြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နှင့် ဦးခင်ဖေ ပါ (၃) ဦး

အမှုတွဲတွင် ပေါ်ပေါက်သည့်အထောက်အထားများအရ၊ လျှောက်ထားခံရသူများ ပါဝင်သည့် တရားစီရင်ရေးအဖွဲ့သည် ဗဟိုတရားစီရင်ရေးအဖွဲ့မှ ချမှတ်သည့် ဆိုင်းငံ့ထားရန် ညွှန်ကြားထားသည့် အမိန့်ကို လိုက်နာခြင်းမပြုပဲ အမှုကို ဆက်လက် ဆောင်ရွက်ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ တရားရုံးကို မထီမဲ့မြင်ပြုရာ ရောက်သည်။

လျှောက်ထားခံရသူ ဦးခင်ဖေ၊ ဦးအုန်းကြိုင်နှင့် ဦးသာညွန့်တို့သည် တရားရုံးများကို မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ၊ ဒဏ်ငွေကျပ် ၃၀၀/-စီ ပေးဆောင်စေ၊ ပျက်ကွက်ပါကထောင်ဒဏ် တစ်လစီ ကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၈ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

မတ်လ နှင့်

၁၄ ရက် မောင်တင်ညွန့်*

**မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆(ခ) အရ မှုဖြစ် ထင်ရှားစီရင်ခြင်း- နည်းဥပဒေ ၄၉ အရ ရှာဖွေရာတွင် အမှား-အမှုပျက်ပြယ်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။မောင်တင်ညွန့်၏ နေအိမ်မှ ဘိန်းရှုကိရိယာများနှင့် ဘိန်း ၂ ရွေးသားခန့် ဖမ်းဆီးရမိကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ရာတွင် အမှုမှာ ကျေးရွာ ပြည်သူ့ကောင်စီဝင်များက ရှာဖွေ ဖမ်းဆီးခြင်း ဖြစ်သောကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာနည်းဥပဒေ ၄၉ အရ၊ ရှာဖွေဖမ်းဆီးသော အချိန်တွင် ဒုလုံခြုံရေးမှူး အဆင့်ထက် မနိမ့်သော ရဲအရာရှိ ပါဝင်ခြင်းမရှိချေ။ ထို့ကြောင့်ပင်လည်းမူလတရားရုံးက မောင်တင်ညွန့်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်သဘော ဖြစ်နိုင်သည်။

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၉ မှာ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း ပြုလုပ်သော အချိန်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့်အကျုံးဝင်သည့် ပစ္စည်းအမှန်တကယ်တွေ့မတွေ့ဟူသောအချက်ကို သိသာထင်ရှားစေရန် အတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့် ဆန့်ကျင်သော ပစ္စည်း တွေ့ရှိကြောင်း ထင်ရှားပေါ်လွင်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်ကို တိကျစွာ မလိုက်နာကာမျှဖြင့် အမှုတစ်မှုလုံး ပျက်ပြယ်ပြီဟူ၍ မဆိုနိုင်ပေ။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် -၀၁

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈၀ တွင် ချမှတ်သော (၂၀-၅-၇၇) နေ့စွဲပါ ပဲခူးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

အယူခံတရားလိုအတွက် -ဦးမြင့်အောင်၊ဥပဒေဝန်ထမ်းအဆင့်(၁) ၁၉၈၀

အယူခံတရားခံအတွက် -မောင်တင်ညွန့်၊ မလာ။

ပြည် ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့်မောင်တင်ညွန့်

ပဲခူးမြို့နယ် တရားရုံးက အယူခံ တရားခံ မောင်တင်ညွန့်အပေါ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ) အရ၊ စစ်ဆေးကြားနာပြီး အမှုမှ အပြီးအပြတ် လွှတ်သောအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ အယူခံ ဝင်ခြင်းဖြစ်သည်။

အမှုမှာ ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဘုရားကြီးကျေးရွာ ပြည်သူ့ကောင်စီဝင်များသည် ဒုစရိုက်မှုများ ပပျောက်ရေးအတွက် ဖွဲ့စည်းထားသော ကော်မတီဝင်များနှင့်အတူ ကျေးရွာအတွင်းရှိ မသင်္ကာသော နေအိမ်များကို ဝင်ရောက် စစ်ဆေးရာမှ အယူခံတရားခံ မောင်တင်ညွန့်၏ နေအိမ်၌ ဘိန်းရှူသောပြောင်း၊ ဘိန်းချက်သောခွက်၊ ဘိန်းကင်ကပ်နှင့် ကွမ်းပုံတို့အပြင် ဘိန်း ၂ ရွေးသားခန့်ကို တွေ့ရှိရသည်။ ထို့ကြောင့်ရဲစခန်းမှ ရဲတပ်ကြပ်ကြီး ဦးဝင်းနိုင် (လိုပြ ၅) ထံ အကြောင်းကြားသောအခါ ဦးဝင်းနိုင်က မောင်တင်ညွန့်အပေါ် ဆက်လက် အရေးယူခြင်းဖြစ်သည်။

မောင်တင်ညွန့်၏ နေအိမ်မှ ဘိန်းရှူကရိယာများနှင့် ဘိန်း ၂ ရွေးသားခန့် ဖမ်းဆီးရမိကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ရာတွင် အမှုမှာ ကျေးရွာပြည်သူ့ ကောင်စီဝင်များက ရှာဖွေ ဖမ်းဆီးခြင်းဖြစ်သောကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၉ အရ၊ ရှာဖွေဖမ်းဆီးသော အချိန်တွင် ဒုလုံခြုံရေးမှူးအဆင့်ထက် မနိမ့်သောရဲအရာရှိ ပါဝင်ခြင်းမရှိချေ။ ထို့ကြောင့် ပင်လည်း မူလတရားရုံးက မောင်တင်ညွန့်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်သဘော ဖြစ်နိုင်သည်။

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော၊ ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၉ မှာ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း ပြုလုပ်သောအချိန်တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့် အကျုံးဝင်သည့် ပစ္စည်းအမှန်တကယ် တွေ့မတွေ့ဟူသော အချက်ကို သိသာထင်ရှားစေရန်အတွက် ပြဋ္ဌာန်းချက် ဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့် ဆန့်ကျင်သော ပစ္စည်း တွေ့ရှိကြောင်း ထင်ရှားပေါ်လွင်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်ကို တိကျစွာ မလိုက်နာကာမျှဖြင့် အမှုတစ်မှုလုံး ပျက်ပြယ်ပြီဟူ၍ မဆိုနိုင်ပေ။

၁၉၈၀ ယခုဖြစ်ပွားသော ကိစ္စတွင် ကျေးရွာ ပြည်သူ့ကောင်စီ အဖွဲ့ဝင်လူကြီးများနှင့် ကျေးရွာ ဒုစရိုက် ပပျောက်ရေး ကော်မတီဝင်များသည် မသင်္ကာဖွယ်ရာ နေအိမ်များကို ရှာဖွေရာမှ မောင်တင်ညွန့်၏ နေအိမ်၌ ဘိန်းရှူ ကိရိယာများနှင့် ဘိန်း တွေ့ရှိခြင်း ဖြစ်ပေသည်။ ထိုပစ္စည်းများ ဖမ်းဆီးတွေ့ရှိသော လူကြီးများသည် မောင်တင်ညွန့်အပေါ် မဟုတ်မမှန် အာဃာတထား၍ အမှုကို လုပ်ကြံစွပ်စွဲရန် အကြောင်း မပေါ်ပေါက်ချေ။ အဖွဲ့ဝင်လူကြီးများသည် ဘိန်းရှူကိရိယာနှင့် ဘိန်း တွေ့သည်နှင့်တပြိုင်နက် အနီးဆုံး ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်ထံ အမှုကို လွှဲအပ်လိုက်ကြောင်း ကျေးရွာ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးဝိန် (လိုပြ-၁) နှင့် ကျေးရွာ ပြည်သူ့ကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးပိန် (လိုပြ-၂)၊ ကိုတင်ငွေ (လိုပြ-၃) နှင့် ကျေးရွာ ဒုစရိုက်မှုများ နှိမ်နင်းရေး အဖွဲ့ဝင် ဦးသိန်းမောင် (လိုပြ-၄) တို့က ထွက်ဆိုကြသည်။ ရဲတပ်ကြပ် ဦးဝင်းနိုင် (လိုပြ-၅) ကလည်း အချင်းဖြစ်ပွားသော နေ့တွင် အယူခံ တရားခံ မောင်တင်ညွန့်အား ကျေးရွာ ပြည်သူ့ကောင်စီ လူကြီးများက သက်သေခံပစ္စည်း ဘိန်းများနှင့် အတူ လွှဲပြောင်း ပေးအပ်ကြောင်း၊ သက်သေခံ ပစ္စည်းများအနက် ဘိန်းကင်လုံးကို ဓာတုဗေဒဝန်ထံ ပေးပို့သောအခါမှ ထိုပစ္စည်းမှာ ဘိန်းဖြစ်ကြောင်း သက်သေခံ အမှတ် (ဂ) ပြန်စာ ရရှိကြောင်းနှင့် မောင်တင်ညွန့် အပေါ်တွင်လည်း ဥပဒေအရ ဆက်လက်အရေးယူကြောင်း ထွက်ဆိုသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နှင့်
မောင်တင်ညွန့်

အမှုမှာ အယူခံ တရားခံထံမှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဘိန်းရှူကိရိယာများနှင့် ဘိန်းတွေ့ရှိကြောင်း အငြင်းမထွက်သော အမှုဖြစ်သည်။ ဤကဲ့သို့ လက်ပူးလက်ကြပ် ထင်ရှားပေါ်လွင်သော အမှုအမျိုးအစားတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်ကို တိကျစွာ လိုက်နာခြင်း မပြုကာမျှဖြင့် အမှုတစ်မှုလုံး ပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ပဲခူးမြို့နယ် တရားရုံးက အယူခံ တရားခံ မောင်တင်ညွန့်အား အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ မောင်တင်ညွန့်သည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ၊ ပြစ်မှုထင်ရှား၍ ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ ချုပ်ရက်များကို အပြစ်ဒဏ်မှ နုတ်ပယ်စေရမည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးအောင်ကြီး ပါ-၂ *

† ၁၉၇၀

ဇူလိုင်လ
၂၃ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ၊ တိုက်ဆိုင်စစ်ဆေး မေးမြန်းခြင်း- ရဲရှေ့တွင် အစစ်ခံခဲ့ခြင်း မရှိသည့်အချက်ကို ရုံးရှေ့တွင် ထွက်ဆိုပါက ရဲရှေ့ အစစ်ခံချက်တစ်ရပ်လုံး သက်သေအား ဖတ်ပြရန်လိုခြင်း- ဖတ်ပြသော အချက်ကို မှတ်တမ်းတင်ရန်လိုခြင်း- ဖတ်ပြသည့်အတိုင်း မှန်မမှန် မပြောနိုင်ပါဟု သက်သေက ထွက်ဆိုပါက ရဲရှေ့အစစ်ခံချက်ကို သက်သေ ထင်ရှားပြသရန် လိုအပ်ခြင်း။

**ဆုံးဖြတ်ချက်**။ ။အမှုတွင် သက်သေခံချက်များကို မသုံးသပ်မီ သက်သေတစ်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးပုံ စစ်ဆေးနည်းကို ဖော်ပြလိုသည်။ ယခု အမှုမှာကဲ့သို့ ဦးကျော်သန်း (လိုပြ-၆)အား ရဲရှေ့တွင် အစစ်ခံခဲ့ခြင်း မရှိသည့်အချက်ကို တရားရုံးရှေ့တွင် ထွက်ဆိုသည်ကို အကြောင်းပြုပြီး သက်သေအား ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင် မေးမြန်းရာတွင် ရဲရှေ့ အစစ်ခံချက်တစ်ရပ်လုံးကို သက်သေအား ဖတ်ပြပြီးနောက်၊ ရုံးရှေ့တွင် ထွက်ဆိုသော ထွက်ဆိုချက်သည် ရဲရှေ့အစစ်ခံချက်တွင် အဘယ်ကြောင့် မပါရှိရကြောင်း မေးမြန်းဖို့ လိုသည်။ ထိုသို့ ဖြေရှင်းနိုင်ရန် လိုအပ်သည့် မေးခွန်းများကိုလည်း မေးမြန်းဖို့လိုသည်။ ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသောအခါ ဦးကျော်သန်းက ဖတ်ပြသည့်အတိုင်း ရဲရှေ့တွင် အစစ်ခံခဲ့ကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ သို့ရာတွင် ဦးကံရက၊

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၁၁

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၇၀ တွင် ချမှတ်သော (၂၄-၅-၇၇) နေ့စွဲပါ ပခုက္ကူမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးအောင်ကြီး ပါ၂

တရားခံ ဦးအောင်ကြီးအား တုတ်ခေါး မကွဲပြားသည့် လက်နက်ဖြင့် ရိုက်မည်အပြုတွင် ဦးအောင်ကြီးက ဆူးရင်းဒှေဖြင့် ပြန်ရိုက်သည်ကို မြင်ရကြောင်း အချက်နှင့် စပ်လျဉ်း၍ ရဲရှေ့အစစ်ခံချက်တစ်ရပ်လုံးကို သက်သေအား ဖတ်ပြပြီးနောက် အဘယ်ကြောင့် ရုံးရှေ့ထွက်ဆိုချက်များ မပါရှိရကြောင်း ဦးကျော်သန်းအား မေးမြန်းထားခြင်း မရှိသဖြင့် ဦးကျော်သန်းသည် ထိုအချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းခွင့်မရပေ၊ သို့ဖြစ်၍ ဦးကျော်သန်း၏ အစစ်ခံချက်ကို အကဲဖြတ်ရာတွင် အခက်အခဲနှင့် ကြုံတွေ့ရပေသည်။

သက်သေ ဦးထွန်းရှင် (လိုပြ-၉) အား ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးရာတွင် တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းက ရဲရှေ့အစစ်ခံချက်ကို သက်သေအား ဖတ်ပြသည်ဟု ဦးထွန်းရှင်၏ ထွက်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ အမှန်ဆိုသော် ယင်းသို့ ဖတ်ပြသော အစစ်ခံချက်ကို ဦးထွန်းရှင်၏ သက်သေထွက်ချက်တွင် မှတ်တမ်းတင်ရန်လိုပေသည်။ သို့မှသာ ဦးထွန်းရှင်သည် ရဲရှေ့တွင် မည်သို့အစစ်ခံခဲ့သည်၊ ထိုအစစ်ခံချက်နှင့် စပ်လျဉ်း၍ ဦးထွန်းရှင် မည်သို့ဖြေရှင်းသည်ကို သိရှိနိုင်မည် ဖြစ်ပေသည်။

ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသော အခါ ဖတ်ပြသည့်အတိုင်း ထွက်ဆိုခဲ့ကြောင်း ဝန်ခံထားသဖြင့် ဦးကျော်သန်း၏ ထွက်ချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေ ထင်ရှား ပြရန်မလိုတော့ပေ။ ဦးထွန်းရှင်ကမူ ရဲရှေ့တွင် ဥပဒေဝန်ထမ်း ဖတ်ပြသည့်အတိုင်း မှန်မမှန် မပြောနိုင်ပါဟု ထွက်ဆိုထားသဖြင့် ၎င်း၏ ရဲရှေ့ အစစ်ခံချက်ကို သက်သေ ထင်ရှားပြဖို့လိုသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ သက်သေအား စစ်ဆေးခဲ့သည့် အမှုစစ် ရဲအရာရှိ ဦးလှမြင့် (လိုပြ-၁၄) အနေဖြင့် ဦးထွန်းရှင်အား စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးသည့်အတိုင်း သက်သေထွက်ချက်များကို မှန်မှန်ကန်ကန် ရေးယူခဲ့ကြောင်း၊ ဦးထွန်းရှင်၏ အစစ်ခံချက် မိတ္တူမှာ ရုံးရှေ့တွင် တင်ပြသော သက်သေခံ မိတ္တူမှန်ဖြစ်ကြောင်း ထွက်ဆိုဖို့လိုပေသည်။ သို့မှသာ ရဲရှေ့အစစ်ခံချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) တွင် လိုအပ်သည့်အတိုင်း သက်သေ ထင်ရှားပြရာ ရောက်ပေလိမ့်မည်။

အယူခံတရားလိုအတွက် —ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့်(၁)

အယူခံတရားခံအတွက် —ဦးတင့်၊ ဗဟိုတရားရုံးရှေ့နေ။

ပခုက္ကူမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၇၀/၇၅ တွင် အယူခံတရားခံ ဦးအောင်ကြီးနှင့် မောင်ထွန်းကြည်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၄ အရ၊ တရားစွဲဆိုရာ မြို့နယ် တရားရုံးက တရားခံ (၂)ဦးအား အမှုမှအပြီးအပြတ် လွှတ်လိုက် သဖြင့် ဗဟိုဥပဒေရုံးက ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်ကိုယ်စား ဗဟိုတရားရုံးတွင် အယူခံဝင်သည်။

၁၉၈၀ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးအောင်ကြီး ပါ၂

၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် နေ့ ညနေ (၅) နာရီခန့်တွင် မောင်မြင့်သန်း (လိုပြ-၂)သည် မြက်နုတ်ပြီး ဦးအောင်ကြီး ၏ ယာခင်းကို ဖြတ်၍ ပြန်လာရာ ဦးအောင်ကြီး၏ သား ဘိုးလူလေးနှင့် တူ ကျော်ကျော်တို့က မောင်မြင့်သန်းအား ဆဲရေးတိုင်းထွာသည်။ မောင်မြင့်သန်းက ပြန်အဆဲတွင် မောင်ဘိုးလူလေးတို့သည် နေအိမ်သို့ မောင်မြင့်သန်း၏အလျှင် ပြန်ပြေး၍ ဦးအောင်ကြီး၏ ခယ်မ မနှင်းဝေ (ခံပြ-၃) အား တိုင်တန်းသည်။ မောင်မြင့်သန်းသည် နေအိမ်သို့ ဆက်လက် ပြန်လာရာ ဦးအောင်ကြီး နောက်မှ လိုက်လာပြီး မောင်မြင့်သန်း၏ ကျောကို တုတ်ဖြင့် တချက်ရိုက်သဖြင့် မောင်မြင့်သန်း လဲသွားလေသည်။ ထိုအခါ မောင်မြင့်သန်း၏ အစ်မ မတူး (လိုပြ-၈) က၊ အော်ဟစ်သဖြင့် မတူး၏ ဖခင် ဦးကံရသည် အိမ်ထဲမှ ထွက် လာပြီး မောင်မြင့်သန်းအား အကျိုးအကြောင်းမေးသည်။ ထိုနောက် ဦးကံရနှင့် မောင်မြင့်သန်းတို့သည် အချင်းဖြစ်ကိစ္စကို ရှင်းရန်အတွက် ဦးအောင်ကြီးအိမ်သို့ လိုက်သွားရာ အသင့်တွေ့သော မနှင်းဝေအား အကျိုးအကြောင်း ပြောပြနေစဉ် မောင်ထွန်းကြည်က ဦးကံရ၏ ဦးခေါင်းကို ဆူးရင်းခွ တစ်ချောင်းဖြင့် ရိုက်သည်။ ထို့နောက် ဦးအောင်ကြီးက ဦးကံရ၏ နောက်စေ့ကို တုတ်ဖြင့်ရိုက်ရာ ဦးကံရ လဲကျသွားလေသည်။ အချင်းဖြစ်ရာသို့ ဦးကံရ၏ ညီ ဦးထွန်းငြိမ်း (လိုပြ-၁) ကိုသန်းရွှေ (လိုပြ-၇)နှင့် အခြားသူများ ရောက်လာ ပြီး ဦးကံရအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ မြင်းလှည်းဖြင့် ပို့ကြ သည်။ ဦးကံရသည် ဆေးရုံသို့ရောက်ပြီး မြားမကြာမီ သေဆုံးသွား သည် ဦးထွန်းငြိမ်းသည် အချင်းဖြစ် ကိစ္စနှင့် စပ်လျဉ်း၍ ပခုက္ကူ မြို့ အမှတ် (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် ညတွင်းချင်း တိုင်တန်းလေ သည်။

အမှုတွင် သက်သေခံချက်များကို မသုံးသပ်မီ သက်သေ တစ်ဦး အား ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ၊ ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင် စစ်ဆေးပုံ စစ်ဆေးနည်းကို ဖော်ပြလိုသည်။

၁၉၈၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးအောင်ကြီး ပါ ၂

ယခု အမှုမှာကဲ့သို့ ဦးကျော်သန်း (လိုပြ–၆)အား ရဲရှေ့တွင် အစစ်ခံခဲ့ခြင်း မရှိသည့် အချက်ကို တရားရုံးရှေ့တွင် ထွက်ဆိုသည်ကို အကြောင်းပြုပြီး . သက်သေအား ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင်မေးမြန်းရာတွင်၊ ရဲရှေ့အစစ်ခံချက် တစ်ရပ်လုံးကို သက်သေအား ဖတ်ပြပြီးနောက် ရုံးရှေ့တွင် ထွက်ဆိုသော ထွက်ဆိုချက်သည် ရဲရှေ့ အစစ်ခံချက်တွင် အဘယ်ကြောင့် မပါရှိရကြောင်း မေးမြန်းဖို့လိုသည်။ ထိုသို့ ဖြေရှင်းနိုင်ရန် လိုအပ်သည့် မေးခွန်းများကိုလည်း မေးမြန်းဖို့လိုသည်။ ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသောအခါ ဦးကျော်သန်းက ဖတ်ပြသည့်အတိုင်း ရဲရှေ့တွင် အစစ်ခံခဲ့ကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ သို့ရာတွင် ဦးကံရက တရားခံဦးအောင်ကြီးအား တုတ်ဓား မကွဲပြားသည့် လက်နက်ဖြင့် ရိုက်မည့်အပြုတွင် ဦးအောင်ကြီးက ဆူးရင်းခွဖြင့် ပြန်ရိုက်သည်ကို မြင်ရကြောင်း အချက်နှင့် စပ်လျဉ်း၍ ရဲရှေ့ အစစ်ခံချက် တစ်ရပ်လုံးကို သက်သေအား ဖတ်ပြပြီးနောက် အဘယ်ကြောင့် ရုံးရှေ့ ထွက်ဆိုချက်များ မပါရှိရကြောင်း ဦးကျော်သန်းအား မေးမြန်းထားခြင်း မရှိသဖြင့် ဦးကျော်သန်းသည် ထို အချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းခွင့် မရပေ။ သို့ဖြစ်၍ ဦးကျော်သန်း၏ အစစ်ခံချက်ကို အကဲဖြတ်ရာတွင် အခက်အခဲနှင့် ကြုံတွေ့ရပေသည်။

သက်သေ ဦးထွန်းရှင် (လိုပြ–၉)အား ရဲရှေ့ အစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးရာတွင်၊ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းက ရဲရှေ့ အစစ်ခံချက်ကို သက်သေအား ဖတ်ပြသည်ဟု ဦးထွန်းရှင်၏ ထွက်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ အမှန်ဆိုသော် ယင်းသို့ ဖတ်ပြသောအစစ်ခံချက်ကို ဦးထွန်းရှင်၏ သက်သေထွက်ချက်တွင် မှတ်တမ်းတင်ရန် လိုပေသည်။ သို့မှသာ ဦးထွန်းရှင်သည် ရဲရှေ့တွင် မည်သို့အစစ်ခံခဲ့သည်၊ ထိုအစစ်ခံချက်နှင့် စပ်လျဉ်း၍ ဦးထွန်းရှင်က မည်သို့ဖြေရှင်းသည်ကို သိရှိနိုင်မည် ဖြစ်ပေသည်။

ဦးကျော်သန်းအား ရဲရှေ့အစစ်ခံချက်ကို ဖတ်ပြသောအခါ ဖတ်ပြသည့်အတိုင်း ထွက်ဆိုခဲ့ကြောင်း ဝန်ခံထားသဖြင့် ဦးကျော်သန်း၏ ထွက်ချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေ ထင်ရှား ပြရန်မလိုတော့ပေ။ ဦးထွန်းရှင်ကမူ ရဲရှေ့တွင် ဥပဒေဝန်ထမ်း ဖတ်ပြသည့်အတိုင်း မှန်မှမှန် မပြောနိုင်ပါဟု ထွက်ဆိုထားသဖြင့် ၎င်း၏ရဲရှေ့ အစစ်ခံချက်ကို သက်သေထင်ရှား ပြဖို့လိုသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ သက်သေ

၁၉၀၀

ပြည် ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးအောင်ကြီး ပါ ၂

အား စစ်ဆေးခဲ့သည့် အမှုစစ် ရဲအရာရှိ ဦးလှမြင့် (လိုပြ–၁၄) အနေဖြင့် ဦးထွန်းရှင်အား စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးသည့် အတိုင်း သက်သေထွက်ချက်များကို မှန်မှန်ကန်ကန် ရေးယူခဲ့ကြောင်း၊ ဦးထွန်းရှင်၏ အစစ်ခံချက် မိတ္တူမှာ ရုံးရှေ့တွင် တင်ပြသော သက်သေခံ မိတ္တူမှန်ဖြစ်ကြောင်း ထွက်ဆိုဖို့လိုပေသည်။ သို့မှသာ ရဲရှေ့အစစ်ခံချက် ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(၁)တွင် လိုအပ်သည့် အတိုင်း သက်သေထင်ရှား ပြရာရောက်ပေလိမ့်မည်။

ဤအမှုတွင် တရားလိုပြ သက်သေများအနက် မောင်မြင့်သန်း (လိုပြ-၂)၊ မဆွေ (ခ) မာမာဆွေ (လိုပြ-၃)၊ ဦးဘလှ (လိုပြ-၄)၊ ဦးကျော်သန်း (လိုပြ-၆)နှင့် ဦးထွန်းရှင် (လိုပြ-၉)တို့သည် မျက်မြင် သက်သေများ ဖြစ်ကြသည်ဟုဆိုသည်။ ဤ သက်သေများအနက် မောင်မြင့်သန်းနှင့် မဆွေတို့နှစ်ဦးကသာ သေသူကို တရားခံမောင်ထွန်း ကြည်က ဦးစွာရိုက်သည်ဟု ထွက်ဆိုကြသည်။ ကျန်သက်သေများက မူ မောင်ထွန်းကြည်အပေါ် စွပ်စွဲထွက်ဆိုခြင်း မပြုကြချေ။ ဦးဘလှ သည် အချင်းဖြစ်ပွားပုံကို ဝါးတရိုက်အကွာမှ ရပ်၍ကြည့်သူဖြစ်ရာ ကောင်းစွာ တွေ့မြင်နိုင်သူဖြစ်သည်။ အချင်းဖြစ်ပွားပြီးနောက် (၃) နာရီနီးပါး အကြာတွင် သေသူ၏ညီ ဦးထွန်းငြိမ်း (လိုပြ-၁) က ပခုက္ကူမြို့အမှတ် (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှာ တရားခံ မောင်ထွန်းကြည်ကို ထည့်သွင်း စွပ်စွဲထားခြင်း မရှိပေ။ ဤသို့ မောင်ထွန်းကြည်အပေါ် စွပ်စွဲရန် ပျက်ကွက်သည့်အချက်မှာ အမှုတွင် မောင်ထွန်းကြည်ပါ ပါမည်လောဟု သံသယဖြစ်ဖွယ်ကောင်း သော အချက်ဖြစ်ပေသည်။

မောင်ထွန်းကြည်က သက်သေအဖြစ် အစစ်ခံရာတွင် အချင်းဖြစ် ည (၆) နာရီအချိန်က ရပ်ကွက် သမဝါယမအသင်းဆိုင်၌ အစည်း အဝေး တက်ရောက်နေကြောင်း၊ အစည်းအဝေးမှာ ည(၇) နာရီခွဲ ခန့်တွင် ပြီးစီးကြောင်း၊ အိမ်ရောက်မှ ဦးကံရ အရိုက်ခံရသည်ကို ကြားရကြောင်း ထုချေထွက်ဆိုရာ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသိန်းအောင် (ခံပြ-၇) က မောင်ထွန်းကြည်အား ထောက်ခံ ထွက်ဆိုထားသည်။ အစည်းအဝေး မှတ်တမ်းကို မူလရုံးတွင် တင်ပြ ခဲ့သည်။ ဤအချက်များကို ပေါင်းခြုံ သုံးသပ်ကြည့်လျှင် မောင်ထွန်း ကြည်က ဦးကံရအား ရိုက်ပုတ်သည်ဆိုခြင်းနှင့် စပ်လျဉ်း၍ သက်သေခံ အထောက်အထား မခိုင်လုံဟု ကောက်ယူရပေမည်။

၁၉၀၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးအောင်ကြီး ပါ ၂

တရားခံ ဦးအောင်ကြီးနှင့် ပတ်သက်၍မူ ဦးအောင်ကြီးက သေသူ ဦးကံရအား တုတ်ဖြင့် ရိုက်သည်ဆိုသောအချက်မှာ အငြင်းမပွားပေ။ သို့သော် ဦးအောင်ကြီးက ဦးကံရသည် မိမိအား ဓားဖြင့်ခုတ်သော ကြောင့် မိမိက ရှောင်ပြီး သေသူကို ဆူးရင်းခွဖြင့် ပြန်ရိုက်ကြောင်း ခုခံထွက်ဆိုသည်။ မျက်မြင် သက်သေ မဆွေ (လိုပြ-၃)နှင့် ဦးဘလှ (လိုပြ-၄)တို့က ဦးကံရသည် ဦးအောင်ကြီးအား ဓားဖြင့်ခုတ်သည် ဆိုသော အချက်ကို ငြင်းကွယ်သည်။ သူတို့သည် ဦးအောင်ကြီး အပေါ် မဟုတ်မမှန် ထွက်ဆိုရန်အကြောင်းရှိကြောင်း မပေါ်ပေါက် ပေ။ ဦးအောင်ကြီးက မဆွေသည် အချင်းဖြစ်ပွားရာတွင် မရှိဟု ငြင်းသော်လည်း ဦးဘလှ မရှိဟု ငြင်းဆိုခြင်းမပြု။

ဦးအောင်ကြီးက ဦးကံရလဲသွားပြီးနောက် ဓားကောက်မည့်အပြုတွင် မောင်မြင့်သန်းက ထမ်းပိုးဖြင့် ရိုက်မည်ပြုသောကြောင့် အိမ်နောက် ဖေးဘက်သို့ ပြေးသွားကြောင်း ထွက်ဆိုသည်။ ထိုအတိုင်းမှန်လျှင် လဲ ကျသွားသူ ဦးကံရ၏ လက်ထဲတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ၊ ဦးအောင်ကြီးကို ခုတ်သည်ဆိုသော ဓားရှိရပေမည်။ အချင်းဖြစ်ပွား ရာသို့ မကြာမီ ရောက်လာသော ကိုသန်းရွှေ (လိုပြ-၇) သည် အချင်း ဖြစ် ဓားကို တွေ့ကြောင်း ထွက်ဆိုထားခြင်း မရှိပေ။

ဦးအောင်ကြီး၏ ထွက်ချက်အရပင် သူသည် အမှုပေါ်စေရန်အလို့ ငှာ အချင်းဖြစ် ဆူးရင်းခွကို ပေးအပ်ခဲ့ခြင်း မရှိပေ။ သက်သေခံ (ခ) ဖြောင့်ချက်တွင် ဦးအောင်ကြီးက တံခါးမင်းတုပ် ပြုလုပ်သည့်တုပ်ဖြင့် ဦးကံရကို ရိုက်ခဲ့ကြောင်း ဖြောင့်ဆိုထားသည်။ တရားရုံးတွင်မူ ဦးကံ ရကို ဆူးရင်းခွဖြင့် ရိုက်သည်ဟု ထွက်ဆိုထားရာ ကွဲလွဲမှုများရှိပေသည်။ ထို့ပြင် ဆူးရင်းခွကို ထိရောက်အောင် အသုံးပြုသည့် နည်းလမ်းမှာ ဆူးရင်းခွဖြင့် ထိုးခြင်းဖြစ်သည်။ ဆူးရင်းခွကို ရိုက်ပုတ်သည့်လက်နက် အဖြစ် အသုံးပြုလေ့ ပြုထမရှိပေ။ ဆရာဝန် ဒေါက်တာရဲလှ (လိုပြ- ၁၃) ၏ ထွက်ချက်အရ သေသူသည် ဦးခေါင်းတွင် ဒဏ်ရာ(၂)ချက် ရရှိခဲ့သည်။ သို့ဖြစ်ရာ သေသူရရှိသော ဒဏ်ရာများမှာ တုတ်ဖြင့်ရိုက်၍ ရရှိသော ဒဏ်ရာမျိုးဖြစ်သည်။

သက်သေခံချက်များကို သဘာဝယုတ္တိနှင့် ယှဉ်၍ သုံးသပ်ကြည့်လျှင် သေသူက ဦးအောင်ကြီးအား ရန်ပြုသဖြင့် ဦးအောင်ကြီးက မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် သေသူကို ရိုက်ပုတ်သည်ဆိုသော အချက်မှာ မမှန်ကန်နိုင်ပေ။

ထို့ကြောင့် မြို့နယ်တရားရုံးက ဦးအောင်ကြီးအား အမှုမှ ဥပြီး အပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဦးအောင်ကြီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ အပြစ်တွေ့ရှိ၍ ထောင်ဒဏ် ၁၀(ဆယ်) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ဦးအောင်ကြီး သည် နိုင်ငံတော်ကောင်စီ၏ ၁၉၇၀ ပြည့်နှစ် မေလ ၂၇ ရက် နေ့စွဲ ဖြင့် ထုတ်ပြန်သည့် အမိန့်အမှတ် ၂/၇၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) အပိုဒ် (၇) အရ ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်များကို ရရှိစေရမည်။

၁၉၇၀

ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင်ငံ တော် နှင့် ဦးအောင် ကြီး ပါ ၂

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များ အဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့
ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မာမက်မွတ်စ်တဖား

နှင့်

ဟာဂျာဘီ— ဘီဘီ*

† ၁၉၈၀

ဖေဖော်ဝါရီ လ ၂၇ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၁)အရ၊ စားစရိတ်လျှောက်ထားခြင်း – အစ္စလာမ်ဘာသာ ကိုးကွယ်ကြသူများကို မဟာမေဒင် ဥပဒေအရသာ အဆုံးအဖြတ်ပေးရခြင်း– တလာပ် ၃ ကြိမ်ပေး၍ ကွာရှင်းပြီးနောက်၊ အိဒတ်ကာလအတွင်း သားမယားစရိတ် ရထိုက်ကြောင်း။

ဆုံးဖြတ်ချက်။ ။မြန်မာပြည် တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) တွင် မြန်မာပြည်ရှိ တရားရုံးများအနေနှင့် အမွေဆက်ခံခြင်း၊ အမွေကြောင်းနှင့် ပတ်သက်ခြင်း၊ ထိမ်းမြားလက်ထပ် လူမျိုးရေးနှင့် ပတ်သက်ခြင်း၊ ဘာသာရေးနှင့် ပတ်သက်ခြင်း စသောအချက်များကို ဆုံးဖြတ်ရာ၌ အမှုသည်များမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ်ကြလျှင် မြန်မာဓလေ့ ထုံးတမ်းဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သည့် မဟာမေဒင်များဖြစ်ကြလျှင် မဟာမေဒင် ဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း၊ ဟိန္ဒူဘာသာကို ကိုးကွယ်သည့် ဟိန္ဒူများ ဖြစ်ကြလျှင် ဟိန္ဒူဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသော လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လက်ထပ် ထိမ်းမြားခြင်း၊ ကွာရှင်း ပြတ်စဲခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာကို မဟာမေဒင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆုံးအဖြတ်ပြုရပေမည်။

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၇၄(ခ)

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀ တွင် ချမှတ်သော (၂၂-၆-၇၈) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၀

မာမက်
မွတ်စ်တဖား
နှင့်
ဟာ ဂျာ ဘီ-
ဘီဘီ

မဟာမေဒင် ဥပဒေတွင် လင်ခန်းမယားခန်း ပြတ်စဲရေးနှင့်ပတ်သက်၍ ကွာရှင်းခြင်းပြုလုပ်ရာတွင် တလာပ်ပေး၍ ကွာရှင်းနိုင်ကြောင်းဖြင့်လည်းကောင်း၊ တလာပ်ပေးရာ၌ တစ်ကြိမ်ပေးခြင်း၊ နှစ်ကြိမ်ပေးခြင်း၊ သုံးကြိမ်ပေးခြင်း ဖြင့်လည်း ကွာရှင်းနိုင်ကြောင်းဖြင့် လည်းကောင်း၊ တလာပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပေးနိုင်ကြောင်းဖြင့်လည်းကောင်း၊ တလာပ်ပေး၍ ကွာရှင်းပြီးနောက် မယားဖြစ်သူသည် အီဒတ်ကာလအတွက် အထောက်အပံ့စရိတ် ရရှိနိုင်ကြောင်းဖြင့်လည်းကောင်း ဖော်ပြထားသည်။

ထို့ကြောင့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လင်ခန်းမယားခန်းမှာ လျှောက်ထားသူက တလာပ်ပေးသည့်နေ့ ဖြစ်သော ၇-၉-၇၇ ရက်နေ့မှစ၍ ပြတ်စဲပြီးဖြစ်သည်ဟု ဆိုရပေမည်။ တလာပ်ပေးသည့် နေ့ဖြစ်သော ၇-၉-၇၇ ရက်နေ့ နောက် (၃) လနှင့် (၁၃)ရက်ဖြစ်သည့် အီဒတ်ကာလအတွက် လျှောက်ထားသူက လျှောက်ထားခံရသူအား အထောက်အပံ့စရိတ် ငွေများ ပေးရန်တာဝန်ရှိသည်။ လျှောက်ထားခံရသူသည် စားစရိတ် တောင်းခံရာတွင် အမှုစတင်စွဲဆိုသည့် ၂၄-၁-၇၇ နေ့မှစ၍ အီဒတ်ကာလ ကုန်ဆုံးသည့် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ စုစုပေါင်း(၄)လအတွက် သာလျှင် မယားစရိတ် ရထိုက်ခွင့်ရှိပေသည်။

လျှောက်ထားသူအတွက် – ဦးမြင့်ဦး(၁)၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးကျော်သိန်း၊ ဗဟိုတရားရုံးရှေ့နေ။

ပဲခူးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုသေးအမှတ် ၂၁၅/၇၇ တွင် မာမက်မွတ်စ်တဖား အပေါ် ဇနီးဖြစ်သူ ဟာဂျာဘီ– ဘီဘီအား လစဉ် စားစရိတ်ငွေ ကျပ် ၇၅/-ကို ၁-၃-၇၀ နေ့မှစ၍ ပေးစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်ကို မာ မက် မွတ် စ် တ ဖား က မကျေနပ်သည့်အတွက် ပဲခူးတိုင်း တရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

မာမက်မွတ်စ်တဖားနှင့် ဟာဂျာဘီ–ဘီဘီတို့သည် လူငယ်တို့ဘာဝ တစ်ဦးနှင့် တစ်ဦး ချစ်ကြိုက်ကြပြီး ၃၀-၆-၇၇ နေ့တွင် ပဲခူးမြို့ရှိ အစ္စလာမ်ဘာသာနှင့်အညီ နေကာရ်စာချုပ်တွင် လက်မှတ် ရေးထိုး၍ လက်ထပ် ထိမ်းမြားခဲ့ကြသည်။ ယင်းတို့ နှစ်ဦးသည် (၄) ရက်ကြာ ပေါင်းသင်းလာစဉ် တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင်

၁၉၀၀

မာမက်မွတ်စ်တဖား နှင့် ဟာဂျာဘီ-ဘီဘီ

ကြသောကြောင့် ၄-၇-၇၇ ရက်နေ့က မာမက်မွတ်စ်တဖားသည် မန္တလေးမြို့သို့ ထွက်သွားသည်။ မန္တလေးမြို့တွင် နှစ်လခန့်နေပြီး မာမက်မွတ်စ်တဖားမှာ ပဲခူးမြို့သို့ ပြန်ရောက်လာသည်။ မာမက်မွတ်စ်တဖားအပေါ် ဟာဂျာဘီ-ဘီဘီက မြို့နယ်တရားရုံး၌ စားစရိတ်မှု လျှောက်ထားသည်။ မြို့နယ်တရားရုံးက ဟာဂျာဘီ-ဘီဘီနှင့် မာမက်မွတ်စ်တဖားတို့အား စစ်ဆေးပြီး အထက်ပါ အမိန့်ကိုချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်၍ ယင်းတို့နှစ်ဦး၏ ထိမ်းမြားလက်ထပ်ရေးနှင့် ကွာရှင်းရေးဆိုင်ရာ အိမ်ထောင်ရေး ပြဿနာများကို မဟာမေဒင် ဥပဒေနှင့်အညီ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူက လျှောက်ထားခံရသူအား မဟာမေဒင် ဥပဒေနှင့်အညီ၊ တလာပ် (၃) ကြိမ်ပေး၍ လင်မယား အရာမှ ကွာရှင်းပြီးဖြစ်သည့် အချိန်မှစ၍ လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ မယားမဟုတ်တော့သောကြောင့် အီဒတ်ကာလအတွက်သာ စားစရိတ်ပေးရန် တာဝန်ရှိကြောင်း၊ ဤအကြောင်းများကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးများက ထည့်သွင်း မစဉ်းစားသည်မှာ မှားကြောင်းစသည်ဖြင့် လျှောက်ထားသူက တင်ပြသည်။

ဟာဂျာဘီ-ဘီဘီက မာမက်မွတ်စ်တဖားအပေါ် မြို့နယ်တရားရုံးတွင် ၂၄-၁-၇၇ ရက်နေ့က စတင်တရားစွဲဆိုသည်။ ၇-၉-၇၇ ရက်နေ့တွင် မာမက်မွတ်စ်တဖားနှင့် ယင်း၏ အကျိုးဆောင်တို့ ရုံးသို့ရောက်လာပြီး မာမက်မွတ်စ်တဖားက တရားသူကြီးများအား သက်သေထား၍ အစ္စလာမ်ဘာသာအရ၊ တလာပ်နာမာ (၃) ကြိမ်ပေး၍ ဟာဂျာဘီ-ဘီဘီအား၊ မယားအဖြစ်မှ ပြတ်စဲကြောင်း ကြေငြာသည့်အပြင် စာဖြင့် ရေးသား၍လည်း အကြောင်းကြားသည်။ တရားရုံးသို့လည်း ကန့်ကွက်လွှာနှင့်အတူ ကွာရှင်း ပြတ်စဲသည့်အကြောင်း ရေးသားထားသည့်စာပါ တင်သွင်းခဲ့သည်။

မြန်မာပြည် တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) တွင် မြန်မာပြည်ရှိ တရားရုံးများအနေနှင့် အမွေဆက်ခံခြင်း၊ အမွေကြောင်းနှင့် ပတ်သက်ခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ လူမျိုးရေးနှင့် ပတ်သက်ခြင်း၊ ဘာသာရေးနှင့် ပတ်သက်ခြင်းစသော အချက်များကို ဆုံးဖြတ်ရာ၌ အမှုသည်များမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြလျှင် မြန်မာဓလေ့ ထုံးတမ်းဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း၊ အစ္စလာမ်ဘာသာကို ကိုးကွယ်သည့် မဟာမေဒင်များဖြစ်ကြလျှင် မဟာမေဒင်ဥပ

ဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း၊ ဟိန္ဒူဘာသာကို ကိုးကွယ်သည့် ဟိန္ဒူများဖြစ်ကြလျှင် ဟိန္ဒူဥပဒေကို လိုက်နာရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသော လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်း ပြတ်စဲခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာကို မဟာမေဒင်ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အဆုံးအဖြတ် ပြုရပေမည်။

၁၉၀၀

မာမက်မွတ်စ်တဖား နှင့် ဟာဂျာဘီ-ဘီဘီ

မဟာမေဒင်ဥပဒေတွင် လင်ခန်းမယားခန်း ပြတ်စဲရေးနှင့် ပတ်သက်၍ ကွာရှင်းခြင်းပြုလုပ်ရာတွင် တလာပ်ပေး၍ ကွာရှင်းနိုင်ကြောင်းဖြင့်လည်းကောင်း၊ တလာပ်ပေးရာ၌ တစ်ကြိမ်ပေးခြင်း၊ နှစ်ကြိမ်ပေးခြင်း သုံးကြိမ် ပေးခြင်းဖြင့်လည်း ကွာရှင်းနိုင်ကြောင်းဖြင့်လည်းကောင်း၊ တလာပ်ကို နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ဖြစ်စေ ပေးနိုင်ကြောင်းဖြင့်လည်းကောင်း၊ တလာပ်ပေး၍ ကွာရှင်းပြီးနောက် မယားဖြစ်သူသည် အီဒတ်ကာလအတွက် အထောက်အပံ့စရိတ် ရရှိနိုင်ကြောင်းဖြင့်လည်းကောင်း ဖော်ပြထားသည်။

ထို့ကြောင့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လင်ခန်းမယားခန်းမှာ လျှောက်ထားသူ တလာပ် ပေးသည့်နေ့ ဖြစ်သော ၇-၉-၇၇ ရက်နေ့မှစ၍ ပြတ်စဲပြီးဖြစ်သည်ဟုဆိုရပေမည်။ တလာပ်ပေးသည့် နေ့ဖြစ်သော ၇-၉-၇၇ ရက်နေ့ နောက် (၃)လနှင့် (၁၃) ရက်ဖြစ်သည့် အီဒတ်ကာလအတွက် လျှောက်ထားသူက လျှောက်ထားခံရသူအား အထောက်အပံ့စရိတ် ငွေများပေးရန် တာဝန်ရှိသည်။ လျှောက်ထားခံရသူသည် စားစရိတ် တောင်းခံရာတွင် အမှုစတင် စွဲဆိုသည့် ၂၄-၈-၇၇ နေ့မှစ၍ အီဒတ်ကာလ ကုန်ဆုံးသည့် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ စုစုပေါင်း (၄)လ အတွက်သာလျှင် မယားစရိတ် ရထိုက်ခွင့်ရှိပေသည်။

သို့ဖြစ်၍ လျှောက်ထားသူ မာမက်မွတ်စ်တဖား၏ ပြင်ဆင်မှုကို လက်ခံပြီး လျှောက်ထားသူက လျှောက်ထားခံရသူအား ၁-၃-၇၈ ရက်နေ့မှစ၍ လစဉ် စားစရိတ်ငွေ ကျပ် ၇၅/- ပေးစေရန် 'ချမှတ်ထားသည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ လျှောက်ထားသူ မာမက်မွတ်စ်တဖားက လျှောက်ထားခံရသူ ဟာဂျာဘီ-ဘီဘီအား တစ်လလျှင် ငွေကျပ် ၇၅/-ဖြင့် (၄)လအတွက်သာ မယားစရိတ် ငွေကိုပေးစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၇ ဦးမောင်သိန်း

နှင့်

မတ်လ ၂၆ ရက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇-မယားခိုးမှုများတွင် မျက်မြင်သက်သေ ရရှိရန်ခဲယဉ်းခြင်း—သွယ်ဝိုက်သော သက်သေခံချက်များအရ လင်မယားအဖြစ် ပေါင်းသင်းရန် အခွင့်အလန်းရှိလျှင် ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးသောင်းအုန်း(လိုပြ–၃)၊ ဦးသန်းဖေ (လိုပြ ၄)၊ ဦးအောင်မြင့်(လိုပြ–၆) ဦးသောင်းချစ်(လိုပြ–၇) တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဦးတင်ဝင်း၏ဇနီး ဒေါ်ညွန့်ရင်နှင့် ရင်းရင်းနှီးနှီးဆက်ဆံ၍ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်၏ နေအိမ်၌ ညဉ့်အချိန်မတော် ဝင်ထွက်သွားလာကြောင်း ပေါ်ပေါက် နေပေသည်။ ဦးသောင်းအုန်း၊ ဦးသန်းဖေနှင့် ဦးအောင်မြင့်တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်နှင့် ဖောက်ပြားရန် အခွင့်အရေးရရှိကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ စွဲဆိုသော အမှုမျိုးတွင် ကာယကံရှင် ယောကျ်ားနှင့်မိန်းမ တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်သည်ကို မြင်သော တိုက်ရိုက် သက်သေခံချက် ရရှိရန် ခဲယဉ်းပေသည်။ သွယ်ဝိုက်သော သက်သေခံချက်များအရ ထိုယောကျ်ားသည် ထိုမိန်းမနှင့် လင်မယားအဖြစ် ပေါင်းသင်းရန် အခွင့်အလန်းရရှိကြောင်း ပေါ်လွင် ထင်ရှားခြင်း ရှိမရှိ စိစစ်ရန် လိုအပ်ပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်၏ နေအိမ်တွင် ညဉ့်

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၀၄ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၇၅ တွင် ချမှတ်သော (၂၀-၆-၇၀)နေ့စွဲပါ၊ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

အချိန်၌ ဒေါ်ညွန့်ရင်နှင့်အတူ ရှိနေကြောင်း ပေါ်ပေါက်သဖြင့် ဦးမောင်သိန်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှုကျူး လွန်သည်ဟု ကောက်ယူနိုင်ပေသည်။

၁၉၈၀

ဦးမောင်သိန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူအတွက် - ဦးစိန်မောင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် - (၁) ဦးစိန်ထွန်း၊ ဥပဒေပညာရှင်
(၂) ဦးမောင်မောင် (သထုံ) ဗဟိုတရားရုံးရှေ့နေ။

အင်းစိန်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၉၆/၇၅ တွင် လျှောက်ထားသူ ဦးမောင်သိန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ ထောင်ဒဏ်(၂)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ ဦးမောင်သိန်းက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

မူလရုံး တရားလို ဦးတင်ဝင်းနှင့် ဒေါ်ညွန့်ရင်တို့သည် အမှုမဖြစ်ပွားမီ ၁၇ နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ သားသမီး(၄)ယောက် ထွန်းကားခဲ့သည်။ ဦးတင်ဝင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ၁၉၇၁ ခုနှစ် အတွင်း၌ ပညာတော်သင်အဖြစ် သွားရောက်၍ ၁၉၇၄ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသည်။ ဒေါ်ညွန့်ရင်သည် ဦးမောင်သိန်းနှင့်အတူ စက်ချုပ်ရာမှ ဦးတင်ဝင်း နိုင်ငံခြားသို့ ရောက်နေခိုက် အချင်းချင်း ဖောက်ပြားကြပြီး ဦးတင်ဝင်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသည့် နောက်ပိုင်း၌လည်း ဆက်လက်ဖောက်ပြန်သဖြင့် ဦးတင်ဝင်းသည် ဦးမောင်သိန်းအပေါ် အင်းစိန်မြို့နယ်တရားရုံး၌ မယားခိုးမှုဖြင့် တိုက်ရိုက်လျှောက်ထား တရားစွဲဆိုသည်။

ဤအမှုတွင် ဦးသောင်းအုန်း(လိုပြ ၃)၊ ဦးသန်းဖေ (လိုပြ ၄)၊ ဦးအောင်မြင့် (လိုပြ ၆)၊ ဦးသောင်းချစ် (လိုပြ ၇)တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဦးတင်ဝင်း၏ ဇနီး ဒေါ်ညွန့်ရင်နှင့် ရင်းရင်းနှီးနှီး ဆက်ဆံ၍ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်၏ နေအိမ်၌ ညဥ့်အချိန်မတော် ဝင်ထွက် သွားလာကြောင်း ပေါ်ပေါက် နေပေသည်။ ဦးသောင်းအုန်း၊ ဦးသန်းဖေနှင့် ဦးအောင်မြင့်တို့၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်နှင့် ဖောက်ပြားရန် အခွင့်

၁၉၈၀

ဦးမောင်
သိန်း
နှင့်
ပြည်ထောင်
စုဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

အရေး ရရှိကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၇ အရ စွဲဆိုသော အမှုမျိုးတွင် ကာယကံရှင် ယောကျာ်းနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်း နေထိုင်သည်ကို မြင်သော တိုက်ရိုက်သက်သေခံချက် ရရှိရန် ခဲယဉ်းပေသည်။ သွယ်ဝိုက်သော သက်သေခံချက်များအရ ထိုယောကျာ်းသည် ထိုမိန်းမနှင့် လင်မယားအဖြစ် ပေါင်းသင်းရန် အခွင့်အလန်း ရရှိကြောင်း ပေါ်လွင်ထင်ရှားခြင်း ရှိ၊ မရှိ စိစစ်ရန် လိုအပ်ပေသည်။ တရားလိုပြ သက်သေများ၏ ထွက်ချက်များအရ ဦးမောင်သိန်းသည် ဒေါ်ညွန့်ရင်၏ နေအိမ်တွင် ညဉ့်အချိန်၌ ဒေါ်ညွန့်ရင်နှင့် အတူရှိနေကြောင်း ပေါ်ပေါက်သဖြင့် ဦးမောင်သိန်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှု ကျူးလွန်သည်ဟု ကောက်ယူနိုင်ပေသည်။

ဦးမောင်သိန်းက သက်သေအဖြစ် အစစ်ခံရာတွင် ဒေါ်ညွန့်ရင်နှင့် ဖောက်ပြားသည် ဆိုခြင်းမှာ မမှန်ကြောင်း ထုချေသည်။ ဦးမောင်သိန်း တင်ပြသော သက်သေများသည် တရားလိုပြ သက်သေများ၏ ထွက်ချက်ကို လွှမ်းမိုးနိုင်ခြင်း မရှိချေ။ ထို့အပြင် ဦးသောင်းအုန်း၊ ဦးသန်းဖေနှင့် ဦးအောင်မြင့်တို့သည် လွတ်လပ်သော သက်သေများဖြစ်ကြပြီး ဦးမောင်သိန်းအပေါ် မုသားထွက်ဆိုရန် အကြောင်းတစုံတရာ မရှိကြောင်းလည်း တွေ့ရသည်။ သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့က ဦးမောင်သိန်းအပေါ် တသဘောတည်း အပြစ်တွေ့ရှိခြင်းကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ပေ။

ထို့ကြောင့် ဦးမောင်သိန်း၏ ပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### ဦးကြာငြိအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ဟောက်ခန့်ကြောင်

နှင့်

ဦးနိုန်ခိုဝှန်*

† ၁၉၈၀

နိုဝင်ဘာလ ၂၆ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၁)အရ ကလေးစရိတ် တောင်းခံခြင်း— ယောကျ်ားဖြစ်သူသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှား စီရင်ခံရသည့်တိုင်၊ မိမိနှင့် ပေါင်း သင်းဆက်ဆံရာမှ ရရှိသော ကလေးဖြစ်ကြောင်း လျှောက်ထားသူ ဘက်မှ သက်သေထင်ရှားပြရန် တာဝန်ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုမှုတွင် တရားခံက တရားလို မိန်းကလေးအား လိမ်လည်လှည့်ဖြား သွေး ဆောင်၍ ပေါင်းသင်းမှု ပြုမပြုကိုသာ ဆုံးဖြတ်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည့်တိုင် ၎င်းအပေါ် ကလေးစရိတ် ရလိုပါက မွေးဖွားလာသော ကလေးသည် တရားခံနှင့် ပေါင်းသင်း ဆက်ဆံရာမှ ရရှိသော ကလေးဖြစ်ကြောင်း တရားလိုဘက်မှ သက်သေ အခိုင်အမာ တင်ပြရန် တာဝန်ရှိပေသေးသည်။

လျှောက်ထားသူအတွက် -မလာရောက်

လျှောက်ထားခံရသူအတွက်–မလာရောက်

တီးတိန်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အသေးမှု အမှတ် ၂၉/ ၇၆ တွင် လျှောက်ထားခံရသူ ဦးနိုန်ခိုဝှန်အပေါ် ပြစ်မှုဆိုင်ရာ ကျင့် ထုံးဥပဒေပုဒ်မ ၄၈၈ အရ ကလေးစရိတ် ငွေကျပ် ၃၀/–ကို လျှောက်ထားသူ ဒေါ်ဟောက်ခန့်ကြောင်သို့ လစဉ်ပေးရန် အမိန့်ချ

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၁ (ခ)

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂ (တီးတိန်) တွင် ချမှတ်သော (၂၂-၈-၇၈) နေ့စွဲပါ ချင်းပြည်နယ် တရားရုံး၏ အမိန့် ကို ပြင်ဆင်မှု။

၁၉၈၀

ဒေါ်ဟောက်ခန့်ကြောင်နှင့် ဦးနိုန်ခိုဝှန်

မှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးနိုန်ခိုဝှန်က မကျေနပ်၍ ချင်းပြည်နယ် တရားရုံးသို့ အမှုအမှတ် ၂/၇၈ အရ အယူခံဝင် ရောက်ရာတွင် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် ဒေါ်ဟောက်ခန့် ကြောင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ဒေါ်ဟောက်ခန့်ကြောင်က ဦးနိုန်ခိုဝှန် အပေါ် သမီး မညောင်ခိုဇမ်းအတွက် စားစရိတ် ရလိုကြောင်း လျှောက်ထားစွဲဆိုမှု ဖြစ်သည်။

အမှုကို လေ့လာရာတွင် တီးတိန်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှု ကြီး အမှတ် ၁၉၃/၇၆ တွင် ဒေါ်ဟောက်ခန့်ကြောင်က ဦးနိုန် ခိုဝှန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ လှည့်ဖြား၍ ကာမရယူပြီးနောက် ကိုယ်ဝန်ရှိသည့်အခါတွင် လက်ထပ်ရန် ငြင်းဆန် သည့်အတွက် လိမ်လည်မှုဖြင့် လျှောက်ထားစွဲဆိုရာ မြို့နယ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ပြီး ဦးနိုန်ခိုဝှန်အပေါ် ဒဏ်ငွေတပ်ရိုက်ခဲ့ကြောင်း တွေ့ရသည်။ ထို့နောက် ဒေါ်ဟောက်ခန့်ကြောင်က တီးတိန်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၂၉/၇၆ တွင် ပြစ်မှုဆိုင် ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ ကလေးစရိတ် ရလိုကြောင်း လျှောက်ထား စွဲဆိုသည်ကို တွေ့ရသည်။ ဒေါ်ဟောက်ခန့်ကြောင်က မညောင်ခိုဇမ်းသည် ဦးနိုန်ခိုဝှန်၏ သမီးဖြစ်ကြောင်းကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၃/၇၆ တွင် အဆုံးအဖြတ် ပေးပြီးဖြစ်ကြောင်း၊ ထိုအမှုမှ စီရင်ချက် တင်ပြ၍ လျှောက်ထားစွဲဆိုသည်ကို တွေ့ရသည်။ မညောင်ခိုဇမ်းမှာ ဦးနိုန်ခိုဝှန်နှင့် ရသော ကလေးဖြစ်ကြောင်း အ ခြားသက်သေ အထောက်အထား တစုံတရာ တင်ပြထားခြင်း အမှု တွဲ၌ မတွေ့ရပေ။ ဦးနိုန်ခိုဝှန်ကလည်း မိမိနှင့် ရသောကလေး မဟုတ် ကြောင်း ငြင်းဆိုထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်နယ်တရားရုံးသို့ အယူခံသည့် အခါတွင် မညောင် ခိုဇမ်းသည် ဦးနိုန်ခိုဝှန်နှင့် ရသော ကလေးဖြစ်ကြောင်း အမှုတွဲတွင် အထက်ပါအချက်များမှ အပ အခြားသက်သေ အထောက်အထား တစုံတရာမရှိသည်ကို အကြောင်းပြု၍ ကလေးစရိတ်ပေးရန် ချမှတ်ထား သော မြို့နယ်တရားရုံး၏ အမိန့်ကို ပြည်နယ်တရားရုံးက ပယ်ဖျက်ခဲ့ ကြောင်း တွေ့ရသည်။

ဒေါ်ဟောက်ခန့်ကြောင်သည် မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၃/၇၆ မှ ဆုံးဖြတ်ချက်ကို အခြေခံပြီး ကလေး

၁၉၈၉ 

ဒေါ် ဟောက်ခန့်ကြောင် နှင့် ဦးနိန်ခိုဝှန်

စရိတ် ရလိုကြောင်း လျှောက်ထား တရားစွဲဆိုခြင်း ဖြစ်လေရာ ဒေါ်ဟောက်ခန့်ကြောင်နှင့် မြို့နယ်တရားရုံးတို့ အမြင်တွင် အမှုအမှတ် ၁၉၃/၇၆ တွင် ကလေး၏ဖခင် မည်သူမည်ဝါ ဖြစ်ကြောင်း အပါအဝင် အဆုံးအဖြတ်ပေးပြီး ဖြစ်သည်ဟု ယူဆခဲ့ဟန် တူပေသည်။ ထို့ကြောင့်လည်း မညောင်ခိုဇမ်းကို ဦးနိန်ခိုဝှန်နှင့် ရသောကလေး ဖြစ်ကြောင်း ထင်ရှားရန် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၃/၇၆ တွင် ဆုံးဖြတ်ချက်မှ အပ အခြားသက်သေ အထောက်အထားများကို ဒေါ်ဟောက်ခန့်ကြောင်က မတင်ပြခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုမှုတွင် တရားခံက တရားလို မိန်းကလေးအား လိမ်လည်လှည့်ဖြား သွေးဆောင်၍ ပေါင်းသင်းမှု ပြုမပြုကိုသာ ဆုံးဖြတ်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည့်တိုင် ၎င်းအပေါ် ကလေးစရိတ် ရလိုပါက မွေးဖွားလာသော ကလေးသည် တရားခံနှင့် ပေါင်းသင်း ဆက်ဆံရာမှ ရရှိသော ကလေးဖြစ်ကြောင်း တရားလိုဘက်မှ သက်သေ အခိုင်အမာ တင်ပြရန် တာဝန် ရှိပေသေးသည်။ ထို့ကြောင့် မြို့နယ်တရားရုံးသည် လိုအပ်မည့် သက်သေအထောက်အထားများကို ပြည့်ပြည့်စုံစုံ စစ်ဆေး၍ ဆုံးဖြတ်သင့်ပေသည်။

ထို့ကြောင့် ပြည်နယ်တရားရုံး၏ အယူခံမှု အမှတ် ၂/၇၈ မှ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အမှုကို မြို့နယ် တရားရုံးက ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀

ဖေဖော်ဝါရီ လ ၆ ရက်

ဦးအောင်ထွန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ရုံးပြောင်းလျှောက်ထားခြင်း–လျှောက်ထားသူ၏ စိတ်တွင် အမှုဆုံးဖြတ်ရာ၌ တရားမျှတမှု ရှိပါမည်လားဟူသော သံသယစိတ် ဖြစ်ပေါ်ခြင်း– ရုံးပြောင်းပေးရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်းလျှောက်ထားရာတွင် အဓိက စဉ်းစားရန်မှာ တရား စီရင်ရေးအဖွဲ့ဝင်များသည် အမှုကို မလွဲမသွေ ဘက်လိုက်ဆုံးဖြတ်လိမ့်မည် ဟူသော အချက်မဟုတ်ပေ။ လျှောက်ထားသူ၏ စိတ်ဝယ် တရားသူကြီးအဖွဲ့ဝင်များသည် အမှုကို ဘက်လိုက် ဆုံးဖြတ်လိမ့်မည်ဟု သံသယဖြစ်ပေါ် စေနိုင်သော အချက် ရှိမရှိဖြစ်သည်။ ဦးအောင်ထွန်း၏ ကတိသစ္စာ ပြုချက်အရ ဦးအောင်ထွန်းက တရားလိုအဖြစ် တရားစွဲဆိုထားသော အမှုမှာ များစွာကြန့်ကြာလျက်ရှိကြောင်း၊ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တရားခံတစ်ဦးမှာ ယခင်က ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြောင်းနှင့် တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးမှာလည်းတရားခံတစ်ဦး၏ မိခင်နှင့် အိမ်နီးချင်း ဖြစ်ပြီး ထိုအိမ်သို့ အမြဲတစေ ဝင်ထွက်စားသောက်နေသူ ဖြစ်ကြောင်း သိရသည်။ ဤအချက်များမှာ လျှောက်ထားသူ၏စိတ်တွင် သူ၏အမှု ဆုံးဖြတ်ရာ၌ တရားမျှတမှု ရရှိပါမည်လား ဟူသော သံသယဖြစ်ပေါ်စေနိုင်သည့် အချက်များပင် ဖြစ်သည်။

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၁၉၀

† ၁၉၇၄ ခုနှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၉၉၀ ကို ရန်ကုန်တိုင်းအတွင်း အခြားမြို့နယ် ရုံးတစ်ခုခုသို့ လွှဲပြောင်းပေးပါရန် လျှောက်ထားမှု။

၁၉၈၀

ဦးအောင်ထွန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူအတွက် - ဦးအေးမောင် (ပန်းတနော်) ဗဟို တရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်စောဝင်း၊ ဥပဒေ ဝန်ထမ်း အဆင့်(၂)။

လျှောက်ထားသူ ဦးအောင်ထွန်းက ဦးသိန်းဇံ၊ ဦးအေးကျော်နှင့် ဦးညိုလုံး ဆိုသူတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁/၄၅၄/၄၂၇ အရ တရားစွဲဆိုသောအမှုကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉၉၈/၇၄ တွင် စစ်ဆေး ကြားနာလျက် ရှိသည်။ ဦးအောင်ထွန်းက အမှုကို မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၌ ဆက်လက်ကြားနာလျှင် တရားလမ်းမှန် ရနိုင်လိမ့်မည်မဟုတ် ဟု ယူဆသောကြောင့် ရန်ကုန်တိုင်း တရားရုံးသို့ ရုံးပြောင်းပေးရန် လျှောက်ထားသော်လည်း အောင်မြင်ခြင်း မရှိ၍ ဗဟိုတရားရုံးသို့ ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

ဦးအောင်ထွန်းက တင်ပြသည်မှာ အမှုကို ၁၉၇၄ ခုနှစ်မှ စပြုပြီး စစ်ဆေးကြားနာခဲ့ရာတွင် တရားလိုပြသက်သေ ၁၁ ဦးအနက် ၅ ဦး ကိုသာ စစ်ဆေးကြားနာပြီးသေးကြောင်း၊ တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်သည် တရားခံတစ်ဦးဖြစ်သော ဦးသိန်းဇံနှင့် ရန်ကုန်မြို့ ကြေးနန်းရုံး၌ အလုပ်အတူတကွ လုပ်ကိုင်ခဲ့ပြီး များစွာရင်းနှီးသူများ ဖြစ်ကြောင်း၊ ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲ ပြုလုပ်ပြီးနောက် တရား စီရင်ရေးအဖွဲ့ဝင်အဖြစ် ပါဝင်လာသော ဦးခင်မောင်မှာလည်း တရားခံ ဦးသိန်းဇံ၏ မိခင် ဒေါ်အုန်းသင်၏ နေအိမ်နှင့် မလှမ်းမကမ်းတွင် နေ ထိုင်ပြီး ဒေါ်အုန်းသင်နေအိမ်သို့ အမြဲတစေ ဝင်ထွက် စားသောက် လျက်ရှိသော ရင်းနှီးသူတစ်ဦးဖြစ်ကြောင်း၊ မူလက တရားစီရင်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် ပတ်သက်ပြီး စိတ်မချ ဖြစ်နေရာတွင် ဦးခင် မောင်သည် တရားစီရင်ရေးအဖွဲ့ဝင်အဖြစ် ထပ်မံ ရောက်ရှိလာသောခါ မိမိအမှုနှင့် ပတ်သက်ပြီး မှန်ကန်မှုနှင့် တရားမျှတမှု ရနိုင်ဖွယ်ရာ အကြောင်းမရှိဟု ယူဆကြောင်း တင်ပြသည်။

ရုံးပြောင်းလျှောက်ထားရာတွင် အဓိက စဉ်းစားရန်မှာ တရားစီရင် ရေးအဖွဲ့ဝင်သည် အမှုကို မလွဲမသွေ ဘက်လိုက် ဆုံးဖြတ်လိမ့်မည် ဟူသော အချက်မဟုတ်ပေ။ လျှောက်ထားသူ၏စိတ်ဝယ် တရားသူကြီး အဖွဲ့ဝင်များသည် အမှုကို ဘက်လိုက်ဆုံးဖြတ်လိမ့်မည်ဟု သံသယ ဖြစ် ပေါ်စေနိုင်သောအချက် ရှိမရှိဖြစ်သည်။ ဦးအောင်ထွန်း၏ ကတိသစ္စာ

၁၉၈၀
ဦးအောင်ထွန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပြုချက်အရ ဦးအောင်ထွန်းက တရားလိုအဖြစ် တရားစွဲဆိုထားသော အမှုမှာ များစွာကြန့်ကြာလျက်ရှိကြောင်း၊ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တရားခံတစ်ဦးမှာ ယခင်က ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များဖြစ်ကြောင်းနှင့် တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးမှာလည်း တရားခံ တစ်ဦး၏ မိခင်နှင့် အိမ်နီးချင်းဖြစ်ပြီး ထိုအိမ်သို့ အမြဲတစေ ဝင်ထွက် စားသောက်နေသူဖြစ်ကြောင်း သိရသည်။ ဤအချက်များမှာ လျှောက်ထားသူ၏စိတ်တွင် သူ၏အမှု ဆုံးဖြတ်ရာ၌ တရားမျှတမှု ရရှိပါမည်လားဟူသော သံသယဖြစ်ပေါ်စေနိုင်သည့် အချက်များပင် ဖြစ်သည်။

ဤအမှုမှာ ၁၉၇၄ ခုနှစ်မှ စတင် စွဲဆိုခဲ့သော အမှုဖြစ်သောကြောင့် အချိန်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် ရုံးပြောင်း လျှောက်ထားရာတွင် အချိန်စောလွန်းသေးသည်၊ သို့မဟုတ် အချိန်ကြာမြင့်မှ လျှောက်ထားသည် ဟူသော အချက်များထက် မည်သည့်အချိန်တွင် အမှုအဆုံးအဖြတ်ပေးရန်နှင့် ပတ်သက်ပြီး ဘက်လိုက်မှုပေါ်ပေါက်ရန်ရှိသည်ဟု လျှောက်ထားသူတွင် အသိစိတ် ပေါ်ပေါက်သောအချိန်သည် အဓိကဖြစ်ပေသည်။ ထို့ကြောင့် လျှောက်လွှာကိုခွင့်ပြု၍ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉၉၈/၇၄ ကို ရန်ကုန်တိုင်း တရားရုံးက ရွေးချယ်သော အခြားမြို့နယ် တရားရုံးသို့ လွှဲပြောင်းစစ်ဆေးရန် အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးအောင်သန်း

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်(မဒွေးတင်) *

† ၁၉၇၀

ဧပြီလ ၂၄ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(၁) ၏ ချင်းချက်နှင့် ပုဒ်မ ၁၆၂(၂) ရဲရှေ့ အစစ်ခံချက်ကို စွဲချက်မတင်မီ ဖြစ်စေ၊ စွဲချက် တင်ပြီးနောက်မှဖြစ်စေ၊ တရားခံက တောင်းဆိုလျှင် ပေးရန် တရား ရုံးက ညွှန်ကြားရခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(၁) ၏ ချွင်းချက်တွင် စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီးနောက်မှဖြစ်စေ၊ ရဲထံအစစ်ခံချက်ကို ရေးမှတ်ထားသည့် မှတ်တမ်းများကို သက်သေအား ပြသစစ်မေးရန် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် စင်ကိုင်း တိုင်း တရားရုံးက ယူဆသလို ရဲထံအစစ်ခံချက် မိတ္တူများကို မည်သည့် အဆင့်တွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းခြင်းမရှိ ဆိုသော သုံးသပ်ချက် သည် ဥပဒေနှင့် ကိုက်ညီသည်ဟု မဆိုနိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂(၂) တွင် တရားခံက တောင်းဆိုလျှင် ရဲထံထွက် ချက် မိတ္တူကို တရားရုံးက ပေးရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထား သည်။ တရားရုံးသည် အမှုနှင့် မသက်ဆိုင်ဟု ယူဆသည့်အပိုင်းများ၏ မိတ္တူကိုမပေးပဲ ငြင်းဆိုနိုင်သော်လည်း အမှုနှင့်သက်ဆိုင်သည့် အပိုင်း များ မိတ္တူကို မပေးပဲ ငြင်းဆိုပိုင်ခွင့် မရှိပေ။

လျှောက်ထားသူအတွက် –ဦးအောင်သန်း (ကိုယ်တိုင်)

ရလျှောက်ထားခံရသူအတွက် –ဥပဒေဝန်ထမ်း အဆင့်(၁) ဦးဝင်းဖေ
မဒွေးတင်(ကိုယ်တိုင်)

မြင်းမူမြို့နယ်တရားရုံး ပြစ်မှုကြီး အမှတ် ၄၄၆/၇၇ တွင် မဒွေး တင်က ကိုအောင်သန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၇ (ခ)

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၉ တွင် ချမှတ်သော (၂၆-၇-၇၀) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

ဦးအောင်သန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မဒွေးတင်)

တရားစွဲဆိုခဲ့သည်။ လျှောက်ထားသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင်ပြီးနောက် မဒွေးတင် အပါအဝင် တရားလိုပြ သက်သေ (၄) ဦးအား ပြန်လည် စစ်ဆေးသည်။ ပြန်ခေါ် သက်သေ ကိုချစ်ထွန်း (လိုပြ-၂)၊ ကိုဒွေးမောင် (လိုပြ-၃) နှင့် ကိုကောက် (လိုပြ-၄)တို့အား ယင်းတို့(၃)ဦး ရဲထံတွင် ထွက်ဆိုခဲ့သော ထွက်ချက်များနှင့် တိုက်ဆိုင် စစ်ဆေးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၂) အရ ရဲထံ ထွက်ချက်မိတ္တူများကို တရားရုံးက တဆင့် တောင်းခံပေးရန် လျှောက်ထားခဲ့သည်။ မြို့နယ် တရားရုံးက ယင်း လျှောက်ထားချက်ကို ခွင့်မပြုသည့်အတွက် စစ်ကိုင်းတိုင်း တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားခဲ့သော်လည်း အောင်မြင်ခြင်းမရှိ၍ ကိုအောင်သန်းက ဗဟိုတရားရုံးတွင် ဤ ပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူများ၏ တောင်းဆိုချက်ကို ခွင့်ပြုပါက မလိုလားအပ်သော ကြန့်ကြာမှုများ ရှိနေမည်ဟု အကြောင်းပြ၍ မြို့နယ်တရားရုံးက ခွင့်မပြုခဲ့ကြောင်း တွေ့ရှိရသည်။ စစ်ကိုင်းတိုင်း တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၂)၌ ရဲထံထွက်ချက်များကို တရားစီရင်ရေး မည်သည့်အဆင့်တွင် တောင်းဆိုနိုင်သည်ဟု ဥပဒေ ပြဋ္ဌာန်းချက်တွင် မပါဝင်၍ တရားရုံးများအနေနှင့် ညီညွတ်ခြင်း၊ မျှတခြင်း၊ တရားစီရင်ရေး မတိမ်းစောင်းစေခြင်း စသောအချက်များအပေါ် မူတည်၍ ခွင့်ပြုရန် သင့်မသင့် ဆုံးဖြတ်ရန် ဖြစ်သည်ဟု သုံးသပ်ပြီး လျှောက်ထားသူများ၏ အကျိုးဆောင်ကြီးက သက်သေများအားစွဲချက် မတင်မီ အပြည့်အစုံ မေးမြန်းခဲ့ပြီးဖြစ်၍ မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားစီရင်ရေး လမ်းကြောင်းကို ပိတ်ပင်ရာသို့ ရောက်ရှိသည်ကို မတွေ့ရှိရဟု ဆုံးဖြတ်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၁) ၏ ခြွင်းချက်တွင် စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီးနောက်မှဖြစ်စေ၊ ရဲထံအစစ်ခံချက်ကို ရေးမှတ်ထားသည့် မှတ်တမ်းများကို သက်သေအား ပြသစစ်မေးရန် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် စစ်ကိုင်းတိုင်းတရားရုံးက ယူဆသလို ရဲထံအစစ်ခံချက် မိတ္တူများကို မည်သည့်အဆင့်တွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းခြင်းမရှိ ဆိုသော သုံးသပ်ချက်သည် ဥပဒေနှင့် ကိုက်ညီသည်ဟု မဆိုနိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ (၂) တွင် တရားခံကတောင်းဆိုလျှင် ရဲထံထွက်ချက်မိတ္တူကို တရားရုံး

က ပေးရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားသည်။ တရားရုံးသည် အမှုနှင့်မသက်ဆိုင်ဟု ယူဆသည့် အပိုင်းများ၏ မိတ္တူကိုမပေးပဲ ငြင်းဆိုနိုင်သော်လည်း အမှုနှင့်သက်ဆိုင်သည့် အပိုင်းများ မိတ္တူကိုမပေးပဲ ငြင်းဆိုပိုင်ခွင့် မရှိပေ။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ ဤပြင်ဆင်မှုကို ခွင့်ပြုလိုက်သည်။ မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ တွင် ပြဋ္ဌာန်းချက်များနှင့်အညီ အမှုကို ဆက်လက် စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

၁၉၀၀

ဦးအောင်သန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မှ ဒွေး တင်)

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀

ဦးအုံးရီ

နှင့်

နိုဝင် ဘာလ ၃ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ခြွင်းချက်-တဘက်အမှုသည်သို့ အကြောင်းကြားစာ မထုတ်ပဲ အမိန့်မချမှတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးမှ တရားခံအား လွှတ်သည့်အမိန့် များအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ တိုင်းတရားရုံးသို့ ပြင်ဆင်မှုတဘက်က တင်သွင်းခြင်းဖြစ်သည်။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ ၏ ခြွင်းချက်အရ တဘက်သို့ အကြောင်းကြားပြီးမှသာလျှင် အမိန့်ချမှတ်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူအတွက် -ဦးတီပီဝမ်း၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက်-ဦးအောင်စိန်၊ ဥပဒေဝန်ထမ်းအဆင့်(၁)။

**သာကေတမြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာ** အမှုကြီးအမှတ် ၅၄၂/၇၆ တွင် လျှောက်ထားသူ ဦးအုံးရီအပေါ် မူးယစ်ထုံထိုင်း သေဘးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ)အရ တရားစွဲဆိုခဲ့သည်။ ယင်းမြို့နယ် တရားရုံးက ဦးအုံးရီအား လွှတ်လိုက်သဖြင့် နိုင်ငံတော်က ရန်ကုန်တိုင်း တရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၃/၇၇ တွင် ပြင်ဆင်မှု လျှောက်ထားရာ တိုင်းတရားရုံးက မူလမြို့နယ် တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ သာကေတမြို့နယ် တရားသူကြီးအဖွဲ့မှ သတ်မှတ်ပေးသော မူလတရားစီရင်ရေးအဖွဲ့မှအပ အခြားသင့်လျော်မည့် တရားစီရင်ရေး အဖွဲ့က အမှုကိုပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဦးအုံးရီက ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

---

* ၁၉၇၀ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၄၃ (ခ)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၃ တွင် ချမှတ်သော (၁၁-၇-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၀

ဦးအုံးရီ နှင့် ပြည် ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဦးစံဘော်ဆိုသူက မိမိ၏နေအိမ်ဖိနပ်ချွတ်အောက်တွင် တွေ့ရှိရသည့် ဆေးခြောက်ထုပ်ကို မိမိနှင့် မတည့်သော ဦးအုံးရီ လာထားပါသည်ဟု စွပ်စွဲသဖြင့် ဦးအုံးရီသည် မူးယစ်ထုံထိုင်းသောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ တရားစွဲဆိုခြင်းခံရသည်။

တိုင်းတရားရုံး၏ အမှုတွဲကို လေ့လာလိုက်သည့်အခါ မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ရာ၌ လျှောက်ထားသူ ဦးအုံးရီ အပေါ် အကြောင်းကြားစာ မထုတ်ပဲ အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။ မြို့နယ်တရားရုံးမှ တရားခံအား လွှတ်သည့်အမိန့်များအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ တိုင်းတရားရုံးသို့ ပြင်ဆင်မှု တဘက်က တင်သွင်းခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ ၏ ခြွင်းချက်အရ တဘက်သို့ အကြောင်းကြားပြီးမှသာလျှင် အမိန့်ချမှတ်ပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တိုင်းတရားရုံးအနေနှင့် ဦးအုံးရီအပေါ် အကြောင်းကြားစာမထုတ်ပဲ မြို့နယ်တရားရုံးမှ လွှတ်သည့်အမိန့်ကို ပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးရန် ချမှတ်သည့် အမိန့်မှာ မှားယွင်းပေသည်။ ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

**ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ**

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၈၀ ဗိုလ်ပရာကပ်ဆင်း

နှင့်

ဇန်နဝါရီလ ၁၀ ရက် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မောင်မူနူး)*

**သက်သေထွက်ချက်ကို မှတ်တမ်းတင်ခြင်း— တရားစီရင်ရေး အဖွဲ့ဝင် များ၏ တာဝန်–အမှုသည်များက မည်သို့မှတ်တမ်းတင်သင့်ကြောင်း အကြံပြုရန် မဟုတ်။**

**ဆုံးဖြတ်ချက်။** ။သက်သေထွက်ချက် မှတ်တမ်းတင်ရန်မှာ တရားစီရင်ရေးအဖွဲ့ဝင်များ၏ တာဝန်ဖြစ်၍ အမှုသည်များအနေဖြင့် မည်သို့မည်ပုံ မှတ်တမ်းပြုလုပ်သင့်ကြောင်း အကြံပြုရန် မဟုတ်ပေ။

**လျှောက်ထားသူအတွက်** –ကိုယ်တိုင်။

**လျှောက်ထားခံရသူအတွက်** –ဦးအွန်ဇနန်၊ ဥပဒေဝန်ထမ်း အဆင့် (၂)

လျှောက်ထားသူ ဗိုလ်ပရာကပ်ဆင်းအပေါ် အမှတ်–၂ လျှောက်ထားခံရသူ မောင်မူနူးက ကန့်ဗလူမြို့နယ် တရားရုံး ပြစ်မှုကြီး အမှတ် ၂၁၆/၇၅ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၆ အရ တရားစွဲဆိုထားသော အမှုကို လျှောက်ထားသူက ရုံးပြောင်းပေးရန် စစ်ကိုင်းတိုင်း တရားရုံးသို့ လျှောက်ထားသော်လည်း အောင်မြင်ခြင်း မရှိသဖြင့် ဗဟိုတရားရုံးသို့ ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူက ကန့်ဘလူမြို့နယ် တရားရုံး တရားစီရင်ရေး အဖွဲ့အပေါ် မကျေနပ်သည်မှာ အမှုရင်ဆိုင်နေစဉ် သက်သေထွက်ချက် နှင့် ပတ်သက်ပြီး လျှောက်ထားသူက မည်ကဲ့သို့ မှတ်တမ်းတင်ရန်

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ အမှတ်-၃၁

† ၁၉၇၅ ခုနှစ်၊ ကန့်ဗလူမြို့နယ် တရားရုံးပြစ်မှုကြီး အမှတ် ၂၁၆ တွင် ပုဒ်မ ၅၀၆ အရ အရေးယူထားသော အမှုကို အဆိုပါ မြို့နယ်မှအပ အခြား သင့်လျော်သော တရားရုံးတစ်ရုံးသို့ ပြောင်းရွှေ့ပေးပါရန် လျှောက်ထားမှု။

ပြောပြသောအခါမှာ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက "ငါ မှတ်တမ်းတင်ချင်သလို တင်မယ်၊ မင်းဝင်မပြောနဲ့"ဟု ပြောသောကြောင့် ဖြစ်သည်။ ထို့ကြောင့် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက သက်သေစစ်ချက် မှတ်တမ်းတင်ရာတွင် လျှောက်ထားသူက ဝင်ရောက်ပြောကြားကြောင်း ပေါ်ပေါက်သည်။ သက်သေထွက်ချက် မှတ်တမ်းတင်ရန်မှာ တရားစီရင်ရေး အဖွဲ့ဝင်များ၏ တာဝန်ဖြစ်၍ အမှုသည်များအနေဖြင့် မည်သို့မည်ပုံ မှတ်တမ်းပြုလုပ်သင့်ကြောင်း အကြံပြုရန် မဟုတ်ပေ။ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှုသည်အား သက်သေမှတ်တမ်းတင်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တားမြစ်ကာမျှဖြင့်လည်း အမှုကို တရားဘက်လိုက် ဆုံးဖြတ်တော့မည်ဟု ယူဆရန်မဟုတ်ပေ။ စစ်ကိုင်းတိုင်း တရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် လျှောက်လွှာကို ပယ်လိုက်သည်။

၁၉၀၀

ဗိုလ်ပရာ ကူဝိဆင်း နှင့် ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မြောင်မှူး)

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ်ဦးလှမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၀ ဦးလှစိန်

ဖေဖော်ဝါရီ နှင့်

လ ၁၄ ရက် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးသိန်း*

**၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄–မှောင်ခိုဆန် သယ်ဆောင်သော ရေယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း– ပိုင်ရှင်သည် ရေယာဉ်နှင့်အတူ မရှိခြင်း–ရေယာဉ်မှာ ဆလင်၏ စိမ် အုပ်ချုပ်မှုအောက်တွင်ရှိခြင်း– မှောင်ခိုဆန်သယ်ရန် ရေယာဉ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက် မရှိခြင်း–ရေယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်မသင့်။**

ဆုံးဖြတ်ချက်။ ။ရေယာဉ်ပိုင်ရှင် ဦးလှစိန်သည် အချင်းဖြစ်ပွားစဉ်က ရေယာဉ်နှင့်အတူ ရှိသူ မဟုတ်ချေ။ ဆလင်ဖြစ်သူ ကိုမြင့်သိန်းအား မှောင်ခိုဆန်များ တင်ရန်အတွက် ဦးလှစိန်က သဘောတူခွင့်ပြုကြောင်းလည်း မပေါ်ပေါက်သည့်အပြင် ဆလင် ကိုမြင့်သိန်း ကိုယ်တိုင်ပင် အမှုတွင် တရားခံအဖြစ် ထည့်သွင်းခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် ပြစ်မှု ကျူးလွန်ခြင်းမှာ လျှောက်ထားသူ ဦးလှစိန်နှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိကြောင်း ထင်ရှားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သက်သေခံပစ္စည်း ရေယာဉ်ကို ပြည်သူပိုင်သိမ်းစေရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်၍ ရေယာဉ်ကို လျှောက်ထားသူ ဦးလှစိန်အား ပြန်ပေးစေရန် အမိန့် ချမှတ်လိုက်သည်။

လျှောက်ထားသူအတွက် –ဦးဝင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက်–ဦးဘသန်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)။

---

* ၁၉၇၇ ခုနှစ် ပြစ်မှုဆိုင်ရာ ပြစ်ဆင်မှု အမှတ် ၁၃၆ (ခ)

† ၁၉၇၆ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၇ (မိုးညို) တွင် ချမှတ်သော (၁၇-၃-၇၇) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၉

ဦးလှစိန်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
မြန်မာ နိုင်ငံ
တော်
၂။ ဦးသိန်း

မိုးညိုမြို့နယ် တရားရုံးက တရားခံ မခင်လှပါ ၂၂ ဦးတို့အပေါ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ ကြားနာစစ်ဆေး၍၊ တရားခံ အချို့အား အပြစ်မှလွှတ်ပြီး၊ တရားခံအချို့အား အပြစ်ဒဏ်ပေးခဲ့သည်။ မှောင်ခိုဆန်များ သယ်ဆောင်သော သက်သေခံ ရေယာဉ်ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ရေယာဉ်ပိုင်ရှင် ဦးလှစိန်က မိမိအား ရေယာဉ်ကို ပြန်ပေးသင့်ကြောင်း တိုင်းတရားရုံးသို့ မြင်ဆင်မှု တင်သွင်းသော်လည်း အောင်မြင်ခြင်း မရှိ၍ ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးလှစိန်သည်၊ အချင်းဖြစ် ရေယာဉ်ပိုင်ရှင်ဖြစ်၍ ရွှေကျင်ဆိပ်ကမ်းတွင် ရေယာဉ်ပေါ်မှ မှောင်ခိုဆန်များ တွေ့ရှိသည် ဟူ၍၊ အထက်တွင် ဖော်ပြသည့်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဦးလှစိန်မှာ ရေယာဉ်ပိုင်ရှင် ဖြစ်သော်လည်း ရေယာဉ်ကို ဆလင် ကိုမြင့် သိန်း ဆိုသူအား အပ်နှံထားသောကြောင့် ရေယာဉ်မှာ ကိုမြင့်သိန်း၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိသည်။ အချင်းဖြစ် ဆန်များ တင်သော အခါမှာလည်း ရေဘေးဒုက္ခ တွေ့သူများအတွက် ဆန်တင်ရန်ဖြစ်သော ကြောင့်၊ ပြဿနာပေါ်ရန် မရှိကြောင်း ယုံကြည်သဖြင့် နေ့ခင်းအချိန် ၌ပင် ထင်ထင်ရှားရှား ဆန်များတင်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ဆလင် ဖြစ်သူ ကိုမြင့်သိန်းက ဆန်များကို သဘောရိုးနှင့်တင်ကြောင်း ပေါ် ပေါက်၍ပင်၊ ကိုမြင့်သိန်းကို တရားခံ တစ်ဦးအဖြစ် အမှုတွင် ထည့်သွင်း ခြင်း မရှိပဲ၊ တရားလိုပြ သက်သေတစ်ဦးအဖြစ်သာ ပါဝင်ခဲ့ခြင်း ဖြစ် ပေသည်။

ရေယာဉ်ပိုင်ရှင် ဦးလှစိန်သည် အချင်း ဖြစ်ပွားစဉ်က ရေယာဉ် နှင့်အတူ ရှိသူမဟုတ်ချေ။ ဆလင်ဖြစ်သူ ကိုမြင့်သိန်းအား မှောင်ခို ဆန်များ တင်ရန်အတွက် ဦးလှစိန်က သဘောတူ ခွင့်ပြုကြောင်းလည်း မပေါ်ပေါက်သည့်အပြင် ဆလင် ကိုမြင့်သိန်းကိုယ်တိုင်ပင် အမှုတွင် တရားခံအဖြစ် ထည့်သွင်းခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် ပြစ်မှုကျူး လွန်ခြင်းမှာ လျှောက်ထားသူ ဦးလှစိန်နှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိကြောင်း ထင်ရှားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သက်သေခံပစ္စည်း ရေယာဉ်ကို ပြည်သူပိုင် သိမ်းစေရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်၍၊ ရေယာဉ်ကို လျှောက်ထားသူ ဦးလှစိန်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

† ၁၉၇၀ နှင့်

မတ်လ ၇ ရက်

၁။ ဦးလောဖုန်း

၂။ ဦးလောကျူး

၃။ ဦးဘမြင့်

၄။ ဦးခင်မောင်စင်း *

**၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄-နည်းဥပဒေ ၂၅- ကျောက်စိမ်းတုံးများတွေ့ရှိခြင်းအတွက် တရားစွဲဆိုရာတွင် နည်းဥပဒေ ၂၅ အရ ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက် မရှိခြင်း- အမှုမှာ မူလကနဦးကပင် ပျက်ပြယ် နေခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏နည်းဥပဒေ ၂၅ အရ "တိုင်း/ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသည် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှ တင်ပြလာသော အမှုတွဲများကို တိုင်း/ပြည်နယ် မှုခင်းကော်မတီအား မည်သည့်ဥပဒေ ပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်စေရမည်" ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးသောအခါ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြလာသော အမှုတွဲများကို မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ် ဆုံးဖြတ်ရသည်။ ဤအမှုတွင် အမှုတွဲရှိ မှတ်တမ်းများအရ အမှုကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေး

---

* ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၀။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၅ နှင့် ၂၉ တို့ တွင် ချမှတ်သော (၂၄-၇-၇၅) နေ့စွဲပါ ကချင်ပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၀

ပြည် ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ၁။ ဦးလောဖုန်း ၂။ ဦးလောကျူး ၃။ ဦးဘမြင့် ၄။ ဦးခင်မောင်ဝင်း

စနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၅ (၁) အရ အရေးယူရန် မိုးညှင်းမြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီက ဆုံးဖြတ်ခဲ့သော်လည်း ကချင်ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီကဖြစ်စေ၊ ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ အထက်ဖော်ပြပါ နည်းဥပဒေ ၂၅ အရ အဆုံးအဖြတ်ပေးထားခြင်း မရှိသည်ကို တွေ့ရသည်။

ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံ တရားခံတို့အား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို၊ ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေ ၂၅ အရ ဆုံးဖြတ်ထားခြင်း မရှိသည့်အလျောက်၊ ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄ (၁) အရ တရားမစွဲဆိုနိုင်သဖြင့်၊ ယင်းတို့အပေါ် ပုဒ်မ ၁၄ (၁) အရ စွဲဆိုသော အမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

အယူခံတရားလိုအတွက် –ဦးစိန်ထွန်း၊ ဥပဒေပညာရှင်။

အယူခံတရားခံများအတွက် –ဦးဟန်၊ ဦးစိန်အောင်၊
ဦးညွန့်မြိုင်၊ ဦးလွန်းမောင်၊
ဗဟိုတရားရုံးရှေ့နေများ။

မိုးညှင်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၀၁၅/၇၄ တွင်၊အယူခံတရားခံ ဦးလောဖုန်းနှင့် ဦးလောကျူးတို့အပေါ် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့် များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁) အရ ထောင်ဒဏ် (၂)နှစ်စီ ကျခံစေရန်လည်းကောင်း၊ ဦးဘမြင့်နှင့် ဦးခင်မောင်ဝင်းတို့ အပေါ် ယင်းပုဒ်မအရ ထောင်ဒဏ် (၁) နှစ်စီ ကျခံစေရန်လည်းကောင်း အသီး သီး ချမှတ်သည်။ ဦးလောဖုန်းတို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ကချင်ပြည်နယ် တရားရုံးသို့ အယူခံဝင်ရောက်ရာ၊ ပြည်နယ်တရားရုံးက ဦးလောဖုန်းတို့ (၄) ဦးအား အမှုမှ အပြီးအပြတ် လွှတ်လိုက်သောကြောင့်၊ ဗဟိုဥပဒေရုံးက ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ဗဟိုတရားရုံးတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၇ အရ အယူခံ တင်သွင်းခြင်းဖြစ်သည်။

၁၉၇၃ ခုနှစ် မတ်လ ၂၆ ရက်နေ့ နံနက် (၇) နာရီခွဲအချိန်တွင် မိုးညှင်းမှ ကောလင်းသို့ထွက်မည့် မီးရထားနှင့် ကျောက်စိမ်းများ ပါ

၁၉၇၀

ပြည် ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ၁။ ဦးလောဖုန်း ၂။ ဦးလောကျူး ၃။ ဦးဘမြင့် ၄။ ဦးခင်မောင်ဝင်း

ကြောင်း ရှုပိုင်ကြီး ဦးသာလှဦး (လိုပြ–၁၁) က သာင်းရရှိသဖြင့် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ပါတီယူနစ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့သို့ အကြောင်းကြားရာ ဦးတင်ရွှေ (လိုပြ–၅) ခေါင်းဆောင်သော ရှာဖွေရေးအဖွဲ့က ကောလင်း အစုန်ရထားတွင် ချိတ်ထားသော ကုန်တွဲအမှတ် ဂျီ-အိုင်ချိ-ဗွီ ၅၇၀၀ ကို ရှာဖွေရာ သံတိုသံစများပေါ်ရှိ ဂုန်အိတ်များ အတွင်းတွင် အလေးချိန် ၁၄၈၃ ပိသာရှိသော ကျောက်စိမ်းတုံး ၁၉၀ တုံးကို တွေ့ရှိရသဖြင့် ရှာဖွေရေးအဖွဲ့က သိမ်းဆည်းလိုက်လေသည်။ ထို့နောက် ဦးလောဖုန်းပါ (၂၁) ဦး တို့အား မိုးညှင်းမြို့နယ် တရားရုံးတွင် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁) အရ တရားစွဲဆိုရာ မြို့နယ် တရားရုံးက အယူခံတရားခံ ဦးလောဖုန်း၊ ဦးလောကျူး၊ ဦးဘမြင့်နှင့် ဦးခင်မောင်ဝင်းတို့အား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့လေသည်။

၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏နည်းဥပဒေ ၂၅ အရ "တိုင်း/ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသည် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ တင်ပြလာသော အမှုတွဲများကို တိုင်း/ပြည်နယ်မှုခင်းကော်မတီအား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်စေရမည်"ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးသောအခါ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြလာသော အမှုတွဲများကို မည်သည့်ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ် ဆုံးဖြတ်ရသည်။ ဤအမှုတွင် အမှုတွဲရှိ မှတ်တမ်းများအရ အမှုကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ အရေးယူရန် မိုးညှင်း မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီက ဆုံးဖြတ်ခဲ့သော်လည်း ကချင်ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီကဖြစ်စေ၊ ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကဖြစ်စေ အထက်ဖော်ပြပါ နည်းဥပဒေပုဒ်မ ၂၅ အရ အဆုံးအဖြတ်ပေးထားခြင်း မရှိသည်ကို တွေ့ရသည်။ ယင်းသို့ ဆုံးဖြတ်ထားခြင်း မရှိသည်ကို အကြောင်းပြုပြီး ကချင်ပြည်နယ် တရားရုံးက အယူခံတရားခံများသည် သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ခြင်းရှိ မရှိ သုံးသပ်ခြင်း မပြုတော့ပဲ၊

၁၉၇၀

ပြည် ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ၁။ ဦးလော ဖုန်း ၂။ ဦးလော ကျူး ၃။ ဦးဘမြင့် ၄။ ဦးခင် မောင်ဝင်း

မြို့နယ်တရားရုံးမှ ချမှတ်သည့် အမိန့်နှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်ပြီး ယင်းတို့အား အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်း အမိန့်ချမှတ်လေသည်။

ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံတရားခံတို့အား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေ ၂၅ အရ ဆုံးဖြတ်ထားခြင်း မရှိသည့်အလျောက် ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄ (၁) အရ တရားမစွဲဆိုနိုင်သဖြင့် ယင်းတို့အပေါ် ပုဒ်မ ၁၄ (၁) အရ စွဲဆိုသောအမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။ သို့ရာတွင် ကချင်ပြည်နယ် တရားရုံးက အယူခံတရားခံ ဦးလောဖုန်း၊ ဦးလောကျူး၊ ဦးဘမြင့်နှင့် ဦးခင်မောင်ဝင်းတို့အား အမှုမှ အပြီးအပြတ် လွှတ်ပစ်ခြင်းမှာ မှားယွင်းနေပေသည်။ ဤအခြေအနေတွင် တရားခံများကို လွှတ်လိုပါက စွဲချက်မတင်မီ ပြန်လွှတ်ထားရမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပြည်နယ်တရားရုံးက အယူခံတရားခံများအား အပြီးအပြတ် လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး စွဲချက်မတင်မီ ပြန်လွှတ်ထားစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ဤအမှုတွင် ကချင်ပြည်နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ အယူခံတရားခံတို့အား ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ တရားစွဲဆိုခွင့် ပေးလျှင် ယင်းတို့အား တရားစွဲဆိုနိုင်ပေသည်။

အထက်တွင် ဖော်ပြထားသော အကြောင်းများကြောင့် ဤအယူခံလွှာကို ပယ်လိုက်သည်။

# ၁၉၁၀ ပြည့်နှစ်
# တရားမမှုများ

## စီရင်ထုံးပြုသော မှုခင်းများ

### တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဒေါ်ကြူကြူ | နှင့် | ဦးအောင်မြင့် | .... ၁ |
| ဂျက္ကဒူး | နှင့် | ဒေါ်သန်း | .... ၅ |
| ဦးဂျော်လီဆွေ | နှင့် | ဦးဘသိန်း | .... ၇ |
| ဦးစောလှိုင် | နှင့် | ဦးရဲထွန်းလှပါ-၆ | .... ၉ |
| ဦးစန်းအောင် | နှင့် | ဦးအောင်ကျော်ဝင်း | .... ၁၃ |
| ဒေါ်တင်တင်ရီပါ-၃ | နှင့် | ဦးခင်မောင်အေး ပါ-၃ | .... ၁၆ |
| ဒေါ်တင့် | နှင့် | ခန်ကုန်မြို့ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်ပါ-၃ | .... ၁၉ |
| ဦးတင့်ဆွေ ပါ-၄ | နှင့် | ဒေါ်ကြည်ကြည်ဆွေ (၎င်း၏တရားဝင်ကိုယ်စားလှယ်များ ဖြစ်ကြသော မောင်လှဆွေ၊ မောင်မြင့်ဆွေ၊ မောင်အောင်မြင့်) | .... ၂၅ |
| ဦးနေဝင်း(ခ)ဦးသာဒင် | နှင့် | မတင်လှ | .... ၂၈ |
| ဦးနှစ် | နှင့် | မှုက်စလင်ကူညီစောင့်ရှောက်ရေးအဖွဲ့ | .... ၃၁ |
| ဒေါ်ဘူဒီပါ-၅ | နှင့် | ဦးမောင်တင် | .... ၃၆ |
| ဦးမောင်ကျန် | နှင့် | ဦးစိန်လှိုင်ပါ ၂ | .... ၃၉ |
| ဦးမောင်ခင် | နှင့် | ဦးထွန်းစိန်ပါ-၂ | .... ၄၂ |
| ဦးရွှေဇံအောင် | နှင့် | ဒေါ်မွေးအိမ်ပါ-၆ | .... ၄၄ |
| မစ္စတာလားလ်မာမက်ခန်း | နှင့် | မစ္စတာရှားခန်း (မိမိအတွက်နှင့်ကွယ်လွန်သူ မရီယံဘီဘီကိုယ်စား) ပါ-၁၉ | .... ၄၆ |
| ဒေါ်လှကြည်ပါ-၆ | နှင့် | ဒေါ်တင်မာဦး | .... ၄၉ |
| ဦးလှတင် | နှင့် | ဦးစံရွှေ | |
| ဦးစံရွှေ | | ဦးလှတင် | .... ၅၃ |
| ဦးလှရွှေ | နှင့် | ဥက္ကဋ္ဌ၊ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ | .... ၅၈ |
| သခင်ကြင် | နှင့် | ဂျေနူမာအလီဘိုင် မဟာမက်(ခ) ဒေါ်မာမာ | .... ၆၃ |
| ဦးသာဒင်(ခ)ဦးနေဝင်း | နှင့် | မတင်လှ | .... ၆၅ |

## စီရင်ထုံးပြုသောမှုခင်းများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးသွင်ပါ-၇ | နှင့် | ဦးဟန်စိန် | .... ၆၈ |
| ဒေါ်သောင်းမြင့် | နှင့် | ဒေါ်နီနီပါ-၃ | .... ၇၁ |
| ဒေါ်သန်း | နှင့် | ဦးစိုးမြင့်ပါ-၇ | .... ၇၄ |
| ဒေါ်သန်းမေပါ-၄ | နှင့် | ဦးယကြည် | .... ၈၁ |
| ဦးကာစင်ပါ(၃) | နှင့် | ဦးအုန်းရွှေပါ(၅) | .... ၈၃ |
| ဒေါ်ကျင်မှူ | နှင့် | ဒေါ်ကျင်ရီ | .... ၈၆ |
| ဦးချစ်တင် | နှင့် | ဒေါ်သန်းသန်း | .... ၈၉ |
| မောင်ခွေးသိုး (ဒေါ်ထပ်ကြီး၏ တရားဝင် ကိုယ်စားလှယ်) | နှင့် | ဒေါ်မှတ်ကြီး | .... ၉၂ |
| ဦးဇော်ဝင်းပါ(၃) | နှင့် | နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေး ဘဏ်၊ မန္တလေးဘဏ်ခွဲကိုယ်စား မန်နေဂျာ ဦးတင်ဦး | .... ၉၅ |
| ဦးလုကနတ်ပါ(၂) | နှင့် | ဦးကျော်မြင့်ပါ(၁၁) | .... ၉၇ |
| ဒေါ်သောင်းရွှေပါ(၂) | နှင့် | မောင်ကြည်ပါ(၂) | .... ၉၉ |

### တရားမမှုများ

ဥပဒေများ—

၁။ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ
၂။ တရားမကျင့်ထုံး ဥပဒေ
၃။ တံဆိပ်တော်ခေါင်း ဥပဒေ
၄။ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ
၅။ ပဋိညာဉ်ဥပဒေ
၆။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
၇။ သီးခြားသက်သာခွင့်ဥပဒေ
၈။ အမွေဆက်ခံခြင်းဥပဒေ
၉။ ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေ

**စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉(ဂ)နှင့် ၄၉ ခြွင်းချက်— မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းခြင်းကိစ္စ– မှတ်ပုံမတင်သော စာချုပ်ကို သက်သေခံအဖြစ် လက်ခံနိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်း တရားရုံးသည် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ ၏ ခြွင်းချက်အရမှတ်ပုံမတင်ရသေးသည့် ၁-၁၁-၆၄ ရက် နေ့စွဲပါ အမွေပေးစာချုပ်ကို သက်သေခံအဖြစ် လက်ခံလိုက်ကြောင်း တွေ့ရသည်။ ယခုအမှုတွင် လျှောက်ထားခံရသူတို့က မှတ်ပုံမတင်ရသေးသည့် ၁–၁၁–၆၄ ရက် နေ့စွဲပါ အမွေပေး စာချုပ်ကို တင်ပြခြင်းမှာ ယင်းစာချုပ်အရ သူတို့သည် အချင်းဖြစ် အခန်း၏ ပိုင်ရှင်များဖြစ်သည်ဟု တင်ပြခြင်းဖြစ်သည်။ တနည်းအားဖြင့် ဆိုလျှင် အချင်းဖြစ်အခန်း၏ ပိုင်ရှင်ကို မည်သို့မည်ပုံ ဖြစ်ခဲ့ကြောင်းနှင့် ပတ်သက်၍ အထောက်အထား အဖြစ်ဖြင့် တင်ပြခြင်းဖြစ်သည်။ ဤသို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်ပြီး လွှဲပြောင်းလာခြင်းကိစ္စကို တင်ပြခြင်းဖြစ်သဖြင့် မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉၊ အပိုဒ်(ဂ)နှင့် အကျုံးဝင်သဖြင့် ၁–၁၁–၆၄ နေ့စွဲပါ အမွေပေးစာချုပ်မှာ သက်သေခံအဖြစ် တရားရုံးမှ လက်ခံနိုင်မည်မဟုတ်ပေ။ ဤစာချုပ်ကို တရားရုံးသို့ တင်ပြခြင်းကိစ္စမှာ မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉ ခြွင်းချက်နှင့် အကျုံးမဝင်ပေ။

**ဦးမောင်ခင် နှင့် ဦးထွန်းစိန်ပါ(၂) .... ၄၂**

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၈- အသင်းသားများ ကိုယ်စား တရားစွဲဆိုခြင်း— တရားစွဲဆိုရန် အသင်းသား အားလုံး၏ သဘောတူညီချက်- အစည်းအဝေး ဆုံးဖြတ်ချက်ရှိရန် ပြဋ္ဌာန်းထားခြင်းမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ-၈ တွင် အများစိတ်ပါဝင်စားသည့် ကိစ္စနှင့်ပတ်သက်၍ တရားစွဲဆိုသည့် အမှုများတွင် ထိုစိတ်ပါဝင်စားသူအားလုံး၊ တနည်းဆိုသော် အသင်းသားအားလုံးက တရားစွဲဆိုရန် သဘောတူရမည်။ တရားစွဲဆိုရန် ခွင့်ပြုကြောင်း အစည်းအဝေး ဆုံးဖြတ်ချက်ရှိရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။

ဦးသွင်ပါ (၄) နှင့် ဦးဟန်စိန် .... ၆၈

**တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၂- ထုချေလိုသည့် အချက်နှင့် ကန့်ကွက်လိုသည့်အချက်များကို ချေလွှာဖြင့် ချေပ ကန့်ကွက်ရခြင်း- တရားမကျင့်ထုံးဥပဒေအမိန့် ၁၄ နည်း ၂-အဆိုလွှာနှင့်အချေလွှာတို့ကို စိစစ်၍ ဦးစွာ ဆုံးဖြတ်ပေးသင့်ကြောင်းတွေ့က ပဏာမငြင်းချက်ထုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးအမှုတွဲကို ကြည့်ရှု လေ့လာသည့်အခါ မောင်ခင်မောင်အေးက အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ မိမိသည် အမွေဆိုင်တစ်ဦး ဖြစ်ကြောင်း ဆိုသည့်အချက်ကို အခြေခံထားကာ ပဏာမအနေဖြင့် ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၂-၌ တရားပြိုင် တစ်ဦးသည် မိမိတင်သွင်းသော အချေလွှာအားဖြင့် ထုချေလိုသည့် အချက်အလက်များနှင့် ကန့်ကွက်လိုသည့် အချက်အလက်များ အားလုံးကို ထည့်သွင်းချေပ ကန့်ကွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်အရ မောင်ခင်မောင်အေး၏ ကန့်ကွက်ချက်မှာ အချေလွှာ၌ထည့်သွင်း ကန့်ကွက်နိုင်သော ကန့်ကွက်ချက် ဖြစ်သည်။ သက်သေ မစစ်ဆေးပဲ အဆုံးအဖြတ်ပေးနိုင်သော ကန့်ကွက်ချက်လည်း မဟုတ်၍ ချေလွှာကိုသာ တင်သင့်ပေသည်။

**စာမျက်နှာ**

**ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၂ အရလည်း တရားရုံးများသည် အဆိုလွှာနှင့် အချေလွှာတို့ကို စိစစ် သုံးသပ်ပြီး၊ ဥပဒေအချက်အလက်နှင့် ပတ်သက်၍ ဦးစွာ ဆုံးဖြတ်ပေး သင့်သည်ဟု ယူဆသည့်အခါများတွင်၊ ယင်း ဥပဒေ အချက်အလက်ကို ပဏာမငြင်းချက်အဖြစ်ထုတ်၍ နှစ်ဘက်ကြားနာကာ အဆုံးအဖြတ်ပေး နိုင်သေးသည်။

ဒေါ်တင်တင်ရီပါ(၃) နှင့် မောင်ခင်မောင်အေးပါ(၃) .... ၀၆

**တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်းဥပဒေ ၂-တရားပြိုင်က မိမိ ကန့် ကွက်လိုသည့်အချက်များကို အချေလွှာတွင် ရေးသား ဖော်ပြရ ခြင်း- ချေလွှာမတင်မီ ပဏာမကန့်ကွက်လွှာ တင်သွင်းလာခြင်းကို တရားရုံးက လက်သင့်မခံရခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားပြိုင်တို့သည် မိမိတို့အပေါ် စွဲဆိုသည့် **အမှု** နှင့်ပတ်သက်၍ ထုချေလိုသည့် အချက်များအားလုံးနှင့် **ကန့်ကွက်လို** သော အချက်အားလုံးတို့ကို အချေလွှာတွင် ရေးသား ထုချေခြင်း၊ ကန့်ကွက်ခြင်းပြုလုပ်ရမည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၂ က ပြဋ္ဌာန်းထားသည့်အပြင် တရားရုံးများက အဆိုလွှာ အချေ လွှာတို့ကို စိစစ်သုံးသပ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၂ အရ ဥပဒေအချက်အလက်နှင့်ပတ်သက်၍ ပထမဦးစွာ ဆုံးဖြတ်ပေး သင့်သည်ဟုယူဆလျှင် ယင်း ဥပဒေအချက်အလက် အပေါ် ပဏာမ ငြင်းချက်ထုတ်၍ ကြားနာ အဆုံးအဖြတ် ပေးနိုင်သည်ဖြစ်၍ ပြည်နယ် တရားရုံးက ပဏာမကန့်ကွက်လွှာကို ပယ်လိုက်သည်မှာ ဥပဒေနှင့် မညီ ညွတ်၊ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ဦးသာခင်(ခ) ဦးနေဝင်း နှင့် မတင်လှ .... ၆၅

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁-ပထမအမှုတွင် အချင်းဖြစ် အိမ်ခန်း၏ တရားဝင်အိမ်ငှားဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် လက် ရောက်ရလိုကြောင်း စွဲဆိုပြီး၊ ဒုတိယအမှုတွင် ငှားရမ်းခ ကြီးကြပ် ရေးဝန်က အသိအမှတ်ပြုသော တရားဝင် အိမ်ငှား ဖြစ်ကြောင်း အမိန့်သည် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အချင်း ဖြစ် အိမ်ခန်းကို လက်ရောက်ပေးအပ်စေရန် စွဲဆိုခြင်း- နောက် စွဲဆိုသောအမှုအား ပိတ်ပင်ခြင်း ရှိမရှိ။**

**စာမျက်နှာ**

အယူခံတရားလို ဒေါ်တင့်က ပန်းဘဲတန်းမြို့နယ် တရားရုံး တရားမ ကြီးမှုအမှတ် ၁၄၇/၇၃ တွင် မိမိအား အချင်းဖြစ်အိမ်ခန်း၏ တရား ဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် အချင်းဖြစ် အိမ်ကို လက်ရောက်ရလိုကြောင်း ပထမအမှုစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက စွဲဆိုခွင့်မရှိဟုဆိုကာ ပယ်ခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၁၃/၇၈ (ပန်းဘဲတန်း)တွင် ငှားရမ်းခကြီး ကြပ်ရေးဝန်က ဦးအေးမြင့်အား တရားဝင်အိမ်ငှားဖြစ်ကြောင်း အသိ အမှတ်ပြုသောအမိန့်သည် ပျက်ပြယ်ကြောင်းနှင့် မိမိအား လက်ရောက် ပေးအပ်စေရန် စွဲဆိုရာ ရန်ကုန်တိုင်း တရားရုံးကပယ်ခဲ့၍ ယခု ဗဟို တရားရုံးတွင် ပထမအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် ဒေါ်တင့် တင်သွင်းသော အဆိုလွှာပါ ဖော်ပြချက်များအရ ဒေါ်တင့်က မိမိသည် အချင်းဖြစ်အိမ်ခန်း၏ တရားဝင်အိမ်ငှားဖြစ်သည်ဟု မြွက်ဟကြေငြာပေးရန် တရားစွဲဆိုရခြင်း မှာ လက်ထောက် ငှားရမ်းခကြီးကြပ်ရေး ဝန်က ဦးအေးမြင့်အား အချင်းဖြစ်ဥပစာကို အငှားချထားခြင်းသည် ဒေါ်တင့်နှင့် ကျူလီယာ ဗလီထရပ်စ်အုပ်ချုပ်ရေးအဖွဲ့တို့အကြားရှိ အိမ်ရှင် အိမ်ငှား ဆက်သွယ် မှုကို ထိပါးလာခြင်းကြောင့်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အယူခံ တရားလိုအနေဖြင့် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှား အဖြစ် ဆက်လက်ရပ်တည်နိုင်ရန်မှာ လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အိမ်ခန်းချထားသော အမိန့်သည် ဥပဒေနှင့် မညီ၍ ပျက်ပြယ်သည်ဆိုသော အချက်အပေါ် တည်နေပေသည်။ သို့ဖြစ်၍ အယူခံတရားလိုသည် ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် စွဲဆိုခဲ့သော အမှု၌ အနိုင်ရရှိနိုင်ရန်အတွက် လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေး ဝန်၏ အမိန့်သည် တရားမဝင်၊ ပျက်ပြယ်ကြောင်း တင်ပြစွဲဆိုသင့်သည် ဟု ကောက်ယူရပေမည်။

စီရင်ပိုင်ခွင့်ရှိသော တရားရုံးက စီရင်ဆုံးဖြတ်ပြီးဖြစ်သော တရားမမှု တစ်မှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည့် အကြောင်းအရာကိုပင် ထပ်မံအငြင်းပွားသော နောက်ထပ်စွဲဆိုသည့်အမှုကို မည်သည့်တရားရုံး ကမှ စစ်ဆေးစီရင်ခြင်း မပြုရဟု တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁-တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် တရားလိုဘက်မှ ယခင်အမှုတွင် အမှီသဟဲ

**စာမျက်နှာ**

ပြု၍ တရားစွဲဆိုသင့်သောအကြောင်းအရာသည် ယင်းအမှုတွင် အဓိက အားဖြင့် အငြင်းပွါးခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ယင်းပုဒ်မ၏ ရှင်းလင်းချက်(၄)တွင် ဖော်ပြထားသည်။ ပန်းဘဲတန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၄၇/၇၉ တွင် ဒေါ်တင့်အနေဖြင့် လက်ထောက် ငှားရမ်းခကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် အိမ်ခန်း၏ တရားဝင်အိမ်ငှားဖြစ်ကြောင်း အသိအမှတ်ပြုသော အမိန့်သည် တရားမဝင် ပျက်ပြယ်ကြောင်း အတည့်အလင်း ဖော်ပြစွဲဆိုခြင်း မပြုခဲ့သော်လည်း အထက်ဖော်ပြပါ ရှင်းလင်းချက်အရ ယင်းအကြောင်းအရာမှာ ယင်းအမှုတွင် အဓိကအားဖြင့် အငြင်းပွါးခဲ့သည်ဟု မှတ်ယူရမည်ဖြစ်၍ ဒေါ်တင့်သည် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ တရားတထုံးထပ်မံ စွဲဆိုခြင်း မပြုနိုင်တော့ချေ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁-ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ထားသည်ဟု ကောက်ယူရပေမည်။

ဒေါ်တင့် နှင့် ရန်ကုန်မြို့ လက်ထောက် ငှားရမ်းခကြီးကြပ်ရေးဝန်ပါ (၃) .... ၁၉

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁–ပထမစွဲဆိုသောအမှုမှာ မြွက်ဟ ကြေငြာပေးစေလိုမှုဖြစ်ပြီး ဒုတိယစွဲဆိုသောအမှုမှာ အမွေမှုဖြစ်ပါက တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ ရှင်းလင်းချက် ၄ အရ မီးသေအမိန့် ဖြစ်မဖြစ်။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလို ဒေါ်သန်း စွဲဆိုခဲ့သည့် ပထမအမှုတွင် သူသည် ကွယ်လွန်သူဒေါ်ခင်ပု၏ တစ်ဦးတည်းသော ကိတ္တိမသမီးဖြစ်ကြောင်း၊ ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့်ပစ္စည်းများ၏ တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ပစ္စည်းများလက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။ ယခု ဒေါ်သန်းစွဲဆိုသည့် အမှုမှာ သူသည် ဒေါ်ခင်ပု၏ အပတိဋ္ဌသမီးဖြစ်သဖြင့် ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့်ပစ္စည်းများနှင့်ပတ်သက်၍ အမွေခွဲဝေပေးရန် ဒေါ်ခင်ပု၏တူ၊ တူမများဖြစ်ကြသော အယူခံတရားပြိုင်တို့ အပေါ် စွဲဆိုသည့် အမှုဖြစ်သည်။ ပထမစွဲဆိုသောအမှုမှာ မြွက်ဟ ကြေငြာပေးစေလိုမှု ဖြစ်ပြီး၊ ဒုတိယအမှုမှာ အမွေမှုဖြစ်သည်။ ကိတ္တိမသမီးဖြစ်ကြောင်းနှင့် အမွေပုံပစ္စည်းအားလုံး ပိုင်ဆိုင်ကြောင်း အဆိုပြုချက်သည် အပတိဋ္ဌ ဖြစ်

ကြောင်း မြွက်ဟကြေငြာပေးရန် သို့မဟုတ် အပတိဋ္ဌဖြစ်သဖြင့် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲ အုပ်ချုပ်ပေးရန် အဆိုပြုချက်များမှာ တစ်ခုနှင့်တစ်ခု လုံးဝစပ်ဟပ်မှုသော်လည်းကောင်း၊ ဆီလျော်မှုသော်လည်းကောင်း ရှိသည့်အဆိုပြုချက်များ မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့်အမှုတွင် သူသည်အပတိဋ္ဌသမီး ဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုနိုင်မည်မဟုတ်ပေ။ ဤကဲ့သို့ အဆိုပြုလျှင်လည်း ဥပဒေအရ ခွင့်ပြုမည်မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့်အမှုတွင် သူသည် အပတိဋ္ဌသမီးဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုရန်မဖြစ်နိုင်သဖြင့် သူ စွဲဆိုသည့် ပထမအမှု၏ စီရင်ချက်နှင့် အမိန့်သည် ယခု ဒုတိယစွဲဆိုသည့်အမှုအတွက် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မီးသေအမိန့်ဖြစ်သည်ဟု မဆိုနိုင်ချေ။

ဒေါ်သန်း နှင့် ဦးစိုးမြင့်ပါ(၇) .... ၄၇

**တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၅– ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင်–ဗဟိုတရားရုံးက သင့်တော်သောအမိန့် ချမှတ်ပေးနိုင်ခြင်း–ယေဘုယျကျသည့်တောင်းဆိုချက်ကို ဗဟိုတရားရုံးက ဆောင်ရွက်ပေးမည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅-အရ ဗဟိုတရားရုံးသည် လက်အောက်ခံတရားရုံးများက အမှုတစ်မှုတွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ယင်းအမှုကိုခေါ်ယူစစ်ဆေး၍ ပုဒ်မ ၁၁၅ (က)သို့မဟုတ်(ခ) သို့မဟုတ်(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျှင် ဗဟိုတရားရုံးက သင့်တော်သည့် အမိန့်ချမှတ် ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဗဟိုတရားရုံးက ပုဒ်မ ၁၁၅-အရ ဆောင်ရွက်နိုင်ရန် လက်အောက်ခံတရားရုံး၏ ဆုံးဖြတ်ချက် တိတိကျကျ ရှိရမည်။

ယေဘုယျကျသည့် တောင်းဆိုချက်နှင့် ပတ်သက်ပြီး ဗဟိုတရားရုံးအနေနှင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၅ အရ ဆောင်ရွက်ပေးမည် မဟုတ်ပေ။

ဦးဇော်ဝင်းပါ(၃) နှင့် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်
မန္တလေးဘဏ်ခွဲကိုယ်စား
မန်နေဂျာ ဦးတင်ဦး .... ၆၅

**တဘက်သတ်စစ်ဆေးကြားနာသောအမှုများ– ငြင်းချက်မထုတ်ပဲစစ်ဆေးရန်သော်လည်းကောင်း၊ ငြင်းချက်ထုတ်ပြီးမှ စစ်ဆေးဆုံးဖြတ်ရန်သော်လည်းကောင်း ဥပဒေပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တဘက်သတ်ကြားနာရသော အမှုများကို ငြင်းချက်မထုတ်ပဲ အဆုံးအဖြတ်ပေးရန်သော် လည်းကောင်း၊ ငြင်းချက်ထုတ်၍ တရားလိုဘက်ကို ကြားနာပြီးမှသာ အဆုံးအဖြတ် ပေးရမည်ဟူ၍သော်လည်းကောင်း ပြဋ္ဌာန်းထားချက် မရှိပေ။

ဦးလုကနတ်ပါ(၂) နှင့် ဦးကျော်မြင့်ပါ(၁၁) .... ၉၇

**အချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်မှု–တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၃ နှင့် သက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်လှကြည်တို့သည် အချေလွှာတင်ရန်အကြိမ်ကြိမ်ပျက်ကွက်ခဲ့သည်မှာ ပေါ်လွင် ထင်ရှားပေသည်။ ထိုသို့ အချေလွှာတင်သွင်းရန် ပျက်ကွက်လျှင် တရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်သည်။ အချေလွှာတင်ရန် ပျက်ကွက်ခြင်းသည် အမှုသည် လာရောက်ရန် ပျက်ကွက်သည့်အခါ ကျင့်သုံးရန် ပြဋ္ဌာန်းထားသောတရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂ နှင့် မသက်ဆိုင်ပေ။

ဒေါ်လှကြည်ပါ(၆) နှင့် ဒေါ်တင်မာဦး .... ၅၉

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၀ နည်း ၉–မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်သော ဒီကရီတွင် ယင်း ပစ္စည်းနှင့် ပတ်သက်သော ဖော်ပြချက် ပါရှိရခြင်း–၎င်း တာဝန်မှာ တရားရုံး၏ တာဝန်ဖြစ်ခြင်း– တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂–ဒီကရီတွင် ဖော်ပြရန် အချက်ကို တရားရုံးက ပျက်ကွက်ရုံမျှဖြင့် တရားနိုင်သည် ရရှိပြီး ဒီကရီ၏အကျိုးခံစားခွင့် မရှုံးစေသင့်ခြင်း– တရားရုံးသည် မိမိအလိုအလျောက် ဖြစ်စေ၊ အမှုသည်၏ လျှောက်ထားချက် အရ ဖြစ်စေ အချိန်မရွေး ပြင်ဆင်ပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဇာရီမှုအမှုတွဲ၌ပူးတွဲတင်သွင်းထားသော မြို့နယ်တရားရုံး၏ ဒီကရီမိတ္တူမှန်ကိုကြည့်ရှုလေ့လာသည့်အခါ ဒီကရီ၌ တရားလို၏အဆိုလွှာကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည် ဟူ၍သာ

စာမျက်နှာ

ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အချင်းဖြစ်မြေကွက်နှင့် ပတ်သက်၍ ဖော်ပြချက် တစုံတရာ မပါရှိပေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်း ၉ ၌ အမှုအကြောင်းခြင်းရာသည် မရွေ့မပြောင်း နိုင်သော ပစ္စည်းနှင့်ပတ်သက်နေလျှင် ဒီကရီတွင် ယင်းမရွေ့မပြောင်းနိုင်သော ပစ္စည်းကို ခွဲခြားသိရှိနိုင်ရန်အတွက် ယင်းပစ္စည်းနှင့် ပတ်သက်သော ဖော်ပြချက်ပါရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤတာဝန်မှာသက်ဆိုင်ရာ တရားရုံးက ပြုလုပ်ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဒီကရီတွင် ဖော်ပြရန်ရှိသည်များကို ဖော်ပြရန် တရားရုံးက ပျက်ကွက်ရုံမျှဖြင့် တရားနိုင်သည် မိမိရရှိပြီး ဒီကရီ၏ အကျိုးခံစားခွင့် မဆုံးရှုံးစေသင့်ပေ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ စီရင်ချက်၌ ဖြစ်စေ၊ ဒီကရီ၌ ဖြစ်စေ၊ အမိန့်၌ဖြစ်စေ ရေးသားဖော်ပြချက် သို့မဟုတ် ကိန်းဂဏန်း ဖော်ပြချက် မှားယွင်းစွာ ဖော်ပြမှု သို့မဟုတ် မရည်ရွယ်ပဲ မှားယွင်း ချွတ်ချော်သွားမှု၊ သို့မဟုတ် မရည်ရွယ်ပဲ ရေးသွင်းဖော်ပြရန် ကျန်ရှိ သွားမှုများကို တရားရုံးသည် မိမိအလိုအလျောက်ဖြစ်စေ၊ အမှုသည် တဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ အချိန်မရွေး ပြင်ဆင်နိုင် သည်ဟု ပြဋ္ဌာန်းထားသည်။

ဦးချစ်တင် နှင့် ဒေါ်သန်းသန်း .... ၇၉

**ဇာရီမှုကို ပိတ်ပေးရန်လျှောက်ထားခြင်း– တရားနိုင်သည် အချိန်မရွေး လျှောက်ထားပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားနိုင်တစ်ဦးသည် ဇာရီမှုတင်သွင်းပြီးနောက် လျှောက်ထားတောင်းဆိုသော သက်သာခွင့် ရရှိရန်အတွက် ဆက်လက် ဆောင်ရွက်ရန် အလိုမရှိတော့ပါက ဇာရီမှုကို ပိတ်ပေးရန် အချိန် မရွေးလျှောက်ထားခွင့်ရှိပေသည်။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာတရားရုံးအနေဖြင့် ဒီကရီကို မည်မျှအတိုင်းအတာအထိ အတည် ပြုပြီးကြောင်း သို့မဟုတ် ဒီကရီကို အတည်မပြုရသေးပါက ယင်းသို့ အတည်မပြုရသေးကြောင်း လိုအပ်သလို မှတ်တမ်းတင်ကာ ဇာရီမှုကို ပိတ်ပေးရန်ဖြစ်သည်။

ဂျက်ကဒူး နှင့် ဒေါ်သန်း .... ၅

စာမျက်နှာ

**အမှုရပ်စဲခြင်း–တရားမနစ်နာမှုကို ပူးတွဲပြုလုပ်သူများအနက် တစ်ဦးသေဆုံးပါကသေဆုံးသူအပေါ် အမှုရပ်စဲလျှင် ကျန်ပူးတွဲပြုလုပ်သူများအပေါ်တွင် အမှုရပ်စဲခြင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမနစ်နာမှု တခုခုကို ပူးတွဲ ပြုလုပ်သူများအနက် တဦးဦးသေဆုံးသောကြောင့် ထိုသူအပေါ် အမှုရပ်စဲပါက ကျန်ပူးတွဲပြုလုပ်သူ အပေါ် အမှုမှာလည်း ရပ်စဲသည် ဆိုခြင်းသည် အခြေခံတရားမဥပဒေသဘောတရားနှင့် ညီညွတ်ခြင်း မရှိပေ။ တရားမနစ်နာမှု တခုခုကို ပူးတွဲပြုလုပ်ကြသူတို့သည် ပူးတွဲ၍ လည်းကောင်း၊ တစ်ဦးချင်းအရလည်းကောင်း ထိုပြုလုပ်မှုအတွက် တာဝန်ရှိကြသူများဖြစ်သည်။ တဦးဦးသေဆုံးသွား၍ ထိုသူအပေါ် အမှုရပ်စဲသွားပါက ကျန်သူအတွက် ပူးတွဲတာဝန်ရှိမှုရပ်စဲသွားမည်ဖြစ်သော်လည်း တစ်ဦးချင်းအနေနှင့် တင်ရှိသည့် တာဝန်သည် ရပ်စဲခြင်း မရှိနိုင်ပေ။

ဦးစောလှိုင် နှင့် ဦးရဲထွန်းလှပါ(၆) .... ၉

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၃–အမှုရပ်စဲခြင်းရှိမရှိ–ပြင်ဆင်မှုတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း– မူလအမှုတွင် ထည့်သွင်းခြင်းဟု ကောက်ယူရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်း တရားရုံး၏ ပြင်ဆင်မှုမှာ သင်္ကန်းကျွန်းမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၄ မှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။ သို့ဖြစ်၍ ယင်းပြင်ဆင်မှုတွင် မောင်လှဆွေ၊ မောင်မြင့်ဆွေနှင့် မောင်အောင်မြင့်တို့ကို ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များအဖြစ်ဖြင့် ထည့်သွင်းခဲ့သည့်အလျောက် မူလအမှုဖြစ်သော သင်္ကန်းကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၄၉/၇၄ တွင်လည်း တရားလို ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းခဲ့ရာ ရောက်သည်ဟု ကောက်ယူသင့်ပေသည်။

ဦးတင့်ဆွေ ပါ (၄) နှင့် ဒေါ်ကြည်ကြည်ဆွေ (၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြသော မောင်လှဆွေ၊ မောင်မြင့်ဆွေ၊ မောင်အောင်မြင့်) .... ၂၅

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁—ယာယီတားဝရမ်း ထုတ်မပေးခြင်းကြောင့်၊ တရားလိုသည် ပြုပြင်၍မရသည့် ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်နိုင်မဖြစ်နိုင် ထည့်သွင်းစဉ်းစားရခြင်း-ဆုံးရှုံးနစ်နာမှု မဖြစ်ပေါ်လျှင် ယာယီတားဝရမ်း ထုတ်ပေးရန် မလိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ယာယီတားဝရမ်း ထုတ်ပေးသင့် မသင့်ချင့်ချိန်ရာ၌၊ အမှုအတောအတွင်း ယာယီတားဝရမ်း မထုတ်ပေးခြင်းကြောင့် တရားလိုသည် ပြုပြင်၍ မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်နိုင်မည် မဖြစ်နိုင်မည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားရပေမည်။ အကယ်၍ တရားလိုအတွက် ပြုပြင်၍မရနိုင်သည့် ဆုံးရှုံးမှုမျိုး ဖြစ်နိုင်မည် မဟုတ်ဟု သုံးသပ်လျှင် ယာယီတားဝရမ်း ထုတ်ပေးရန် မသင့်ချေ။

ဒေါ်ဘူဒီပါ–၅ နှင့် ဦးမောင်တင် .... ၃၆

**တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇–အယူခံမှုများတွင် နောက်ထပ်သက်သေခံချက် တင်ပြရန် အခွင့်အရေးမရှိ–အယူခံရုံးက ဆုံးဖြတ်ရန်အတွက် လိုအပ်သည်ဟု ယူဆမှသာ နောက်ထပ်သက်သေခံချက် ရယူရန်လိုခြင်း–မူလရုံးနှင့် ပထမအယူခံရုံးများတွင် အငြင်းပွားမှုမရှိသည့် အချက်ကို တတိယအယူခံရုံးက အဆုံးအဖြတ်ပေးရန် မလိုအပ်ခြင်း။**

မူလရုံးတွင် ဦးစံရွှေက ဦးလှတင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ–၁၂ (၁) (စ) အရ၊ တရားစွဲဆိုရာ တဘက်သတ်ဒီကရီ ရရှိခဲ့သည်။ ဦးလှတင်က မူလရပ်ကွက်တရားရုံး၏ ဒီကရီကို မော်လမြိုင်မြို့နယ် တရားရုံးသို့ အယူခံတက်ရာ မအောင်မြင်သဖြင့်မှန်ပြည်နယ် တရားရုံးသို့ ထပ်မံအယူခံဝင်ရာ ပြည်နယ်တရားရုံးကဦးလှတင်အား အချင်းဖြစ်အိမ် အောက်ထပ်တွင် ဆက်လက်နေစေပြီး အိမ်အပေါ်ထပ်မှ ဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ဦးစံရွှေနှင့် ဦးလှတင်နှစ်ဦးလုံးက မွန်ပြည်နယ် တရားရုံး၏အမိန့်ကို မကျေနပ်၍ တတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဦးလှတင်၏ အကျိုးဆောင်က၊ အယူခံလွှာနှင့်အတူ တင်သွင်းသော အရောင်းအဝယ်စာချုပ် မိတ္တူမှန်အရ၊ ဦးစံရွှေ၏မိခင်ဖြစ်သူ ဒေါ်စိန်နုသည် အချင်းဖြစ် အိမ်ယာမြေကို ၂၉–၁၁–၅၄

စာမျက်နှာ

နေ့၌ ဝယ်ယူထားကြောင်း ပေါ်ပေါက်နေသဖြင့် ဒေါ်စိန်နုသည် ယင်း အိမ်ကို ၁–၅–၄၅ နေ့တွင် ပိုင်ဆိုင်သူ မဟုတ်သည့်အလျောက် ယင်း ကွယ်လွန်သောအခါ ထိုအိမ်ကို အမွေဆက်ခံရရှိသော ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(စ)တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ဟု ပေါ်လွင်ကြောင်း၊ သို့ဖြစ်၍ အဆိုပါအရောင်းအဝယ် စာချုပ်မိတ္တူကို ဗဟိုတရားရုံးက၊ တရားမကျင့်ထုံးဥပဒေ အမိန့်၄၁၊ နည်းဥပဒေ ၂၇ အရ၊ သက်သေခံအ ဖြစ် လက်ခံ၍ အယူခံကို ဆုံးဖြတ်သင့်ကြောင်း၊ သို့မဟုတ် ဦးစံရွှေသည် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် အကျုံးဝင်သော ပိုင်ရှင်ဟုတ်မဟုတ် အမိန့်၄၁၊ နည်းဥပဒေ ၂၅ အရ၊ ငြင်းချက်ထုတ်၍ မူလရုံးအား စစ်ဆေးဆုံးဖြတ် စေပြီးမှ အယူခံကိုဆုံးဖြတ်သင့်ကြောင်းဖြင့်တင်ပြလျှောက်လဲသည်။ သို့ရာ တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၇ ပါပြဋ္ဌာန်း ချက်အရ အယူခံမှုများတွင် နှစ်ဘက်အမှုသည်တို့သည် နောက်ထပ်သက် သေခံချက်တင်ပြရန် အခွင့်အရေးမရှိချေ။ အယူခံကြားနာသည့် တရား ရုံးကသာ ဆုံးဖြတ်ချက်ပြုရန် အလို့ငှါ၊ သို့မဟုတ် အခြားလုံလောက် သည့် အကြောင်းတရပ်ရပ်ကြောင့် သက်သေကိုစစ်ဆေးရန် သို့မဟုတ် စာရွက်စာတမ်း တင်ပြရန် လိုအပ်သည်ဟု ယူဆလျှင် နောက်ထပ်သက် သေခံချက်များ ရယူနိုင်ပေသည်။

ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ၌ အကျုံးဝင်သော ပိုင်ရှင်ဟုတ် မဟုတ် ဟူသော အချက်မှာ မူလရုံးနှင့် ပထမ အယူခံရုံးများတွင် အငြင်းပွားမှု မရှိသည့်အလျောက် ယင်းအချက်နှင့် စပ်လျဉ်း၍ အဆုံး အဖြတ်ပေးရန် အကြောင်းမပေါ်ပေါက်ပေ။ အယူခံမှုကို အဆုံး အဖြတ်ပေးရန် မလိုအပ်သော အချက်နှင့် ပတ်သက်၍ နောက်ထပ် သက်သေခံချက် ရယူရန်လည်းမလိုချေ။ ငြင်းချက်ထပ်မံ ထုတ်နုတ် စစ်ဆေးစေရန် မသင့်ဟုယူဆသည်။

| | | | | |
|---|---|---|---|---|
| ဦးလှတင် / ဦးစံရွှေ | နှင့် | ဦးစံရွှေ / ဦးလှတင် | .... | ၅၇ |

စာမျက်နှာ

**အမှုကို ဆိုင်းငံ့ခြင်း-တရားမကြီးမှု စစ်ဆေးဆဲ ပစ္စည်းထိန်းခန့်ရန်ပေါ် ပေါက်ခြင်း- ပစ္စည်းထိန်း ခန့်အပ်မပြီးမီ တရားမကြီးမှုကို ဆိုင်းငံ့ ထားရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကြီးမှုတစ်မှုကို စစ်ဆေးရာတွင် ယင်းအမှုမှ ပေါ်ပေါက်သည့် ပစ္စည်းထိန်းခန့်အပ်ပေးရန် လျှောက်လွှာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးသည်အထိ တရားမကြီးမှုကို ဆိုင်းငံ့ထားရန် တရားရုံးတွင် အာဏာမရှိပေ။ ဤကဲ့သို့ ဆိုင်းငံ့ထားရန် တရားမ ကျင့်ထုံးဥပဒေက ခွင့်မပြုချေ။

ဦးရွှေဇံအောင် နှင့် ဒေါ်မွေးအိမ် ပါ (၆) .... ၄၄

**အမွေအုပ်ထိန်း စီမံခန့်ခွဲပေးရန်နှင့် ပစ္စည်းခွဲဝေပေးစေလိုမှု- ပဏာမ ဒီကရီ ချမှတ်ပြီးနောက် ပစ္စည်းထိန်းခန့်အပ်၍ ပစ္စည်းစာရင်းများ ကောက်ယူရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပဏာမဒီကရီ ချမှတ်ရသည့် အမွေအုပ်ထိန်း စီမံခန့်ခွဲပေးစေလိုမှုများနှင့် ပစ္စည်းခွဲဝေ ပေးစေလိုမှုများတွင် ပဏာမ ဒီကရီ ချမှတ်ပြီးနောက် တရားရုံးက ပစ္စည်းထိန်းခန့်ထားပြီး ပစ္စည်း စာရင်းများ ကောက်ယူရေးအတွက် စုံစမ်းစစ်ဆေးစေရန် တာဝန်ပေးအပ်ရသည်။ ပစ္စည်းထိန်းသည် စုံစမ်းစစ်ဆေး၍ ပစ္စည်းစာရင်းများ ကောက်ယူကာ မိမိ၏ စုံစမ်းတွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံစာ တင်သွင်း အစီရင်ခံရသည်။ ထိုအခါ တရားရုံးက အစီရင်ခံစာကို လက်ခံသည် လက်မခံသည်တို့ကို ဦးစွာဆုံးဖြတ်ရသည်။ ထိုသို့ဆုံးဖြတ်ပြီးနောက်မှ တရားရုံးက အပြီးသတ်ဒီကရီ ချမှတ်ရသည်။ အပြီးသတ်ဒီကရီ အမိန့်ချမှတ်ရာတွင် စာရင်းကောက်ယူ ရရှိသည့် ပစ္စည်းများသည် အမွေပုံပစ္စည်းများ ဟုတ်မဟုတ် ထည့်သွင်းသုံးသပ် အဆုံးအဖြတ်ပေးရသည်။

မစ္စတာလားလ်မာမက်ခန်း နှင့် မစ္စတာရှားခန်း
(မိမိအတွက်နှင့် ကွယ်လွန်သူ
မရီယံဘီဘီကိုယ်စားပါ ၁၉) .... ၄၆

**တံဆိပ်တော်ခေါင်း အက်ဥပဒေ ပုဒ်မ ၃၆-တံဆိပ်ခေါင်းကပ်ရန် လိုသော စာချုပ်ကို တံဆိပ်ခေါင်းမပါပဲ တရားရုံးက သက်သေခံအဖြစ် လက်ခံထားခြင်း- နောက်ပိုင်းတွင် သက်သေခံမဝင်ဟု မကန့်ကွက် နိုင်ခြင်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။တံဆိပ်တော်ခေါင်း အက်ဥပဒေပုဒ်မ ၃၆ အရ တံဆိပ်ခေါင်းကပ်ရန် လိုသည့် စာချုပ်တစ်ခုသည် တံဆိပ်ခေါင်း မပါပဲ တရားရုံးက အမှုတွင် သက်သေခံအဖြစ် လက်ခံထားပြီးဖြစ်လျှင် မည်သူကမှ ယင်းစာချုပ်သည် သက်သေခံမဝင်ပါဟု နောင်ပိုင်း၌ ကန့်ကွက်ခွင့် မရှိတော့ပေ။

ဦးကာစင် ပါ(၃) နှင့် ဦးအုန်းရွှေပါ (၅) .... ၈၃

**တံဆိပ်တော်ခေါင်း အက်ဥပဒေပုဒ်မ ၆–တံဆိပ်တော်ခေါင်း အက်ဥပဒေ ပုဒ်မ ၃၅–ပထမဇယားပါ စာချုပ်အမျိုးအစားနှစ်ခု၊ သို့မဟုတ်နှစ်ခု ထက်ပိုသော စာချုပ်အမျိုးအစားဖြစ်ပါက သက်ဆိုင်သည့်နှုန်းထား များအနက် အများဆုံးနှုန်းထား ထမ်းဆောင်ရခြင်း–တရားရုံးတွင် သက်သေခံအဖြစ် တင်ပြသောစာချုပ်တစ်ခုသည်ဥပဒေက ကင်းလွတ် ခွင့်ပြုခြင်းမှတပါး လိုအပ်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုတွဲပါ သက်သေခံ(က)စာချုပ်သည် တံဆိပ်ခေါင်း ဥပဒေပုဒ်မ ၅ နှင့် သက်ဆိုင်ခြင်း မရှိသော်လည်း ထိုစာချုပ်သည် အပိုင်းနှစ်ပိုင်းရှိပြီး ပထမပိုင်းသည် ပထမဇယားအပိုဒ် ၁၅ နှင့် သက်ဆိုင်ပြီး ဒုတိယပိုင်းသည် ပထမဇယားအပိုဒ် ၅၇ နှင့် သက်ဆိုင်သည့်အတွက် အပိုဒ်နှစ်ပိုဒ်နှင့် သက်ဆိုင်နေသော စာချုပ်ဖြစ်ပေသည်။ စာချုပ်တစ်ခုသည် ပထမဇယားပါ စာချုပ် အမျိုးအစား နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော စာချုပ်အမျိုးအစား ဖြစ်ပါက ထို စာချုပ်အတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းမှာ သက်ဆိုင်သည့်နှုန်းထား များအနက် အများဆုံးနှုန်းထားဖြစ်စေရမည်ဟု တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တံဆိပ်ခေါင်းကပ်ရန် လိုအပ်သည့် စာချုပ် တစ်ခုသည် လိုအပ်သော တံဆိပ်ခေါင်းများ ကပ်ထားခြင်း မရှိပါက သက်သေခံအဖြစ် လက်ခံခြင်း မပြုရဟု တံဆိပ်ခေါင်းဥပဒေ ပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားသည့်အတွက် စာချုပ်တစ်ခုကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြလာပါက ဥပဒေက ကင်းလွတ်ခွင့် ပြုထားသည့် ကိစ္စများမှတပါး မည်သည့် အကြောင်းကြောင့် တင်ပြသည် ဖြစ်စေ စာချုပ်အမျိုးအစားအလိုက် ဥပဒေနှင့်အညီ လိုအပ်သည့်တံဆိပ်ခေါင်း ခွန်ကို ထမ်းဆောင်ရပေမည်။

ဦးလှရွှေ နှင့် ဥက္ကဋ္ဌပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့ .... ၅၈

စာမျက်နှာ

**ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆-၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂ (ဆ)- အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုရပ်စဲကြောင်း နို့တစ်စာပေးခြင်း- နို့တစ်စာပေးပြီးနောက်ပိုင်း အိမ်လခ ကြွေးကျန်များ တောင်းခံခြင်း- ပဏာမပေးသောနို့တစ်စာသည် ပျက်ပြယ်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ဤအယူခံတွင် အဓိက စဉ်းစားရမည့် ပြဿနာမှာ၊ အမှုစစ်ဆေးသည့် ရပ်ကွက်တရားရုံး နှင့် အယူခံ တရားရုံးများ ကောက်ယူ ဆုံးဖြတ်သည့် အတိုင်း၊ အယူခံ တရားလို ပေးပို့သော ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာသည် တရားဝင်မဝင် ဆိုသောအချက်ဖြစ်သည်။ ဦးနှစ်သည် ယင်း အကြောင်းကြားစာ အရ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ၃၀-၁၁-၇၃ နေ့တွင် ရပ်စဲခဲ့သည်။ ထို့နောက် ၂၄-၁-၇၅ နေ့စွဲပါစာဖြင့် အယူခံတရားပြိုင်ထံမှ ရရန်ရှိသော ကြွေးငွေများကို တောင်းခံသည်။ ရပ်ကွက်တရားရုံးနှင့် အယူခံ တရားရုံးတို့က ဦးနှစ်သည် ၂၄-၁-၇၅ နေ့စွဲပါ ဒုတိယအကြောင်းကြားစာအရ၊ အိမ်ငှားထံမှ အိမ်လခများ တောင်းခံခြင်းကြောင့် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာကို ရုပ်သိမ်းရာ ရောက်သဖြင့်၊ ယင်း ပထမအကြောင်းကြားစာမှာ တရားမဝင်တော့ကြောင်း ကောက်ယူဆုံးဖြတ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)တွင် အိမ်ငှားဆိုသော စကားရပ်၌ အငှားချထားမှု၊ သို့တည်းမဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရ ဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ပဲဖြစ်စေ လက်ရှိနေထိုင်မြဲနေထိုင်သူပါဝင်သည် ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ဦးနှစ်သည် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာအရ အယူခံတရားပြိုင်အား အိမ်ခန်းငှားရမ်းထားခြင်းကို ၃၀-၁၁-၇၃ နေ့၌ ရပ်စဲခဲ့သော်လည်း၊ အယူခံ တရားပြိုင်သည် အချင်းဖြစ်အိမ်ခန်းတွင် ဆက်လက်နေထိုင်ရာ၌ အယူခံတရားလို

စာမျက်နှာ

ဦးနှစ်၏ အိမ်ငှားအဖြစ် ဆက်လက် တည်ရှိနေသောကြောင့်၊ ဦးနှစ် အနေဖြင့် ၎င်းထံမှ အိမ်လခ ကောက်ခံခွင့်ရှိပေသည်။ သို့ဖြစ်၍ ဒုတိယ အကြောင်းကြားစာအရ အိမ်လခများ တောင်းခံရုံမျှဖြင့် အိမ်ငှား ခြင်းကို ရပ်စဲသည့် ပထမအကြောင်းကြားစာကို ရုပ်သိမ်းရာ မရောက် ပေ။ ထိုမှတပါး ဦးနှစ်သည် ပထမအကြောင်းကြားစာကို ရုပ်သိမ်း လိုသည့်ဆန္ဒဖြင့် အိမ်လခ အကြွေးများတောင်းခံကြောင်းလည်း မပေါ် ပေါက်ပေ။ ထို့ကြောင့် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာ သည် ပျက်ပြယ်သွားပြီဟု မဆိုနိုင်ပေ။

ဦးနှစ် နှင့် မွတ်ဆလင်ကူညီစောင့်ရှောက်ရေး အဖွဲ့ .... ၃၁

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆ အရ ပဋိညာဉ် ပျက်ပြယ်သွားခြင်း– ငှားရမ်းထားသော အဆောက်အအုံ မီးလောင်သွားလျှင် အငှား ချထားမှုပျက်ပြယ်သွားခြင်း–နောက်ထပ်ပြန်လည်တည်ဆောက်ထား သည့် အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ အိမ်ရှင် အိမ်ငှား ဆက်သွယ် မှု မရှိလျှင် ယင်းအဆောက်အအုံကို ပြန်လည်ငှားရမ်းရန်အတွက် အရေးဆိုခွင့် တစုံတရာမရှိခြင်း။

ဆုံးဖြတ်ချက်။ ။မူလကနဦးက လျှောက်ထားခံရသူအား ငှား ရမ်းထားသည့် အိမ်ခန်းများ မရှိတော့သည့်အလျောက်၊ လျှောက်ထား သူအနေဖြင့် ကွယ်ပျောက် ပျက်စီးသွားပြီဖြစ်သော ယင်းအိမ်ခန်းများ ကို ပေးအပ်ရန် မုချမဖြစ်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည် ဟု ဆိုရပေမည်။ သို့ဖြစ်၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့ ပြုလုပ်ခဲ့ကြသည့် အိမ်ငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ်မှာ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆ အရ ပျက်ပြယ်သွားပြီဟု ကောက်ယူသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ထို့ပြင် လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့သည် နောက်ထပ် ပြန်လည် တည်ဆောက်ထားသည့် အဆောက် အအုံသစ်နှင့် စပ်လျဉ်း၍ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိချေ။ သို့ ဖြစ်၍ လျှောက်ထားခံရသူသည် ယင်းအဆောက်အအုံကို ယင်းအား ငှားရမ်းရန်အတွက် အရေးဆိုခွင့် တစုံတရာ မရှိပေ။

ဒေါ်ကျင်မှုံ နှင့် ဒေါ်ကျင်ရီ .... ၈၆

စာမျက်နှာ

**မိသားစုစီမံမှုဖြင့် အမွေပုံပစ္စည်းများ ခွဲဝေခြင်း–အမွေရှင်သေဆုံးသည့် အခါ မိသားစုစီမံမှုပြုစဉ်က ပဋိညာဉ်အတိုင်း ပစ္စည်းများကို ခွဲဝေ ယူရခြင်း–မိသားစုစီမံမှုကို နှုတ်ကတိဖြင့် ဆောင်ရွက်နိုင်ခြင်း–နှုတ် ကတိဖြင့် ပြုလုပ်သော မိသားစုစီမံမှုကို မှတ်ပုံတင်စာချုပ် ပြုလုပ် ရန် မလိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မိဘတဦးဦး မသေမီ သားသမီးများဖြစ်ကြသည့် အမွေစားအမွေခံတို့၏ သဘောတူ ညီချက်ဖြင့် အမွေပုံ ပစ္စည်းများကို ခွဲဝေပေးခွင့်ရှိသည်။ ထိုသို့ ပြုလုပ် ခြင်းမှာ မိသားစု စီမံမှုဟု ခေါ်သည်။ မိသားစု စီမံမှု ပြုလုပ်ထား လျှင် အမွေရှင် သေဆုံးသည့်အခါ မိသားစုစီမံမှု ပြုလုပ်စဉ်က ပဋိညာဉ် ပြုလုပ်ခဲ့သည့်အတိုင်း အမွေပစ္စည်းများကို ခွဲယူရမည်ဖြစ် သည်။ စာရွက်စာတမ်းဖြင့် မဟုတ်ပဲ နှုတ်ကတိများဖြင့် ထိုသို့ ပြု လုပ်သည့် မိသားစုစီမံမှုကို မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ရန်မလိုပေ။

မောင်ခွေးသိုး (ဒေါ်ထပ်ကြီး၏ နှင့် ဒေါ်မှတ်ကြီး .... ၉၂
တရားဝင်ကိုယ်စားလှယ်)

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂–မိမိတရားဝင် ရပ်တည်မှုနှင့် ပစ္စည်းတစုံတရာ ပိုင်ဆိုင်မှုကို ငြင်းဆန်ခြင်း– ငြင်းဆန်ရန် အကြောင်းရှိခြင်း ဖြစ်ပေါ်မှ တရားစွဲဆိုရခြင်း။**

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုရန်မှာ စွဲဆိုသူ၏ တရားဝင်ရပ်တည်မှု အနေအထားကို သော်လည်း ကောင်း၊ ပစ္စည်းတစုံတရာ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ တစ်ဦး တစ်ယောက်က ငြင်းဆန်ခြင်းသော် လည်းကောင်း၊ ငြင်းဆန်ရန် အကြောင်းသော်လည်းကောင်း ရှိနေမှသာ တရားရုံးသို့ မိမိတရားဝင် ရပ်တည်မှု အနေအထား သို့မဟုတ် ပိုင်ဆိုင်မှုကို မြွက်ဟကြေငြာပေးရန် လျှောက်ထားရမည်ဖြစ်သည်။

သခင်ကြင် နှင့် ဂျေနူမာအလီဘိုင်မဟာမက်(ခ)ဒေါ်မာမာ .... ၆၃

**အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၆၃–ယင်းပုဒ်မပါ ဖော်ပြချက်တွင် အကျုံးမဝင်စေကာမူ တရားမျှတသော အကြောင်းရပ် ရှိသည်ဟု တရားရုံးက ယူဆလျှင် အမွေထိန်းစာကို ရုပ်သိမ်းနိုင်ခြင်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။တရားသော အကြောင်းရပ်ရှိလျှင် အမွေထိန်းစာကို တရားရုံးက ပြန်လည်ရုပ်သိမ်းနိုင်သည်ဟု အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၆၃ တွင် ပြဋ္ဌာန်းထားသည်။ မည်သည့်နေရာမျိုးတွင် တရားသော အကြောင်းရပ်ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မတွင် ဥပမာများနှင့်တကွ ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုဖော်ပြချက်များ၊သာလျှင် ဥပဒေက ခွင့်ပြုသည့် တရားသော အကြောင်းရပ်များ ဖြစ်သည်ဟုမှတ်ယူရန် မဟုတ်ပေ။ ယင်း ဖော်ပြချက်များတွင် အကျုံးမဝင်စေကာမူ တရားရုံးက တရားသော အကြောင်းရပ် ရှိသည်ဟု ယူဆလျှင် အမွေထိန်းစာကို ရုပ်သိမ်းနိုင်သည်။

ဦးနေဝင်း(ခ)ဦးသာဒင် နှင့် မတင်လှ .... ၂၀

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၇၀ (၁)-အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာတွင် ကွယ်လွန်သူ၏ဆွေမျိုးရင်းချာများကို အမှုသည်အဖြစ် ထည့်သွင်းရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာတွင် လျှောက်လွှာ၌ သေသူ၏ မိသားစု သို့မဟုတ် ဆွေမျိုးများ၏ အမည်ကို ဖော်ပြရမည်ဟု အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၇၀ (၁)တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက လျှောက်ထားခံရသူတို့သည် မိမိတို့လျှောက်လွှာ၌ ကွယ်လွန်သူ၏ညီ၊ ညီမများကို ဖော်ပြထားခြင်းမရှိကြောင်း တင်ပြသည်။ ထိုသူတို့သည် ကွယ်လွန်သူ၏ ဆွေမျိုးရင်းချာများ ဖြစ်သည့်အလျောက် လျှောက်ထားခံရသူတို့ ဖော်ပြသော ကွယ်လွန်သူ၏ ဆွေမျိုးစာရင်းသည် ပြည့်စုံသည်ဟု မဆိုနိုင်ချေ။

ဒေါ်သောင်းမြင့် နှင့် ဒေါ်နီနီပေါ်(၃) .... ၇၁

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၁-ကွယ်လွန်သူအမြဲနေထိုင်ရာ ဒေသအတွင်းရှိ စီရင်ပိုင်ခွင့်ရုံးတွင် တရားစွဲဆိုရခြင်း-တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆/၂၀ နှင့် မသက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၁ က ကွယ်လွန်သူ အမြဲနေထိုင်ရာ ဒေသအတွင်းရှိ စီရင်ပိုင်ခွင့်အာဏာရှိသော

စာမျက်နှာ

တိုင်းတရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးပိုင်ခွင့် အာဏာရှိသည်ဟု ပြဋ္ဌာန်းထားသည်။ အမွေဆက်ခံခြင်း ဥပဒေသည် အထူးသီးခြား ဥပဒေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆/၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ချေ။

ဒေါ်သန်းမေပါ (၄) နှင့် ဦးယုကြည် .... ၀၁

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(က)–တရားလိုသည် အိမ်ပိုင်ရှင် ဟုတ်မဟုတ်ဆိုသော အချက်မှာ အမှုဆုံးဖြတ်ရန် အရေးပါ အရာရောက်သော အချက်မဟုတ်ခြင်း– အငြင်းပွားသည့် အချက်တိုင်းကို ငြင်းချက်ထုတ်ရန် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အိမ်ငှားက အိမ်လခပေးရန် ပျက်ကွက်၍ အိမ်ရှင်က နှင်လိုမှုစွဲဆိုသော **အမှု**များတွင် တရားရုံးက ဆုံးဖြတ်ရန်အချက်များမှာ တရားလို တရားပြိုင် အသီးသီးတို့သည် အိမ်ရှင်အိမ်ငှားများ ဟုတ်မဟုတ်၊ အိမ်လခမပေးပဲ ပျက်ကွက်မှု ရှိမရှိနှင့် ဥပဒေနှင့်အညီ အိမ်လခ ကြွေးများပေးရန်နှင့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ခြင်း ရှိမရှိဆိုသည့် အချက်များကိုသာ စဉ်းစားဆုံးဖြတ်ရန် လိုအပ်သည်။

တရားစွဲဆိုသောသူသည် အိမ်ပိုင်ရှင် ဟုတ်မဟုတ်ဆိုသည့် အချက်မှာ အမှုဆုံးဖြတ်ရန်အတွက် လိုအပ်သည့် အရေးပါ အရာရောက်သော အချက်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးများသည် ငြင်းချက်များ ထုတ်ရာ၌ အဆိုလွှာ၊ ချေလွှာတို့အရ အငြင်းပွားသည့် အချက်တိုင်းကို ငြင်းချက်ထုတ်၍ စစ်ဆေးရန် မဟုတ်ပေ။ အမှုဆုံးဖြတ်ရန်အတွက် အရေးပါ အရာရောက်သော၊ မထုတ်လျှင်မဖြစ်သော ငြင်းချက်များကိုသာ ထုတ်ပေး၍ အမှုများကို စစ်ဆေးရန်ဖြစ်သည်။

ဒေါ်ကြူကြူ နှင့် ဦးအောင်မြင့် .... ၁

**ပေးဆပ်ရန် ကျန်ရှိသော အိမ်လခကြွေးကျန်များမှ စပေါ်ငွေကို ခုနှိမ်ပိုင်ခွင့်–ဥပဒေတွင် ပြဋ္ဌာန်းထားချက် မရှိခြင်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။အယူခံတရားလို၏ အကျိုးဆောင်က ပေးရန်ရှိသော အိမ်လခ အကြွေးများထဲမှ အယူခံတရားလိုက အယူခံတရားပြိုင်အား ပေးထားသည့် စပေါ်ငွေ ကျပ် ၂၀၀၀/-ကို ခုနှိမ်သင့်ကြောင်း တင်ပြလျှောက်လဲသော်လည်း ထိုသို့ခုနှိမ်နိုင်ကြောင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင်ဖြစ်စေ၊ အခြားရှိရင်းစွဲ ဥပဒေတရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းချက်တစုံတရာ တင်ပြနိုင်ခြင်း မရှိချေ။ သို့ဖြစ်၍ အယူခံတရားလိုဘက်မှ တင်ပြချက်ကို လက်ခံနိုင်ရန် အကြောင်းမမြင်ပေ။

ဦးဂျော်လီဆွေ နှင့် ဦးဘသိန်း .... ၄

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဃ)-မြေပေါ်တွင် အိမ်ဆောက်ရန်အတွက် သဘောရိုးဖြင့် ရယူလိုခြင်း-အိမ်ပုံစံ လျှောက်ထားပြီး အိမ်ဆောက်ပစ္စည်း ဝယ်ယူပြီး ဖြစ်ရမည်ဟု ဥပဒေ သတ်မှတ်ချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဃ) အရ မြေရှင်သည် မြေပေါ်၌ အဆောက်အအုံ ဆောက်ရန်အတွက် ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တရားရုံးက ယုံကြည်လျှင် မြေကို လက်ရောက်အပ်ပေးမှု ဒီကရီတစ်ရပ်ကို ချမှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အိမ်ပုံစံ လျှောက်ထားပြီး ဖြစ်ရမည်၊ အိမ်ဆောက်ပစ္စည်း ဝယ်ထားပြီးဖြစ်ရမည်၊ သို့မှသာ ရိုးဖြောင့်သောသဘောဖြင့် မြေကို ပြန်ရယူလိုခြင်းဖြစ်သည်ဟု ဥပဒေသတ်မှတ်ချက်မရှိပေ။

ဦးစန်းအောင် နှင့် ဦးအောင်ကျော်ဝင်း .... ၁၃

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (စ)-ဥပစာ၏ တစိတ်တဒေသတွင် နာရီပြင်ဆိုင်ဖွင့်လှစ်ခြင်းသည် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်ဖြစ်သည်ဟု ကောက်ယူ၍ရမရ။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂ (၁) (စ) တွင် ဥပစာကို ''ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူ

**စာမျက်နှာ**

လို၍” ဟူသောစကားရပ်များကို ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်ယူ၍ မရပေ။ အချင်းဖြစ်သည့် ဥပစာသည် လူနေရန်အတွက် အသုံးပြုသည့် ဥပစာဖြစ်သလား၊ သို့မဟုတ် လူနေရန်မဟုတ်ပဲ အခြားကိစ္စရပ်များအတွက် အသုံးပြုသည့်ဥပစာဖြစ်သလား၊ လူနေရန်အတွက်အသုံးပြုသည့် ဥပစာဖြစ်လျှင် ပိုင်ရှင်က မိမိကိုယ်တိုင်နေထိုင်ရန်အတွက် အဓိကထား၍ အသုံးပြုခြင်း ဖြစ်သလားဟူသော အချက်များကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် အချင်းဖြစ်ဥပစာကို အယူခံတရားလို အနေနှင့် မိမိကိုယ်တိုင်နေထိုင်ရန်အတွက် အဓိကထား၍ အသုံးပြုမည်ဖြစ်ကြောင်း မှာ ပေါ်လွင်ထင်ရှားပေသည်။မိမိကိုယ်တိုင် နေထိုင်ပြီး ဥပစာ၏ တစိတ်တဒေသတွင် မိမိအသက်မွေးဝမ်းကျောင်းအတွက် နာရီပြင်ဆိုင် ဖွင့်လှစ်၍ အသုံးပြုရန် ရည်ရွယ်သည်ဆိုရုံမျှနှင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်မဟုတ်ဟု မဆိုနိုင်ပေ။

ဦးမောင်ကျန် နှင့် ဦးစိန်လှိုင်ပါ (၂) .... ၇၉

**ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် နှစ်ပေါင်းမည်မျှပင် နေထိုင်စေကာမူ ဆန့်ကျင်ဘက် ပိုင်ဆိုင်မှုကို မရရှိနိုင်။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူများဖြစ်၍နှစ်ပေါင်း မည်မျှပင် နေထိုင်စေကာမူ ဆန့်ကျင်ဘက် ပိုင်ဆိုင်မှုကို ရရှိနိုင်သူများ မဟုတ်ပေ။ သို့ဖြစ်၍ နှစ်ပေါင်း ၂၀ ခန့် နေထိုင်ခဲ့၍ ဆန့်ကျင်ဘက် ပိုင်ရှင်များဖြစ်သည် ဆိုသည့် တင်ပြချက်ကိုလည်း လက်ခံရန် အကြောင်းမရှိပေ။

ဒေါ်သောင်းငွေးပါ(၂) နှင့် မောင်ကြည်ပါ(၂) .... ၉၉

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈ဝ

ဒေါ်ကြူကြူ

ဇွန်လ

နှင့်

၃ဝ ရက်

ဦးအောင်မြင့် *

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) –တရားလိုသည် အိမ်ပိုင်ရှင်ဟုတ် မဟုတ်ဆိုသော အချက်မှာ အမှုဆုံးဖြတ်ရန် အရေးပါ အရာရောက်သော အချက် မဟုတ်ခြင်း။**

**အငြင်းပွားသည့် အချက်တိုင်းကို ငြင်းချက်ထုတ်ရန်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အိမ်ငှားက အိမ်လခပေးရန်ပျက်ကွက်၍ အိမ်ရှင်က နှင်လိုမှု စွဲဆိုသော အမှုများတွင်၊ တရားရုံးက ဆုံးဖြတ်ရန် အချက်များမှာ တရားလို တရားပြိုင် အသီးသီးတို့သည် အိမ်ရှင်အိမ်ငှား များ ဟုတ်မဟုတ်၊ အိမ်လခ မပေးပဲ ပျက်ကွက်မှုရှိ မရှိနှင့်၊ ဥပဒေ နှင့် အညီ အိမ်လခ ကြွေးများ ပေးရန်နှင့် အိမ်ရှင် အိမ်ငှား ဆက် သွယ်မှုကို ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ခြင်း ရှိမရှိ ဆိုသည့်အချက်များကိုသာ စဉ်းစား ဆုံးဖြတ်ရန် လိုအပ်သည်။

တရားစွဲဆိုသော သူသည် အိမ်ပိုင်ရှင် ဟုတ်မဟုတ်ဆိုသည့် အချက် မှာ အမှုဆုံးဖြတ်ရန်အတွက် လိုအပ်သည့် အရေးပါ အရာရောက်သော အချက်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးများသည် ငြင်းချက်များ ထုတ် ရာ၌ အဆိုလွှာ၊ ချေလွှာတို့အရ အငြင်းပွားသည့် အချက်တိုင်းကို ငြင်း ချက်ထုတ်၍ စစ်ဆေးရန်မဟုတ်ပေ။ အမှုဆုံးဖြတ်ရန်အတွက် အရေးပါ အရာရောက်သော၊ မထုတ်လျှင် မဖြစ်သော၊ ငြင်းချက်များကိုသာ ထုတ်ပေး၍ အမှုများကို စစ်ဆေးရန်ဖြစ်သည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၁

† ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၀၃ (တောင်ဥက္ကလာပ) တွင် ချမှတ်သော (၁၀-၁၂-၇၈) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

၁၉၈၀ လျှောက်ထားသူအတွက် -ဦးကျော်စိန်အောင်၊ ဗဟိုတရားရုံးရှေ့နေ
လျှောက်ထားခံရသူအတွက် -ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ၊

ဒေါ်ကြူကြူ နှင့် ဦးအောင်မြင့်

တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ ၁၉၇၇ ခုနှစ် တရားမကြီးမှု အမှတ် ၉ တွင် လျှောက်ထားသူ ဒေါ်ကြူကြူက လျှောက်ထားခံရသူ ဦးအောင်မြင့်အပေါ် အိမ်လခများ ပေးရန် ပျက်ကွက်သည့်အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ (၁၂) (၁) (က) အရ အိမ်နှင်လိုမှု စွဲဆိုခဲ့သည်။ ထိုအမှုတွင် တရားရုံးက ပဏာမငြင်းချက်နှင့် စပ်လျဉ်း၍ တရားလိုပေးသော အကြောင်းကြားစာသည် တရားဝင်သည်ဟု ဆုံးဖြတ်ပြီး သာမန်ငြင်းချက်များအဖြစ် (၁) တရားလိုသည် အချင်းဖြစ် အိမ်၏ ပိုင်ရှင်ဖြစ်သည် ဆိုသည်မှာမှန်သလား၊ (၂) တရားပြိုင်သည် တရားလိုအား အိမ်လခများ ပေးရန် ပျက်ကွက်ခဲ့သည်ဆိုသည်မှာ မှန်သလားနှင့် (၃) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်းဟူသော ငြင်းချက်သုံးခုကို ထုတ်ပေးခဲ့သည်။ ထိုငြင်းချက် သုံးခုအနက် အမှတ်စဉ် (၁) ဖြစ်သော တရားလိုသည် အချင်းဖြစ် အိမ်၏ ပိုင်ရှင်ဆိုသည်မှာ မှန်သလားဟူသော ငြင်းချက်သည် မူလရုံး၌ အမှုကို ဆုံးဖြတ်ရန် လိုအပ်သည့် ငြင်းချက်မဟုတ်သောကြောင့် ယင်းငြင်းချက်ကို ပယ်ဖျက်ပေးရန် ဒေါ်ကြူကြူက လျှောက်ထားခဲ့သည်။ မြို့နယ်တရားရုံးက ဒေါ်ကြူကြူ၏ လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့်၊ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်ပေးရန် လျှောက်ထားခဲ့သော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးတွင် လျှောက်ထားသူ ဒေါ်ကြူကြူက ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အဓိက အကြောင်းပြချက်များမှာ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုရှိသော အမှုမျိုးတွင် ပိုင်ဆိုင်ခွင့်ကို စိစစ်ရန်မလိုသောကြောင့် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်များသည် ဥပဒေနှင့်မညီညွတ်ကြောင်း၊ အဆိုလွှာ အချေလွှာတို့အရ အငြင်းပွားသည့် အချက်တိုင်းကို ငြင်းချက်ထုတ်ရန် မဟုတ်ပဲ၊ တရားမ ကျင့်ထုံး အမိန့် ၁၄ နည်းဥပဒေ ၁ (၁) အရ အမှုဆုံးဖြတ်ရာတွင် အရေးပါ အရာရောက်သည့် ဥပဒေကြောင်းဆိုင်ရာ သို့မဟုတ် အကြောင်းချင်းရာဆိုင်ရာ အငြင်းပွားချက်များကိုသာ ငြင်းချက်အဖြစ် ထုတ်ရန် လိုအပ်သောကြောင့်၊ ယခုအမှုတွင် အဆုံးအဖြတ်ပေးရာ၌ ထည့်သွင်း စဉ်းစားရန် မလိုအပ်သည့် ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အချက်ကို

ငြင်းချက်အဖြစ် ထုတ်ထားခြင်းမှာ မှားယွင်းကြောင်း စသည်တို့ကို တင်ပြသည်။

မူလရုံး အမှုတွဲကို လေ့လာသည့်အခါ စွဲဆိုထားသော အမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁)(က) အရ အိမ်လခများ ပေးရန်ပျက်ကွက်၍ အိမ်မှ ထွက်ခွာသွားရန် တရားစွဲဆိုသော အမှုဖြစ်ကြောင်း တွေ့ရှိရသည်။ မူလရုံး တရားပြိုင် လျှောက်ထားခံရသူ ဦးအောင်မြင့်၏ ချေလွှာအပိုဒ်(၃) အရ၊ သူသည် အဆိုပါ အိမ်၏ အိမ်ငှားဖြစ်ကြောင်းနှင့် ထိုအိမ်တွင် ယခုတိုင် နေထိုင်လျက်ရှိကြောင်း ငြင်းဆိုရန် မရှိပါဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အိမ်ငှားက အိမ်လခပေးရန် ပျက်ကွက်၍အိမ်ရှင်က နှင်လိုမှုစွဲဆိုသောအမှုများတွင် တရားရုံးက ဆုံးဖြတ်ရန် အချက်များမှာ၊ တရားလို တရားပြိုင် အသီးသီးတို့သည်အိမ်ရှင်အိမ်ငှားများ ဟုတ်မဟုတ်၊အိမ်လခမပေးပဲ ပျက်ကွက်မှုရှိမရှိနှင့် ဥပဒေနှင့် အညီ အိမ်လခကြွေးများပေးရန်နှင့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ခြင်း ရှိမရှိ ဆိုသည့် အချက်များကိုသာ စဉ်းစားဆုံးဖြတ်ရန် လိုအပ်သည်။ တရားစွဲဆိုသောသူသည် အိမ်ပိုင်ရှင် ဟုတ်မဟုတ်ဆိုသည့် အချက်မှာ အမှုဆုံးဖြတ်ရန်အတွက် လိုအပ်သည့် အရေးပါ အရာရောက်သော အချက်မဟုတ်ပေ။

တရားရုံးများသည် ငြင်းချက်များ ထုတ်ရာ၌ အဆိုလွှာ၊ ချေလွှာတို့ အရ အငြင်းပွားသည့် အချက်တိုင်းကို ငြင်းချက်ထုတ်၍ စစ်ဆေးရန်မဟုတ်ပေ။ အမှုဆုံးဖြတ်ရန်အတွက် အရေးပါ အရာရောက်သော၊ မထုတ်လျှင် မဖြစ်သော၊ ငြင်းချက်များကိုသာ ထုတ်ပေး၍ အမှုများကို စစ်ဆေးရန် ဖြစ်သည်။ ယခု အမှုတွင်အိမ်၏ ပိုင်ဆိုင်မှုကိစ္စကိုဆုံးဖြတ်ရန် မလိုအပ်သည့်အပြင်၊ တရားပြိုင်သည် အိမ်ငှားဖြစ်ကြောင်း ဝန်ခံထားသဖြင့် တရားလိုသည် အိမ်ပိုင်ရှင် မဟုတ်ပါဟု သက်သေခံ ဥပဒေပုဒ်မ ၁၁၆အရ ငြင်းဆိုခွင့်မရှိသည့်အခြေအနေတွင်၊တရားလိုသည် အချင်းဖြစ် နေအိမ်၏ ပိုင်ရှင်ဖြစ်သည်ဆိုသည်မှာ မှန်သလားဟူသော ငြင်းချက်ကို ထုတ်ထားခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။

၁၉၀၀

ဒေါ်ကြူကြူ နှင့် ဦးအောင်မြင့်

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ရေိတ်နှင့်တကွ ခွင့်ပြုပြီး မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ မူလရုံးမှ ထုတ်ထားသော ငြင်းချက်အမှတ် (၁) ဖြစ်သည့် တရားလိုသည် အချင်းဖြစ် အိမ်၏ ပိုင်ရှင်ဖြစ်သည်ဆိုသည်မှာ မှန်သလားဟူသော ငြင်းချက်ကို ပယ်ဖျက်၍အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။ ဤရုံးရှေ့နေခအဖြစ် ငွေကျပ် ၅၀/- သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်ဝင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၀

နိုဝင် ဘာလ ၂၀ ရက်

ဂျက္ကဒူး

နှင့်

ဒေါ်သန်း *

**ဇာရီမှုကိုပိတ်ပေးရန် လျှောက်ထားခြင်း- တရားနိုင်သည် အချိန်မရွေး လျှောက်ထားပိုင်ခွင့် ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။တရားနိုင်တစ်ဦးသည် ဇာရီမှုတင်သွင်းပြီးနောက် လျှောက်ထားတောင်းဆိုသော သက်သာခွင့် ရရှိရန်အတွက် ဆက်လက်ဆောင်ရွက်ရန် အလိုမရှိတော့ပါက ဇာရီမှုကိုပိတ်ပေးရန် အချိန်မရွေး လျှောက်ထားခွင့်ရှိပေသည်။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာ တရားရုံးအနေဖြင့် ဒီကရီကို မည်မျှ အတိုင်းအတာအထိ အတည်ပြုပြီးကြောင်း၊ သို့မဟုတ် ဒီကရီကို အတည်မပြုရသေးပါက ယင်းသို့ အတည်မပြုရသေးကြောင်း လိုအပ်သလို မှတ်တမ်းတင်ကာ ဇာရီမှုကို ပိတ်ပေးရန်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးခင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးဝင်းမောင်(ဖြူး)၊ ဗဟိုတရားရုံးရှေ့နေ

ဖြူးမြို့နယ်တရားရုံး၊ ဇာရီမှုအမှတ် ၆/၇၃ တွင် အယူခံတရားလို ဂျက္ကဒူးက ၎င်း၏ကိုယ်စားလှယ် ရမ်စနေဟီးဗားမားမှ တဆင့် အယူခံတရားပြိုင် ဒေါ်သန်းအပေါ် ယခင် ဖြူးမြို့နယ် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှု အမှတ် ၄/၆၁ ၌ အနိုင်ရရှိသော ဒီကရီကို အတည်ပြုရာ၊ မြို့နယ်တရားရုံးက လျှောက်လွှာကို ပယ်လိုက်သည်။ ဂျက္ကဒူးက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို ထပ်မံတင်သွင်းခြင်း ဖြစ်သည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ဂ၆

† ၁၉၇၀ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၁၁ (ဖြူး) တွင် ချမှတ်သော (၂၀-၃-၇၉) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၀

ဂျက္ကဒူး နှင့် ဒေါ်သန်း

ယခင်ဖြူးမြို့၊ မြို့နယ်တရားမ တရားသူကြီးရုံး၊ တရားမကြီးမှု အမှတ် ၄/၆၁ တွင် ဂျက္ကဒူးက ၎င်း၏ ကိုယ်စားလှယ် ရမ်စနေဟီးဗား မားမှ တဆင့် ဦးစံဖေ အပေါ် ငှားရမ်းထားသည့် အိမ်ခန်းမှ နှင်လိုမှု စွဲဆိုရာ ဒီကရီရရှိခဲ့သည်။ ဦးစံဖေ ကွယ်လွန်သွားသဖြင့် ဂျက္ကဒူးက ဦးစံဖေ၏ တရားဝင် ကိုယ်စားလှယ်ဟု ဆိုသော ဒေါ်သန်း အပေါ် ဖြူးမြို့နယ် တရားရုံး၊ ဇာရီမှု အမှတ် ၆/၇၃ တွင် အဆိုပါ ဒီကရီကို အတည်ပြုသည်။ မြို့နယ် တရားရုံးက ဒေါ်သန်းသည် ကွယ်လွန်သူ တရားရှုံးဦးစံဖေ၏ တရားဝင် ကိုယ်စားလှယ်လည်းမဟုတ်၊ ဒီကရီကို လိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိသူလည်း မဟုတ်ဟု ကောက် ယူဆုံးဖြတ်ကာ ဂျက္ကဒူးစွဲဆိုသော ဇာရီမှုကို ပယ်လိုက်သည်။

ဖြူးမြို့နယ် တရားရုံး၊ ဇာရီမှုအမှတ် ၆/၇၃ ကို လေ့လာရာ၊ တရားနိုင် ဂျက္ကဒူးက ဇာရီမှုကို ပိတ်ပေးရန် ၂၆-၉-၇၇ နေ့စွဲပါ လျှောက် လွှာအရ လျှောက်ထားသည်။ တရားနိုင် ဂျက္ကဒူး၏ အကျိုးဆောင်က လည်း ၁၀-၁၁-၇၇ နေ့စွဲပါ လျှောက်လွှာအရ ဇာရီမှုကို ပိတ်ပေး ရန် ထပ်မံလျှောက်ထားသည်။သို့သော်မြို့နယ်တရားရုံးက ၂၄-၁၁-၇၇ နေ့စွဲပါ နေ့စဉ် မှတ်တမ်း အမိန့်အရ အမှုကိုမပိတ်ပဲ ဆက်လက်စစ် ဆေးရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရှိရသည်။ တရားနိုင်တစ်ဦး သည် ဇာရီမှု တင်သွင်းပြီးနောက် လျှောက်ထား တောင်းဆိုသော သက်သာခွင့် ရရှိရန်အတွက် ဆက်လက်ဆောင်ရွက်ရန် အလိုမရှိတော့ ပါက ဇာရီမှုကိုပိတ်ပေးရန် အချိန်မရွေး လျှောက်ထားခွင့်ရှိပေသည်။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာ တရားရုံးအနေဖြင့် ဒီကရီ ကို မည်မျှအတိုင်းအတာအထိ အတည်ပြုပြီးကြောင်း၊ သို့မဟုတ် ဒီက ရီကို အတည်မပြုရသေးပါက ယင်းသို့ အတည်မပြုရသေးကြောင်း လိုအပ်သလို မှတ်တမ်းတင်ကာ ဇာရီမှုကို ပိတ်ပေးရန်ဖြစ်သည်။ ဤ အမှုတွင် တရားနိုင် ဂျက္ကဒူးသည် ဇာရီမှုကို ပိတ်ပေးရန် လျှောက်ထား ပါလျက် မြို့နယ်တရားရုံးက အမှုကို ဆက်လက် ဆောင်ရွက်ခြင်းမှာ မှားယွင်းချွတ်ချော် နေပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ မြို့နယ်တရားရုံး၏ ဆုံးဖြတ် ချက်နှင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုသော ပဲခူးတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်လိုက်သည်။ တရားနိုင် ဂျက္ကဒူး လျှောက် ထားသည့် အတိုင်း "ဒီကရီကိုကျေအေး ပြေငြိမ်းအောင် မဆောင်ရွက် ရသေးကြောင်း" ဇာရီမှုတွင် မှတ်တမ်းတင်၍ ယင်းအမှုကို ပိတ်ထား ရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။ ရှေ့နေစကို ကျပ် ၂၅/ ဟု သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်
ဗိုလ်မှူးချုပ်ခင်အုန်းတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဂျော်လီဆွေ

နှင့်

ဦးဘသိန်း *

† ၁၉၈၀
ဒီဇင် ဘာလ
၂၆ ရက်

**ပေးဆပ်ရန် ကျန်ရှိသော အိမ်လခ ကြွေးကျန်များမှ စပေါ်ငွေကို ခုနှိမ် ပိုင်ခွင့်-ဥပဒေတွင် ပြဋ္ဌာန်းထားချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလို၏ အကျိုးဆောင်က ပေးရန်ရှိသော အိမ်လခ အကြွေးများထဲမှ အယူခံ တရားလိုက အယူခံတရားပြိုင်အား ပေးထားသည့် စပေါ်ငွေ ကျပ် ၂၀၀၀/-ကိုခုနှိမ်သင့်ကြောင်း တင်ပြလျှောက်လဲသော်လည်း ထိုသို့ ခုနှိမ်နိုင်ကြောင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင် ဖြစ်စေ၊ အခြားရှိရင်းစွဲ ဥပဒေတရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းချက် တစုံတရာ တင်ပြနိုင်ခြင်းမရှိချေ။ သို့ဖြစ်၍ အယူခံတရားလိုဘက်မှ တင်ပြချက်ကို လက်ခံနိုင်ရန် အကြောင်းမမြင်ပေ။

အယူခံတရားလိုအတွက် - ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးမောင်မောင်လေး၊ ဗဟို တရားရုံး ရှေ့နေ။

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ် တရားရုံး၊ ဇာရီမှုအမှတ် ၁/၇၈ တွင် အယူခံတရားပြိုင် ဦးဘသိန်းက ယင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃/၇၆ ၌ ချမှတ်ထားသော နှင်လိုမှု ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည်။ အယူခံတရားလို ဦးဂျော်လီဆွေက ပေးရန်ရှိသော အိမ်လခအကြွေးငွေ ကျပ်၂၇၀၀/-မှ အယူခံ တရားပြိုင်အား ပေးထားသည့် စပေါ်ငွေ ကျပ် ၂၀၀၀/-ကို ခုနှိမ်ပေးရန်နှင့် ကျန်

* ၁၉၇၉ ခုနှစ်၊ တရားမ ထွေအထွေအယူခံမှု အမှတ် ၅၀

† ၁၉၇၉ ခုနှစ်၊ တရားမ အသေးအဖွဲ့မှု အမှတ် ၃ (ရန်ကင်း) တွင် ချမှတ်သော (၁၇-၁၀-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၀

ဦးရျော်လီ ခေ့ဆွ နှင့် ဦးဘသိန်း

ငွေကို တစ်လလျှင် ကျပ် ၅၀/–နှုန်းဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားရာ မြို့နယ်တရားရုံးက အယူခံ တရားလို၏ လျှောက်လွှာကို ပယ်လိုက်သည်။ အယူခံတရားလိုက မြို့နယ်တရားရုံး၏အမိန့်ကိုရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

အယူခံတရားလို၏အကျိုးဆောင်က မြို့နယ်တရားရုံးသည် အိမ်လခ အကြွေး ကျပ် ၇၀၀/–ကျန်သည်ဟု တရားမကြီးမှု အမှတ် ၃/၇၆ တွင် ဆုံးဖြတ်ခဲ့ပါလျက် ဇာရီမှုတွင် အိမ်လခ အကြွေး ကျပ် ၂၇၀၀/– ရှိကြောင်း ဆုံးဖြတ်ခြင်းသည် မူလဒီကရီကို ပြင်ဆင်ရာ ရောက်သဖြင့် မှားယွင်း ချွတ်ချော်ကြောင်း တင်ပြသည်။ အယူခံ တရားပြိုင် ဦးဘ သိန်းသည် ဒီကရီကို အတည်ပြုရန်အတွက် ဇာရီမှု ဖွင့်လှစ်သောအခါ အယူခံ တရားလို ဦးရျော်လီဆွေက ဒီကရီကို ဖျက်သိမ်းပေးရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁)အရ လျှောက်ထားရာတွင်၊ တရားနိုင်ဖြစ်သော ဦးဘ သိန်းအား အိမ်လခအကြွေး ငွေကျပ် ၂၇၀၀/-ပေးရန် ရှိကြောင်း ဝန်ခံထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ မြို့နယ်တရားရုံးက အယူခံ တရားလိုသည် အိမ်လခ အကြွေးငွေကျပ် ၂၇၀၀/–ပေးရန် ရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလို၏ အကျိုးဆောင်က ပေးရန်ရှိသော အိမ်လခ အကြွေးများထဲမှ အယူခံ တရားလိုက အယူခံတရားပြိုင်အား ပေးထား သည့်စပေါ်ငွေ ကျပ် ၂၀၀၀/–ကို ခုနှိမ်သင့်ကြောင်း တင်ပြလျှောက် လဲသော်လည်း ထိုသို့ ခုနှိမ်နိုင်ကြောင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင်ဖြစ်စေ၊ အခြားရှိရင်းစွဲ ဥပဒေ တရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းချက် တစုံတရာ တင်ပြနိုင်ခြင်း မရှိချေ။ သို့ဖြစ်၍ အယူခံတရားလိုဘက်မှ တင်ပြချက်ကိုလက်ခံနိုင်ရန်အကြောင်း မမြင်ပေ။

အိမ်လခကြွေးများကို မည်သို့မည်ပုံ ပေးဆပ်ရန် မြို့နယ်တရားရုံးက သတ်မှတ်သော စည်းကမ်းချက်များသည် ဥပဒေအရ မှားယွင်း ချွတ် ချော်သည်ဟု မဆိုနိုင်သဖြင့်၊ အယူခံတရားလို၏ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးစောလှိုင်

နှင့်

ဦးရဲထွန်းလှပါ(၆)*

† ၁၉၀၀

ဩဂုတ်လ ၂၀ ရက်

**အမှုရပ်စဲခြင်း—တရားမ နစ်နာမှုကို ပူးတွဲပြုလုပ်သူများအနက် တစ်ဦး သေဆုံးပါက သေဆုံးသူအပေါ် အမှုရပ်စဲလျှင် ကျန်ပူးတွဲ ပြုလုပ်သူများ အပေါ်တွင် အမှုရပ်စဲခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမ နစ်နာမှု တစ်ခုခုကို ပူးတွဲပြုလုပ်သူများ အနက် တစ်ဦးဦး သေဆုံးသောကြောင့်၊ ထိုသူအပေါ် အမှုရပ်စဲ ပါက ကျန်ပူးတွဲ ပြုလုပ်သူအပေါ် အမှုမှာလည်း ရပ်စဲသည် ဆိုခြင်း သည်၊ အခြေခံတရားမ ဥပဒေ သဘောတရားနှင့် ညီညွတ်ခြင်းမရှိပေ။ တရားမ နစ်နာမှုတစ်ခုခုကို ပူးတွဲ ပြုလုပ်ကြသူတို့သည် ပူးတွဲ၍လည်း ကောင်း၊ တစ်ဦးချင်းအရလည်းကောင်း ထိုပြုလုပ်မှုအတွက် တာဝန် ရှိကြသူများ ဖြစ်သည်။ တစ်ဦးဦး သေဆုံးသွား၍ ထိုသူအပေါ် အမှု ရပ်စဲသွားပါက ကျန်သူအတွက် ပူးတွဲတာဝန်ရှိမှု ရပ်စဲသွားမည်ဖြစ် သော်လည်း တစ်ဦးချင်း အနေနှင့် တင်ရှိသည့် တာဝန်သည် ရပ်စဲခြင်း မရှိနိုင်ပေ။

လျှောက်ထားသူအတွက် —ဦးသာထွန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)

လျှောက်ထားခံရသူများအတွက် —ဦးရဲခေါင်ညွန့်၊ ဗဟိုတရားရုံးရှေ့နေ
ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ

ယခင်နိုင်ငံတော် တရားရုံးချုပ် တရားမကြီးမှု အမှတ် ၄၆ / ၆၀၊ ယခု ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှုအမှတ်-၂ / ၇၅တွင် လျှောက်

* ၁၉၇၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၁၀၀

† ၁၉၇၃ ခုနှစ်၊တရားမကြီးမှု အမှတ်—၂ (ဗိုလ်တထောင်) တွင် ချမှတ်သော (၁၄-၇-၇၆) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

ဦး စောလှိုင် နှင့် ဦးရဲထွန်းလှ ပါ (၆)

ထားခံရသူ အမှတ်(၆) ဦးစိန်ချော က တရားလို ပြုလုပ်၍ ဦးဘတင်၊ ဗိုလ်အေးကြိုင်နှင့် လျှောက်ထားသူ ဦးစောလှိုင်တို့သည် ယင်းအပေါ် မလိုမုန်းထား၍ တရားစွဲဆိုသည့်အတွက် လျော်ကြေးငွေ ကျပ် ၁၂၀၀၀၀/- ရလိုမှုစွဲဆိုခဲ့သည်။ ဗိုလ်အေးကြိုင်အား တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားပြိုင်အဖြစ်မှ နုတ်ပယ်ခဲ့သည်။ ထိုအမှုတွင် တရားလို ဦးစိန်ချောနှင့် သူ၏ သက်သေများကို စစ်ဆေးပြီး တရားပြိုင် ဦးဘတင် အားစစ်ဆေးပြီးသည့်အခါ ဦးဘတင် ကွယ်လွန်သွားခဲ့သည်။ ဦးစိန်ချော က ဦးဘတင်၏ တရားဝင် ကိုယ်စားလှယ်များအဖြစ် လျှောက်ထားခံရသူ အမှတ်(၁)မှ အမှတ်(၅)တို့ကို ထည့်သွင်းပေးရန် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက မလိုမုန်းထား၍ တရားစွဲဆိုသည့်အတွက် လျော်ကြေးရလိုမှုတွင် သေဆုံးသွားသော တရားပြိုင် ဦးဘတင်၏ နေရာ၌ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းရန် မလိုဟု ဆုံးဖြတ်၍ ဦးဘတင် အပေါ် စွဲဆိုသောအမှုကို ပိတ်ခဲ့သည်။ လျှောက်ထားသူ ဦးစောလှိုင် ကသည်း ယင်းမှာ ဦးဘတင်၏ လုပ်ဆောင်ချက်ကို ဝတ္တရားအရ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်၍၊ ယင်းအပေါ် စွဲဆိုထားသည့် အမှုကိုလည်း ပိတ်ရန် လျှောက်ထားခဲ့သော်လည်း၊ တိုင်းတရားရုံးက လျှောက်ထားသူ ဦးစောလှိုင်အပေါ် အမှုကို မပိတ်ခြင်းကြောင့် ဤပြင်ဆင်မှုကို တင် သွင်းခြင်းဖြစ်သည်။

လျှောက်ထားခံရသူ အမှတ်(၆)ဦးစိန်ချောသည် ယခင်မြန်မာ့ပြည်သူ့ဘဏ်လီမိတက်တွင် အထွေထွေအုပ်ချုပ်ရေးမှူးချုပ်အဖြစ် အမှုထမ်းခဲ့သည်။ မူလရုံး တရားပြိုင် ဦးဘတင်မှာ ယင်းဘဏ်၏ မန်နေဂျင်း ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ လျှောက်ထားသူ ဦးစောလှိုင် သည် ယင်းဘဏ်တွင် လက်ထောက် ကြီးကြပ်ရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ဦးဘတင်နှင့် ဦးစိန်ချောတို့ မသင့်မြတ်ကြ၍ ဦးဘတင်၏ ညွှန်ကြားချက်အရ ဘဏ်မှ အထူးအရာရှိ ဗိုလ်အေးကြိုင်က တရားလိုပြုလုပ်၍ ဦးစိန်ချောနှင့်(၃)ဦးအပေါ်၊ ဆဋ္ဌမရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့သည်။ ထိုအမှု များကို ဗိုလ်အေးကြိုင်က ၂၀-၂-၆၄ နေ့တွင် ရုပ်သိမ်း ခဲ့သည်။ ၁၁-၃-၆၄ နေ့တွင် ယခင် မြန်မာ့ပြည်သူ့ဘဏ်လီမိတက်ကို ပြည်သူ ပိုင်သိမ်းလိုက်သဖြင့် ပြည်သူ့ဘဏ် အမှတ်(၁၉) ဖြစ်သွားသည်။ ထို ဘဏ်၏ လက်ထောက်ကြီးကြပ်ရေးမှူးဖြစ်သူ လျှောက်ထားသူ ဦးစော လှိုင်က ဦးစိန်ချောအပေါ် ဗိုလ်အေးကြိုင် စွဲဆိုထားခဲ့သည့် အတိုင်း ဦးစိန်ချောသည် ဦးဘလှနှင့် ပူးပေါင်း၍ ပစ္စည်းများသည် စိန်မဟုတ်

၁၉၀၀

ဦး စော လှိုင်
နှင့်
ဦးရဲထွန်းမှ
ပါ (၆)

ကြောင်းသိလျက်နှင့် စိန်အဖြစ် တန်ဖိုးထားငွေချေးနှဲ၍ လိမ်လည်မှုကို ကျူးလွန်ပါသည်ဟု တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ဦးစိန်ချော အား တရားရုံးမှ တရားရှင်လွှတ်လိုက်သည်။ ဦးဘတင်နှင့် ဦးစောလှိုင် တို့သည် မလိုမုန်းထား၍ ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့သည့် အတွက် ဦးစိန်ချောတွင် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း၊ လူအများ အထင်အမြင် သေးခံရခြင်း၊ ဂုဏ်ကျက်သရေယုတ်လျော့စေခြင်း စသည်တို့ကိုခံစားရ သည့်အတွက် လျော်ကြေးငွေရလိုကြောင်းဖြင့် ဦးစိန်ချောက မူလရုံး တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် အဓိကအကြောင်းပြချက်များမှာ၊ လျှောက်ထား သူ ဦးစောလှိုင်သည် ဘဏ်အမှုထမ်းတစ်ဦးအနေနှင့် ယခင် ဦးဘတင်တို့ ဆောင်ရွက်ခဲ့သည်ကို ဝတ္တရားအရ ဆက်လက် ဆောင်ရွက်ခြင်းသာ ဖြစ်၍ ယင်းအပေါ် အမှုကို မပိတ်ပဲ ဆက်လက်စစ်ဆေးရန် ဆုံးဖြတ် ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ ဦးစောလှိုင်သည် ဦးဘတင် နှင့် ပူးတွဲ၍ တရားမ နစ်နာမှုကိုဖြစ်စေခဲ့သည်ဟု စွဲဆိုခဲ့သောကြောင့် တရားမ နစ်နာမှုကို ပူးတွဲပြုလုပ်ခဲ့သူတို့အနက် တစ်ဦးဦး သေဆုံးသည့် အခါ သေဆုံးသူအပေါ် အမှုရပ်စဲသွားပါက ကျန်ပူးတွဲကျူးလွန်သူ အပေါ် စွဲဆိုထားသော အမှုမှာလည်း ရပ်စဲသည်ဟု ဆုံးဖြတ်သင့်ပါ လျက် မဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း စသည်တို့ ဖြစ်ပေ သည်။

လျှောက်ထားသူ ဦးစောလှိုင်သည် အမှုထမ်း တစ်ဦးအနေနှင့် အထက်မှ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ခဲ့ရသူဖြစ်၍၊ မလိုမုန်းထား ၍ တရားစွဲဆိုခြင်း မဟုတ်သည့်အတွက်၊ စွဲဆိုထားသည့်အတိုင်း လျော် ကြေးငွေ ပေးထိုက် မပေးထိုက်ဆိုသည့် ငြင်းချက်မှာ၊ တရားကြီးမှုကို ဆက်လက် စစ်ဆေးပြီး စဉ်းစား ဆုံးဖြတ်ရန် အချက်ဖြစ်သည်။ ယခု ရုံးရှေ့ရှိ ဆုံးဖြတ်ရန်ကိစ္စမှာ ပူးတွဲတရားပြိုင် ဦးဘတင် သေဆုံးခြင်း ကြောင့်၊ ယင်းအပေါ် စွဲထားသော အမှု ရပ်စဲသွားသည့် အတွက်၊ လျှောက်ထားသူ ဦးစောလှိုင်အပေါ် စွဲဆိုထားသည့် အမှုလည်း ရပ်စဲ ခြင်း ရှိမရှိ ဆုံးဖြတ်ရန်ဖြစ်သည်။

အဆိုလွှာ အပိုဒ်(၂၃)တွင် ဦးစိန်ချောအပေါ် ပြစ်မှုကြောင်းအရ ဦးစောလှိုင်က စွဲဆိုခဲ့ခြင်းသည်၊ ဦးဘတင်၏ စီစဉ်ညွှန်ကြား ခိုင်းစေ ချက်အရ၊ ယခင် မြန်မာ့ပြည်သူ့ဘဏ်လက်ထက်က ဗိုလ်အေးကြိုင်က စွဲဆိုခဲ့ပြီးနောက်၊ ရုပ်သိမ်း၍ ပိတ်သွားခဲ့သော ရာဇဝတ်မှုကြီးအမှတ် ၉၂၇/၆၂ တွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုစဉ်က ဦးတိုက်

၁၉၀၀

ဦး စော လှိုင် နှင့် ဦးရဲထွန်းလှ ပါ (၆)

စွဲဆိုလွှာပါအတိုင်း၊ တရားလိုပြုလုပ်၍ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်ဟု ဦးစိန်ချောက ဝန်ခံထားသဖြင့်၊ ဦးဘကင်သာလျှင် ဦးစိန်ချောအား အဓိက နစ်နာစေမှုကို ပြုလုပ်သူ ဖြစ်သောကြောင့်လည်းကောင်း၊ ဦးစောလှိုင်သည် ဦးဘတင်ကြောင့်သာ ဦးစိန်ချောကို တရားစွဲဆိုခြင်းဖြစ်၍လည်းကောင်း၊ ဦးဘတင်နှင့် ဦးစောလှိုင်တို့သည် တရားမ နစ်နာစေမှုကို ပူးတွဲ ပြုလုပ်သူများ ဖြစ်ကြောင်း၊ တရားမ နစ်နာမှုကိုပူးတွဲပြုလုပ်သူ တစ်ဦးဖြစ်သူ ဦးဘတင် သေဆုံး၍ ထိုသူ၏အပေါ် အမှုရပ်စဲသွားသည့်အခါ၊ ဦးစောလှိုင်အပေါ် စွဲဆိုသည့်အမှုလည်း ရပ်စဲရမည်ဖြစ်ကြောင်း လျှောက်ထားသူဘက်မှ တင်ပြခဲ့သည်။

တရားမ နစ်နာမှု တစ်ခုခုကို ပူးတွဲပြုလုပ်သူများအနက် တစ်ဦးဦး သေဆုံးသောကြောင့် ထိုသူအပေါ် အမှုရပ်စဲပါက ကျန်ပူးတွဲပြုလုပ်သူအပေါ် အမှုမှာလည်း ရပ်စဲသည်ဆိုခြင်းသည် အခြေခံ တရားမဥပဒေသဘောတရားနှင့် ညီညွတ်ခြင်းမရှိပေ။ တရားမ နစ်နာမှု တခုခုကို ပူးတွဲ ပြုလုပ်ကြသူတို့သည် ပူးတွဲ၍လည်းကောင်း၊ တစ်ဦးချင်း အရလည်းကောင်း ထိုပြုလုပ်မှုအတွက် တာဝန်ရှိကြသူများ ဖြစ်သည်။ တစ်ဦးဦး သေဆုံးသွား၍ ထိုသူအပေါ် အမှုရပ်စဲသွားပါက ကျန်သူအဘွက် ပူးတွဲဘာဝန်ရှိမှု ရပ်စဲသွားမည်ဖြစ်သော်လည်း တစ်ဦးချင်းအနေနှင့် တင်ရှိသည့်တာဝန်သည် ရပ်စဲခြင်းမရှိနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရှေ့နေခအဖြစ် ငွေ ကျပ် ၅၀/-သတ်မှတ်သည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုအရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစန်းအောင်

နှင့်

ဦးအောင်ကျော်ဝင်း*

† ၁၉၇၀

ဇူလိုင်လ ၃၁ ရက်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဃ) –မြေပေါ်တွင် အိမ်ဆောက်ရန်အတွက် သဘောရိုးဖြင့် ရယူလိုခြင်း–အိမ်ပုံစံလျှောက်ထားပြီး အိမ်ဆောက်ပစ္စည်း ဝယ်ယူပြီးဖြစ်ရမည်ဟု ဥပဒေသတ်မှတ်ချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဃ) အရ မြေရှင်သည် မြေပေါ်၌ အဆောက်အအုံ ဆောက်ရန်အတွက် ရိုးဖြောင့်သော သဘောဖြင့် ရယူလိုသည်ဟုတရားရုံးက ယုံကြည်လျှင် မြေကို လက်ရောက် အပ်ပေးမှု ဒီကရီတစ်ရပ်ကို ချမှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အိမ်ပုံစံ လျှောက်ထားပြီးဖြစ်ရမည်၊ အိမ်ဆောက်ပစ္စည်းဝယ်ထားပြီးဖြစ်ရမည်၊ သို့မှသာ ရိုးဖြောင့်သောသဘောဖြင့် မြေကို ပြန်ရယူလိုခြင်းဖြစ်သည်ဟု ဥပဒေသတ်မှတ်ချက် မရှိပေ။

အယူခံတရားလိုအတွက် –ဦးထင်အောင်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် –ဦးခင်၊ ဗဟိုတရားရုံးရှေ့နေ။

တောင်ငူမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂/၇၅ တွင် အယူခံတရားပြိုင် ဦးအောင်ကျော်ဝင်းက အယူခံတရားလို ဦးစန်းအောင် အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)နှင့်(ဃ)တို့အရမြေမှ နှင်လိုမှု တရားစွဲဆိုပြီး အနိုင်ဒီကရီ ရရှိခဲ့သည်။ အယူခံတရားလိုက ယင်းဒီကရီကိုမကျေနပ်၍

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၂၇

† ၁၉၇၇ ခုနှစ်၊တရားမအယူခံမှု အမှတ် ၁၇ (တောင်ငူ) တွင်ချမှတ်သော (၅-၁၂-၇၀) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ပဲခူးတိုင်း တရားရုံး တရားမ အယူခံမှု အမှတ် ၁၇/၇၇ တွင် အယူခံတင်ခဲ့ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

ဤအယူခံမှုတွင် စဉ်းစားရန် အချက်တစ်ချက်သာရှိသည်။ ယင်းအချက်မှာ အယူခံတရားပြိုင်သည် အငှားဖြစ် မြေကို ရိုးဖြောင့်သောသဘောဖြင့် အိမ်ဆောက်ရန် ပြန်ရယူလိုခြင်း ဟုတ်မဟုတ် ဟူသော အချက်ဖြစ်သည်။

အယူခံတရားလိုက အယူခံတရားပြိုင်သည် အိမ်ဆောက်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံမှ အတည်ပြုထားသော အိမ်ပုံစံ မရရှိသေးကြောင်း၊ အိမ်ဆောက်ရန် အိမ်ဆောက်ပစ္စည်းများ မဝယ်ရသေးကြောင်းနှင့် အယူခံတရားပြိုင်သည် ရန်ကုန်မြို့တွင် နေထိုင်သူ ဖြစ်ကြောင်း၊ထို့ကြောင့် အယူခံ တရားပြိုင်သည် အငှားဖြစ်မြေကို သဘောရိုးဖြင့်ပြန်လည် ရယူလိုခြင်း မဟုတ်ကြောင်း အစရှိသဖြင့် တင်ပြခဲ့သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဃ) အရ မြေရှင်သည် မြေပေါ်၌ အဆောက်အအုံဆောက်ရန်အတွက် ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု တရားရုံးက ယုံကြည်ချင်မြေကိုလက်ရောက်အပ်ပေးမှု ဒီကရီတစ်ရပ်ကိုချမှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အိမ်ပုံစံ လျှောက်ထားပြီး ဖြစ်ရမည်၊ အိမ်ဆောက်ပစ္စည်း ဝယ်ထားပြီး ဖြစ်ရမည်၊ သို့မှသာ ရိုးဖြောင့်သော သဘောဖြင့် မြေကို ပြန်ရယူလိုခြင်း ဖြစ်သည်ဟု ဥပဒေသတ်မှတ်ချက် မရှိပေ။ တရားလိုသည် အငှားဖြစ် ခြံမြေပေါ်၌ အိမ်ဆောက်ရန် ရည်ရွယ်ချက် ရှိမရှိကိုသာ ဥပဒေအရ စဉ်းစားရန် ဖြစ်ပေသည်။ ယခုအမှုတွင် အယူခံတရားပြိုင် ဦးအောင်ကျော်ဝင်းမှာ အသက် ၂၉ နှစ်ရှိပြီး အိမ်ထောင်ပြုရန် စေ့စပ်ထားပြီးကြောင်း၊အိမ်ဆောက်ရန် ပစ္စည်းအချို့အဝက်ကိုလည်း စုဆောင်းထားပြီးကြောင်း ပေါ်လွင်သည်။ ဦးအောင်ကျော်ဝင်းသည် ရန်ကုန်မြို့၌ နေထိုင်ရာမှ ခေတ္တခဏသာ စာမေးပွဲ ဖြေဆိုရန်အတွက် နေထိုင်ကြောင်း ဖြစ်သည်ဟု သက်သေအထောက်အထားအရလည်း ပေါ်လွင်သည်။ ဦးအောင်ကျော်ဝင်းသည် အငှားဖြစ် မြေမှအပ အခြားမြေဖြစ်စေ၊ အိမ်ဖြစ်စေ ပိုင်ဆိုင်ကြောင်း သက်သေအထောက်အထား မရှိသည့်အပြင်၊ ဦးအောင်ကျော်ဝင်းသည် မိမိပိုင်မြေကို မရိုးမဖြောင့်သော စိတ်ဖြင့် လီဆယ်ပြီး မဟုတ်မမှန်သော အချက်အလက်များ တင်ပြ၍ ရယူရန်အတွက် တရား

စွဲဆိုခြင်းသာ ဖြစ်သည်ဟုလည်း သက်သေ အထောက်အထားမရှိချေ။ ထို့ကြောင့် ဦးအောင်ကျော်ဝင်းသည် အချင်းဖြစ်မြေကို ရိုးဖြောင့်သော သဘောဖြင့် ပြန်လည်ရယူလိုခြင်းမှာ မှန်ကန်သည်ဟု မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့က ဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ကိုက်ညီပေသည်။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေရန် အမိန့်ချမှတ်သည်။

၁၉၇၉

ဦးစန်းအောင်
နှင့်
ဦးအောင်ကျော်ဝင်း

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀

ဇန်နဝါရီလ ၁၀ ရက်

ဒေါ်တင်တင်ရီပါ(၃)

နှင့်

မောင်ခင်မောင်အေးပါ(၃)*

တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၂-ထုချေလိုသည့် အချက်နှင့် ကန့်ကွက်လိုသည့် အချက်များကို ချေလွှာဖြင့် ချေပ ကန့်ကွက်ရခြင်း။

တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၂- အဆိုလွှာနှင့် အချေလွှာတို့ကို စိစစ်၍ ဦးစွာ ဆုံးဖြတ်ပေးသင့်ကြောင်းတွေ့က ပဏာမငြင်းချက်ထုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံး အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ မောင်ခင်မောင်အေးက အချင်းဖြစ် အိမ်နှင့် စပ်လျဉ်း၍ မိမိသည် အမွေဆိုင်တစ်ဦးဖြစ်ကြောင်း ဆိုသည့်အချက်ကို အခြေခံထားကာ ပဏာမအနေဖြင့် ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၂-၌ တရားပြိုင် တစ်ဦးသည် မိမိတင်သွင်းသော အချေလွှာအားဖြင့် ထုချေလိုသည့် အချက်အလက်များနှင့် ကန့်ကွက်လိုသည့် အချက်အလက်များ အားလုံးကို ထည့်သွင်းချေပ ကန့်ကွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်အရ မောင်ခင်မောင်အေး၏ ကန့်ကွက်ချက်မှာ အချေလွှာ၌ထည့်သွင်းကန့်ကွက်နိုင်သော ကန့်ကွက်ချက်ဖြစ်သည်။ သက်သေမစစ်ဆေးပဲ အဆုံးအဖြတ်ပေးနိုင်သော ကန့်ကွက်ချက်လည်း မဟုတ်၍ ချေလွှာကိုသာ တင်သင့်ပေသည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၂

† ၁၉၇၈ ခုနှစ်၊ တရားမကြီးအမှု အမှတ် ၂၅ တွင် ချမှတ်သော (၁၉-၁၀-၇၈)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၇၀

ဒေါ်တင်တင်ရီ ပါ (၃) နှင့် မောင်ခင် မောင်အေး ပါ (၃)

**ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၂ အရလည်း တရားရုံးများသည် အဆိုလွှာနှင့် အချေလွှာတို့ကို စိစစ် သုံးသပ်ပြီး၊ ဥပဒေ အချက်အလက်နှင့် ပတ်သက်၍ ဦးစွာဆုံးဖြတ်ပေး သင့်သည်ဟု ယူဆသည့်အခါများတွင်၊ ယင်းဥပဒေ အချက်အလက်ကို ပဏာမငြင်းချက်အဖြစ်ထုတ်၍ နှစ်ဘက်ကြားနာကာ အဆုံး အဖြတ် ပေးနိုင်သေးသည်။

လျှောက်ထားသူများအတွက် –ဦးစံသိန်း(၁)၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူများအတွက် – ဦးကျော်မြင့်အောင်၊ ဗဟိုတရားရုံး ရှေ့နေ။

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှု အမှတ် ၂၅/၇၀ ၌ လျှောက် ထားသူ ဒေါ်တင်တင်ရီပါ (၃)ဦးတို့က လျှောက်ထားခံရသူ မောင် ခင်မောင်အေးပါ(၃)ဦးတို့အပေါ် အခမဲ့ နေခွင့်ပြုထားသည့် အချင်း ဖြစ်အခန်းမှ ဖယ်ရှား ထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့သည်။ မောင်ခင် မောင်အေးသည် ချေလွှာ မတင်သွင်းမီ မိမိသည် အချင်းဖြစ် အိမ်နှင့် ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သဖြင့် ဒေါ်တင်တင်ရီတို့သည် အမှုကို လက်ရှိပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်း ပဏာမ ကန့်ကွက်လွှာ တင်သွင်း ခဲ့သည်။ တိုင်းတရားရုံးသည် နှစ်ဘက်ကြားနာပြီးနောက် ယင်းပဏာမ ကန့်ကွက်ချက်အပေါ် ငြင်းချက်တစ်ရပ်ထုတ်၍ ယင်း ငြင်းချက်နှင့် ပတ် သက်၍ စုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ် တင်တင်ရီတို့က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုလျှောက် ထားသည်။

ဤပြင်ဆင်မှုအတွက် ဒေါ်တင်တင်ရီတို့ တင်ပြထားသော အဓိက အကြောင်းပြချက်များမှာ၊ အကြောင်းအခြင်းအရာကိစ္စကို အခြေခံ၍ ပဏာမ ကန့်ကွက်လွှာတင်သွင်းခွင့်မရှိသည်ကို တိုင်းတရားရုံးက လက်ခံ ခဲ့သည်မှာ မှားယွင်းကြောင်းနှင့်၊ အမှုကို အပိုင်းပိုင်းဖြတ်၍ စစ်ဆေး ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေသဖြင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းကြောင်း ဆိုသည့်အချက်များဖြစ်သည်။

တိုင်းတရားရုံး၏အမှုတွဲကို ကြည့်ရှု လေ့လာသည့်အခါ မောင်ခင် မောင်အေးက၊ အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ မိမိသည် အမွေဆိုင် တစ်ဦးဖြစ်ကြောင်း ဆိုသည့်အချက်ကို အခြေခံထားကာ ပဏာမအနေ ဖြင့် ကန့်ကွက်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ တိုင်း တရားရုံး၏ အမိန့်၌သည်း မောင်ခင်မောင်အေးသည် ဦးအေးမောင်၏ ဒုတိယဇနီး

၁၉၀၀ ဒေါ်ခင်ကြည်မှ မေးဖွားခဲ့သော သားရင်းဖြစ်သည် ဆိုသည်မှာ မှန် မမှန်၊ မှန်ပါက ဒေါ်တင်တင်ရီတို့သည် အမှုကို ယခုစွဲဆိုသည့်ပုံစံအတိုင်း စွဲဆိုပိုင်ခွင့် ရှိမရှိ ဆိုသည့် ငြင်းချက်တစ်ရပ်ကို ထုတ်စေပြီး အမှုကို စုံစမ်း စစ်ဆေးရန် အမိန့်ချမှတ်ထားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မောင်ခင်မောင်အေး၏ ပဏာမ ကန့်ကွက်ချက်သည် အကြောင်း ခြင်းရာအပေါ်၌ အခြေပြုထားသော ကန့်ကွက်ချက် ဖြစ်သည်ဟုဆိုရ ပေမည်။

ဒေါ်တင်တင်ရီ ပါ (၃) နှင့် မောင်ခင်မောင်အေး ပါ (၃)

တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၂ ၌ တရားပြိုင် တစ်ဦး သည် မိမိတင်သွင်းသော အချေလွှာအားဖြင့် မိမိ ထုချေလိုသည့် အချက်အလက်များနှင့် ကန့်ကွက်လိုသည့် အချက်အလက်များ အား လုံးကို ထည့်သွင်းချေပ ကန့်ကွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်အရ မောင်ခင်မောင်အေး၏ ကန့်ကွက်ချက်မှာ အချေ လွှာ၌ ထည့်သွင်း ကန့်ကွက်နိုင်သော ကန့်ကွက်ချက်ဖြစ်သည်။ သက်သေ မစစ်ဆေးပဲ အဆုံးအဖြတ် ပေးနိုင်သော ကန့်ကွက်ချက်လည်း မဟုတ်၍ ချေလွှာကိုသာ တင်သင့်ပေသည်။

တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၂ အရလည်း တရားရုံး များသည် အဆိုလွှာနှင့် အချေလွှာတို့ကို စိစစ်သုံးသပ်ပြီး ဥပဒေ အချက်အလက်နှင့် ပတ်သက်၍ ဦးစွာဆုံးဖြတ်ပေးသင့်သည်ဟု ယူဆ သည့်အခါများတွင် ယင်းဥပဒေ အချက်အလက်ကို ပဏာမ ငြင်းချက် အဖြစ် ထုတ်၍ နှစ်ဘက်ကြားနာကာ အဆုံးအဖြတ် ပေးနိုင်သေး သည်။

သို့ဖြစ်၍ တိုင်းတရားရုံး၏ ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ(၁၉) ရက် နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း စရိတ်နှင့်တကွ အမိန့် ချလိုက်သည်။ ရှေ့နေစရိတ် ငွေ ကျပ် ၅၀/– သတ်မှတ်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်တင့်

နှင့်

ရန်ကုန်မြို့၊ လက်သော့ခက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ပါ(၃)*

† ၁၉၈၀ နိုဝင် ဘာလ ၂၄ ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁–ပထမအမှုတွင် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် နှင့် လက်ရောက် ရလိုကြောင်း စွဲဆိုပြီး၊ ဒုတိယ အမှုတွင် ငှားရမ်းခ ကြီးကြပ်ရေးဝန်က အသိအမှတ်ပြုသော တရားဝင် အိမ်ငှားဖြစ်ကြောင်း အမိန့်သည် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန် နှင့် အချင်းဖြစ် အိမ်ခန်းကို လက်ရောက်ပေးအပ်စေရန် စွဲဆိုခြင်း– နောက်စွဲဆိုသော အမှုအားပိတ်ပင်ခြင်း ရှိမရှိ။**

အယူခံတရားလို ဒေါ်တင့်က၊ ပန်းဘဲတန်းမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် မိမိအား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေး စေရန်နှင့် အချင်းဖြစ် အိမ်ကို လက်ရောက်ရလိုကြောင်း ပထမ အမှု စွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက စွဲဆိုခွင့် မရှိဟု ဆိုကာ ပယ်ခဲ့ သည်။ ထို့နောက် ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၁၃/၇၀ (ပန်းဘဲတန်း)တွင် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား တရားဝင် အိမ်ငှားဖြစ်ကြောင်း အသိအမှတ်ပြု သော အမိန့်သည် ပျက်ပြယ်ကြောင်းနှင့် မိမိအား လက်ရောက် ပေးအပ်စေရန် စွဲဆိုရာ ရန်ကုန်တိုင်း တရားရုံးက ပယ်ခဲ့၍ ယခု ဗဟိုတရားရုံးတွင် ပထမအယူခံမှု တင်သွင်းလာခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် ဒေါ်တင့် တင်သွင်းသော အဆိုလွှာပါ ဖော်

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၀

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃ (ပန်းဘဲတန်း)တွင် ချမှတ်သော(၂၀-၁၂-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၀

ဒေါ်တင့် နှင့် ရန်ကုန်မြို့၊ လက်ထောက် ငှားရမ်းခ ကြီးကြပ် ရေးဝန် ပါ(၃)

ပြချက်များအရ ဒေါ်တင့်က မိမိသည် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှား ဖြစ်သည်ဟု မြွက်ဟကြေငြာ ပေးရန် တရားစွဲဆိုရခြင်းမှာ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် ဥပစာကို အငှားချထားခြင်းသည် ဒေါ်တင့်နှင့် ကျူလီယာဗလီထရပ်စ် အုပ်ချုပ်ရေးအဖွဲ့တို့ အကြားရှိ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုကို ထိပါးလာခြင်းကြောင့် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အယူခံ တရားလိုအနေဖြင့် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားအဖြစ် ဆက်လက် ရပ်တည်နိုင်ရန်မှာ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အိမ်ခန်းချထားသော အမိန့်သည် ဥပဒေနှင့် မညီ၍ ပျက်ပြယ်သည်ဆိုသော အချက် အပေါ် တည်နေပေသည်။ သို့ဖြစ်၍ အယူခံတရားလိုသည် ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် စွဲဆိုခဲ့သော အမှု၌ အနိုင်ရရှိနိုင်ရန်အတွက် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် တရားမဝင်၊ ပျက်ပြယ်ကြောင်း တင်ပြစွဲဆိုသင့်သည်ဟု ကောက်ယူရပေမည်။

စီရင်ပိုင်ခွင့်ရှိသော တရားရုံးက စီရင်ဆုံးဖြတ်ပြီးဖြစ်သော တရားမမှု တစ်မှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည့် အကြောင်းအရာကိုပင်၊ ထပ်မံ အငြင်းပွားသော နောက်ထပ် စွဲဆိုသည့်အမှုကို မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ခြင်း မပြုရဟု တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် တရားလိုဘက်မှ ယခင်အမှုတွင် အမှီသဟဲပြု၍ တရားစွဲဆိုသင့်သော အကြောင်းအရာသည် ယင်းအမှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ယင်းပုဒ်မ၏ ရှင်းလင်းချက် (၄) တွင် ဖော်ပြထားသည်။ ပန်းဘဲတန်းမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် ဒေါ်တင့်အနေဖြင့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း အသိအမှတ်ပြုသော အမိန့်သည် တရားမဝင် ပျက်ပြယ်ကြောင်း အတည့်အလင်း ဖော်ပြစွဲဆိုခြင်း မပြုခဲ့သော်လည်း အထက်ဖော်ပြပါ ရှင်းလင်းချက်အရ ယင်းအကြောင်းအရာမှာ ယင်းအမှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည်ဟု မှတ်ယူရမည်ဖြစ်၍ ဒေါ်တင့်သည် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ တရားတထုံး ထပ်မံစွဲဆိုခြင်း မပြုနိုင်တော့ချေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ထားသည်ဟု ကောက်ယူရပေမည်။

အယူခံတရားလိုအတွက် —ဦးသန်းမှောင်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်များအတွက် —ဦးသက်ငွေ၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၃/၇၈ (ပန်းဘဲတန်း) တွင် အယူခံ တရားလို ဒေါ်တင့်က ရန်ကုန်မြို့၊ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၊ ဦးအေးမြင့်နှင့် ကျူလီယာဗလီဘရပ်စ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တို့ (၃)ဦးအပေါ် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း အသိအမှတ်ပြုသည့် အမိန့်သည် တရားမဝင် ပျက်ပြယ်ကြောင်းနှင့် ဦးအေးမြင့်က အချင်းဖြစ် အိမ်ခန်းကို တရားလိုသို့ လက်ရောက်ပေးအပ်စေလိုကြောင်းဖြင့် တရားစွဲဆိုရာ တိုင်းတရားရုံးက ဒေါ်တင့်၏ အမှုကို ပယ်လိုက်သည်။ ဒေါ်တင့်က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံလွှာကို တင်သွင်းသည်။ ၁၉၈၀

ဒေါ်တင့်နှင့် ရန်ကုန်မြို့၊ လက်ထောက် ငှားရမ်းခ ကြီးကြပ် ရေးဝန် ပါ (၃)

ဒေါ်တင့်က မိမိ၏ခင်ပွန်းဖြစ်သူ ဦးမိုဟာမက်ဟူစိန်သည် ပန်းဘဲတန်းမြို့နယ်၊ ၃၁–လမ်း၊ တိုက်အမှတ် ၁၀၉/၁၁၁ ပထမထပ်ရှိ အခန်းအမှတ် (၆)ကို ကျူလီယာဗလီထရပ်စ် အုပ်ချုပ်ရေးအဖွဲ့မှ ငှားရမ်းအသုံးပြုလာခဲ့ရာ ဦးမိုဟာမက်ဟူစိန် ကွယ်လွန်သွားသောအခါ မိမိသည် အိမ်ငှားဖြစ်လာကြောင်း၊ ၁၉၆၄ ခုနှစ်မှ စ၍ ဦးအေးမြင့်၏ မေတ္တာရပ်ခံချက်အရ အချင်းဖြစ် အိမ်ခန်းတွင် နေထိုင်ခွင့် ပေးခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဦးအေးမြင့်၏ လျှောက်ထားချက်အရ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်က မိမိအား အကြောင်းကြားအသိပေးခြင်းမပြုပဲ ဦးအေးမြင့်အား ယင်းအခန်း၌ အိမ်ငှားအဖြစ် နေထိုင်ခွင့်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အချင်းဖြစ်အခန်းကို ဦးအေးမြင့်ထံမှ လက်ရောက် ရယူလိုကြောင်းဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် တရားစွဲဆိုသည်။

ဒေါ်တင့်သည် ရန်ကုန်တိုင်း တရားရုံး၌ ဤအမှုကို မစွဲဆိုမီ ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် ဦးအေးမြင့်နှင့် ကျူလီယာဗလီထရပ်စ် အုပ်ချုပ်ရေးအဖွဲ့အပေါ် မိမိသည် အချင်းဖြစ် အခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့်၊ အချင်းဖြစ် အခန်းကို မိမိအား လက်ရောက် ပေးအပ်စေရန် တရားစွဲဆိုခဲ့ရာ၊ မြို့နယ်တရားရုံးက အမှုကို စွဲဆိုခွင့်မရှိဟု ဆိုကာ ပယ်ခဲ့သည်။ ဒေါ်တင့်က ရန်ကုန်တိုင်း တရားရုံး၊ တရားမ အယူခံမှု အမှတ် ၈/၇၅ (ပန်းဘဲတန်း)တွင် အယူခံဝင်သော်လည်း မအောင်မြင်ချေ။

၁၉၇၀

ဒေါ်တင့်
နှင့်
ရန်ကုန်မြို့၊
လက်
ထောက်
ငှားရမ်းခ
ကြီးကြပ်ရေး
ဝန်ပါ(၃)

ဒေါ်တင့်က ရန်ကုန်တိုင်း တရားရုံးတွင် ဤအမှုကို ထပ်မံ တရားစွဲဆိုသောအခါ၊ ဦးအေးမြင့်က အခြား အကြောင်းပြချက်များ အပြင် ဒေါ်တင့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်း ချက်များအရ၊ ရန်ကုန်တိုင်း တရားရုံးတွင် တရားတထုံး ထပ်မံ မစွဲဆို နိုင်ကြောင်း ပဏာမ ကန့်ကွက်လွှာ တင်သွင်းသည်။ ထိုပဏာမ ကန့်ကွက်လွှာအရ တိုင်းတရားရုံးက နှစ်ဘက်ရှေ့နေများကို ကြားနာ၍ ဒေါ်တင့်စွဲဆိုသော အမှုကို ပယ်လိုက်သည်။

ဤအယူခံတွင် အဓိက စဉ်းစားရန် ပြဿနာမှာ၊ အချင်းဖြစ် အိမ်ခန်းနှင့် စပ်လျဉ်း၍ ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် ဒေါ်တင့် စွဲဆိုခဲ့သော အမှု၌၊ မြို့နယ်တရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် အကျုံးဝင်သော မီးသေသည့် ဆုံးဖြတ်ချက် ဟုတ် မဟုတ် ဖြစ်သည်။

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင်၊ ဒေါ်တင့် တောင်းဆိုသော သက်သာခွင့်မှာ မိမိအား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် နှင့် အချင်းဖြစ် အိမ်ကို လက်ရောက်ရလိုကြောင်းဖြစ်သည်။ ရန်ကုန် တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၃/၇၀ (ပန်းဘဲတန်း) တွင်၊ ဒေါ်တင့် တောင်းဆိုသော သက်သာခွင့်မှာ ရန်ကုန်မြို့၊ လက် ထောက် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း အသိအမှတ် ပြုသော အမိန့်သည် တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာ ပေးရန်နှင့်၊ ဦးအေးမြင့်က အချင်းဖြစ် အိမ်ခန်းကို ဒေါ်တင့်အား လက်ရောက်အပ်ပေးစေရန် ဖြစ်သည်။ အယူခံ တရားလို၏ အကျိုး ဆောင်က ပထမအမှုမှ အဆိုပြုချက်များနှင့် တောင်းဆိုသည့် သက်သာ ခွင့် နှစ်ရပ်အနက်၊ ပထမသက်သာခွင့်သည် ဒုတိယအကြိမ် စွဲဆိုသည့် အမှုတွင် ပေါ်ပေါက်သော အဆိုပြုချက်များနှင့် ဒုတိယအမှုတွင် တောင်းဆိုသော ပထမသက်သာခွင့်နှင့်ကွဲပြားခြားနားသည့်အလျောက်၊ အယူခံတရားလို နောက်ထပ်စွဲဆိုသော အမှုကို တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ က ပိတ်ပင်ထားခြင်း မရှိကြောင်းဖြင့် တင်ပြလျှောက်လဲ သည်။

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃ တွင် ဒေါ်တင့် တင်သွင်းသော အဆိုလွှာပါ ဖော်ပြချက်များအရ၊ ဒေါ်တင့်က မိမိသည် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှား

၁၉၀၀

ဒေါ်တင့်နှင့် ရန်ကုန်မြို့၊ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန် ပါ (၃)

ဖြစ်သည်ဟု မြွက်ဟကြေငြာပေးရန် တရားစွဲဆိုရခြင်းမှာ၊ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် ဥပစာကို အငှားချထားခြင်းသည်၊ ဒေါ်တင့်နှင့် ကျူလီယာဗလီထရပ်စ် အုပ်ချုပ်ရေးအဖွဲ့တို့ အကြားရှိ အိမ်ရှင်-အိမ်ငှား ဆက်သွယ်မှုကို ထိပါးလာခြင်းကြောင့် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အယူခံတရားလို အနေဖြင့် အချင်းဖြစ် အိမ်ခန်း၏တရားဝင် အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်မှာ၊ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အိမ်ခန်းချထားသော အမိန့်သည် ဥပဒေနှင့် မညီ၍ ပျက်ပြယ်သည်ဆိုသော အချက်အပေါ် တည်နေပေသည်။ သို့ဖြစ်၍ အယူခံ တရားလိုသည် ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် စွဲဆိုခဲ့သော အမှု၌ အနိုင်ရရှိနိုင်ရန်အတွက်၊လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် တရားမဝင်၊ ပျက်ပြယ်ကြောင်း တင်ပြစွဲဆိုသင့်သည်ဟု ကောက်ယူရပေမည်။

စီရင်ပိုင်ခွင့်ရှိသော တရားရုံးက စီရင်ဆုံးဖြတ်ပြီးဖြစ်သော တရားမမှု တစ်မှုတွင်၊ အဓိကအားဖြင့် အငြင်းပွားခဲ့သည့် အကြောင်းအရာကိုပင် ထပ်မံ အငြင်းပွားသော နောက်ထပ် စွဲဆိုသည့်အမှုကို၊ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ခြင်း မပြုရဟု တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် တရားလိုဘက်မှ ယခင်အမှုတွင် အမှီသဟဲပြု၍ တရားစွဲဆိုသင့်သော အကြောင်းအရာသည်၊ ယင်းအမှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည်ဟု မှတ်ရမည်ဖြစ်ကြောင်း၊ ယင်းပုဒ်မ၏ ရှင်းလင်းချက် (၄)တွင် ဖော်ပြထားသည်။ ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၇/၇၃တွင် ဒေါ်တင့်အနေဖြင့်၊ လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်က ဦးအေးမြင့်အား အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း အသိအမှတ်ပြုသော အမိန့်သည် တရားမဝင်၊ ပျက်ပြယ်ကြောင်း အတည့်အလင်း ဖော်ပြစွဲဆိုခြင်း မပြုခဲ့သော်လည်း၊ အထက်ဖော်ပြပါ ရှင်းလင်းချက်အရ ယင်းအကြောင်းအရာမှာ ယင်းအမှုတွင် အဓိကအားဖြင့် အငြင်းပွားခဲ့သည်ဟု မှတ်ယူရမည်ဖြစ်၍၊ ဒေါ်တင့်သည် ယင်း

၁၉၈၀

ဒေါ်တင့်
နှင့်
ရန်ကုန်မြို့
လက်
ထောက်
ငှားရမ်းခ
ကြီးကြပ်
ရေးဝန်
ပါ (၃)

အကြောင်းအရာနှင့် စပ်လျဉ်း၍ တရားလိုထံ ထပ်မံစွဲဆိုခြင်း မပြုနိုင်တော့ချေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ထားသည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်၍ တိုင်းတရားရုံးက ဒေါ်တင့်အမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၇၅ /-ဟု သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ်ဦးလှသုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးတင့်ဆွေပေါ်(၄) † ၁၉၀၀

နှင့် နိုဝင်ဘာလ

ဒေါ်ကြည်ကြည်ဆွေ (၎င်း၏ တရားဝင် ၂၀ ရက်
ကိုယ်စားလှယ်များဖြစ်ကြသောမောင်လှဆွေ၊
မောင်မြင့်ဆွေ၊ မောင်အောင်မြင့် )*

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၃- အမှုရပ်စဲခြင်း ရှိမရှိ–ပြင်ဆင်မှုတွင် တရားဝင် ကိုယ်စားလှယ် ထည့်သွင်းခြင်း- မူလအမှုတွင် ထည့်သွင်းခြင်းဟု ကောက်ယူရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်း တရားရုံး၏ ပြင်ဆင်မှုမှာ သင်္ကန်းကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၄မှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။ သို့ဖြစ်၍ ယင်းပြင်ဆင်မှုတွင် မောင်လှဆွေ၊ မောင်မြင့်ဆွေနှင့် မောင်အောင်မြင့်တို့ကို ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းခဲ့သည့်အလျောက်၊ မူလ အမှုဖြစ်သော သင်္ကန်းကျွန်းမြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၄၉/၇၄ တွင်လည်း တရားလို ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းခဲ့ရာ ရောက်သည်ဟု ကောက်ယူသင့်ပေသည်။

လျှောက်ထားသူအတွက် –ဦးမှင်းအောင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် –ဦးအေး (၁) ဦးပြေသိန်း၊ ဗဟိုတရားရုံးရှေ့နေ။

သင်္ကန်းကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၄ တွင် ဒေါ်ကြည်ကြည်ဆွေက ဦးတင့်ဆွေ၊ ဒေါ်ကြည်၊ ဒေါ်ရီနှင့် ဒေါ်မြမေတို့အပေါ် သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ

---

* ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၉၀

† ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၈၆ တွင် ချမှတ်သော (၂၉-၃-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

ဦးတင့်ဆွေ ပါ(၄) နှင့် ဒေါ်ကြည်ကြည်ဆွေ (၎င်း၏ တရားဝင် ကိုယ်စားလှယ်များဖြစ်ကြသော မောင်လှဆွေ .မောင်မြင့်ဆွေ၊ မောင်အောင်မြင့်)

၅၄/ ၅၅ အရ လျှောက်ထား တရားစွဲဆိုရာ၊ အမှုဆိုင်နေစဉ်အတွင်း ဒေါ်ကြည်ကြည်ဆွေ ကွယ်လွန်သွားသည်။ ဦးတင့်ဆွေတို့က ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ နေရာတွင် ယင်း၏ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းထားခြင်း မရှိသဖြင့် အမှုရုပ်ဘဲသည်ဟု ဆိုကာ၊ အမှုကို ပလပ်ပေးရန် မြို့နယ်တရားရုံးတွင် တင်ပြရာ မြို့နယ်တရားရုံးက ဦးတင့်ဆွေတို့၏ လျှောက်ထားချက်ကို ပယ်လိုက်သည်။ ဦးတင့်ဆွေတို့က မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို ထပ်မံလျှောက်ထားသည်။

ဒေါ်ကြည်ကြည်ဆွေက တရားလို ပြုလုပ်လျက် လျှောက်ထားသူ ဦးတင့်ဆွေအပေါ်၊ ဒေါ်ကြည်ကြည်ဆွေ လက်ရှိဖြစ်သော ဂိုဒေါင်ကို အနှောင့်အယှက် မပြုစေရန်အတွက် အမြဲတမ်း တားဝရမ်း ထုတ်ပေးစေလိုကြောင်းဖြင့်၊ သင်္ဃန်းကျွန်းမြို့နယ် တရားရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၄/၅၅ အရ တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက လျှောက်ထားသူ ဒေါ်ကြည်၊ ဒေါ်ရီနှင့် ဒေါ်မြမေတို့၏ လျှောက်ထားချက်အရ ယင်းတို့အား အမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းလိုက်သည်။ ဒေါ်ကြည်ကြည်ဆွေက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ၊ အမှုဆိုင်နေစဉ်အတွင်း ဒေါ်ကြည်ကြည်ဆွေ ကွယ်လွန်သွားသဖြင့် တိုင်းတရားရုံးက မောင်လှဆွေ၊မောင်မြင့်ဆွေနှင့် မောင်အောင်မြင့်တို့ကို ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပြီး အမှုကို ဆက်လက်ကြားနာကာ ဒေါ်ကြည်ကြည်ဆွေ လျှောက်ထားသော ပြင်ဆင်မှုကို ပယ်လိုက်သည်။ သင်္ဃန်းကျွန်းမြို့နယ် တရားရုံးက အမှုတွဲကို တိုင်းတရားရုံးမှ ပြန်လည် ရရှိသောအခါ ဦးတင့်ဆွေတို့ဘက်မှ တရားမကြီးမှုတွင် ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ် မထည့်ခဲ့၍ အမှုကို ပလပ်ပေးရန် လျှောက်ထားရာ မြို့နယ်တရားရုံးက ဦးတင့်ဆွေတို့၏ လျှောက်လွှာကို ပယ်လိုက်သည်။

ဤအမှုတွင် အငြင်းမပွားသည့် အချက်မှာ ဒေါ်ကြည်ကြည်ဆွေက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားဆဲ၌ ဒေါ်ကြည်ကြည်ဆွေ ကွယ်လွန်သွားသဖြင့် ရန်ကုန်တိုင်းတရားရုံးက လျှောက်ထားခံရသူ မောင်လှဆွေပါ (၃) ဦးတို့ကို တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပြီး ပြင်ဆင်မှုကို အဆုံးအဖြတ် ပေးခဲ့သည်။

ရန်ကုန်တိုင်း တရားရုံး၏ ပြင်ဆင်မှုမှာ သက်နှီးကျွန်း မြို့နယ်တရား ရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၄ မှ ပေါ်ပေါက်လာသော အမှု ဖြစ်သည်။ သို့ဖြစ်၍ ယင်းပြင်ဆင်မှုတွင် မောင်လှဆွေ၊ မောင်မြင့်ဆွေ နှင့် မောင်အောင်မြင့်တို့ကို ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ၏ တရား ဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းခဲ့သည့်အလျောက်၊ မူလ အမှုဖြစ်သော သက်နှီးကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၄ တွင်လည်း၊ တရားလို ဒေါ်ကြည်ကြည်ဆွေ၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းခဲ့ရာ ရောက်သည်ဟု ကောက် ယူသင့်ပေသည်။

၁၉၈၀

ဦးတင့်ဆွေ ပါ (၄) နှင့် ဒေါ်ကြည် ကြည်ဆွေ (၎င်း၏ တရားဝင် ကိုယ်စား လှယ်များဖြစ် ကြသော မောင်လှဆွေ မောင်မြင့် ဆွေ၊ မောင် အောင်မြင့်)

မူလရုံး၏ ၉-၄-၇၆ နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် ဦးတင့်ဆွေတို့ ဘက်မှ ကွယ်လွန်သူ ဒေါ်ကြည်ကြည်ဆွေ နေရာတွင် တရားဝင်ကိုယ်စား လှယ် မထည့်သွင်းသည့်ကိစ္စကို တင်ပြရာ ဒေါ်ကြည်ကြည်ဆွေ၏သားမှ တိုင်းတရားရုံးတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီး ကြောင်း၊ တရားမကြီးမှု အမှတ် ၄၉ / ၇၄ တွင်လည်း ပါဝင်ဆောင် ရွက်မည် ဖြစ်ကြောင်း လျှောက်ထားသည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုစဉ်က မြို့နယ်တရားရုံး၏မူလအမှုတွဲမှာ တိုင်းတရားရုံးတွင် ရောက်ရှိနေပြီးဖြစ်သည့်ပြင် တိုင်းတရားရုံးသည်ပြင်ဆင်မှုကိုအဆုံးအဖြတ် မပေးရသေးပေ။ သို့ဖြစ်ရာ တိုင်းတရားရုံးက ပြင်ဆင်မှုနှင့် ပတ်သက် ၍ မူလရုံး အမှုတွဲကို ခေါ်ယူထားသည့် ကြားကာလအတွင်း၌ပင်၊ မောင်လှဆွေတို့ဘက်မှ ဒေါ်ကြည်ကြည်ဆွေ ကိုယ်စား တရားဝင် ကိုယ် စားလှယ်များ အဖြစ်ဖြင့် ပါဝင်မည်ဖြစ်ကြောင်း၊ မြို့နယ်တရားရုံးတွင် နှုတ်ဖြင့် လျှောက်ထား တင်ပြခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။

သို့ကြောင့် ကွယ်လွန်သူ တရားလို ဒေါ်ကြည်ကြည်ဆွေအတွက်၊ မောင်လှဆွေပါ (၃)ဦးတို့အား စည်းကမ်းသတ် ကာလအတွင်း တရား ဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့ကြောင်း ပေါ်လွင်သဖြင့်၊ ဒေါ်ကြည်ကြည်ဆွေ စွဲဆိုသော အမှုမှာ ရပ်စဲသွားသည်ဟု မဆိုနိုင်၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

## တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၀၀ ဦးနေဝင်း(ခ)ဦးသာဒင်

နှင့်

ဒီဇင် ဘာလ ၁၇ ရက် မတင်လှ*

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၆၃- ယင်းပုဒ်မပါ ဖော်ပြချက်တွင် အကျုံးမဝင်စေကာမူ တရားမျှတသော အကြောင်းရပ် ရှိသည်ဟု တရားရုံးကယူဆလျှင် အမွေထိန်းစာကို ရုပ်သိမ်းနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားသော အကြောင်းရပ်ရှိလျှင် အမွေထိန်းစာကို တရားရုံးက ပြန်လည်ရုပ်သိမ်း နိုင်သည်ဟု အမွေ ဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၆၃ တွင် ပြဋ္ဌာန်းထားသည်။ မည်သည့်နေရာမျိုးတွင် တရားသော အကြောင်းရပ် ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း ယင်းဥပဒေ ပုဒ်မတွင် ဥပမာများ နှင့်တကွ ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုဖော်ပြချက် များသာလျှင် ဥပဒေက ခွင့်ပြုသည့် တရားသော အကြောင်းရပ်များ ဖြစ်သည်ဟု မှတ်ယူရန် မဟုတ်ပေ။ ယင်းဖော်ပြချက်များတွင် အကျုံးမဝင်စေကာမူ တရားရုံးက တရားသောအကြောင်းရပ် ရှိသည်ဟု ယူဆလျှင် အမွေထိန်းစာကို ရုပ်သိမ်းနိုင်သည်။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | — | **ဦးထွန်းတင်နှင့် ဦးစိန်မြင့်၊ဗဟိုတရားရုံး ရှေ့နေများ။** |
| အယူခံတရားပြိုင်အတွက် | — | ဦးမွန်စံလှိုင်၊ ဗဟိုတရားရုံးရှေ့နေ။ |

ယခင် မော်လမြိုင်မြို့ ခရိုင်တရားမ တရားရုံး၊ တရားမကြီးမှု အမှတ် ၉/၆၄ တွင် ကွယ်လွန်သူ ဒေါ်စိုးမေ ကျန်ရစ်ခဲ့သော ပစ္စည်း

---

* ၁၉၇၉ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ်-၄၀

† ၁၉၇၉ခုနှစ်၊ တရားမ အထွေထွေမှု အမှတ်-၁၉(မ)တွင် ချမှတ်သော (၁၅-၁၀-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၄၉၇၀

ဦးနေဝင်း (ခ) ဦးသာဒင် နှင့် မတင်လှ

များနှင့်ပတ်သက်၍ အယူခံတရားလိုက အမွေထိန်းစာ လျှောက်ထားခဲ့ရာ တရားရုံးမှ ၂၆-၁၀-၇၁ ရက်နေ့တွင် အယူခံတရားလိုအား အမွေထိန်းစာ ထုတ်ပေးခဲ့သည်။ ထို့နောက် အယူခံတရားလိုသည် ပစ္စည်းထိန်း အနေနှင့် စာရင်းအင်းများ တရားရုံးသို့ မတင်သွင်းခြင်းကြောင့်လည်းကောင်း၊ အမွေပစ္စည်းများကို မိမိအမည်သို့ လွှဲပြောင်းခြင်းကြောင့်လည်းကောင်း၊ အမွေပစ္စည်းများကို တရားရုံး၏ ခွင့်ပြုချက်မရပဲ ရောင်းချရန် စကားကမ်းလှမ်းခြင်းကြောင့်လည်းကောင်း၊ ထုတ်ပေးထားသည့် အမွေထိန်းစာကို ရုပ်သိမ်းပေးရန် ဒေါ်တင်လှက မွန်ပြည်နယ်တရားရုံးတွင် လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာနှင့်ပတ်သက်ပြီး မွန်ပြည်နယ်တရားရုံးက စုံစမ်းမှု ပြုလုပ်၍ ဦးနေဝင်းအား ထုတ်ပေးထားသည့် အမွေထိန်းစာကို ပြန်လည်ရုပ်သိမ်းကြောင်း အမိန့် ချမှတ်လိုက်သည်။ ယင်းအမိန့်ကို ဦးနေဝင်းက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

တရားသော အကြောင်းရပ်ရှိလျှင် အမွေထိန်းစာကို တရားရုံးက ပြန်လည်ရုပ်သိမ်း နိုင်သည်ဟု အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၆၃ တွင် ပြဋ္ဌာန်းထားသည်။ မည်သည့်နေရာမျိုးတွင် တရားသော အကြောင်းရပ် ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း ယင်းဥပဒေ ပုဒ်မတွင် ဥပမာများနှင့်တကွ ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုဖော်ပြချက် များသာလျှင် ဥပဒေက ခွင့်ပြုသည့် တရားသော အကြောင်းရပ်များ ဖြစ်သည်ဟု မှတ်ယူရန် မဟုတ်ပေ။ ယင်းဖော်ပြချက် များတွင် အကျုံးမဝင်စေကာမူ တရားရုံးက တရားသော အကြောင်းရပ် ရှိသည်ဟု ယူဆလျှင် အမွေထိန်းစာကို ရုပ်သိမ်းနိုင်သည်။

ယင်းဥပဒေ ပုဒ်မ ၂၆၃ ၏ ရှင်းလင်းချက်(င)တွင် အမွေထိန်းစာ ရရှိထားသူသည် အက်ဥပဒေ အပိုင်း (၇)ပါ ပြဋ္ဌာန်းချက် များနှင့်အညီ စာရင်း တင်သွင်းရန် ခိုင်လုံသော အကြောင်းမရှိပဲ တမင်ပျက်ကွက်လျှင် အမွေထိန်းစာကို ဖျက်သိမ်းရန် တရားသော အကြောင်းတစ်ရပ် ဖြစ်သည်ဟု ဖော်ပြထားပေသည်။ အမွေထိန်းစာ ရရှိထားသူသည် ၆ လအတွင်း ဖြစ်စေ၊ တရားရုံးက ချိန်းဆိုသော ရက်တွင်ဖြစ်စေ၊ စာရင်းတင်သွင်းရမည်ဟု ယင်းဥပဒေ အပိုင်း(၇) ပုဒ်မ ၃၁၇ အရပြဋ္ဌာန်းထားသည်။ အမွေထိန်းစာ ရရှိထားသူ ဦးနေဝင်းသည် ဤဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်

၁၉၀၀ — ဦးနေဝင်း (ခ) ဦးသာဒင် နှင့် မတင်လှ

မှာ အငြင်းမထွက်ချေ။ သက်သေထွက်ချက်များ အရလည်း ဦးနေဝင်းသည် စာရင်းများ တင်သွင်းရန် ခိုင်လုံသောအကြောင်း မရှိပဲ တမင်ပျက်ကွက်ကြောင်း ပေါ်ပေါက်ပေသည်။

သို့ဖြစ်၍ မွန်ပြည်နယ်တရားရုံး၏ အမိန့်မှာ မှန်ကန်သဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ စရိတ်ငွေ ကျပ် ၈၀/–ခွင့်ပြုသည်။

## တရားမ တတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးနှစ်

နှင့်

မှတ်ဆလင်ကူညီစောင့်ရှောက်ရေးအဖွဲ့*

† ၁၉၈၀

နိုဝင် ဘာလ ၆ ရက်

**ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆–၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)– အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရပ်စဲကြောင်း နို့တစ်စာပေးခြင်း– နို့တစ်စာ ပေးပြီးနောက်ပိုင်း အိမ်လခ ကြွေးကျန်များ တောင်းခံခြင်း–ပထမ ပေးသောနို့တစ်စာသည် ပျက်ပြယ်ခြင်းရှိ–မရှိ။**

ဆုံးဖြတ်ချက်။ ။ဤအယူခံတွင် အဓိက စဉ်းစားရမည့် ပြဿနာမှာ အမှုစစ်ဆေးသည့် ရပ်ကွက် တရားရုံးနှင့် အယူခံ တရားရုံးများ ကောက်ယူဆုံးဖြတ်သည့်အတိုင်း အယူခံတရားလို ပေးပို့သော ၈.၁၁.၇၃ နေ့စွဲပါ အကြောင်းကြားစာသည် တရားဝင် မဝင်ဆိုသောအချက်ဖြစ်သည်။ ဦးနှစ်သည် ယင်းအကြောင်းကြားစာအရ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုကို ၃၀–၁၁–၇၃ နေ့တွင် ရပ်စဲခဲ့သည်။ ထို့နောက် ၂၄–၁–၇၅ နေ့စွဲပါ စာဖြင့် အယူခံတရားပြိုင်ထံမှ ရရန်ရှိသော ကြွေးငွေများကို တောင်းခံသည်။ ရပ်ကွက်တရားရုံးနှင့် အယူခံတရားရုံးတို့က ဦးနှစ်သည် ၂၄–၁–၇၅ နေ့စွဲပါ ဒုတိယအကြောင်းကြားစာအရ အိမ်ငှားထံမှ အိမ်လခများ တောင်းခံခြင်းကြောင့် ၈.၁၁.၇၃ နေ့စွဲပါ အကြောင်းကြားစာကို ရုပ်သိမ်းရာရောက်သဖြင့် ယင်း ပထမအကြောင်းကြားစာမှာ တရားမဝင်တော့ကြောင်း ကောက်ယူဆုံးဖြတ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ)တွင် အိမ်ငှားဆိုသော စကားရပ်၌ အငှားချထားမှု၊

---

* ၁၉၇၉ ခုနှစ်၊ တရားမ တတိယအယူခံမှု အမှတ်–၆၅

† ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၃၁၁ တွင် ချမှတ်သော (၁၁–၉–၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၀

**ဦးနှစ် နှင့် မွတ်ဆလင် ကူညီ စောင့် ရှောက်ရေး အဖွဲ့**

သို့တည်းမဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ပဲဖြစ်စေ လက်ရှိ နေထိုင်မြဲနေထိုင်သူ ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာဦးနှစ်သည် ၈-၁၁-၇၃ နေ့စွဲပါအကြောင်းကြားစာအရ အယူခံ တရားပြိုင်အား အိမ်ခန်း ငှားရမ်း ထားခြင်းကို ၃၀-၁၁-၇၃ နေ့၌ ရပ်စဲခဲ့သော်လည်း အယူခံ တရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းတွင် ဆက်လက်နေထိုင်ရာ၌ အယူခံတရားလို ဦးနှစ်၏ အိမ်ငှားအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် ဦးနှစ်အနေဖြင့် ၎င်းထံမှ အိမ်လခ ကောက်ခံခွင့်ရှိပေသည်။ သို့ဖြစ်၍ ဒုတိယ အကြောင်းကြားစာအရ အိမ်လခများ တောင်းခံရုံမျှဖြင့် အိမ်ငှားခြင်းကို ရပ်စဲသည့် ပထမ အကြောင်းကြားစာကို ရုပ်သိမ်းရာ မရောက်ပေ။ ထို့မှတပါး ဦးနှစ်သည် ပထမအကြောင်းကြားစာကို ရုပ်သိမ်းလိုသည့်ဆန္ဒဖြင့် အိမ်လခ အကြွေးများ တောင်းခံကြောင်းလည်း မပေါ်ပေါက်ပေ။ ထို့ကြောင့် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာသည် ပျက်ပြယ်သွားပြီဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် – ဦးချစ်၊ ဗဟိုတရားရုံးရှေ့နေ၊

အယူခံတရားပြိုင်အတွက် – ဦးဘထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သမ္မပြေကုန်းရပ်ကွက် တရားရုံး တရားမကြီးမှု အမှတ် ၆/၇၅ တွင် အယူခံတရားလို ဦးနှစ်က အိမ်ငှားဖြစ်သူ မွတ်ဆလင်ကူညီစောင့်ရှောက်ရေးအဖွဲ့အား ငှားရမ်းထားသည့် ဥပစာမှ နှင်လိုမှု စွဲဆိုရာ ရပ်ကွက်တရားရုံးက အမှုကို ပယ်လိုက်သည်။ ဦးနှစ်က ရပ်ကွက်တရားရုံး၏ အမိန့်ကို မကျေနပ်၍ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့တွင် အဆင့်ဆင့် အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤတတိယ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားလို ဦးနှစ်သည် ရန်ကုန်မြို့ အမှတ် ၆၁၊ မြေယာကုန်းလမ်းရှိ အဆောက်အအုံပိုင်ရှင်ဖြစ်၍ အယူခံတရားပြိုင် ဖြစ်သော မွတ်ဆလင်ကူညီစောင့်ရှောက်ရေးအဖွဲ့အား အိမ်အောက်ထပ်ရှိ အခန်းတစ်ခန်းကို တစ်လလျှင် ကျပ် ၅၀/–နှုန်းဖြင့် ငှားရမ်းခဲ့သည်။ ဦးနှစ်က ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာအရ အိမ်ခန်းငှားရမ်းခြင်းကို ၃၀-၁၁-၇၃ နေ့တွင် ရပ်စဲ၍ မွတ်ဆလင်ကူညီစောင့်ရှောက်ရေးအဖွဲ့အား အိမ်ခန်းမှထွက်ခွာပေးရန် အကြောင်းကြားသော်လည်း ယင်း

၁၉၈၀

ဦးနှစ်
နှင့်
မွတ်ဆလင်
ကူညီစောင့်
ရှောက်ရေး
အဖွဲ့

အဖွဲ့က ဖယ်ရှားပေးခြင်းမပြု။ ဦးနှစ်က ၂၄-၁-၇၅ နေ့စွဲပါ အကြောင်းကြားစာအရ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလမှစ၍တင်ရှိသော အိမ်လခ အကြွေးများကို တောင်းခံသည်။ သို့သော် အယူခံတရားပြိုင် အသင်းက ပေးဆပ်ခြင်းမပြုချေ။ ဦးနှစ်က အယူခံတရားပြိုင် အဖွဲ့သည် အိမ်လခအကြွေးများပေးရန် ပျက်ကွက်ခြင်း၊ အိမ်နီးချင်းများအား စိတ်ငြိုငြင်စေခြင်း၊ ငှားရမ်းထားသည့် ဥပစာ၏ အခြေအနေကို ပျက်စီးဆိုးရွားစေခြင်းပြုသည်ဟု ဆိုကာ မွတ်ဆလင် ကူညီစောင့်ရှောက်ရေးအဖွဲ့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုသည်။

အမှုကို စစ်ဆေးသည့် ရပ်ကွက်တရားရုံးက ငြင်းချက်သုံးရပ် ထုတ်နုတ်၍ တရားလိုနှင့် တရားပြိုင် နှစ်ဘက်စလုံးကို စစ်ဆေးပြီးနောက် ၈-၁၁-၇၃ နေ့စွဲပါ နို့တစ်စာသည် တရားမဝင်ဟုဆိုကာ အမှုကိုပယ်လိုက်လေသည်။

ဤအယူခံတွင် အဓိကစဉ်းစားရမည့် ပြဿနာမှာ အမှုစစ်ဆေးသည့် ရပ်ကွက်တရားရုံးနှင့် အယူခံတရားရုံးများ ကောက်ယူ ဆုံးဖြတ်သည့် အတိုင်း အယူခံတရားလိုပေးပို့သော ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာသည် တရားဝင်မဝင်ဆိုသော အချက်ဖြစ်သည်။ ဦးနှစ်သည် ယင်းအကြောင်းကြားစာ အရ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုကို ၃၀-၁၁-၇၃ နေ့တွင် ရပ်စဲခဲ့သည်။ ထို့နောက် ၂၄-၁-၇၅ နေ့စွဲပါ စာဖြင့် အယူခံတရားပြိုင်ထံမှ ရရန်ရှိသော ကြွေးငွေများကို တောင်းခံသည်။ ရပ်ကွက်တရားရုံးနှင့် အယူခံတရားရုံးတို့က ဦးနှစ်သည် ၂၄-၁-၇၅ နေ့စွဲပါ ဒုတိယ အကြောင်းကြားစာအရ အိမ်ငှား ထံမှ အိမ်လခများ တောင်းခံခြင်းကြောင့် ၈-၁၁-၇၃ နေ့စွဲပါအကြောင်းကြားစာကို ရုပ်သိမ်းရာရောက်သဖြင့် ယင်း ပထမအကြောင်းကြားစာမှာ တရားမဝင်တော့ကြောင်း ကောက်ယူဆုံးဖြတ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) တွင် အိမ်ငှား ဆိုသော စကားရပ်၌ အငှားချထားမှု၊ သို့တည်းမဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ သဘောတူညီချက်အရမဟုတ်ပဲဖြစ်စေ၊ လက်ရှိနေထိုင်မြဲ နေထိုင်သူ ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ဦးနှစ်သည် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာအရ အယူခံ တရားပြိုင်အား အိမ်ခန်းငှားရမ်းထား

၁၉၈၀

ဦးနုစ် နှင့် မွတ်ဆလင် ကူညီစောင့်ရှောက်ရေး အဖွဲ့

ခြင်းကို ၃၀-၁၁-၇၃ နေ့၌ ရပ်စဲခဲ့သော်လည်း အယူခံတရားပြိုင်သည် အချင်းဖြစ်အိမ်ခန်းတွင် ဆက်လက်နေထိုင်ရာ၌ အယူခံတရားလို ဦးနုစ်၏ အိမ်ငှားအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် ဦးနုစ်အနေဖြင့် ၎င်းထံမှ အိမ်လခကောက်ခံခွင့် ရှိပေသည်။ သို့ဖြစ်၍ ဒုတိယအကြောင်းကြားစာအရ အိမ်လခများ တောင်းခံရုံမျှဖြင့် အိမ်ငှားခြင်းကို ရပ်စဲသည့် ပထမအကြောင်းကြားစာကို ရုပ်သိမ်းရာ မရောက်ပေ။ ထို့မှတပါး ဦးနုစ်သည် ပထမအကြောင်းကြားစာကို ရုပ်သိမ်းလိုသည့်ဆန္ဒဖြင့် အိမ်လခ အကြွေးများ တောင်းခံကြောင်းလည်း မပေါ်ပေါက်ပေ။ ထို့ကြောင့် ၈-၁၁-၇၃ နေ့စွဲပါ အကြောင်းကြားစာသည် ပျက်ပြယ်သွားပြီဟု မဆိုနိုင်ပေ။

အယူခံတရားလို ဦးနုစ်က မိမိအဆိုလွှာ အပိုဒ်(၅)တွင် အချင်းဖြစ်အိမ်ခန်း၌ စာသင်ကြားသော ကလေးများ၏ ဆူညံသံများမှာ အိမ်နီးချင်းများအား စိတ်ငြိုငြင်စေကြောင်း၊ ထို့ပြင် အယူခံ တရားပြိုင်အဖွဲ့သည် အိမ်ဥပစာအခြေအနေကို ပျက်စီးယိုယွင်းစေကြောင်း စွပ်စွဲထားရာ အယူခံ တရားပြိုင်က ချေလွှာအပိုဒ်(၅)တွင်ငြင်းဆိုထားသည်။ သို့သော် အမှုစစ်ဆေးသည့် ရပ်ကွက်တရားရုံးသည် ယင်းအချက်နှင့်စပ်လျဉ်း၍ ငြင်းချက် ထုတ်နုတ်ထားခြင်းမရှိသည်ကို တွေ့ရသည်။ အမှန်ဆိုသော် ဦးနုစ်သည် အဆိုလွှာအပိုဒ်(၅)ပါ အချင်းဖြစ် အကြောင်းခြင်းရာအပေါ် အခြေခံ၍ တရားစွဲဆိုထားသည့် အလျောက် ထိုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ငြင်းချက်ထုတ်နုတ် စစ်ဆေးသင့်ပေသည်။ ထို့ပြင် မူလရုံးသည် ငြင်းချက် အမှတ်(၂)နှင့် (၃)တို့ကိုမဖြေဆိုရသေးကြောင်း တွေ့ရသည်။

ထို့ကြောင့် သပြေကုန်း ရပ်ကွက်တရားရုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်သည်။ ရပ်ကွက်တရားရုံးသည် အမှုကို မူလ အမှု အမှတ်အတိုင်း ပြန်၍လက်ခံပြီး အဆိုလွှာ အပိုဒ်(၅)ပါ စွပ်စွဲချက် များနှင့်စပ်လျဉ်း၍ နောက်ထပ် ငြင်းချက်ထုတ်နုတ်ကာ ကျန်အဆုံးအဖြတ်မပေးရသေးသော ငြင်းချက်နှစ်ရပ်နှင့် အတူ စစ်ဆေး ကြားနာပြီး အမှုကိုအဆုံးအဖြတ်ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ထမ်းဆောင်သော ရုံးခွန်ကို အယူခံတရားလို ဦးနှစ်အား ပြန်လည်ထုတ်ပေးရန် လိုအပ်သည့် သက်သေခံလက်မှတ် ထုတ်ပေးစေ။

ဤအယူခံတွင် အမှုသည်တို့သည် မိမိတို့ ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။ ရှေ့နေခ သတ်မှတ်ပေးခြင်း မပြု။

၁၉၇၀

ဦးနှစ် နှင့် မွတ်ဆလင် ကူညီစောင့်ရှောက်ရေး အဖွဲ့

## တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀ ဒေါ်ဘူဒီပါ ၅

နှင့်

စက်တင်ဘာ လ ၈ ရက် ဦးမောင်တင်*

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁– ယာယီတားဝရမ်း ထုတ်မပေးခြင်းကြောင့် တရားလိုသည် ပြုပြင်၍မရသည့် ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်နိုင် မဖြစ်နိုင် ထည့်သွင်း စဉ်းစားရခြင်း–-ဆုံးရှုံးနစ်နာမှု မဖြစ်ပေါ်လျှင် ယာယီတားဝရမ်း ထုတ်ပေးရန်မလိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ယာယီတားဝရမ်း ထုတ်ပေးသင့်မသင့် ချင့်ချိန်ရာ၌၊ အမှုအတောအတွင်း ယာယီတားဝရမ်း မထုတ်ပေးခြင်းကြောင့် တရားလိုသည် ပြုပြင်၍မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်နိုင်မည် မဖြစ်နိုင်မည်ဟူသော အချက်ကို ထည့်သွင်း စဉ်းစားရပေမည်။ အကယ်၍ တရားလိုအတွက် ပြုပြင်၍ မရနိုင်သည့် ဆုံးရှုံးမှုမျိုး ဖြစ်နိုင်မည် မဟုတ်ဟု သုံးသပ်လျှင် ယာယီ တားဝရမ်း ထုတ်ပေးရန် မသင့်ချေ။

အယူခံတရားလိုများအတွက် –ဦးဌေးလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် –သခင်ချစ်၊ဗဟိုတရားရုံးရှေ့နေ

ဤအယူခံမှုနှစ်မှုမှာ ဆက်စပ်နေသည့်အတွက် နှစ်ဘက်အကျိုးဆောင်များသည် နှစ်မှုကို တပေါင်းတည်း လျှောက်လဲချက် ပေးသွားကြသဖြင့် ဤအမိန့်မှာလည်း ယင်းနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ်–၉၄/၇၈ တွင် အယူခံတရားပြိုင် ဦးမောင်တင်က အယူခံ တရားလို ဒေါ်ဘူဒီတို့အပေါ်

---

* ၁၉၇၉ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၂၄/၂၅

† ၁၉၇၈ ခုနှစ်၊ တရားမကြီးမှု အမှတ်–၉၄/၉၅ (မင်္ဂလာတောင်ညွန့်) တွင်ချမှတ်သော (၂၉-၁-၇၉) နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

ကွယ်လွန်သူ ဒေါ်စလီမာ(ခ)ဒေါ်ကြည် ကျန်ရစ်ခဲ့သော အမွေပစ္စည်းများနှင့် ပတ်သက်၍ တရားရုံးက စီမံခန့်ခွဲပေးရန် အမွေမှုစွဲဆိုခဲ့သည်။ ၁၉၀၉ ဒေါ်ဘူဒီ ပါ ၅ နှင့် ဦးမောင်တင

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ်-၉၅/၇၀ တွင် အယူခံ တရားပြိုင် ဦးမောင်တင်က အယူခံတရားလို ဒေါ်ဘူဒီတို့အပေါ် ကွယ်လွန်သူ ဒေါ်အမိနာ(ခ)ဒေါ်ကြည် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများနှင့် ပတ်သက်ပြီး စီမံခန့်ခွဲ ပေးရန်အမွေမှုစွဲဆိုခဲ့သည်။ ယင်းအမှုနှစ်မှုစလုံး တွင် ဦးမောင်တင်က အမွေရှင်များကျန်ရစ်ခဲ့သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအပေါ် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ၊ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထား ခဲ့သည်။မူလတိုင်းတရားရုံးက နှစ်ဘက်အကျိုးဆောင်များ ကို ကြားနာ၍ ယာယီတားဝရမ်းများ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဒေါ်ဘူဒီတို့က ဗဟိုတရားရုံးသို့ ဤအယူခံမှု များကို တင်သွင်းခြင်းဖြစ်သည်။

ကွယ်လွန်သူ ဒေါ်စလီမာ (ခ) ဒေါ်ကြည်၊ ဒေါ်အမိနာ (ခ) ဒေါ်ကြည်၊အယူခံတရားလို ဒေါ်ဘူဒီနှင့် အယူခံတရားပြိုင် ဦးမောင်တင် တို့မှာ မောင်နှမများ ဖြစ်ကြသည်ဟု အဆိုရှိသည်။

ကွယ်လွန်သူ အမွေရှင်များကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာ မရွှေ့ မပြောင်းနိုင်သည့် လူနေအဆောက်အအုံများ၊ ဆိုင်ခန်းများနှင့် ရွှေ့ ပြောင်းနိုင်သည့် ဆိုင်ခန်းအတွင်းမှ စက္ကူပစ္စည်းများနှင့် ရွှေထည် လက်ဝတ် လက်စားများဖြစ်သည်ဟု အဆိုပြုထားကြောင်းတွေ့ရသည်။ မူလ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ဥပဒေ ၁ နှင့် ၂ တို့အရ ထုတ်ပေးထားသည့် ယာယီ တားဝရမ်းတွင် ယင်း ပစ္စည်းများနှင့်ပတ်သက်ပြီးအမှုအဆောအတွင်းဖျက်ဆီးခြင်း၊လွှဲပြောင်း ခြင်း၊ ရောင်းချခြင်း၊ ထုခွဲခြင်း စသည်တို့ကို မပြုလုပ်ရ တားမြစ်ထား ကြောင်း တွေ့ရသည်။ယာယီ တားဝရမ်းထုတ်ပေးသင့်မသင့်ချင့်ချိန်ရာ၌ အမှုအတောအတွင်း ယာယီ တားဝရမ်း မထုတ်ပေးခြင်းကြောင့် တရား လိုသည် ပြုပြင်၍ မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမျိုး ဖြစ်နိုင်မည် မဖြစ်နိုင် မည်ဟူသော အချက်ကို ထည့်သွင်း စဉ်းစားရပေမည်။ အကယ်၍ တရားလိုအတွက် ပြုပြင်၍ မရနိုင်သည့်ဆုံးရှုံးမှုမျိုး ဖြစ်နိုင်မည် မဟုတ်ဟု သုံးသပ်လျှင် ယာယီ တားဝရမ်းထုတ်ပေးရန် မသင့်ချေ။ ဤအမှုများ တွင် အချင်းဖြစ် ပစ္စည်းများအနက် ဆိုင်ခန်းများအတွင်း၌ ကုန်သွယ်မှု

၁၉၈၀
ဒေါ်ဘူမီ
ပါ ၅
နှင့်
ဦးမောင်
တင်

လုပ်ငန်းနှင့် ပတ်သက်၍ စက္ကူပစ္စည်းများ ပါရှိနေကြောင်း တွေ့ရသည်။ ယင်းစက္ကူပစ္စည်းများနှင့် ပတ်သက်သည့် ကုန်သွယ်မှုလုပ်ငန်းကို တားဝရမ်းဖြင့် ဆိုင်းငံ့ထားမည်ဆိုပါက ယင်းပစ္စည်းများမှာ ပျက်စီးယိုယွင်းသွားမည်ဖြစ်သည်။ အကယ်၍ ယင်း ပစ္စည်းများနှင့် ပတ်သက်သည့် ကုန်သွယ်မှုလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် အမှုပြီးသည့်အခါ တာဝန်ရှိသည့် ပုဂ္ဂိုလ်က စာရင်းအင်းနှင့်တကွ တရားရုံးသို့ တင်ပြရမည်ဖြစ်သည်။ ထိုသို့ စက္ကူလုပ်ငန်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူက စာရင်းအင်းများ တင်ပြရန်တာဝန်ရှိနေသဖြင့် တရားလိုအတွက် ပြုပြင်၍ မရသော နစ်နာဆုံးရှုံးမှု ဖြစ်နိုင်စရာ အကြောင်းမရှိပေ။

အချင်းဖြစ်သည့် အဆောက်အအုံနှင့် ရွှေထည် လက်ဝတ်လက်စားများနှင့် ပတ်သက်၍မူကား အမှုအတောအတွင်း လွှဲပြောင်း ရောင်းချထုခွဲမှုပြုလုပ်ပါက နှစ်ဘက်အမှုသည်များအတွက် ရှုပ်ထွေး လာမည့် ပြဿနာပေါ်ပေါက်ရန် အကြောင်းရှိနိုင်မည်ဟု ယူဆသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် နစ်မှုစလုံးတွင် အချင်းဖြစ်နေသည့် ဆိုင်ခန်းများနှင့် ဆိုင်ခန်းများအတွင်းရှိ စက္ကူပစ္စည်း ကုန်သွယ်မှုလုပ်ငန်းများအပေါ် ထုတ်ထားသည့် ယာယီတားဝရမ်းကို ပယ်ဖျက်လိုက်သည်။ အချင်းဖြစ် လူနေအိမ် အဆောက်အအုံများနှင့် ရွှေထည် လက်ဝတ်လက်စား ပစ္စည်းများအပေါ် ထုတ်ထားသည့် ယာယီတားဝရမ်းကိုမူ အတည်ပြုလိုက်သည်။ တရားစရိတ် ခွင့်မပြု။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ကျန်

နှင့်

ဦးစိန်လှိုင်ပါ (၂) *

† ၁၉၈၀ အောက်တိုဘာလ ၂၃ ရက်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)- ဥပစာ၏ တစိတ်တဒေသတွင် နာရီပြင်ဆိုင် ဖွင့်လှစ်ခြင်းသည် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်ဖြစ် သည်ဟု ကောက်ယူ၍ရမရ။**

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် ဥပစာကို "ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလို၍" ဟူသော စကားရပ်များကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ် ကောက်ယူ၍ မရပေ။ အချင်းဖြစ်သည့် ဥပစာသည် လူနေရန်အတွက် အသုံးပြုသည့် ဥပစာဖြစ်သလား၊ သို့မဟုတ် လူနေရန် မဟုတ်ပဲ အခြား ကိစ္စရပ်များအတွက် အသုံးပြုသည့် ဥပစာဖြစ်သလား၊ လူနေရန်အတွက် အသုံးပြုသည့် ဥပစာဖြစ်လျှင် ပိုင်ရှင်ကမိမိကိုယ်တိုင် နေထိုင်ရန်အတွက် အဓိကထား၍ အသုံးပြုခြင်း ဖြစ်သလားဟူသော အချက်များကို ထည့်သွင်း စဉ်းစားရပေမည်။ ယခုအမှုတွင် အချင်းဖြစ် ဥပစာကို အယူခံ တရားလိုအနေနှင့် မိမိကိုင်တိုင် နေထိုင်ရန်အတွက် အဓိကထား ၍ အသုံးပြုမည် ဖြစ်ကြောင်းမှာ ပေါ်လွင်ထင်ရှားပေသည်။ မိမိ ကိုယ်တိုင် နေထိုင်ပြီး ဥပစာ၏ တစိတ်တဒေသတွင် မိမိအသက်မွေးဝမ်း ကျောင်း အတွက် နာရီပြင်ဆိုင်ဖွင့်လှစ်၍ အသုံးပြုရန် ရည်ရွယ်သည် ဆိုရုံမျှနှင့် မိမိကိုယ်တိုင် နေထိုင်ရန် အတွက် သက်သက်မဟုတ်ဟု မဆို နိုင်ပေ။

---

* ၁၉၇၉ ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၈၂

† ၁၉၇၈ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၈ (ပြည်) တွင် ချမှတ်သော (၁၉-၃-၇၉) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၀ အယူခံတရားလိုအတွက် -ဦးထင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် -ဦးသက်ငွေ၊ ဗဟိုတရားရုံးရှေ့နေ

ဦးမောင်ကျန်နှင့်ဦးစိန်လှိုင် ပါ (၂)

ပြည်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၂/၇၇ တွင် အယူခံတရားလိုဦးမောင်ကျန်က အယူခံတရားပြိုင်ဦးစိန်လှိုင်နှင့် ဒေါ်တင်တင်အေးတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ) အရ အချင်းဖြစ် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်ရလိုကြောင်း တရားစွဲဆို အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးစိန်လှိုင်တို့က မကျေနပ်၍ မဲခူးတိုင်းတရားရုံး တရားမအယူခံမှုအမှတ် ၁၈/၇၈ တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ဦးမောင်ကျန် စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့်ကို ဦးမောင်ကျန်က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤဒုတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

မူလမြို့နယ် တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့က ဦးမောင်ကျန်သည် အချင်းဖြစ် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန် သဘောရိုးဖြင့် ရယူလိုကြောင်း အချက်ကို လက်ခံသည်။ သို့သော် ပထမအယူခံတိုင်းတရားရုံးက ဦးမောင်ကျန်သည် အချင်းဖြစ် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန်သာ မဟုတ်ပဲ နာရီပြင်သည့် လုပ်ငန်းအတွက်လည်း အသုံးပြုမည်ဖြစ်သဖြင့် သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်မဟုတ်သဖြင့် အထက်ပါ ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ သက်သာခွင့် မရထိုက်ဟု အဆုံးအဖြတ်ပေးသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် ဥပစာကို "ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလို၍" ဟူသော စကားရပ်များကို ကျဉ်းမြောင်းစွာ အဓိပ္ပါယ် ကောက်ယူ၍ မရပေ။ အချင်းဖြစ်သည့် ဥပစာသည် လူနေရန်အတွက် အသုံးပြုသည့် ဥပစာဖြစ်သလား၊ သို့မဟုတ် လူနေရန်မဟုတ်ပဲ အခြား ကိစ္စရပ်များအတွက် အသုံးပြုသည့် ဥပစာဖြစ်သလား၊ လူနေရန်အတွက် အသုံးပြုသည့် ဥပစာဖြစ်လျှင် ပိုင်ရှင်က မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အဓိကထား၍ အသုံးပြုခြင်းဖြစ်သလား ဟူသော အချက်များကို ထည့်သွင်း စဉ်းစားရပေမည်။ ယခုအမှုတွင် အချင်းဖြစ် ဥပစာကို အယူခံ တရားလိုအနေနှင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အဓိကထား၍ အသုံးပြုမည်ဖြစ်

ကြောင်းမှာ ပေါ်လွင်ထင်ရှားပေသည်။ မိမိကိုယ်တိုင်နေထိုင်ပြီး ဥပစာ၏ တစိတ်တဒေသတွင် မိမိ အသက်မွေးဝမ်းကျောင်းအတွက် နာရီပြင်ဆိုင် ဖွင့်လှစ်၍ အသုံးပြုရန် ရည်ရွယ်သည် ဆိုရုံမျှနှင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက်မဟုတ်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုလိုက်ပြီး ပထမအယူခံ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်
ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၀ ဦးမောင်ခင်

နှင့်

ဇန်နဝါရီလ ၃၁ ရက် ဦးထွန်းစိန်ပါ(၂)*

**စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ (ဂ) နှင့် ၄၉ ခြွင်းချက်-မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းခြင်းကိစ္စ- မှတ်ပုံမတင်သော စာချုပ်ကို သက်သေခံအဖြစ် လက်ခံနိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်းတရားရုံးသည် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉၏ ခြွင်းချက်အရမှတ်ပုံမတင်ရသေးသည့် ၁-၁၁-၆၄ ရက်နေ့စွဲပါ အမွေပေးစာချုပ်ကို သက်သေခံအဖြစ် လက်ခံလိုက်ကြောင်းတွေ့ရသည်။ ယခုအမှုတွင် လျှောက်ထားခံရသူတို့က မှတ်ပုံမတင်ရသေးသည့် ၁-၁၁-၆၄ ရက်နေ့စွဲပါ အမွေပေးစာချုပ်ကို တင်ပြခြင်းမှာ ယင်းစာချုပ်အရ သူတို့သည် အချင်းဖြစ်အခန်း၏ ပိုင်ရှင်များဖြစ်သည်ဟု တင်ပြခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင် အချင်းဖြစ်အခန်း၏ ပိုင်ရှင်ကို မည်သို့မည်ပုံဖြစ်ခဲ့ကြောင်းနှင့် ပတ်သက်၍ အထောက်အထားအဖြစ်ဖြင့် တင်ပြခြင်းဖြစ်သည်။ ဤသို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်ပြီး လွှဲပြောင်းလာခြင်းကိစ္စကို တင်ပြခြင်း ဖြစ်သဖြင့် မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉၊ အပိုဒ် (ဂ) နှင့် အကျုံးဝင်သဖြင့် ၁-၁၁-၆၄ နေ့စွဲပါ အမွေပေးစာချုပ်မှာ သက်သေခံအဖြစ်တရားရုံးမှ လက်ခံနိုင်မည်မဟုတ်ပေ။ ဤစာချုပ်ကို တရားရုံးသို့ တင်ပြခြင်းကိစ္စမှာ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်နှင့် အကျုံးမဝင်ပေ။

လျှောက်ထားသူအတွက် — ဦးတင်လတ်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — သခင်ချစ်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၄

† ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၅၆ တွင် ချမှတ်သော (၂-၁-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

ဦးမောင်ခင်နှင့် ဦးထွန်းစိန်ပါ (၂)

တာမွေမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၈/၇၅ တွင် လျှောက်ထားသူ ဦးမောင်ခင်က လျှောက်ထားခံရသူ ဦးထွန်းစိန်နှင့် ဒေါ်မြင့်မြင့်အေးတို့အပေါ် ဦးထွန်းစိန်တို့နေသော အိမ်ခန်းမှာ သူပိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် လျှောက်ထားခံရသူက အချင်းဖြစ်အခန်းကို ဦးမောင်ခင်က အမွေအဖြစ် ပေးထားပြီး ဖြစ်ခြင်းကြောင့် သူတို့ပိုင်သည့်အခန်းဖြစ်သည်ဟု ထုချေ၍ ၁-၁၁-၆၄ ရက်နေ့စွဲပါ မှတ်ပုံတင်ထားခြင်း မရှိသော အမွေပေးစာချုပ်တခုကို တရားရုံးသို့ တင်သွင်းသည်။ ဦးမောင်ခင်က ယင်းစာချုပ်မှာ မှတ်ပုံတင်ထားသောစာချုပ်မဟုတ်သဖြင့် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ အရ သက်သေခံအဖြစ် လက်မခံရန် ကန့်ကွက်ခဲ့သည်။ မူလ တရားရုံးက ယင်းကန့်ကွက်ချက်ကို ခွင့်ပြုလိုက်သဖြင့် ဦးထွန်းစိန်တို့က ရန်ကုန်တိုင်း တရားမ ပြင်ဆင်မှု အမှတ် ၁၅၆/၇၇ တွင် ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ ရန်ကုန်တိုင်း တရားရုံးက မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်၍ ယင်းအမွေပေး စာချုပ်ကို သက်သေခံအဖြစ် လက်ခံရန် အမိန့်ချမှတ်လိုက်သည်။ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုမကျေနပ်၍ ဦးမောင်ခင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု တင်လာခြင်းဖြစ်သည်။

ရန်ကုန်တိုင်း တရားရုံးသည် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ မှတ်ပုံမတင်ရသေးသည့် ၁-၁၁-၆၄ ရက်နေ့စွဲပါ အမွေပေးစာချုပ်ကို သက်သေခံအဖြစ် လက်ခံလိုက်ကြောင်း တွေ့ရသည်။ ယခုအမှုတွင် လျှောက်ထားခံရသူတို့က မှတ်ပုံမတင်ရသေးသည့် ၁-၁၁-၆၄ ရက် နေ့စွဲပါ အမွေပေးစာချုပ်ကို တင်ပြခြင်းမှာ ယင်းစာချုပ်အရ သူတို့သည် အချင်းဖြစ် အခန်း၏ ပိုင်ရှင်များဖြစ်သည်ဟု တင်ပြခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင် အချင်းဖြစ်အခန်း၏ ပိုင်ချင်ကို မည်သို့မည်ပုံ ဖြစ်ခဲ့ကြောင်းနှင့်ပတ်သက်၍ အထောက်အထား အဖြစ်ဖြင့် တင်ပြခြင်းဖြစ်သည်။ ဤသို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် ပတ်သက်ပြီး လွှဲပြောင်းလာခြင်းကိုစွကို တင်ပြခြင်းဖြစ်သဖြင့် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ အပိုဒ်(ဂ)နှင့် အကျုံးဝင်သဖြင့် ၁-၁၁-၆၄ နေ့စွဲပါ အမွေပေး စာချုပ်မှာ သက်သေခံအဖြစ် တရားရုံးမှ လက်ခံနိုင်မည်မဟုတ်ပေ။ ဤစာချုပ်ကို တရားရုံးသို့ တင်ပြခြင်းကိစ္စမှာ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်နှင့် အကျုံးမဝင်ပေ။

သို့ဖြစ်၍ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလမြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။ စရိတ်ငွေ ကျပ် ၁၀/-ခွင့်ပြုသည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၀ ဦးရွှေဇံအောင်

အောက်တိုဘာလ ၃၀ ရက် နှင့်

ဒေါ်မွေးအိမ်ပါ (၆)*

**အမှုကို ဆိုင်းငံ့ခြင်း– တရားမကြီးမှု စစ်ဆေးဆဲ ပစ္စည်းထိန်းခန့်ရန် ပေါ်ပေါက်ခြင်း– ပစ္စည်းထိန်း ခန့်အပ်မပြီးမီ တရားမကြီးမှုကို ဆိုင်းငံ့ထားရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကြီးမှု တစ်မှုကို စစ်ဆေးရာတွင် ယင်းအမှုမှ ပေါ်ပေါက်သည့် ပစ္စည်းထိန်း ခန့်အပ်ပေးရန် လျှောက်လွှာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးသည်အထိ တရားမကြီးမှုကို ဆိုင်းငံ့ထားရန် တရားရုံးတွင် အာဏာမရှိပေ။ ဤကဲ့သို့ ဆိုင်းငံ့ထားရန် တရားမကျင့်ထုံး ဥပဒေက ခွင့်မပြုချေ။

လျှောက်ထားသူအတွက် –ဦးတင်ဦး (မော်လမြိုင်) ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်–ဦးချန်ထွန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ။

မွန်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၈၂ (မ)/၇၇ တွင် လျှောက်ထားခံရသူ အမှတ် ၁–ဒေါ်မွေးအိမ်က လျှောက်ထားသူ ဦးရွှေဇံအောင်နှင့် လျှောက်ထားခံရသူ အမှတ် ၂မှ ၆ တို့ အပေါ် အမွေမှု စွဲဆိုခဲ့သည်။ ယင်းကဲ့သို့ အမွေမှု စွဲဆိုပြီးနောက် မွန်ပြည်နယ် တရားရုံး တရားမသေးမှု အမှတ် ၂၀ (သ)/၇၈ တွင် ဦးရွှေဇံအောင် လက်ဝယ်ရှိသော ပစ္စည်းများနှင့် ပတ်သက်ပြီး ပစ္စည်းထိန်း ခန့်အပ် ပေးရန် ဒေါ်မွေးအိမ်က လျှောက်ထားခဲ့သည်။ ထိုသို့လျှောက်ထား

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၆၀

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၂ (မ) တွင် ချမှတ်သော (၂၆–၃–၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၀

ဦးရွှေဇံ
အောင်
နှင့်
ဒေါ်မွေးအိမ်
ပါ (၆)

ပြီးနောက် တရားမအသေးအဖွဲ့မှုတွင် ပစ္စည်းထိန်း ခန့်အပ်ပြီးသည်အထိ မူလ တရားမကြီးမှုကို ဆိုင်းငံ့ထားပေးရန် ဒေါ်မွေးအိမ်က လျှောက်ထားသည်။ ဤကဲ့သို့ တရားမကြီးမှုကို ဆိုင်းငံ့ထားခြင်း မပြုရန် ဦးရွှေဇံအောင်က ကန့်ကွက်သော်လည်း မွန်ပြည်နယ်တရားရုံးက လက်မခံပဲ တရားမအသေးအဖွဲ့မှုတွင်ပစ္စည်းထိန်းခန့်အပ်ပြီးမှ မူလတရားမကြီးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဦးရွှေဇံအောင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

တရားမကြီးမှု တစ်မှုကို စစ်ဆေးရာတွင် ယင်းအမှုမှ ပေါ်ပေါက်သည့် ပစ္စည်းထိန်းခန့်အပ်ပေးရန် လျှောက်လွှာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးသည်အထိ တရားမကြီးမှုကို ဆိုင်းငံ့ထားရန် တရားရုံးတွင် အာဏာမရှိပေ။ ဤကဲ့သို့ ဆိုင်းငံ့ထားရန် တရားမကျင့်ထုံး ဥပဒေက ခွင့်မပြုချေ။

ထို့ကြောင့် မွန်ပြည်နယ်တရားရုံး၏ အမိန့်မှာ ဥပဒေနှင့် မကိုက်ညီသဖြင့် ပယ်ဖျက်လိုက်သည်။ စရိတ်ငွေ ကျပ် ၈၀ /-ခွင့်ပြုသည်။

**တရားမပြင်ဆင်မှု**

**ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၇၀ **မစ္စတာလားလ်မာမက်ခန်း**

**နှင့်**

ဩဂုတ်လ ၁၁ ရက် **မစ္စတာရှားခန်း ***

**(မိမိအတွက်နှင့် ကွယ်လွန်သူ မရီယံဘီဘီကိုယ်စား) ပါ (၁၉)**

**အမွေအုပ်ထိန်း စီမံခန့်ခွဲပေးရန်နှင့် ပစ္စည်းခွဲဝေပေးစေလိုမှု -ပဏာမ ဒီကရီ ချမှတ်ပြီးနောက်၊ ပစ္စည်းထိန်း ခန့်အပ်၍ ပစ္စည်းစာရင်းများ ကောက်ယူရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပဏာမဒီကရီ ချမှတ်ရသည့် အမွေအုပ်ထိန်း စီမံခန့်ခွဲပေးစေလိုမှုများနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုများတွင် ပဏာမ ဒီကရီ ချမှတ်ပြီးနောက် တရားရုံးက ပစ္စည်းထိန်း ခန့်ထားပြီး ပစ္စည်း စာရင်းများ ကောက်ယူရေးအတွက် စုံစမ်းစစ်ဆေးစေရန် တာဝန်ပေး အပ်ရသည်။ ပစ္စည်းထိန်းသည် စုံစမ်းစစ်ဆေး၍ ပစ္စည်းစာရင်းများ ကောက်ယူကာ မိမိ၏ စုံစမ်းတွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံစာ တင်သွင်း အစီရင်ခံရသည်။ ထိုအခါ တရားရုံးက အစီရင်ခံစာကို လက်ခံသည် လက်မခံသည်တို့ကို ဦးစွာ ဆုံးဖြတ်ရသည်။ ထိုသို့ဆုံးဖြတ် ပြီးနောက်မှ တရားရုံးက အပြီးသတ် ဒီကရီ ချမှတ်ရသည်။ အပြီးသတ် ဒီကရီအမိန့်ချမှတ်ရာတွင် စာရင်းကောက်ယူရရှိသည့် ပစ္စည်းများသည် အမွေပုံပစ္စည်းများ ဟုတ်မဟုတ် ထည့်သွင်း သုံးသပ် အဆုံးအဖြတ် ပေးရသည်။

လျှောက်ထားသူအတွက် -ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် -ဦးမောင်မောင် (၆)၊ ဗဟိုတရားရုံး ရှေ့နေ။

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် -၈၄

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၅ တွင် ချမှတ်သော (၁၂-၈-၇၇) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ယခင်တရားရုံးချုပ်၊ တရားမကြီးမှု အမှတ် ၄၂/၅၄၌ လျှောက်ထားခံရသူရှားခန်းကရှီရှန်ခန်းပါ (၁၀)ဦးတို့အပေါ် ကွယ်လွန်သူမရှီဒီခန်း၏ အမွေပုံပစ္စည်းနှင့် ပတ်သက်၍ မြွက်ဟ ကြေငြာပေးရန် အမွေအုပ်ထိန်း စီမံခန့်ခွဲပေးရန်နှင့် ပစ္စည်းခွဲဝေပေးရန် စွဲဆိုခဲ့ရာ တရားရုံးချုပ်က ပဏာမ ဒီကရီချမှတ်ပေးခဲ့သည်။ ပဏာမဒီကရီအရ ပစ္စည်းစာရင်းများ ကောက်ယူရန်အတွက် ဆောင်ရွက်သည့်အခါ ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ (၃)ရက် နေ့တွင် မူလတရားပြိုင်တစ်ဦးဖြစ်သူ လားလ်မာမက်ခန်းက သူသည် အမွေခွဲဝေ ရရှိပြီးသူဖြစ်၍ သူ့အတွက် အမွေခွဲဝေ ရရှိပြီးဖြစ်သော ပစ္စည်းကို အမွေပစ္စည်းစာရင်း ကောက်ယူရာတွင် ထည့်သွင်းကောက်ယူရန် လိုအပ်မည်မဟုတ်၍ မကောက်ယူစေရန် ညွှန်ကြားချက် ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားခဲ့သည်။ အမှုကို လွှဲပြောင်းရရှိခဲ့သော ရန်ကုန်တိုင်းတရားရုံးသည် တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၁၄၅/၇၇ ၌ လားလ်မာမက်ခန်း၏ လျှောက်လွှာနှင့် ပတ်သက်၍ လက်ခံရန်မသင့်ဟု သုံးသပ်ပြီး လျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် လားလ်မာမက်ခန်းက ဗဟိုတရားရုံးသို့ ဤတရားမ ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၀

မစ္စတာ လားလ်မာမက်ခန်းနှင့် မစ္စတာ ရှားခန်း (မိမိအတွက်နှင့် ကွယ်လွန်သူ မရီယံဘီဘီ ကိုယ်စား) ပါ(၁၉)

တိုင်းတရားရုံး၏ အမိန့်ကို ကြည့်ရှုလေ့လာသည့်အခါ၊ ပဏာမဒီကရီအတိုင်း ကွယ်လွန်သူ၏ ကျန်ရစ်သော အမွေပုံပစ္စည်းများကို စာရင်း ကောက်ယူပြီးလျှင်၊ အပြီးသတ် ဒီကရီချမှတ်သည့် အခါ၌ ပေါ်ပေါက်လာသည့် အခြေအနေများ အရသာလျှင် အပြီးသတ် ဒီကရီချမှတ်ပေးရန် ရှိသဖြင့်၊ စာရင်းကောက်ယူခြင်း မပြုသေးမီ ယခုအချိန်တွင် လက်ခံခြင်း မပြုထိုက်ဟု သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

ပဏာမဒီကရီ ချမှတ်ရသည့် အမွေအုပ်ထိန်း စီမံခန့်ခွဲပေးစေလိုမှုများနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုများတွင်၊ ပဏာမဒီကရီ ချမှတ်ပြီးနောက် တရားရုံးက ပစ္စည်းထိန်း ခန့်ထားပြီး၊ ပစ္စည်းစာရင်းများ ကောက်ယူရေးအတွက် စုံစမ်းစစ်ဆေးစေရန် တာဝန်ပေးအပ်ရသည်။ ပစ္စည်းထိန်းသည် စုံစမ်းစစ်ဆေး၍ ပစ္စည်းစာရင်းများ ကောက်ယူကာ မိမိ၏ စုံစမ်းတွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံစာ တင်သွင်း အစီရင်ခံရသည်။ ထိုအခါ တရားရုံးက အစီရင်ခံစာကို လက်ခံသည် လက်မခံသည်တို့ကို ဦးစွာဆုံးဖြတ်ရသည်။ ထိုသို့ ဆုံးဖြတ်ပြီးနောက်မှ တရားရုံးက အပြီးသတ် ဒီကရီချမှတ်ရသည်။ အပြီးသတ် ဒီကရီ အမိန့်

၁၉၀၀

မစ္စတာ လားလ် မာမက်ခန်း နှင့် မစ္စတာ ရှားခန်း (၆၆ အတွက်နှင့် ရှုယ် လွန်သူ မရိယံဘီဘီ ကိုယ်စား)၊ ပါ (၁၉)

ချမှတ်ရာတွင် စာရင်းကောက်ယူ ရရှိသည့် ပစ္စည်းများသည် အမွေပုံ ပစ္စည်းများ ဟုတ်မဟုတ် ထည့်သွင်း သုံးသပ် အဆုံးအဖြတ် ပေး ရသည်။ ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်သည် လုပ်ထုံးလုပ်နည်း နှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ပေ။ တိုင်းတရားရုံးသည် (၂) တရားပြိုင် လားလ်ခန်း၏ ကန့်ကွက်လွှာကို လုံး၀မစဉ်းစားဟု အဆုံး အဖြတ်ပေးထားခြင်း မဟုတ်ပေ။ စောလွန်းနေသေး၍သာ လက်မခံ ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ လျှောက်ထားသူ မစ္စတာ လားလ်မာမက်ခန်း၏ ပြင်ဆင်မှု လျှောက်လွှာကို ပလပ်လိုက်ကြောင်း စရိတ်နှင့်တကွ အမိန့်ချမှတ်သည်။

ရှေ့နေစရိတ်ငွေ ကျပ် ၅၀/–သတ်မှတ်သည်။

## တရားမပထမအယူခံမှု

ဉက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်လှကြည်ပါ(၆)

နှင့်

ဒေါ်တင်မာဦး *

† ၁၉၈၀ ဇန်နဝါရီ လ ၂၀ ရက်

**အချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်မှု —တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၇ နည်း ၃ နှင့် သက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်လှကြည်တို့သည် **အချေလွှာတင်ရန် အကြိမ်**ကြိမ် ပျက်ကွက်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားပေသည်။ ထိုသို့ အချေလွှာတင်သွင်းရန် ပျက်ကွက်လျှင် တရားရုံးသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၇၊နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်သည်။ အချေလွှာ တင်ရန် ပျက်ကွက်ခြင်းသည် အမှုသည် လာရောက်ရန် ပျက်ကွက်သည့်အခါ ကျင့်သုံးရန် ပြဋ္ဌာန်းထားသော တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၂ နှင့် မသက်ဆိုင်ပေ။

အယူခံတရားလိုများအတွက် — ဦးမောင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင် အတွက် — ဦးမြတ်လှ၊ ဗဟိုတရားရုံးရှေ့နေ။

ပဲခူးတိုင်း တရားရုံး တရားမကြီးမှု အမှတ် ၃/၇၀ ၌၊ အယူခံတရားပြိုင် ဒေါ်တင်မာဦးက အယူခံတရားလို ဒေါ်လှကြည်ပါ (၆) ဦး တို့အပေါ်၊ အချင်းဖြစ် အိမ်အတွက် ပြုလုပ်ထားသော အရောင်းအဝယ် ကတိပဋိညာဉ်ကို အတည်ပြု၍ အပြီးအပိုင် လွှဲပြောင်း ရောင်းချသော အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ မှတ်ပုံတင်ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုခဲ့သည်။ တိုင်းတရားရုံးက လုပ်ထုံးလုပ်နည်း

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃(ပဲခူး)တွင် ချမှတ်သော (၄-၁၁-၇၀) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၀

ဒေါ်လှကြည်
ပါ (၆)
နှင့်
ဒေါ်တင်
မာဦး

နှင့် အညီ ဆောင်ရွက်ရာတွင်၊ ဒေါ်လှကြည်တို့သည် အချေလွှာ တင်သွင်းရန် အကြိမ်ကြိမ် ပျက်ကွက်ကြသဖြင့်၊ တိုင်းတရားရုံးသည် အမှုကို တဘက်သတ် ဆက်လက်ဆောင်ရွက်၍ စစ်ဆေးကြားနာပြီး၊ ဒေါ်တင်မာဦး စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးခဲ့သည်။ ယင်းအမိန့်ကို ဒေါ်လှကြည်တို့က မကျေနပ်ကြ၍ ဗဟိုတရားရုံးသို့ ဤပထမအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

တိုင်းတရားရုံး၌ ဒေါ်တင်မာဦး တင်သွင်းခဲ့သော အဆိုလွှာအရ အမှုမှာ မူလပိုင်ရှင် ဦးမောင်မောင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့သူ ဇနီး ဒေါ်လှကြည်နှင့် သားသမီးများက ပဲခူးမြို့၊ ဈေးပိုင်း ရပ်ကွက် အမှတ် (၁၁)၊ ဆေးရုံဟောင်းလမ်း၊ ဦးပိုင်အမှတ်-၁၄၁/၁၉၆၂-၆၃ မြေကွက်ပေါ်ရှိ ၅ ပင် ၄ ခန်း နေအိမ် အဆောက်အအုံကို ၁၉၇၆ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် ဒေါ်တင်မာဦးအား ငွေကျပ် ၄၀၀၀၀/-နှင့် အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုကာ လက်ရောက်ပေးအပ် ရောင်းချခဲ့လေသည်။ ၁၉၇၇ ခုနှစ် ဧပြီလ (၆)ရက် နေ့တွင်၊ ဒေါ်လှကြည်တို့က အခြားပိုင်ရှင်များက သဘောမတူ၍ အရောင်းအဝယ် ကတိ ပဋိညာဉ်ကို ဖျက်သိမ်းကြောင်း အကြောင်းကြားလာသဖြင့်၊ ဒေါ်တင်မာဦးက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် စွဲဆိုလာသော အမှုဖြစ်သည်။

ဤအယူခံမှုအတွက် ဒေါ်လှကြည်တို့ တင်ပြထားသော အဓိက အကြောင်းပြချက်များမှာ၊ တိုင်းတရားရုံးသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၇၊ နည်း ၂ အရ ဆောင်ရွက်ရန် ဖြစ်သည်ကို အမိန့် ၁၇၊ နည်း ၃ အရ ဆောင်ရွက်ခဲ့သည်မှာ မှားယွင်းကြောင်းနှင့်၊ အယူခံ တရားလို ကိုခင်မောင်သိန်းနှင့် ကိုစလင်းတို့ အရောင်းအဝယ် စာချုပ် တွင် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပဲ၊ ယင်းတို့အပေါ်၌ပါ ဒီကရီချမှတ် ခြင်းမှာ မှားယွင်းကြောင်းဆိုသည့် အချက်များဖြစ်သည်။

တိုင်းတရားရုံး အမှုတွဲပါ နေ့စဉ် မှတ်တမ်းများကို ကြည့်ရှုလေလာ သောအခါ၊ အမှု စတင်စွဲဆိုခဲ့သည်မှာ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ (၉)ရက်နေ့ ဖြစ်ပြီး၊ ဒေါ်လှကြည်ပါ (၆)ဦးတို့ထံ ထုတ်ဆင့်ခဲ့သော သမ္မန်စာ အတည်ဖြစ်သည့်အပေါ် ယင်းတို့၏ အကျိုးဆောင်က ကိုယ်စားလှယ်စာ တင်သွင်းသဖြင့်၊ တိုင်းတရားရုံးက အချေလွှာ တင်သွင်း ရန် စတင်ရက်ချိန်းပေးခဲ့သည့် နေ့ရက်မှာ ၁၉၇၈ ခုနှစ် ဧပြီလ(၂၆) ရက်နေ့ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့နောက် ဒေါ်လှကြည်တို့ဘက်

မှ အကြောင်းအမျိုးမျိုးပြ၍ အချေလွှာတင်ရန် ရက်ချိန်းများကို အကြိမ်ကြိမ် တောင်းယူခဲ့သည်။ ၁၉၇၀ ခုနှစ် ဩဂုတ်လ (၂၄)ရက်နေ့တွင် တရားရုံးက အချေလွှာ မပျက်မကွက် တင်ရန် စတင်သတိပေးခဲ့သည်။ စက်တင်ဘာလ(၇)ရက်နေ့တွင် နောက်တစ်ကြိမ် သတိပေးခဲ့ပြီး၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် အချေလွှာတင်ရန် နောက်ထပ် ပျက်ကွက်ပါက အမှုကို တဘက်သတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အတည့်အလင်း သတိပေးခဲ့သည်။ အောက်တိုဘာလ (၂)ရက်နေ့တွင် ဒေါ်လှကြည်တို့က အချေလွှာမတင်ပဲ တရားမကျင့်ထုံး ဥပဒေ အမိန့် ၇၊ နည်း ၃ အရ လျှောက်လွှာ တင်လာသောကြောင့်၊ ဒေါ်တင်မာဦး၏ အကျိုးဆောင်က ဒေါ်လှကြည်တို့သည် တရားရုံး၏ အမိန့်အတိုင်း ဆောင်ရွက်ခြင်းမရှိပဲ၊ အမှုကို ကြန့်ကြာစေရန် လျှောက်လွှာ တင်သွင်းခြင်း ဖြစ်၍၊ တရားရုံး၏ အမိန့်အတိုင်း အမှုကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း ကန့်ကွက်ခဲ့သည်။ တိုင်းတရားရုံးက ယင်းတင်ပြချက်နှင့် ပတ်သက်၍ နှစ်ဘက် လျှောက်လဲချက် ကြားနာပြီးနောက် အောက်တိုဘာလ (၉)ရက်နေ့တွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်း ၃ အရ ဒေါ်လှကြည်တို့၏ လျှောက်လွှာကို ပလပ်ကာ အမှုကို တဘက်သတ် စစ်ဆေးသွားမည် ဖြစ်ကြောင်း အမိန့် ချမှတ်ခဲ့သည်။ ထို့နောက် တိုင်းတရားရုံးသည် အောက်တိုဘာလ (၂၁)ရက်နေ့တွင် တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးပြီး နိုဝင်ဘာလ (၄)ရက်နေ့တွင် ဒေါ်တင်မာဦးအား ဒီကရီချပေးခဲ့သည်။

ဤအချက်အလက်များအရ ဒေါ်လှကြည်တို့သည် အချေလွှာတင်ရန် အကြိမ်ကြိမ် ပျက်ကွက်ခဲ့သည်မှာ ပေါ်လွင်ထင်ရှား နေပေသည်။ ထိုသို့အချေလွှာ တင်သွင်းရန် ပျက်ကွက်လျှင် တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်သည်။ အချေလွှာတင်ရန် ပျက်ကွက်ခြင်းသည် အမှုသည်လာရောက်ရန် ပျက်ကွက်သည့်အခါ ကျင့်သုံးရန်ပြဋ္ဌာန်းထားသော တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၂ နှင့် မသက်ဆိုင်ပေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၃ ၌ အမှုသည် တစ်ဦးဦးသည် သက်သေ အထောက်အထားပြရန် ကိုသော်လည်းကောင်း၊ သက်သေများရုံးသို့ လာရောက် အစစ်ခံရေးအတွက် ဆောင်ရွက်ရန်ကို သော်လည်းကောင်း၊ အမှုစစ်ဆေးရေးအတွက် အထောက်အကူပြုသော လုပ်ဆောင်ရန်များ ကိုသော်လည်းကောင်း၊ ပြုလုပ်ဆောင်ရွက်ရန် အချိန်ပေးခဲ့သော်လည်း ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်လျှင် တရားရုံးသည် အမှုကို အဆုံးအဖြတ် ပေးရေးအတွက် ချက်ချင်း ဆက်လက်

၁၉၀၀

ဒေါ်လှကြည် ပါ (၆) နှင့် ဒေါ်တင်မာဦး

ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တိုင်းတရားရုံးသည် အမှုစစ်ဆေးနိုင်ရေးအတွက် အထောက်အကူ ဖြစ်သည့် အချေလွှာ တင်သွင်းခဲ့ခြင်း မရှိ၍ အမှုကိုဆက်လက် ဆောင်ရွက်ပြီးနောက် တရားလိုနှင့် တရားလိုပြသက်သေတို့ကို စစ်ဆေးကာ ဒီကရီချမှတ်ပေးခဲ့ခြင်းသည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ဟု မဆိုနိုင်ပေ။ တရားလိုနှင့် တရားလိုပြသက်သေတို့၏ ထွက်ဆိုချက်များနှင့် သက်သေခံ စာရွက် စာတမ်းများအရလည်း ဒေါ်တင်မာဦးသည် စွဲဆိုသည့် ဒီကရီရထိုက်ကြောင်း တွေ့ရှိရသည်။

သက်သေခံ "က" အရောင်းအဝယ် ကတိစာချုပ်အရ ဝယ်သူမှာ ဒေါ်တင်မာဦးဖြစ်ပြီး ရောင်းသူမှာ ဒေါ်လှကြည်နှင့် သူ၏သားသမီးများဖြစ်ကြသော မောင်တင်အေး၊ မောင်တင်မောင်ထွန်း၊ မောင်ခင်မောင်သိန်း၊ မောင်စလင်းနှင့် မတင့်တင့်လွင်တို့ဖြစ်ကြသည်။ အရောင်းအဝယ် ပြုလုပ်စဉ်ကလည်း အချင်းဖြစ် အိမ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဒေါ်လှကြည်တို့က ဒေါ်တင်မာဦးအား လွှဲပြောင်းပေးခဲ့သည့်အပြင်၊ အချင်းဖြစ် အိမ်ကိုလည်း လက်ရောက် ပေးအပ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ သို့ရာတွင် ရောင်းသူများက လက်မှတ်ရေးထိုးရာ၌ မောင်ခင်မောင်သိန်းနှင့် မောင်စလင်းတို့၏ လက်မှတ်များ မပါရှိကြောင်း တွေ့ရှိရသည်။ သို့သော် သက်သေထွက်ချက်များအရ အရောင်းအဝယ် စကားပြောပြီး ရောင်းချရန် အသဘောတူကြစဉ်က မောင်ခင်မောင်သိန်းနှင့် မောင်စလင်းတို့ ရှိကြသည်။ အရောင်းအဝယ် ပြုလုပ်ရန်လည်း သဘောတူညီ ခဲ့ကြသည်။ ယင်းတို့သည် ကတိစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးသည့် နေ့တွင် ရန်ကုန်သို့ ရောက်ရှိနေကြ၍ လက်မှတ် မရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဒေါ်လှကြည်တို့က ပေးပို့သော ကတိ ဖျက်သိမ်းကြောင်း အကြောင်းကြားစာ သက်သေခံ (၃)၌ အရောင်းအဝယ် ပြုလုပ်ရာတွင် မောင်ခင်မောင်သိန်းနှင့် မောင်စလင်း အပါအဝင် ဝယ်သူနှင့် ရောင်းသူများ နှစ်ဘက် သဘောတူ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်သာမက မောင်ခင်မောင်သိန်းနှင့် မောင်စလင်းတို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အရောင်းအဝယ် ပြုလုပ်ရန် မောင်ခင်မောင်သိန်းနှင့် မောင်စလင်းတို့ သဘောတူညီခဲ့ကြသည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ အယူခံတရားလိုဒေါ်လှကြည်ပါ (၆)ဦးတို့၏ ဤအယူခံမှုကို ခွင့်ပြုရန် အကြောင်းမရှိ၍ တရားရုံးအဆင့်ဆင့်၏ စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်းအမိန့်ချမှတ်သည်။

## တရားမတတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်
ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈၀
နိုဝင်ဘာလ
၁၃ ရက်

ဦးလှတင်

ဦးစံရွှေ

နှင့်

ဦးစံရွှေ*

ဦးလှတင်

**တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇-အယူခံမှုများတွင် နောက်ထပ် သက်သေခံချက် တင်ပြရန် အခွင့်အရေးမရှိ- အယူခံရုံးက ဆုံးဖြတ်ရန်အတွက် လိုအပ်သည်ဟု ယူဆမှသာ နောက်ထပ် သက်သေခံချက် ရယူရန်လိုခြင်း- မူလရုံးနှင့် ပထမအယူခံရုံးများတွင် အငြင်းပွားမှု မရှိသည့်အချက်ကို တတိယ အယူခံရုံးက အဆုံးအဖြတ်ပေးရန် မလိုအပ်ခြင်း။**

မူလရုံးတွင် ဦးစံရွှေက ဦးလှတင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) အရ တရားစွဲဆိုရာ တဘက်သတ် ဒီကရီ ရရှိခဲ့သည်။ ဦးလှတင်က မူလရပ်ကွက်တရားရုံး၏ ဒီကရီကို မော်လမြိုင် မြို့နယ် တရားရုံးသို့ အယူခံတက်ရာ မအောင်မြင်သဖြင့် မွန်ပြည်နယ်တရားရုံးသို့ ထပ်မံ အယူခံဝင်ရာ၊ မွန်ပြည်နယ် တရားရုံးက ဦးလှတင်အား အချင်းဖြစ် အိမ်အောက်ထပ်တွင် ဆက်လက်နေစေပြီး၊ အိမ်အပေါ်ထပ်မှ ဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ဦးစံရွှေနှင့်ဦးလှတင်တို့ နှစ်ဦးလုံးက မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ တတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဦးလှတင်၏ အကျိုးဆောင်က အယူခံလွှာနှင့် အတူ တင်သွင်းသော အရောင်းအဝယ်စာချုပ်မိတ္တူမှန်အရ ဦးစံရွှေ၏ မိခင်ဖြစ်သူ ဒေါ်စိန်နုသည် အချင်းဖြစ် အိမ်ယာမြေကို ၂၉-၁၁-၅၄

---

* ၁၉၇၉ ခုနှစ်၊ တရားမ တတိယအယူခံမှု အမှတ် $\frac{၃၁}{၄၆}$

† ၁၉၇၉ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၄၀ (၄) တွင် ချမှတ်သော (၂၄-၄-၇၉) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၀ | ဦးလှတင် | ဦးစံရွှေ နှင့် ဦးစံရွှေ | ဦးလှတင်

နေ့၌ ဝယ်ယူထားကြောင်း ပေါ်ပေါက်နေသဖြင့်၊ ဒေါ်စိန်နုသည် ယင်းအိမ်ကို ၁-၅-၄၅ နေ့တွင် ပိုင်ဆိုင်သူမဟုတ်သည့်အလျောက်၊ ယင်းကွယ်လွန်သောအခါ ထိုအိမ်ကို အမွေဆက်ခံရရှိသော ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ဟု ပေါ်လွင်ကြောင်း၊ သို့ဖြစ်၍ အဆိုပါ အရောင်းအဝယ် စာချုပ် မိတ္တူကို ဗဟိုတရားရုံးက တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ သက်သေခံအဖြစ် လက်ခံ၍ အယူခံကို ဆုံးဖြတ်သင့်ကြောင်း၊ သို့မဟုတ် ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သော ပိုင်ရှင် ဟုတ်မဟုတ် အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ ငြင်းချက်ထုတ်၍ မူလရုံးအား စစ်ဆေးဆုံးဖြတ်စေပြီးမှ အယူခံကို ဆုံးဖြတ်သင့်ကြောင်းဖြင့် တင်ပြလျှောက်လဲသည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ ပါ ပြဋ္ဌာန်းချက်အရ အယူခံမှုများတွင် နှစ်ဘက်အမှုသည်တို့သည် နောက်ထပ် သက်သေခံချက် တင်ပြရန် အခွင့်အရေး မရှိချေ။ အယူခံ ကြားနာသည့် တရားရုံးကသာ ဆုံးဖြတ်ချက်ပြုရန် အလို့ငှာ၊ သို့မဟုတ် အခြား လုံလောက်သည့် အကြောင်းတရပ်ရပ်ကြောင့် သက်သေကို စစ်ဆေးရန် သို့မဟုတ် စာရွက်စာတမ်း တင်ပြရန် လိုအပ်သည်ဟု ယူဆလျှင် နောက်ထပ် သက်သေခံချက်များ ရယူနိုင်ပေသည်။

ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)၌ အကျုံးဝင်သော ပိုင်ရှင် ဟုတ်မဟုတ် ဟူသော အချက်မှာ မူလရုံးနှင့် ပထမ အယူခံရုံးများတွင် အငြင်းပွားမှု မရှိသည့်အလျောက် ယင်းအချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် အကြောင်း မပေါ်ပေါက်ပေ။ အယူခံမှုကို အဆုံးအဖြတ်ပေးရန် မလိုအပ်သော အချက်နှင့်ပတ်သက်၍ နောက်ထပ် သက်သေခံချက် ရယူရန်လည်း မလိုချေ။ ငြင်းချက် ထပ်မံထုတ်နှုတ် စစ်ဆေးစေရန် မသင့်ဟု ယူဆသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — ဦးထွန်းတင် နှင့် ဦးချစ်သန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေများ။ | ၁၉၈၉ |
| | | ဦးလှတင် |
| အယူခံတရားပြိုင်အတွက် | — ဦးချစ်သန်းထွန်း နှင့် ဦးထွန်းတင်၊ ဗဟိုတရားရုံး ရှေ့နေများ။ | ဦးစံရွှေ နှင့် ဦးစံရွှေ |
| | | ဦးလှတင် |

မော်လမြိုင်မြို့နယ်၊ မောင်ငံရပ်ကွက် တရားရုံး၊ တရားမမှုကြီး အမှတ် ၂/၇၆ တွင် ဦးစံရွှေက ဦးလှတင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရာ တဘက်သတ်ဒီကရီ ရရှိခဲ့သည်။ ဦးလှတင်က ရပ်ကွက် တရားရုံး၏ ဒီကရီကို မော်လမြိုင်မြို့နယ်တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် မွန်ပြည်နယ်တရားရုံးတွင် ထပ်မံ အယူခံဝင်သော အခါ မွန်ပြည်နယ်တရားရုံးက ဦးလှတင်အား အချင်းဖြစ် အိမ်အောက် ထပ်တွင် ဆက်လက်နေစေပြီး အိမ်အပေါ်ထပ်မှ ဖယ်ရှားပေးရန် အမိန့် ချမှတ်ခဲ့သည်။ ဦးလှတင်နှင့် ဦးစံရွှေတို့နှစ်ဦးလုံးက မွန်ပြည်နယ် တရား ရုံး၏အမိန့်ကို မကျေနပ်ကြသဖြင့် ဗဟိုတရားရုံးတွင် တရားမ တတိယ အယူခံမှု အမှတ် ၃၁/၇၉ နှင့် ၄၆/၇၉ တို့ကို အသီးသီး တင်သွင်း ကြသည်။ ဤအယူခံမှုများမှာ မူလရုံး အမှုတစ်မှုတည်းမှ ပေါ်ပေါက် လာသဖြင့် ဤစီရင်ချက်သည် ယင်းအယူခံမှု နှစ်မှုစလုံးနှင့် သက်ဆိုင် စေရမည်။

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ရဲသွေးလမ်းကြား အိမ်အမှတ် ၁၀ (အေ)မှာ ဦးစံရွှေနှင့် ညီအစ်ကို မောင်နှမများ အမွေဆိုင်အိမ် ဖြစ် သည်။ထိုအိမ်ကို ဦးလှတင်က တစ်လလျှင် အိမ်လခ ငွေကျပ် ၄၅/–နှုန်း ဖြင့် ငှားရမ်းနေထိုင်ခဲ့ရာ၊ ဦးစံရွှေ တပ်မတော်မှ အငြိမ်းစားယူမည် ဖြစ်၍ ယင်းအိမ်တွင် နေထိုင်လိုသောကြောင့်၊ ဦးလှတင်အား ဖယ်ရှား ပေးရန် မေတ္တာရပ်ခံသော်လည်း မအောင်မြင်သဖြင့် ဦးစံရွှေက ဦးလှ တင်အား အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုသည်။

ဦးလှတင်က အမှုကို ခုခံသဖြင့် ရပ်ကွက်တရားရုံးက ငြင်းချက်များ ထုတ်နုတ်ပြီး တရားလိုဘက်ကို စစ်ဆေးရန် ချိန်းဆိုရာ၊ ဦးလှတင်ဘက်မှ တရားရုံးသို့ လာရောက်ခြင်းမရှိသဖြင့်၊ ရပ်ကွက်တရားရုံးက ဦးလှတင် အပေါ် တဘက်သတ် ဒီကရီချမှတ်ခဲ့လေသည်။

၁၉၇၀

ဦးလှတင်

ဦးစံရွှေ
နှင့်
ဦးစံရွှေ

ဦးလှတင်

အယူခံမှုအမှတ် ၃၁ / ၇၉ တွင် ဦးလှတင်ဘက်မှ အဓိက တင်ပြသည့်အကြောင်းပြချက်မှာ ဦးစံရွှေသည် ၁-၅-၄၅ နေ့၌ အချင်းဖြစ် ဥပစာပိုင်ရှင်ဖြစ်ကြောင်း၊ သို့တည်းမဟုတ် ထိုနေ့ရက် နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း မရှိသဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်သည့်အလျောက် အိမ်ငှားဖြစ်သူ ဦးလှတင်အား အချင်းဖြစ်အိမ်မှ နှင်ထုတ်ရန်အတွက် ဒီကရီ မရထိုက်ဟူသော အချက်ဖြစ်သည်။

ဦးလှတင်၏ အကျိုးဆောင်က အယူခံလွှာနှင့်အတူ တင်သွင်းသော အရောင်းအဝယ်စာချုပ်မိတ္တူမှန်အရ ဦးစံရွှေ၏မိခင်ဖြစ်သူ ဒေါ်စိန်နုသည် အချင်းဖြစ် အိမ်ယာမြေကို ၂၉-၁၁-၅၄ နေ့၌ ဝယ်ယူထားကြောင်း ပေါ်ပေါက် နေသဖြင့် ဒေါ်စိန်နုသည် ယင်းအိမ်ကို ၁-၅-၄၅ နေ့တွင် ပိုင်ဆိုင်သူ မဟုတ်သည့်အလျောက် ယင်းကွယ်လွန်သောအခါ ထိုအိမ်ကို အမွေဆက်ခံ ရရှိသော ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သောပိုင်ရှင်မဟုတ်ဟု ပေါ်လွင်ကြောင်း၊ သို့ဖြစ်၍ အဆိုပါ အရောင်းအဝယ်စာချုပ် မိတ္တူကို ဗဟိုတရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇ အရ သက်သေခံအဖြစ် လက်ခံ၍ အယူခံကို ဆုံးဖြတ်သင့်ကြောင်း၊ သို့မဟုတ် ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သောပိုင်ရှင် ဟုတ်မဟုတ် အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ ငြင်းချက်ထုတ်၍ မူလရုံးအား စစ်ဆေးဆုံးဖြတ်စေပြီးမှ အယူခံကို ဆုံးဖြတ်သင့်ကြောင်းဖြင့် တင်ပြလျှောက်လဲသည်။ သို့ရာတွင် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၇ ပါ ပြဋ္ဌာန်းချက်အရ အယူခံမှုများတွင် နှစ်ဘက်အမှုသည်တို့သည် နောက်ထပ် သက်သေခံချက် တင်ပြရန် အခွင့်အရေး မရှိချေ။ အယူခံ ကြားနာသည့် တရားရုံးကသာ ဆုံးဖြတ်ချက်ပြုရန် အလို့ငှာ၊ သို့မဟုတ် အခြားလုံလောက်သည့် အကြောင်းတရပ်ရပ်ကြောင့် သက်သေကို စစ်ဆေးရန်၊ သို့မဟုတ် စာရွက်စာတမ်းတင်ပြရန်လိုအပ်သည်ဟု ယူဆလျှင် နောက်ထပ် သက်သေခံချက်များ ရယူနိုင်ပေသည်။

ဦးစံရွှေသည် အမှုကို စွဲဆိုရာတွင် အချင်းဖြစ်အိမ်ကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)(စ)အရ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုကြောင်း ဖော်ပြခဲ့သည်

သာမက အဆိုလွှာ အပိုဒ်(၁)တွင် အချင်းဖြစ် အိမ်ပိုင်ရှင် ဖြစ်ကြောင်း ကိုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် ဦးလှတင်အနေဖြင့် ဦးစံရွှေသည် ယင်းဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ကြောင်း ထုချေခဲ့ခြင်းမရှိ၍ ထိုအချက်နှင့် စပ်လျဉ်းပြီး မူလရုံးက ငြင်းချက်ထုတ်နုတ်စစ်ဆေးခဲ့ခြင်း မရှိပေ။

ဦးစံရွှေသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)၌ အကျုံးဝင်သောပိုင်ရှင် ဟုတ်မဟုတ် ဟူသောအချက်မှာ မူလရုံးနှင့် ပထမ အယူခံရုံးများတွင် အငြင်းပွားမှု မရှိသည့်အလျောက် ယင်းအချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် အကြောင်း မပေါ်ပေါက်ပေ။ အယူခံမှုကို အဆုံးအဖြတ်ပေးရန် မလိုအပ်သောအချက်နှင့် ပတ်သက်၍ နောက်ထပ် သက်သေခံချက် ရယူရန်လည်း မလိုချေ၊ ငြင်းချက် ထပ်မံ ထုတ်နုတ် စစ်ဆေးရန် မသင့်ဟု ယူဆသည်။

ဦးစံရွှေတင်သွင်းသော အယူခံမှု အမှတ် ၄၆ / ၇၉ မှာ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်၊ ဦးစံရွှေက မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ လာရန် စရိတ်ကြီးမားခြင်း၊ အိမ်မှ ကလေးများ မကျန်းမမာဖြစ်ခြင်း၊ ရန်ကုန်တွင် ရှေ့နေ ရှေ့ရပ် ငှားရန် ငွေကြေးမလုံလောက်ခြင်း တို့ကြောင့် အယူခံကို တင်သွင်းရာတွင် ကြန့်ကြာခဲ့ရပါသည် ဟူသော အကြောင်းပြချက်များမှာ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ တွင် အကျုံးဝင်သည့် လုံလောက်သော အကြောင်းဖြစ်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် အယူခံမှုများကို ပယ်လိုက်သည်။ နှစ်ဖက် အမှုသည်များသည် အယူခံမှုများတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၇၀

ဇန်နဝါရီ လ ၂၄ ရက်

ဦးလှရွှေ

နှင့်

ဥက္ကဋ္ဌ

ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ *

**တံဆိပ်တော်ခေါင်းအက်ဥပဒေပုဒ်မ ၆– တံဆိပ်တော်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၅ –ပထမ ဇယားပါ စာချုပ်အမျိုးအစားနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော စာချုပ်အမျိုးအစား ဖြစ်ပါက သက်ဆိုင်သည့် နှုန်းထားများအနက် အများဆုံး နှုန်းထား ထမ်းဆောင်ရခြင်း– တရားရုံးတွင် သက်သေခံအဖြစ် တင်ပြသော စာချုပ်တစ်ခုသည် ဥပဒေက ကင်းလွတ်ခွင့်ပြုခြင်းမှ တပါး လိုအပ်သည့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရခြင်း။**

ဆုံးဖြတ်ချက်။ ။အမှုတွဲပါ သက်သေခံ (က) စာချုပ်သည် တံဆိပ်ခေါင်း ဥပဒေပုဒ်မ ၅ နှင့် သက်ဆိုင်ခြင်း မရှိသော်လည်း ထိုစာချုပ်သည် အပိုင်းနှစ်ပိုင်းရှိပြီး ပထမပိုင်းသည် ပထမဇယား အပိုဒ် ၁၅ နှင့် သက်ဆိုင်ပြီး ဒုတိယပိုင်းသည် ပထမဇယား အပိုဒ် ၅၇ နှင့် သက်ဆိုင်သည့်အတွက် အပိုဒ်နှစ်ပိုဒ်နှင့် သက်ဆိုင်နေသော စာချုပ်ဖြစ်ပေသည်။ စာချုပ်တစ်ခုသည် ပထမဇယားပါ စာချုပ် အမျိုးအစား နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုသော စာချုပ်အမျိုး အစား ဖြစ်ပါက ထိုစာချုပ်အတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်း မှာ သက်ဆိုင်သည့် နှုန်းထားများအနက် အများဆုံး နှုန်းထားဖြစ်စေ ရမည်ဟု တံဆိပ်ခေါင်း ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။

---

* ၁၉၇၆ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ်-၉၆

† ၁၉၇၃ ခုနှစ်၊တရားမကြီးမှု အမှတ်–၃ တွင် ချမှတ်သော (၂၇-၇-၇၆) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၀

ဦးလှရွှေ နှင့် ဥက္ကဋ္ဌ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း အဖွဲ့

**ထပ်မံဆုံးဖြတ်ချက်။** ။တံဆိပ်ခေါင်းကပ်ရန် လိုအပ်သည့်စာချုပ်တစ်ခုသည် လိုအပ်သော တံဆိပ်ခေါင်းများ ကပ်ထားခြင်း မရှိပါက သက်သေခံအဖြစ် လက်ခံခြင်း မပြုရဟု တံဆိပ်ခေါင်း ဥပဒေပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားသည့်အတွက် စာချုပ်တစ်ခုကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြလာပါက ဥပဒေက ကင်းလွတ်ခွင့် ပြုထားသည့် ကိစ္စများမှတပါး မည်သည့်အကြောင်းကြောင့် တင်ပြသည်ဖြစ်စေ စာချုပ်အမျိုးအစားအလိုက် ဥပဒေနှင့်အညီ လိုအပ်သည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရပေမည်။

လျှောက်ထားသူအတွက် -ဦးရှန်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် -ဦးသာထွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၃/၇၃ တွင် လျှောက်ထားခံရသူက လျှောက်ထားသူ ဦးလှရွှေနှင့် ဦးသာထွန်း ဆိုသူတို့အပေါ် ကြွေးကျန်ငွေ ကျပ် ၁၁၁၉၉/၀၂ ပြား ရလိုမှု တရားစွဲဆိုခဲ့သည်။ မူလရုံး တရားလိုအတွက် ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း ဒုတိယ အထွေထွေ မန်နေဂျာ ဦးသိန်းကြည်အား စစ်ဆေးစဉ်၊ ဦးလှရွှေ ငွေယူစဉ်က ချုပ်ဆိုခဲ့သည့် ၁၃-၀-၆၂ နေ့စွဲပါ သက်သေခံ (က) စာချုပ်ကို သက်သေခံအဖြစ် တရားလိုဘက်က တင်သွင်းသည့်အခါ တံဆိပ်ခေါင်း ထမ်းဆောင်ခြင်း မရှိ၍ လက်မခံထိုက်ကြောင်း ဦးလှရွှေက ကန့်ကွက်ခဲ့သည်။ ထိုကန့်ကွက်ချက်နှင့် ပတ်သက်၍ နှစ်ဘက်ကြားနာပြီးနောက်၊ တိုင်းတရားရုံးက၊ ၂၇-၇-၇၆ နေ့တွင် တံဆိပ်ခေါင်း ငွေကျပ် ၂၀/-နှင့် ဒဏ်ငွေ ကျပ် ၂၀၀/- ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အတိုင်း လျှောက်ထားခံရသူက ငွေပေးသွင်းခဲ့သော်လည်း လျှောက်ထားသူ ဦးလှရွှေက မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အကြောင်းပြချက်များမှာ သက်သေခံ (က) စာချုပ်သည် နှစ်ပိုင်းရှိ၍၊ တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၅ အရ ကိစ္စနှစ်ရပ်အတွက် ခေါင်း (၂)မျိုး ကပ်ရန်လိုကြောင်း၊ စာချုပ်၏ ပထမပိုင်းသည် တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၂(၅)တွင် ဖော်ပြထားသည့်ငွေပေးရန် ကတိခံဝန်ချုပ် (ဘွန်း) ဖြစ်၍ တံဆိပ်ခေါင်း ဥပဒေ ပထမဇယား အပိုဒ် ၁၅ အရ ငွေကျပ် ၂၄၀/-နှင့်

၁၉၀၀ ဥပဒေ ၊ ဦးလှရွှေ နှင့် ဥက္ကဋ္ဌ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့

ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် စာချုပ်၏ ဒုတိယပိုင်းမှာ ဦးသာထွန်းက ဦးလှရွှေအတွက် ပစ္စည်းအာမခံ တင်သည့် အာမခံ ခံဝန်ချုပ်ဖြစ်၍ ထိုဥပဒေ ပထမဇယား အပိုဒ် ၅၇ တွင် သတ်မှတ်ထားသည့် ငွေ ကျပ် ၂၀/-နှင့် ဒဏ်ငွေကိုပါ ပေါင်း၍ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့(၂)မျိုး ပေါင်း၍ ပေးရန် အမိန့်မချမှတ်သည့်အတွက် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းကြောင်း စသည်တို့ကို တင်ပြသည်။

အမှုတွဲပါ သက်သေခံ (က) စာချုပ်၏ ပထမပိုင်းသည် အသိသက်သေများ လက်မှတ်ထိုးထားသော ကြိုတင်ယူငွေနှင့် တန်ဖိုးညီသော ငါးပုစွန် သို့မဟုတ် ယူငွေကို အတိုးနှင့်ပြန်ပေးရန် ဦးလှရွှေ၏ ခံဝန်ချုပ်ဖြစ်သည့်အတွက် တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၂(၅)အရ ငွေပေးရန် ကတိခံဝန်ချုပ် (ဘွန်း)ဖြစ်သည်။ ယင်းခံဝန်ချုပ် အမျိုးအစားအတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်း နှုန်းထားကို ပထမဇယား အပိုဒ် ၁၅ တွင် သတ်မှတ်ထားသည်။ ဒုတိယပိုင်းသည် ဦးလှရွှေ အတွက် ဦးသာထွန်းက အာမခံသည့် ခံဝန်ချုပ်ဖြစ်၍ ပထမဇယား အပိုဒ် ၅၇ တွင် ဖော်ပြထားသည့် အာမခံ ခံဝန်ချုပ် (စီကျူရတီဘွန်း) ဖြစ်သဖြင့်၊ တံဆိပ်ခေါင်းနှုန်းထားမှာ ယင်းအပိုဒ်တွင် သတ်မှတ်သည့်အတိုင်း ဖြစ်ပြီး အပိုဒ် ၁၅ အရ နှုန်းထားများနှင့် မတူညီပေ။

တံဆိပ်ခေါင်း ဥပဒေပုဒ်မ ၅ အရ စာချုပ်တစ်ခုတည်းတွင် သီးခြားကိစ္စနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ကိစ္စများအတွက် စာချုပ်ချုပ်ဆိုခြင်း ဖြစ်ပါက ကိစ္စတစ်ခုချင်းအတွက် တံဆိပ်ခေါင်း သင့်ငွေများကို စုပေါင်း၍ ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယခုအမှုတွဲပါ စာချုပ်သည် ကိစ္စနှစ်ရပ်အတွက် ချုပ်ဆိုထားသော စာချုပ်မဟုတ်ပေ။ ဦးလှရွှေက ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့မှ ကြိုတင်ယူထားသောငွေနှင့် တန်ဖိုးညီသော ငါးပုစွန်များ ပေးသွင်းရေးကိစ္စတစ်ရပ်တည်းအတွက် ပုဂ္ဂိုလ်နှစ်ဦးက တာဝန်ယူကြောင်း ပဋိညာဉ်နှစ်ခုပြုလုပ်ထားခြင်းသာဖြစ်သည်။ ထိုပဋိညာဉ်နှစ်ခုအတွက် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့မှ ငွေပေးမှုမှာ တစ်ရပ်တည်းသာဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၅ အရ ကိစ္စနှစ်ခုအတွက် တံဆိပ်ခေါင်း နှစ်မျိုးထမ်းဆောင်ရမည်ဆိုသည့် လျှောက်ထားသူ၏ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

အမှုတွဲပါ သက်သေခံ (က) စာချုပ်သည် တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၅ နှင့် သက်ဆိုင်ခြင်း မရှိသော်လည်း ထိုစာချုပ်သည် အပိုင်း နှစ်ပိုင်းရှိပြီး ပထမပိုင်းသည် ပထမဇယားအပိုဒ် ၁၅ နှင့် သက်ဆိုင်ပြီး ဒုတိယအပိုင်းသည် ပထမဇယားအပိုဒ် ၅၇ နှင့် သက်ဆိုင်သည့်အတွက် အပိုဒ်နှစ်ပိုဒ်နှင့် သက်ဆိုင်နေသော စာချုပ်ဖြစ်ပေသည်။ စာချုပ်တစ်ခုသည် ပထမဇယားပါ စာချုပ်အမျိုးအစားနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော စာချုပ်အမျိုးအစား ဖြစ်ပါက ထိုစာချုပ်အတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းမှာ သက်ဆိုင်သည့် နှုန်းထားများ အနက် အများဆုံး နှုန်းထား ဖြစ်စေရမည်ဟု တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် သက်သေခံ (က) စာချုပ်အတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်း နှုန်းထားမှာ တိုင်းတရားရုံးက ဆုံးဖြတ်ထားသည့်အတိုင်း ပထမဇယား အပိုဒ် ၅၇ အရ မဟုတ်ပဲ ပိုမိုများသည့် ပထမဇယားအပိုဒ် ၁၅ နှုန်းထား အရ တံဆိပ်ခေါင်း ထမ်းဆောင်ရန် လိုပေသည်။ ယင်းအပိုဒ်အရ သက်သေခံ (က) ငွေ ကျပ် ၁၅၅၆၃/၆၀ ပြားပေးရန် ခံဝန်ချုပ် အပေါ် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်း တန်ဖိုးမှာ ငွေကျပ် ၂၄၀/- ဖြစ်သည်။

တံဆိပ်ခေါင်းကပ်ရန် လိုအပ်သည့် စာချုပ်တစ်ခုသည် လိုအပ်သော တံဆိပ်ခေါင်းများ ကပ်ထားခြင်း မရှိပါက သက်သေခံအဖြစ် လက်ခံခြင်းမပြုရဟု တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားသည့်အတွက် စာချုပ်တစ်ခုကို တရားရုံးတွင် သက်သေခံအဖြစ် တင်ပြလာပါက ဥပဒေကင်းလွတ်ခွင့် ပြုထားသည့် ကိစ္စများမှတပါး မည်သည့်အကြောင်းကြောင့် တင်ပြသည်ဖြစ်စေ စာချုပ်အမျိုးအစား အလိုက် ဥပဒေနှင့် အညီ လိုအပ်သည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရပေမည်။ မူလရုံး တရားလိုသည် အမှုကို သက်သေခံ (က) စာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းမဟုတ်ပဲ စာချုပ်ကို ငွေယူကြောင်း သက်သေခံရစေရန် တင်ပြခြင်းသာဖြစ်၍ ငွေပေးရန် ကတိခံဝန်ချုပ် အဖြစ် တံဆိပ်ခေါင်းကပ်ရန် မလိုပါ ဆိုသည့် လျှောက်ထားခံရသူ ဘက်မှ တင်ပြချက်ကိုလည်း လက်မခံနိုင်ပေ။

| | |
|---|---|
| ၁၉၀၀<br>ဦးသုရွှေ<br>နှင့်<br>ဥက္ကဋ္ဌ<br>ပြည်သူ့ ပုလဲ<br>နှင့် ငါးလုပ်<br>ငန်း အဖွဲ့ | အထက်ဖော်ပြပါ အကြောင်း များကြောင့် တိုင်းတရားရုံး၏ ၂၄-၄-၄၆ နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားခံရသူ (မူလရုံးတရားလို)သည် ၁၃-၈-၆၂ နေ့စွဲပါ သက်သေခံ (က) စာချုပ်အတွက် ကျသင့်သည့် တံဆိပ်ခေါင်း တန်ဖိုးငွေကျပ် ၂၄၀/- နှင့် ဒဏ်ငွေ ကျပ် ၂၄၀၀/-ကို ပေးဆောင်ရန် တံဆိပ်ခေါင်း ဥပဒေ ပုဒ်မ ၃၅ ခြွင်းချက် (က)အရ အမိန့်ချမှတ်လိုက်သည်။ ဤအမှုအတွက် စရိတ်သတ်မှတ်ခြင်းမရှိ။ |

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှသုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

သခင်ကြင်

နှင့်

ဂျေနူမာအလီဘိုင် မဟာမက်(ခ)ဒေါ်မာမာ*

† ၁၉၈၀ ဇန်နဝါရီလ ၃၁ ရက်

**သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂-မိမိတရားဝင် ရပ်တည်မှုနှင့် ပစ္စည်းတစုံတရာ ပိုင်ဆိုင်မှုကိုငြင်းဆန်ခြင်း-ငြင်းဆန်ရန် အကြောင်း ရှိခြင်း ဖြစ်ပေါ်မှ တရားစွဲဆိုရခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆို ရန်မှာ စွဲဆိုသူ၏ တရားဝင် ရပ်တည်မှု အနေအထားကိုသော်လည်း ကောင်း၊ ပစ္စည်းတစုံတရာ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ တစ်ဦး တစ်ယောက်က ငြင်းဆန်ခြင်းသော်လည်းကောင်း၊ ငြင်းဆန်ရန် အကြောင်းသော်လည်းကောင်း ရှိနေမှသာ တရားရုံးသို့ မိမိတရားဝင် ရပ်တည်မှုအနေအထား သို့မဟုတ် ပိုင်ဆိုင်မှုကို မြွက်ဟကြေငြာပေးရန် လျှောက်ထားရမည်ဖြစ်သည်။

**အယူခံတရားလိုအတွက်** - ဦးလှကျော်၊ ဦးအောင်သန်း ဗဟို တရားရုံးရှေ့နေများ။

**အယူခံတရားပြိုင်အတွက်** - ကိုယ်တိုင် (မလာ)။

ရန်ကုန်တိုင်း လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၆/၇၄ ၌အယူခံ တရားလို သခင်ကြင်က အယူခံတရားပြိုင် ဂျေနူမာအလီဘိုင် မဟာမက်(ခ)ဒေါ်မာမာအပေါ် မိမိသည် အချင်းဖြစ်မြေနှင့် မြေပေါ် ရှိ ပစ္စည်းအားလုံး၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလို ကြောင်းဖြင့် တရားစွဲဆိုခဲ့သည်။မြို့နယ် တရားရုံးက ဒေါ်မာမာ မလာ

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၅

† ၁၉၇၆ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၂၂-၉-၇၆)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၀

သခင်ကြင်
နှင့်
ဂျေနုမာ
အလီဘိုင်
မဟာမက်
(ခ) ဒေါ်
မာမာ

ရောက်သဖြင့် အမှုကို တဘက်သတ် စစ်ဆေး ကြားနာပြီးနောက် ပလပ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို သခင်ကြင်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံ ဝင်ရောက်ခဲ့သော်လည်း ရန်ကုန်တိုင်း တရားရုံးက အယူခံမှုကို ပလပ်လိုက်သည့်အတွက် သခင်ကြင်က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု လျှောက်ထားသည်။

သခင်ကြင်က မိမိသည် အချင်းဖြစ် မြေကွက်ပေါ်တွင် မြေငှားအဖြစ် မူလက နေထိုင်ခဲ့ကြောင်း၊ ၁၉၅၀ ခုနှစ် စက်တင်ဘာလ (၂၄)ရက်နေ့တွင် အချင်းဖြစ် မြေကို ဂျေနုမာအလီဘိုင်မဟာမက် (ခ) ဒေါ်မာမာထံမှ ငွေကျပ် ၂၀၀၀/–ဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူခဲ့ကြောင်း၊ ထိုသို့ဝယ်ယူပြီးနောက် မိမိသည် နိုင်ငံရေးအရ အထိန်းအသိမ်းခံခဲ့ရ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် မပြုလုပ်နိုင်ခဲ့ကြောင်း၊ အထိန်းအသိမ်းခံရခြင်းမှ လွတ်မြောက်လာသည့်အခါ ဒေါ်မာမာကို စုံစမ်းကြည့်ရာတွင် မြန်မာပြည်တွင် မရှိတော့ဟု သိရှိခဲ့ရကြောင်း၊ မိမိတွင် မှတ်ပုံတင်စာချုပ် မရှိသဖြင့် ပိုင်ရှင်ဖြစ်ကြောင်း အတိအကျ မပြနိုင်သော အခြေအနေတွင် ရပ်နေရ၍ ဥပဒေနှင့်အညီ ပိုင်ရှင်ဖြစ်ကြောင်း ထင်ရှားစေလိုသဖြင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုထားသည်။

သခင်ကြင်၏ အဆိုလွှာအရ သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟ ကြေငြာပေးရန် သက်သာခွင့် ရရှိလို၍ အမှုစွဲဆိုခြင်း ဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုရန်မှာ စွဲဆိုသူ၏ တရားဝင် ရပ်တည်မှု အနေအထားကိုသော်လည်းကောင်း၊ ပစ္စည်းတစုံတရာ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်က ငြင်းဆန်ခြင်းသော်လည်းကောင်း၊ ငြင်းဆန်ရန်အကြောင်းသော်လည်းကောင်း ရှိနေမှသာ တရားရုံးသို့ မိမိ တရားဝင် ရပ်တည်မှု အနေအထား သို့မဟုတ် ပိုင်ဆိုင်မှုကို မြွက်ဟ ကြေငြာပေးရန် လျှောက်ထားရမည်ဖြစ်သည်။ ယခုအမှုတွင်မူ သခင်ကြင်၏ တရားဝင် ရပ်တည်မှုအနေအထား သို့မဟုတ် ပိုင်ဆိုင်မှုကို ဒေါ်မာမာကသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ ငြင်းဆန်ခြင်း ရှိနေ၍ တရားစွဲဆိုခဲ့ခြင်း မဟုတ်ပဲ မှတ်ပုံတင် စာချုပ် မရှိ၍ စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သခင်ကြင်၏ အမှုမှာ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ ရပ်တည်နိုင်ခြင်း မရှိပေ။

သို့ဖြစ်၍ အယူခံ တရားလို သခင်ကြင်၏ ဒုတိယအယူခံမှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးသာခင် (ခ) ဦးနေဝင်း

နှင့်

မတင်လှ *

† ၁၉၈၀

စက်တင်ဘာ လ ၁ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၈ နည်းဥပဒေ ၂—တရားပြိုင်က မိမိ ကန့်ကွက်လိုသည့် အချက်များကို အချေလွှာတွင် ရေးသားဖော်ပြရခြင်း—ချေလွှာမတင်မီ ပဏာမ ကန့်ကွက်လွှာ တင်သွင်းလာခြင်းကို တရားရုံးက လက်သင့်မခံရခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားပြိုင်တို့သည် မိမိတို့အပေါ် စွဲဆိုသော အမှုနှင့် ပတ်သက်၍ ထုချေလိုသည့် အချက်များအားလုံးနှင့် ကန့်ကွက်လိုသော အချက်အားလုံးတို့ကို အချေလွှာတွင် ရေးသားထုချေခြင်း၊ ကန့်ကွက်ခြင်း ပြုလုပ်ရမည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၂ က ပြဋ္ဌာန်းထားသည့်အပြင် တရားရုံးများက အဆိုလွှာ၊ အချေလွှာတို့ကို စိစစ်သုံးသပ်ပြီး တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၂ အရ ဥပဒေ အချက်အလက်နှင့် ပတ်သက်၍ ပထမဦးစွာ ဆုံးဖြတ်ပေးသင့်သည်ဟု ယူဆလျှင် ယင်းဥပဒေ အချက်အလက်အပေါ် ပဏာမ ငြင်းချက်ထုတ်၍ ကြားနာ အဆုံးအဖြတ် ပေးနိုင်သည်ဖြစ်၍ ပြည်နယ် တရားရုံးက ပဏာမ ကန့်ကွက်လွှာကို ပယ်လိုက်သည်မှာ ဥပဒေနှင့် မညီညွတ်၊ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် —ဦးထွန်းတင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် —ဦးမွန်စံလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

မွန်ပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂၁/၇၈ ၌ လျှောက်ထားခံရသူ မတင်လှက ကွယ်လွန်သူ ဒေါ်စိုးမေ၏ အပတိဋ္ဌ သမီးအဖြစ် လျှောက်ထားသူ ဦးသာခင်အပေါ် အမွေအုပ်ထိန်း စီမံ

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၄၁

† ၁၉၇၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၁ (မ) တွင် ချမှတ်သော (၈-၃-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၀

ဦးသာခင် (ခ) ဦးနေဝင်း နှင့် မတင်လှ

ခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့သည်။ ဦးသာခင်က ၁၉၇၉ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့တွင် အချေလွှာ မှတင်သွင်းမိ ပဏာမကန့်ကွက်လွှာ တင်သွင်း၍ မူလက ကိတ္တိမသမီးအဖြစ် အမှုစွဲဆိုခဲ့ပြီးနောက် ယခု အပဝိဋ္ဌသမီးအဖြစ် ထပ်မံစွဲဆိုခြင်းမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ စွဲဆိုနိုင်ခြင်းမရှိကြောင်း ကန့်ကွက်ခဲ့သဖြင့် ပြည်နယ်ရုံးက နှစ်ဘက်လျှောက်လဲချက် ကြားနာပြီး ၁၉၇၉ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ပယ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် ဦးသာခင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤအမှုမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ တင်သွင်းသော ပြင်ဆင်မှုဖြစ်သည်။ ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်အရ မူလရုံးသည် မိမိ၌ အပ်နှင်းမထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခဲ့ခြင်းရှိမှ၊ သို့မဟုတ် မိမိအား အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို မကျင့်သုံးခဲ့ခြင်းရှိမှ၊ သို့မဟုတ် မိမိအား အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ မဟုတ်သော ဆောင်ရွက်မှုဖြင့် ဖြစ်စေ၊ အဓိကကျသော မှားယွင်းချတ်ချော်မှုများ ပါရှိသော ဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ ကျင့်သုံးခဲ့ခြင်း ရှိမှ ဤရုံးက ဝင်ရောက် စွက်ဖက်နိုင်သည်။

ပြည်နယ်တရားရုံး၏ အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ ပြည်နယ်တရားရုံးသည်၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက် အရ စီရင်ပိုင်ခွင့်ကို လွဲမှားစွာ သို့မဟုတ် ဥပဒေနှင့်အညီ မဟုတ်သော ဆောင်ရွက်မှု မှားယွင်းချတ်ချော်မှု တစုံတရာကို ပြုလုပ်ခဲ့ကြောင်း မတွေ့ရှိရပေ။ ဦးသာခင်က ပဏာမ ကန့်ကွက်လွှာ တင်သွင်းလာသည်ကို တရားရုံးက နှစ်ဘက်ကြားနာပြီး ပဏာမ ကန့်ကွက်လွှာကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ တရားပြိုင်တို့သည် မိမိတို့အပေါ် စွဲဆိုသည့် အမှုနှင့်ပတ်သက်၍ ထုချေလိုသည့်အချက်များ အားလုံးနှင့် ကန့်ကွက်လိုသော အချက်အားလုံးတို့ကို အချေလွှာတွင် ရေးသား ထုချေခြင်း၊ ကန့်ကွက်ခြင်း ပြုလုပ်ရမည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၂ က ပြဋ္ဌာန်းထားသည့်အပြင် တရားရုံးများက အဆိုလွှာ၊ အချေလွှာတို့ကို စိစစ်သုံးသပ်ပြီး တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၂ အရ ဥပဒေအချက်အလက်နှင့် ပတ်သက်၍ ပထမဦးစွာ ဆုံးဖြတ်ပေးသင့်သည်ဟု ယူဆလျှင် ယင်းဥပဒေ အချက်အလက်အပေါ်

ပဏာမ ခြင်းချက်ထုတ်၍ ကြားနာ အဆုံးအဖြတ် ပေးနိုင်သည်ဖြစ်၍ ပြည်နယ်တရားရုံးက ပဏာမကန့်ကွက်လွှာကို ပယ်လိုက်သည်မှာဥပဒေ နှင့် မညီညွတ်၊ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားသူ ဦးသာခင်၏ ဤပြင်ဆင်မှုကို ပလပ် လိုက်ကြောင်း စရိတ်နှင့်တကွ အမိန့်ချမှတ်သည်။

**ရှေ့နေစရိတ်ငွေ ကျပ် ၅၀/–သတ်မှတ်သည်။**

၁၉၈၀

ဦးသာခင် (ခ) ဦးနေဝင်း နှင့် မတင်လှ

## တရားမပြင်ဆင်မှု

**ဦးကျော်ငွေအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးသွင်ပါ (၇)

နှင့်

ဦးဟန်စိန် *

† ၁၉၀၀

ဇူလိုင်လ ၂၄ ရက်

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၊ နည်း ၈—အသင်းသားများကိုယ်စား တရားစွဲဆိုခြင်း-တရားစွဲဆိုရန် အသင်းသားအားလုံး၏ သဘောတူညီချက်—အစည်းအဝေး ဆုံးဖြတ်ချက်ရှိရန် ပြဋ္ဌာန်းထားခြင်း မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၁ နည်း ဥပဒေ ၈ တွင် အများစိတ်ပါဝင်စားသည့် ကိစ္စနှင့် ပတ်သက်၍ တရားစွဲဆိုသည့် အမှုများတွင် ထိုစိတ်ပါဝင်စားသူအားလုံး၊ တနည်းဆိုသော် အသင်းသားအားလုံးက တရားစွဲဆိုရန် သဘောတူရမည်။ တရားစွဲဆိုရန် ခွင့်ပြုကြောင်း အစည်းအဝေး ဆုံးဖြတ်ချက် ရှိရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။

လျှောက်ထားသူများအတွက် — ဦးခင်အောင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးစိုးသိန်း၊ ဗဟိုတရားရုံးရှေ့နေ။

မရမ်းကုန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၇၇ တွင် လျှောက်ထားခံရသူ ဦးဟန်စိန်က လျှောက်ထားသူ အမှတ် (၇) ဦးထေရတိဿ အပေါ် ၊အခွင့်အမိန့်အရ နေထိုင်သည့် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခြံအမှတ် (၉) ရှိ အရိယာမဏ္ဍိုင်၊ ကမ္မဋ္ဌာန်းရိပ်သာမှ နှင်လိုမှု စွဲဆိုခဲ့သည်။ ဦးဟန်စိန်သည် ထိုအမှုကို တရားစွဲဆိုခြင်း မပြုနိုင်ဟူ၍ ပဏာမ ကန့်ကွက်လွှာကို လျှောက်ထားသူများက တင်သွင်းခဲ့သည်။ မြို့နယ်တရားရုံးက ကန့်ကွက်ချက်ကို ပလပ်လိုက်သည့်အတွက် ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု တင်သွင်းသော်လည်း

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၃၉

† ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၂၀ နှင့် ၁၃၃ တွင် ချမှတ်ထားသော (၁-၁-၇၉)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသူတို့က တင်သွင်းခြင်းဖြစ်သည်။ ၁၉၇၀

ဦးသွင်ပါ (၇) နှင့် ဦးဟန်စိန်

မူလရုံးတွင် အဆိုလွှာကို တင်သွင်းသည့်အခါ ဦးဟန်စိန်သည် ကမ္ဘာ့ဌာန်းကျောင်း အကျိုးတော်ဆောင်အသင်း၏ အသင်းဥက္ကဋ္ဌအဖြစ် စွဲဆိုသောကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁ နည်း ဥပဒေ ဂ အရ၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် တရားစွဲဆိုကြောင်းကို ဦးဟန်စိန်က ထည့်သွင်း ကြော်ငြာခဲ့သည်။ ထိုကြော်ငြာအရ အသင်းသားပေါင်း ၃၆ ဦးတို့က အမှုတွင် တရားလိုအဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားသည့်အခါ ဦးဟန်စိန်က ကန့်ကွက်ခြင်းမရှိပဲ သဘောတူခဲ့၍ မြို့နယ်တရားရုံးက ထိုသူများအား တရားလိုများအဖြစ် ၁၉-၃-၇၇ နေ့တွင် ပါဝင်ခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ ၃၆ ဦးတို့က အမှုတွင် တရားလိုများအဖြစ် ပါဝင်ခွင့်ရရှိပြီးမှ ၂၆-၃-၇၇ နေ့စွဲပါ ပဏာမ ကန့်ကွက်လွှာဖြင့် ဦးဟန်စိန်သည် အသင်းစည်းမျဉ်း ဥပဒေအရ တရားစွဲဆိုခွင့် မရှိဟူ၍လည်းကောင်း၊ အသင်းသားများ၏ သဘောတူခွင့်ပြုချက် မရရှိပဲ တရားမစွဲနိုင်ဟူ၍လည်းကောင်း၊ တရားမကျင့်ထုံး အမိန့် ၁ နည်း ဥပဒေ ဂ အရ တရားစွဲဆိုရန် တရားရုံး၏ ခွင့်ပြုချက် မရရှိ၍ တရားစွဲဆိုခွင့်မရှိ ဟူ၍လည်းကောင်း ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။ လျှောက်ထားသူအမှတ် ၇ ဦးထေရတိဿကလည်း အလားတူ ပဏာမ ကန့်ကွက်လွှာကို တနေ့တည်းတွင် တင်သွင်းခဲ့သည်။ မြို့နယ်တရားရုံးက နှစ်ဘက်လျှောက်လဲချက်များကြားနာပြီး ကန့်ကွက်လွှာများကိုပလပ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ လျှောက်ထားသူများက ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်ပေးရန် တင်ပြသော်လည်း မအောင်မြင်သောကြောင့် ယခုပြင်ဆင်မှုကို ဗဟိုတရားရုံးတွင် တင်သွင်းကြသည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အဓိက အကြောင်းပြချက်များမှာ လျှောက်ထားခံရသူ ဦးဟန်စိန်သည် မူလရုံးအမှုကို စွဲဆိုရန် တရားရုံး၏ ခွင့်ပြုချက်မရှိသောကြောင့် အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမှာ မှားယွင်းကြောင်း အများ၏ ခွင့်ပြုချက် ရှိမရှိ ဦးစွာဆုံးဖြတ်ခြင်းမရှိပဲ သမ္မန်စာ ထုတ်ဆင့်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁ နည်း ဥပဒေ ဂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း မရှိ၍ အမှုကို ဆက်လက် ဆောင်ရွက်ခြင်းမှာ မှားယွင်းကြောင်း စသည်တို့ဖြစ်သည်။

၁၉၀၀

ဦးသွင်ပေါ
(၇)
နှင့်
ဦးဟန်စိန်

တရားမကျင့်ထုံး ဥပဒေ အမိန့် ၁ နည်းဥပဒေ ၈ အရ အသင်း အဖွဲ့ တစ်ခုအတွက် တရားစွဲဆိုလိုပါက တရားရုံး၏ ခွင့်ပြုချက်နှင့် အသင်းသား တစ်ဦး တစ်ယောက်က မိမိအတွက်နှင့်အသင်းသားများကိုယ်စား တရား စွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုသို့စွဲဆိုပါက အသင်းသား အားလုံးထံ အကြောင်းကြားစာကို တစ်ဦးချင်း အနေနှင့်လည်းကောင်း၊ အကြောင်းကြားရမည့် လူဦးရေသည်များပြားနေပါက အများသိရှိနိုင် သည့် ကြော်ငြာခြင်းဖြင့်လည်းကောင်း အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် တရားစွဲဆိုကြောင်း အသင်းသားများအားလုံး သိရှိ ရန် လျှောက်ထားခံရသူ ဦးဟန်စိန်က လုပ်သားပြည်သူ့ နေ့စဉ်သတင်း စာမှ ကြော်ငြာခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရသည်။ ထိုကြော်ငြာအရ လူ ပေါင်း ၃၆ ဦးက တရားရုံးသို့ လာရောက်၍ အမှုတွင် ပါဝင်ခွင့် တောင်းဆိုသောကြောင့်၊ တောင်းဆိုသည့်အတိုင်း တရားလိုများအဖြစ် ပါဝင်ခွင့်ပြုပြီးကြောင်း တွေ့ရှိရသည်။

ဦးဟန်စိန်အား အမှုကို စွဲဆိုခွင့်ရှိကြောင်း မြို့နယ်တရားရုံးက ခွင့်ပြု ကြောင်း၊ တိုက်ရိုက်အမိန့် ချမှတ်ထားခြင်း မရှိစေကာမူ ၁၉-၃-၇၇ နေ့စွဲပါ နေ့စဉ် မှတ်တမ်းအမိန့်အရ သတင်းစာ ကြော်ငြာကြောင့် ဝင်ရောက်လာသူ ၃၆ ဦးအား အမှုတွင် တရားလိုအဖြစ် ပူးတွဲပါဝင် ခွင့်ပြုကြောင်းနှင့်၊ တရားပြိုင် ဦးထေရတိဿအား ရုံးခေါ်စာထုတ်ရန် အမိန့်ချမှတ်ခြင်းသည်၊ ဦးဟန်စိန်အား အမှုကို စွဲဆိုရန် ခွင့်ပြုပြီးဖြစ် ကြောင်း လုပ်ဆောင်ချက်အရ ပေါ်လွင်လျက်ရှိပေသည်။

တရားမကျင့်ထုံး အမိန့် ၁ နည်းဥပဒေ ၈ တွင် အများစိတ်ပါ ဝင်စားသည့် ကိစ္စနှင့် ပတ်သက်၍ တရားစွဲဆိုသည့် အမှုများတွင် ထို စိတ်ပါဝင်စားသူအားလုံး၊ တနည်းဆိုသော် အသင်းသားအားလုံးက တရားစွဲဆိုရန် သဘောတူရမည်။ တရားစွဲဆိုရန် ခွင့်ပြုကြောင်း အစည်း အဝေး ဆုံးဖြတ်ချက်ရှိရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။

လျှောက်ထားခံရသူ ဦးဟန်စိန်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁ နည်းဥပဒေ ၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထား ကြောင်း တွေ့ရှိရသောကြောင့်၊ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို အတည်ပြု၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက် သည်။ ဤရုံးရှေ့နေခအဖြစ် ငွေကျပ် ၅၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးမန်းစံမြတ်ရွှေနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သောင်းမြင့်

နှင့်

ဒေါ်နီနီပါ (၃)*

† ၁၉၈၀
ဒီဇင် ဘာလ
၁၇ ရက်

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၇၈ (၁) -အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာတွင် ကွယ်လွန်သူ၏ ဆွေမျိုးရင်းချာများကို အမှုသည်အဖြစ် ထည့်သွင်းရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာတွင် လျှောက်လွှာ၌ သေသူ၏ မိသားစု သို့မဟုတ် ဆွေမျိုးများ၏ အမည်ကို ဖော်ပြရမည်ဟု အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၇၈ (၁)တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက လျှောက်ထားခံရသူတို့သည် မိမိတို့ လျှောက်လွှာ၌ ကွယ်လွန်သူ၏ ညီ၊ ညီမများကို ဖော်ပြထားခြင်း မရှိကြောင်း တင်ပြသည်။ ထိုသူတို့သည် ကွယ်လွန်သူ၏ ဆွေမျိုးရင်းချာများ ဖြစ်သည့်အလျောက် လျှောက်ထားခံရသူတို့ ဖော်ပြသော ကွယ်လွန်သူ၏ ဆွေမျိုးစာရင်းသည် ပြည့်စုံသည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက် -ဒေါ်နုနုနှင့် ဒေါ်ခင်ကြည်၊ဗဟိုတရားရုံး ရှေ့နေများ။

လျှောက်ထားခံရသူများအတွက် -ကိုယ်တိုင်၊ ဦးမောင်မောင်မြင့် ဗဟိုတရားရုံးရှေ့နေ။

ရန် ကုန် တိုင်း တ ရား ရုံး၊ တရားမကြီးမှု အမှတ် ၂၇/၇၉ (မင်္ဂလာတောင်ညွန့်)တွင် လျှောက်ထားခံရသူ ဒေါ်နီနီ၊ ဒေါ်ခင်စောဝင်းနှင့် ဦးစိုးသိန်းတို့က ကွယ်လွန်သူ ဦးမွန်း ကျန်ရစ်သော

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၉၆

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၇ တွင် ချမှတ်သော (၄-၆-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း အမှတ် ၃၊ တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀

ဒေါ်သော်င်းမြင့်နှင့်ဒေါ်နီနီပါ (၃)

အမွေပုံပစ္စည်းများကို စီမံခန့်ခွဲရန် အတွက် အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာ လျှောက်ထားသူ ဒေါ်သော်င်းမြင့်က လျှောက်ထားခံရသူတို့သည် ကွယ်လွန်သူ၏ အနီးစပ်ဆုံး ဆွေမျိုးများကို အမှုသည်အဖြစ် ထည့်သွင်းဖော်ပြရန် ပျက်ကွက်၍ အမွေထိန်းစာ ထုတ်မပေးသင့်ကြောင်း ကန့်ကွက်သည်။ တိုင်းတရားရုံးက ဒေါ်သော်င်းမြင့်၏ ကန့်ကွက်ချက်ကို ပယ်လိုက်သဖြင့် ဒေါ်သော်င်းမြင့်က ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာတွင် လျှောက်လွှာ၌ သေသူ၏ မိသားစု သို့မဟုတ် ဆွေမျိုးများ၏ အမည်ကို ဖော်ပြရမည်ဟု အမွေဆက်ခံရေးအက်ဥပဒေ ပုဒ်မ ၂၇၈ (၁)တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက လျှောက်ထားခံရသူတို့သည် မိမိတို့လျှောက်လွှာ၌ ကွယ်လွန်သူ၏ ညီ၊ ညီမများကို ဖော်ပြထားခြင်း မရှိကြောင်း တင်ပြသည်။ ထိုသူတို့သည် ကွယ်လွန်သူ၏ ဆွေမျိုးရင်းချာများ ဖြစ်သည့်အလျောက် လျှောက်ထားခံရသူတို့ ဖော်ပြသော ကွယ်လွန်သူ၏ ဆွေမျိုးစာရင်းသည် ပြည့်စုံသည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ကွယ်လွန်သူ ဦးမွန်း၏ ညီအစ်မများကို အမှုသည်အဖြစ် ထည့်သွင်းရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀/-ဟု သတ်မှတ်သည်။

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်
ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်သန်း

နှင့်

ဦးစိုးမြင့် ပါ(၄)ဦး*

† ၁၉၈၀

စက်တင်ဘာ လ ၈ ရက်

**တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁-ပထမစွဲဆိုသော အမှုမှာ မြွက်ဟကြေငြာပေးစေလိုမှုဖြစ်ပြီး ဒုတိယစွဲဆိုသော အမှုမှာ အမွေမှုဖြစ်ပါက တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ ရှင်းလင်းချက် ၄ အရ မီးသေအမိန့် ဖြစ်မဖြစ်။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလို ဒေါ်သန်း စွဲဆိုခဲ့သည့် ပထမအမှုတွင် သူသည် ကွယ်လွန်သူ ဒေါ်ခင်ပု၏ တစ်ဦးတည်းသော ကိတ္တိမသမီးဖြစ်ကြောင်း၊ ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့် ပစ္စည်းများ၏ တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ပစ္စည်းများ လက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။ ယခုဒေါ်သန်းစွဲဆိုသည့် အမှုမှာ သူသည် ဒေါ်ခင်ပု၏ အပတိဋ္ဌသမီးဖြစ်သဖြင့် ဒေါ်ခင်ပုကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ အမွေခွဲဝေပေးရန် ဒေါ်ခင်ပု၏တူ၊ တူမများ ဖြစ်ကြသော အယူခံတရားပြိုင်တို့အပေါ် စွဲဆိုသည့်အမှုဖြစ်သည်။ ပထမစွဲဆိုသော အမှုမှာ မြွက်ဟ ကြေငြာပေးစေလိုမှု ဖြစ်ပြီး၊ ဒုတိယ အမှုမှာ အမွေမှုဖြစ်သည်။ ကိတ္တိမသမီးဖြစ်ကြောင်းနှင့် အမွေပုံပစ္စည်းအားလုံး ပိုင်ဆိုင်ကြောင်း အဆိုပြုချက်သည် အပတိဋ္ဌဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် သို့မဟုတ် အပတိဋ္ဌဖြစ်သဖြင့် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲ အုပ်ချုပ်ပေးရန် အဆိုပြုချက်များမှာ တစ်ခုနှင့်တစ်ခု လုံးဝစပ်ဟပ်မှုသော်လည်းကောင်း၊ ဆီလျော်မှုသော်လည်းကောင်း ရှိသည့်အဆိုပြုချက်များ မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့် အမှုတွင် သူသည် အပတိဋ္ဌသမီး ဖြစ်ပါ

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၅

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၃၅ (မ) တွင် ချမှတ်သော (၅-၃-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၀

ဒေါ်သန်း
နှင့်
ဦးစိုးမြင့်ပါ
(၇) ဦး

သည်ဟု တွဲဖက်၍အဆိုပြုနိုင်မည် မဟုတ်ပေ။ ဤကဲ့သို့ အဆိုပြုလျှင်လည်း ဥပဒေအရ ခွင့်ပြုမည်မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့် အမှုတွင် သူသည် အပတိဋ္ဌသမီး ဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုရန် မဖြစ်နိုင်သဖြင့်၊ သူစွဲဆိုသည့် ပထမအမှု၏ စီရင်ချက်နှင့် အမိန့်သည်၊ ယခု ဒုတိယစွဲဆိုသည့်အမှုအတွက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မီးသေ အမိန့်ဖြစ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက် –ဦးတင်ဦး (မော်လမြိုင်)ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်များအတွက် –ဦးထွန်းတင်၊ ဦးစိန်မြင့်၊ဗဟိုတရားရုံးရှေ့နေများ။

မွန်ပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၀၃၅ (မ)/၇၇ တွင် အယူခံတရားလို ဒေါ်သန်းက သူသည် ကွယ်လွန်သူ ဒေါ်ခင်ပု၏ အာတိဋ္ဌမွေးစားသမီးဖြစ်သည်ဟု အဆိုပြု၍ ဒေါ်ခင်ပု၏တူ၊ တူမများ ဖြစ်ကြသော အယူခံတရားပြိုင် ဦးစိုးမြင့်ပါ ၇ ဦးတို့ အပေါ် ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲ၍ ခွဲဝေပေးစေလိုမှု စွဲဆိုခဲ့သည်။ ဦးစိုးမြင့်တို့က ချေလွှာတင်၍ ဒေါ်သန်း သည် ဤအမှုကို စွဲဆိုခွင့်မရှိကြောင်း၊ ဗဟိုတရားရုံး၏ တရားမ အယူခံမှု အမှတ် ၁၈/၇၄ တွင် ချမှတ်ထားသည့် စီရင်ချက်နှင့် အမိန့်မှာ ဤအမှုစွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ အရ ပိတ်ပင်ပါသည်ဟု ကန့်ကွက်ခဲ့သည်။

မွန်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၂၀/၇၃ တွင်၊ ဒေါ်သန်းက သူသည် ကွယ်လွန်သူ ဒေါ်ခင်ပု၏ ကိတ္တိမသမီးဖြစ်သည်ဟု အဆိုပြု၍ သူတစ်ဦးတည်းသာ ဒေါ်ခင်ပု၏ ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့်၊ ယင်းပစ္စည်းများ လက်ရောက်ရလိုကြောင်း ဦးစိုးမြင့်တို့ကို တရားပြိုင် ပြုလုပ်၍ တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် ပြည်နယ်တရားရုံး၌ ဒေါ်သန်းက အနိုင်ရရှိခဲ့သည်။ ဦးစိုးမြင့်တို့က မကျေနပ်၍ ဗဟိုတရားရုံး တရားမ အယူခံမှု အမှတ် ၁၈/၇၄ တွင် အယူခံဝင်ခဲ့ရာ၊ ဗဟိုတရားရုံးက မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဒေါ်သန်းစွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်း အယူခံမှုတွင် ဒေါ်သန်းသည် ကွယ်လွန်သူ ဒေါ်ခင်ပု၏ ကိတ္တိမသမီး မဟုတ်ဟု အဆုံးအဖြတ်ပေးပြီး ဖြစ်သဖြင့်

ယင်းဆုံးဖြတ်ချက်သည် နောက်ထပ် စွဲဆိုသည့်ဤအမှုအတွက် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ မီးသေ အမိန့်ဖြစ်နေသည်ဟု ဦးစိုးမြင့်တို့က မူလရုံးတွင် တင်ပြခဲ့သည်။ ထို့ပြင် ရုံးခွန်တော် လျော့နည်း ထမ်းဆောင်ထားကြောင်း၊ အမှုစွဲဆိုရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း အစရှိသဖြင့် ချေလွှာအရ ဦးစိုးမြင့်တို့က ထုချေခဲ့လေသည်။ ယင်းထုချေချက်များအရ၊ မူလတရားရုံးက အောက်ပါ ပဏာမ ငြင်းချက်များထုတ်၍ နှစ်ဘက်ဥကျိုးဆောင်များကို ကြားနာခဲ့သည်။

၁၉၈၀

ဒေါ်သန်း နှင့် ဦးစိုးမြင့်ပါ (၇)ဦး

**ပဏာမငြင်းချက်များ**

၁။ တရားလိုသည် ရုံးခွန်တော် လျော့နည်းထမ်းဆောင်ထားသည် ဆိုသည်မှာ မှန်သလား။

၂။ ဒေါ်သန်းသည် ဤရုံးတရားမကြီးမှု အမှတ် ၂၀/၇၃ တွင် ဒေါ်ခင်ပု၏ ကိတ္တိမ မွေးစားသမီးအဖြစ် စွဲဆိုခဲ့ပြီး ယခု တဖန်အပတိဋ္ဌ မွေးစားသမီးအဖြစ် ပြောင်းလဲစွဲဆိုပိုင်ခွင့် မရှိ ဆိုသည်မှာ မှန်သလား။

၃။ ဒေါ်သန်းသည် ဒေါ်ခင်ပု၏ အပတိဋ္ဌသမီး ဖြစ်သည်ဆို၍ ဒေါ်ခင်ပု ကွယ်လွန်စဉ်က ကျန်ရှိသော ပစ္စည်းတဝက်ကို ရထိုက်သည် ဆိုသည်မှာ မှန်သလား။

၄။ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ကာလစည်းကမ်းသတ် ကျော်လွန်နေသည် ဆိုရာမှန်သလား။

ထိုသို့ ကြားနာပြီးနောက် ပဏာမငြင်းချက်များကို အောက်ပါအတိုင်း ဖြေဆိုခဲ့လေသည်။

(၁) ငွေကျပ် ၅၈၀၀၀/-၏ ထက်ဝက်အပေါ် ရုံးခွန်တော် ထမ်းဆောင်ရန်။

(၂) ယခင် မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၂၀/၇၃ တွင် ကိတ္တိမသမီးဖြစ်သည်ဟု ဆိုပြီး တရားစွဲဆိုခဲ့ရာ၊ ဗဟို တရားရုံးတွင် အရေးနိမ့်ခဲ့ပြီး ဖြစ်သဖြင့်၊ ယခုအခါ အပတိဋ္ဌ သမီးအဖြစ် အခွင့်အရေး ပြောင်းလဲ၍ပြီး သီးခြားအမှု ထပ်မံ စွဲဆိုခွင့်မရှိ။

(၃) အထက်ဖော်ပြပါ ငြင်းချက်အမှတ် ၂ ၏ အဖြေကြောင့် ဤ ငြင်းချက်ကို ဖြေဆိုရန်မလို။

(၄) ကာလစည်းကမ်းသတ် မကျော်လွန်။ ထိုသို့ပဏာမငြင်းချက်များ ဖြေဆိုပြီး အထက်ပါငြင်းချက်အမှတ် ၂ ၏ အဖြေကြောင့် ဒေါ်သန်းစွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။

မူလမွန်ပြည်နယ်တရားရုံးက ချမှတ်သည့် ယင်းအမိန့်ကို မကျေနပ်၍ ဒေါ်သန်းက ဤအယူခံမှုကို ဗဟိုတရားရုံးသို့ တင်သွင်းသည်။

ဤအမှု၌ အထက်တွင် ဖော်ပြထားသည့် ပဏာမငြင်းချက် အမှတ် (၂)မှာ အရေးကြီးသော အဓိက ငြင်းချက်ဖြစ်သည်။ မွန်ပြည်နယ် တရားရုံးက ယင်းငြင်းချက်ကို ဖြေဆိုပြီး အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့ ပလပ်လိုက်ရာတွင် မွန်ပြည်နယ်တရားရုံးက အယူခံတရားလို ဒေါ်သန်းက ယခင်စွဲဆိုခဲ့သည့် မွန်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၂၀/၇၃ မှ ပေါ်ပေါက်လာသည့် ဗဟိုတရားရုံး တရားမ အယူခံမှု အမှတ် ၁၀/၇၄ မှ စီရင်ချက်သည် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ ယခုအမှုကို စွဲဆိုရန် ပိတ်ပင်သည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤကဲ့သို့ ကောက်ယူဆုံးဖြတ်ရာ၌ မွန်ပြည်နယ် တရားရုံးသည် ရန်ကုန် စီရင်ထုံးအတွဲ (၃)စာမျက်နှာ ၄၀၃ တွင် ပါရှိသည့် မောင်ဘသိန်းနှင့် မသန်းမြင့်တို့၏ စီရင်ထုံးနှင့် ရန်ကုန်စီရင်ထုံး အတွဲ (၅) စာမျက်နှာ ၅၆၅ မောင်ဘသိန်းနှင့် မသန်းမြင့်တို့၏ စီရင်ထုံးတို့ကို အခြေခံပြီး အားကိုးအားထားပြု၍ ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

ရန်ကုန်စီရင်ထုံး အတွဲ(၃) မောင်ဘသိန်းနှင့် မသန်းမြင့်တို့ အမှုတွင် ယခင်တရားလွှတ်တော် မူလဘက်ဌာန တရားမကြီးမှုအမှတ် ၄၂၃/၂၃ ၌ မောင်ဘသိန်းက သူသည် ဦးမြစံနှင့် ဒေါ်လေးတို့၏ ကိတ္တိမ မွေးစားသား ဖြစ်သည်ဟုဆိုကာ မသန်းမြင့်တို့အပေါ် အမွေမှု စွဲဆိုခဲ့သည်။ ယင်းအမှုတွင် မသန်းမြင့်တို့ကလည်း ဦးမြစံနှင့် ဒေါ်လေးတို့၏ ကိတ္တိမမွေးစားသမီး ဖြစ်သည်ဟု အဆိုပြုခဲ့သည်။ ယင်းအမှုတွင် မောင်ဘသိန်းသည် ဦးမြစံနှင့် ဒေါ်လေးတို့က ကိတ္တိမ မွေးစားသား မဟုတ်ဟုဆိုကာ မောင်ဘသိန်း စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ မောင်ဘသိန်းက မကျေနပ်၍ ယခင်တရားလွှတ်တော် တရားမ ပထမ အယူခံမှု အမှတ် ၁၆၆/၂၄ တွင် အယူခံဝင်ခဲ့သည်။ ယင်းအယူခံမှုတွင် မောင်ဘသိန်းက သူသည် ကိတ္တိမမွေးစားသား မဟုတ်ပါက

၁၉၀၀

ဒေါ်သန်း
နှင့်
ဦးစိုးမြင့်ပါ
(၃) ဦး

အပတိဌသားအဖြစ် တရားစွဲခွင့်ပြုရန် အဆိုကို ပြင်လိုကြောင်း လျှောက်ထားသည်။ အယူခံရုံးက ယင်းလျှောက်လွှာကို ပလပ်လိုက်သည်။ ထိုသို့ ပလပ်ခြင်း ခံရပြီးနောက် မောင်ဘသိန်းက ယခင်တရားလွှတ်တော် တွင်ပင် သူသည် ဦးမြစံနှင့် ဒေါ်လေးတို့၏ အပတိဌသား ဖြစ်သည်ဟု အဆိုပြုကာ မသန်းမြင့်တို့အပေါ် ဦးမြစံနှင့် ဒေါ်လေးတို့ ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်ပြီး အမွေမှု ထပ်မံစွဲဆိုခဲ့သည်။ ယင်းအမှုတွင် မောင်ဘသိန်းက ထပ်မံ အရေးနိမ့်ခဲ့သဖြင့် ယခင် တရားလွှတ်တော် တရားမ ပထမအယူခံမှု အမှတ် ၁၃၇/၂၆ တွင် အယူခံခဲ့ရာ ရန်ကုန် စီရင်ထုံး အတွဲ(၅) စာမျက်နှာ ၅၆၅ တွင် ဖော်ပြထားသည့် စီရင်ထုံးအရ မောင်ဘသိန်း ပထမစွဲဆိုသည့် အမှုမှ စီရင်ချက်နှင့် အမိန့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ၊ နောက်တစ်မှု စွဲဆိုရန် ပိတ်ပင်နေသည်ဟု အဆုံးအဖြတ် ပေးပြီး မောင်ဘသိန်း၏ အယူခံမှုကို ပလပ်လိုက်သည်။

မူလ မွန်ပြည်နယ် တရားရုံးက ဤအမှုသည် အထက်တွင် ဖော်ပြထားသည့် မောင်ဘသိန်းနှင့် မသန်းမြင့် တို့၏ စီရင်ထုံးနှစ်ခု တို့၏ အမှုများနှင့် ထပ်တူထပ်မျှ ဖြစ်နေကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဒေါ်သန်း စွဲဆိုသော အမှုနှစ်မှုမှ အမှုသည်များလည်း ထပ်တူထပ်မျှ ဖြစ်ပြီး အမှုနှစ်မှုစလုံးမှ ပစ္စည်းမှာလည်း အတူတူပင် ဖြစ်သည်။ ပထမအမှုတွင် ပစ္စည်းအားလုံးကို ရလိုကြောင်း တောင်းဆိုခြင်းနှင့် ဒုတိယအမှုတွင် ပစ္စည်းတစ်ဝက်ရလိုကြောင်း ကွာခြားမှုသာရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ အရ ပထမအမှုမှ စီရင်ချက်သည် ဒုတိယအမှုအတွက် မီးသေအမိန့် ဖြစ်သည်ဟု မူလ မွန်ပြည်နယ် တရားရုံးက သုံးသပ်ထားကြောင်း တွေ့ရသည်။

ရန်ကုန်စီရင်ထုံး အတွဲ(၅) စာမျက်နှာ ၅၆၅ တွင် စီရင်ထုံးပြုလုပ်ထားသည့် မောင်ဘသိန်းနှင့် မသန်းမြင့်တို့ အမှုကို စိစစ်လေ့လာလိုက်သည့်အခါ ပထမအမှု စီရင်ဆုံးဖြတ်ချက်သည် ဒုတိယအမှုအတွက် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ၊ မီးသေအမိန့် ဖြစ်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ က၊ ဒုတိယအမှုစွဲဆိုသည့်အခါ ထည့်သွင်းစွဲဆိုသော အဆိုပြုချက်သည် ပထမ စွဲဆိုသည့် အမှုတွင် ယင်း အဆိုပြုချက်ကိုပါ တောင်းဆိုထိုက်လျက်နှင့် တာဝန်တစ်ရပ်အနေဖြင့် လုပ်သင့်လျက်နှင့် မလုပ်လျှင် နောက်အမှုတွင်

တောင်းဆိုသည့် သက်သာခွင့်သည် ပဿမအမှုတွင် ဆုံးဖြတ်သည့်အမိန့်၌ ပါဝင် ဆုံးဖြတ်ပြီးဘိသကဲ့သို့ မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ထို့ကြောင့် မောင်ဘသိန်းသည် ပထမစွဲဆိုသည့်အမှု၌ သူသည် ကိတ္တိမမွေးစားသား မဟုတ်လျှင် အပတိဋ္ဌသားအဖြစ် သက်သာခွင့်ပေးရန် တောင်းဆိုခြင်းမပြုခဲ့ပဲ ကိတ္တိမသားအဖြစ် အဆိုပြုပြီး တရားစွဲဆို၍ ကိတ္တိမသားမမြောက်ဟု ဆုံးဖြတ်ပေးပြီးနောက် ဒုတိယအမှုတွင် အပတိဋ္ဌသား ဖြစ်ပါသည်ဟု အဆိုပြုခွင့်မရှိဟု ရန်ကုန်စီရင်ထုံး အတွဲ (၅) စာမျက်နှာ ၅၆၅ စီရင်ထုံးတွင် အဆုံးအဖြတ် ပေးခဲ့သည်။ တနည်းအားဖြင့်ဆိုလျှင် မောင်ဘသိန်းသည် ပထမအမှု၌ သူသည် ကိတ္တိမသား မဟုတ်ခဲ့သော် အပတိဋ္ဌသား ဖြစ်ပါသည်ဟု စွဲဆိုထိုက်ပြီး တာဝန်ဘစ်ရပ်အနေဖြင့် တွဲဖက်၍အဆိုပြုသင့်လျက်နှင့် အဆိုမပြုခဲ့သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည်ဟု ဆုံးဖြတ်ပေးခြင်းဖြစ်သည်။

ရန်ကုန်စီရင်ထုံး အတွဲ (၃) စာမျက်နှာ ၄၀၃ စီရင်ထုံး ပေါ်ပေါက်လာရသည့် မူလအမှုတွင် မောင်ဘသိန်းက သေသူများ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တရားရုံးက အုပ်ထိန်း ခန့်ခွဲပေးရန် စွဲဆိုသည့် အမွေမှုဖြစ်သည်။ထိုနည်းလည်းကောင်း၊ရန်ကုန်စီရင်ထုံးအတွဲ(၅) စာမျက်နှာ ၅၆၅ ပေါ်ပေါက်လာရသည့် မူလအမှုတွင်လည်း မောင်ဘသိန်း စွဲဆိုသည့် အမှုမှာ သေသူများ ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တရားရုံးက အုပ်ထိန်း ခန့်ခွဲပေးရန်အတွက် စွဲဆိုသည့် အမွေမှုဖြစ်သည်။ ထို့ကြောင့်ပထမအမှုတွင် မောင်ဘသိန်းကသူသည် ကိတ္တိမသား မြောက်ကြောင်း သက်သေ အထောက်အထား မလုံလောက်ပါက အပတိဋ္ဌသား ဖြစ်ပါသည်ဟု အဆိုပြုထိုက်ကြောင်း၊ အဆိုပြုသင့်ကြောင်း၊ ထိုသို့ အပတိဋ္ဌ ဖြစ်ပါသည်ဟူသော အဆိုပြုချက်ကို တွဲဖက်၍ ထည့်သွင်းရန် တာဝန်တစ်ရပ်အနေဖြင့် ရှိခဲ့ပေသည်။

ယခုအမှုမှ အယူခံတရားလို ဒေါ်သန်းစွဲဆိုခဲ့သည့် ပထမအမှုတွင် သူသည် ကွယ်လွန်သူ ဒေါ်ခင်ပု၏ တစ်ဦးတည်းသော ကိတ္တိမသမီး ဖြစ်ကြောင်း၊ ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့် ပစ္စည်းများ၏ တရားဝင် ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် ပစ္စည်းများ လက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။ ယခု ဒေါ်သန်းစွဲဆိုသည့် အမှုမှာ သူသည် ဒေါ်ခင်ပု၏ အပတိဋ္ဌသမီး ဖြစ်သဖြင့် ဒေါ်ခင်ပု ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ အမွေခွဲဝေပေးရန်

ဒေါ်ခင်ပု၏တူ၊ တူမများ ဖြစ်ကြသော အယူခံ တရားပြိုင်တို့အပေါ် စွဲဆိုသည့် အမှုဖြစ်သည်။ ပထမစွဲဆိုသော အမှုမှာ မြွက်ဟကြေငြာပေးစေလိုမှုဖြစ်ပြီး၊ ဒုတိယအမှုမှာ အမွေမှုဖြစ်သည်။ ဒေါ်သန်း ပထမစွဲဆိုသည့် မွန်ပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂၀/၇၃ တွင် သူသည် ဒေါ်ခင်ပု၏ အပတိဋ္ဌသမီး ဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုရန် ဖြစ်နိုင်မည်မဟုတ်ပေ။ ယင်းအမှုတွင် ဒေါ်ခင်ပုက သူသည် အပတိဋ္ဌသမီး ဖြစ်ပါသည်ဟု တွဲဖက်အဆိုပြုလျှင် ပစ္စည်းတဝက်ကို ခွဲဝေပေးရန် တရားပြိုင်များထံမှ တောင်းဆိုရန် လိုအပ်လာပေသည်။ ထိုသို့တောင်းဆိုလျှင် ပစ္စည်းကို ခွဲစိတ်ဝေခြမ်းပေးရန် စွဲဆိုသော အမှုပုံသဏ္ဍာန်ပြောင်းလဲလာပေမည်။ ယင်းအမှုမှ တရားလို တရားပြိုင်များသည် မြန်မာဗုဒ္ဓဘာသာများ ဖြစ်သဖြင့် ပစ္စည်းခွဲခြမ်း ဝေပေးရန် စွဲဆိုခွင့်မရှိပေ။ အမွေမှုသာ စွဲဆိုခွင့်ရှိပေသည်။ ပထမအမှုတွင် ဒေါ်သန်းအနေနှင့် အပတိဋ္ဌသမီးဖြစ်သဖြင့် တရားရုံးက အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် တွဲဖက်၍ တောင်းဆိုလျှင်၊ သူသည် ကိတ္တိမသမီး ဖြစ်ကြောင်း၊ ဒေါ်ခင်ပုကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးပါဟု တောင်းဆိုချက်နှင့် ဆန့်ကျင်နေမည် ဖြစ်သည်။ ကိတ္တိမသမီး ဖြစ်ကြောင်းနှင့် အမွေပစ္စည်းအားလုံး ပိုင်ဆိုင်ကြောင်း အဆိုပြုချက်သည် အပတိဋ္ဌဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် သို့မဟုတ် အပတိဋ္ဌဖြစ်သဖြင့် အမွေပုံပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲအုပ်ချုပ်ပေးရန် အဆိုပြုချက်များမှာ တစ်ခုနှင့်တစ်ခု လုံးဝစပ်ဟပ်မှုသော်လည်းကောင်း၊ ဆီလျော်မှုသော်လည်းကောင်း ရှိသည့်အဆိုပြုချက်များ မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့် အမှုတွင် သူသည် အပတိဋ္ဌသမီးဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုနိုင်မည် မဟုတ်ပေ။ ဤကဲ့သို့ အဆိုပြုလျှင်လည်း ဥပဒေအရ ခွင့်ပြုမည်မဟုတ်ပေ။ ထို့ကြောင့် ဒေါ်သန်း ပထမစွဲဆိုသည့် အမှုတွင် သူသည် အပတိဋ္ဌသမီး ဖြစ်ပါသည်ဟု တွဲဖက်၍ အဆိုပြုရန် မဖြစ်နိုင်သဖြင့် သူစွဲဆိုသည့် ပထမအမှု၏ စီရင်ချက်နှင့် အမိန့်သည် ယခု ဒုတိယစွဲဆိုသည့် အမှုအတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၊ ရှင်းလင်းချက် ၄ အရ၊ မီးသေ အမိန့်ဖြစ်သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ မူလပြည်နယ် တရားရုံးက ပဏ္ဏာမငြင်းချက်အမှတ် (၂) အပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

၁၉၇၀ ဒေါ်သန်းနှင့် ဦးစိုးမြင့်ပါ (၇) ဦး

အမှုအတွက် ထမ်းဆောင်ရန် ရုံးချိန်တော်နှင့် ပတ်သက်ပြီး မူလ ပြည်နယ်တရားရုံးက သတ်မှတ်သည့် အမှုတန်ဖိုးမှာ မှန်ကန်သည်ဟု ယူဆသဖြင့် ယင်းငြင်းချက်နှင့် ပတ်သက်သည့် အမိန့်ကို အတည်ပြုလိုက်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ မူလ မွန်ပြည်နယ် တရားရုံးသည် ဤအမှုကို မူလအမှုအမှတ်စဉ်ဖြင့်ပြန်လည်လက်ခံ၍ တရားလိုက လိုအပ်သည့် ရုံးချိန်တော်ကို ထမ်းဆောင်လျှင် အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှသုန်းနှင့်ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်သန်းမေပါ (၄)

နှင့်

ဦးယုကြည် *

† ၁၉၈၀

ဖေဖော်ဝါရီ
လ ၄ ရက်

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၁-ကွယ်လွန်သူ အမြဲနေထိုင်ရာ ဒေသအတွင်း စီရင်ပိုင်ခွင့် ရုံးတွင် တရားစွဲဆိုရခြင်း- တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆/၂၀ နှင့် မသက်ဆိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇၁ က ကွယ်လွန်သူ အမြဲနေထိုင်ရာ ဒေသအတွင်းရှိ စီရင်ပိုင်ခွင့် အာဏာရှိသော တိုင်းတရားရုံးမှ အမွေဆက်ခံခွင့် လက်မှတ် ထုတ်ပေးပိုင်ခွင့် အာဏာ ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ အမွေဆက်ခံခြင်း ဥပဒေသည် အထူး သီးခြား ဥပဒေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆/၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ချေ။

လျှောက်ထားသူများအတွက် -ဦးပျိုငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် -ဦးစောလွင်၊ ဦးကိုလှ၊ ဗဟိုတရားရုံး ရှေ့နေများ။

ကွယ်လွန်သူဒေါ်စမ်းစမ်းနွယ်ဆိုသူ ရရန်ရှိသည့် ငွေများကို ကောက်ခံရန်အတွက်၊ သူ၏ခင်ပွန်း လျှောက်ထားခံရသူ ဦးယုကြည်က မွန်ပြည်နယ်တရားရုံး၊ တရားမ အထွေထွေမှုအမှတ် ၂၂ (မ)/၇၀ တွင်၊ အမွေဆက်ခံခွင့် လက်မှတ် ရလိုကြောင်း အမွေဆက်ခံခြင်း ဥပဒေ ပုဒ်မ ၃၇၁ အရ လျှောက်ထားခဲ့သည်။ ဒေါ်စမ်းစမ်းနွယ်သည် ရန်ကုန် တိုင်း အတွင်း အမြဲနေထိုင်ခဲ့သူ ဖြစ်ပြီး ရန်ကုန်တွင် သေဆုံးခဲ့သဖြင့်၊ အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးရေး လျှောက်လွှာကို မွန်ပြည်နယ် တရားရုံးက လက်ခံစီရင်ပိုင်ခွင့် အာဏာ မရှိဟု လျှောက်ထားသူများ

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၁

† ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၂၂ (မ) တွင် ချမှတ်သော (၁၉-၁-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀ က ကန့်ကွက်ခဲ့သည်။ သို့ရာတွင် မွန်ပြည်နယ် တရားရုံးက တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆/၂၀ အရ စီရင်ပိုင်ခွင့် အာဏာရှိသည်ဟု အဆုံးအဖြတ်ပေးပြီး အမှုကို ဆက်လက် စစ်ဆေးရန် အမိန့်ချလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ လျှောက်ထားသူများက ဗဟိုတရားရုံးသို့ ဩဇာ ပြင်ဆင်မှု လျှောက်လွှာတင်ခြင်းဖြစ်သည်။

ဒေါ်သန်း မြေ့ပါ (၄) နှင့် ဦးယုကြည်

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၁ က ကွယ်လွန်သူ အမြဲ နေထိုင်ရာ ဒေသအတွင်းရှိ စီရင်ပိုင်ခွင့် အာဏာရှိသော တိုင်းတရားရုံးမှ အမွေဆက်ခံခွင့် လက်မှတ် ထုတ်ပေးပိုင်ခွင့် အာဏာရှိသည်ဟု ပြဋ္ဌာန်း ထားသည်။ အမွေဆက်ခံခြင်း ဥပဒေသည် အထူးသီးခြား ဥပဒေ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆/၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်ချေ။

ဒေါ်စမ်းစမ်းနွယ်သည် မသေဆုံးမီက ရန်ကုန်တွင် အမြဲနေထိုင် ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ သူ၏ခင်ပွန်း ဦးယုကြည်အနေနှင့် အမွေဆက်ခံခွင့် လက်မှတ် ရယူလိုပါက ရန်ကုန်တိုင်း တရားရုံးတွင်သာ လျှောက်ထားရမည်ဖြစ်သည်။

ထို့ကြောင့် ဩဇာပြင်ဆင်မှု လျှောက်လွှာကို ခွင့်ပြုပြီး မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်ငွေ ကျပ် ၈၀/-ခွင့်ပြု သည်။

## တရားမဒုတိယအယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးကာစင်ပါ(၃)

နှင့်

ဦးအုန်းရွှေပါ(၅)*

† ၁၉၇၀
ဇန်နဝါရီ လ
၂၆ ရက်

**တံဆိပ်တော်ခေါင်း အက်ဥပဒေပုဒ်မ ၃၆–တံဆိပ်ခေါင်းကပ်ရန်လိုသောစာချုပ်ကို တံဆိပ်ခေါင်းမပါပဲတရားရုံးက သက်သေခံ အဖြစ် လက်ခံထားခြင်း– နောက်ပိုင်းတွင် သက်သေခံမဝင်ဟု မကန့်ကွက်နိုင်တော့ခြင်း။**

**ဆုံးဖြတ်ချက်။** ။တံဆိပ်တော်ခေါင်း အက်ဥပဒေပုဒ်မ ၃၆ အရ တံဆိပ်ခေါင်းကပ်ရန်လိုသည့် စာချုပ် တစ်ခုသည်၊ တံဆိပ်ခေါင်းမပါပဲ တရားရုံးက အမှုတွင် သက်သေခံအဖြစ် လက်ခံထားပြီးဖြစ်လျှင်၊ မည်သူကမျှ ယင်းစာချုပ်သည် သက်သေခံ မဝင်ပါဟု နောက်ပိုင်း၌ ကန့်ကွက်ခွင့် မရှိတော့ပေ။

အယူခံတရားလိုများအတွက် – ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်များအတွက် – ဒေါ်ခင်သန်းနွဲ့၊ ဗဟိုတရားရုံးရှေ့နေ။

မိတ္ထီလာမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉/၇၄ တွင် အယူခံတရားပြိုင်များက အယူခံတရားလိုတို့အပေါ် အိမ်ခန်းများ ပြန်လည်ငှားထားရန် ကတိစာချုပ်အတိုင်း လိုက်နာဆောင်ရွက်ပေးစေလိုမှု တရားစွဲဆိုခဲ့သည်။ မူလမြို့နယ်တရားရုံးက အမှုကိုစစ်ဆေးပြီး အယူခံတရားပြိုင်များ စွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးခဲ့သည်။ အယူခံတရားလိုတို့က မကွေးနယ်ရှိမန္တလေးတိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၂၀/၇၆ တွင် အယူခံဝင်ရာ ဆက်လက် အရေးနိမ့်ခဲ့သဖြင့် ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

---

* ၁၉၇၇ ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၁၀၂

† ၁၉၇၆ ခုနှစ် တရားမ အယူခံမှု အမှတ် ၂၀ တွင် ချမှတ်သော (၃-၈-၇၇) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၀

ဦးကာစင် ပါ (၃) နှင့် ဦးအုန်းရွှေ ပါ(၅)

အယူခံ တရားပြိုင်တို့သည် အယူခံတရားလိုတို့ပိုင် အဆောက်အအုံမှ အိမ်ငှားများ ဖြစ်ကြောင်း၊ ယင်းအဆောက်အအုံမှာ ပျက်စီးယိုယွင်း နေသဖြင့် အိမ်ရှင်ဖြစ်သည့် အယူခံတရားလိုတို့က ပြန်လည်ပြင်ဆင်ရန် နှင့် ပြင်ဆင်ဆောက်လုပ်ပြီးသည့်အခါ အယူခံတရားပြိုင်တို့ကို အိမ်ခန်း များ ပြန်အငှားချထားရန်ဟု ကတိပြုသဖြင့် အယူခံတရားပြိုင် တို့က အဆောက်အအုံ အဟောင်းမှ ဖယ်ရှားခဲ့ကြောင်း၊ အဆောက်အအုံ ဆောက်၍ ပြီးစီးသည့်အခါ အယူခံတရားလိုတို့က အိမ်ခန်းများကို အယူခံတရားပြိုင်တို့အား ပြန်ငှားရန် ငြင်းဆိုသောကြောင့် တရားစွဲဆိုရ ကြောင်းဟု အယူခံတရားပြိုင်တို့က အဆိုပြုခဲ့သည်။ ထို့ပြင် အဆောက် အအုံပြန်လည်ပြင်ဆင် ဆောက်လုပ်ပြီးသည့်အခါ အခန်းများ ပြန်ငှား မည်ဖြစ်ကြောင်း အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ၁၂-၂-၇၄ နေ့စွဲပါ စာချုပ်ကို ချုပ်ဆိုကြပြီး အယူခံ တရားပြိုင်များ ထံမှ အယူခံ တရားလိုတို့က ငွေကျပ် ၅၀၀၀/ အိမ်လခအဖြစ် ကြိုတင် ယူထားပါ သည်ဟုလည်း တင်ပြခဲ့သည်။ အယူခံတရားလိုတို့က ၁၂-၂-၇၄ နေ့စွဲပါ စာချုပ်မှာ အယူခံတရားပြိုင်တို့က နိုင့်ထက်စီးနင်းပြုလုပ်ပြီးချုပ်ဆိုသည့် စာချုပ်ဖြစ်ကြောင်း၊ အိမ်ဆောက်၍ ပြီးစီးသည့်အခါ အခန်းများ ပြန် ငှားခဲ့သော်လည်း အယူခံတရားပြိုင်တို့က စာချုပ်ပါအတိုင်း အပြည့် အဝရမှ နေမည်ဟုဆိုပြီး ငြင်းခဲ့ကြောင်း အစရှိသဖြင့် ထုချေခဲ့သည်။

ဤဒုတိယ အယူခံမှုတွင် အယူခံတရားလိုတို့ဘက်က အဓိကအနေဖြင့် အချက် ၂ ချက်တင်ပြသည်။ ပထမအချက်မှာ ၁၂-၂-၇၄ နေ့စွဲပါ စာ ချုပ်မှာ အယူခံတရားပြိုင်တို့က မတရားသြဇာသုံး၍ ချုပ်စေခဲ့သော စာချုပ်ဖြစ်သဖြင့် တရားရုံးကယင်းစာချုပ်အတိုင်းဆောင်ရွက်ရန် အမိန့် မချသင့်ကြောင်းနှင့် ဒုတိယအချက်မှာ ယင်းစာချုပ်သည် တံဆိပ်တော် ခေါင်း အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်ထားခြင်း မရှိသည့် အတွက် ယင်းစာချုပ်အပေါ် မူတည်ပြီး စွဲဆိုသည့်အမှုကို ပလပ်သင့် ကြောင်းဟူသော အချက်တို့ဖြစ်သည်။

မတရားသြဇာသုံး၍ ချုပ်ဆိုစေခဲ့သည့် စာချုပ်ဖြစ်သည်ဟု သက် သေပြရန် တာဝန်မှာ အယူခံတရားလိုအပေါ် ကျရောက်ပေသည်။ အယူခံတရားလိုတို့သည် ယင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင် ခြင်းမရှိချေ။ သက်သေ အထောက်အထားများ အရ နှစ်ဦးနှစ်ဘက်တို့ သည် မိမိတို့သဘောအတိုင်း သက်သေများ ရှေ့မှောက်၌ စာချုပ်ကို လက်မှတ်ထိုးခဲ့ကြောင်း တွေ့ရသည်။

၁၉၀၀
ဦးကာစင်ပါ (၃) နှင့် ဦးအုန်းရွှေပါ (၅)

တံဆိပ်တော်ခေါင်း အက်ဥပဒေပုဒ်မ ၃၆ အရ တံဆိပ်ခေါင်းကပ်ရန်လိုသည့် စာချုပ်တစ်ခုသည် တံဆိပ်ခေါင်းမပါပဲ တရားရုံးက အမှုတွင် သက်သေခံအဖြစ် လက်ခံထားပြီးဖြစ်လျှင် မည်သူကမျှ ယင်းစာချုပ်သည် သက်သေခံမဝင်ပါဟု နောက်ပိုင်း၌ ကန့်ကွက်ခွင့် မရှိတော့ပေ။ ယခုအမှုတွင် ၁၂-၂-၇၄ နေ့စွဲပါ ကတိစာချုပ်မှာ တံဆိပ်ခေါင်းကပ်ရန်လိုသော စာချုပ်ဖြစ်သော်လည်း ကပ်မထားကြောင်း တွေ့ရသည်။ သို့သော် ယင်းစာချုပ်ကို အယူခံတရားပြိုင်ဘက်ကသက်သေခံ အမှတ် "က"အဖြစ် တင်သွင်းစဉ်အခါက အယူခံတရားလိုတို့သည် ကန့်ကွက်ခြင်းမရှိခဲ့ချေ။ ယင်းစာချုပ်ကို အယူခံတရားပြိုင်များက မိမိတို့ တင်သွင်းသည့် အဆိုလွှာနှင့်အတူ တရားရုံးသို့ တင်သွင်းခဲ့သည်။ အယူခံတရားလိုတို့သည် ၎င်းတို့တင်သွင်းသည့် ချေလွှာ၌ ယင်းစာချုပ်နှင့် ပတ်သက်၍ ကန့်ကွက်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ဤဒုတိယအယူခံမှုတွင် ဤအချက်နှင့်ပတ်သက်ပြီး အယူခံတရားလိုတို့၏ အဆိုပြုချက်ကို လက်မခံသင့်ပေ။

သို့ဖြစ်၍ ဤဒုတိယအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံစေရန် အမိန့်ချမှတ်သည်။

† ၁၉၈၀
ဒီဇင် ဘာလ
၃၀ ရက်

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့
ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ကျင်မှုံ

နှင့်

ဒေါ်ကျင်ရီ *

**ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆ အရ ပဋိညာဉ် ပျက်ပြယ်သွားခြင်း– ငှားရမ်းထားသော အဆောက်အအုံ မီးလောင်သွားလျှင် အငှားချထားမှု ပျက်ပြယ်သွားခြင်း– နောက်ထပ် ပြန်လည်တည်ဆောက်ထားသည့် အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုမရှိလျှင် ယင်းအဆောက်အအုံကို ပြန်ငှားရမ်းရန်အတွက် အရေးဆိုခွင့် တစုံတရာမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလ ကနဦးက လျှောက်ထားခံရသူအား ငှားရမ်းထားသည့် အိမ်ခန်းများ မရှိတော့သည့်အလျောက်၊ လျှောက်ထားသူအနေဖြင့် ကွယ်ပျောက်ပျက်စီးသွားပြီး ဖြစ်သော ယင်းအိမ်ခန်းများကို ပေးအပ်ရန် မုချမဖြစ်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ပြုလုပ်ခဲ့ကြသည့်အိမ်ငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ်မှာ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ အရ ပျက်ပြယ်သွားပြီဟုကောက်ယူသင့်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် နောက်ထပ် ပြန်လည်တည်ဆောက်ထားသည့် အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိချေ။ သို့ဖြစ်၍ လျှောက်ထားခံရသူသည် ယင်းအဆောက်အအုံကို ယင်းအား ငှားရမ်းရန်အတွက် အရေးဆိုခွင့် တစုံတရာ မရှိပေ။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၄၃

† ၁၉၇၉ ခုနှစ်၊တရားမပြင်ဆင်မှုအမှတ် ၆ တွင်ချမှတ်သော (၁၁-၉-၇၉) နေ့စွဲပါ ရေဝတီတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအတွက် - ဦးသက်ဖေ၊ ဗဟိုတရားရုံးရှေ့နေ။ ၁၉၈၀

လျှောက်ထားခံရသူအတွက် - ဦးအုန်းခင်၊ ဗဟိုတရားရုံးရှေ့နေ။

ဒေါ်ကျင်မှုံ နှင့် ဒေါ်ကျင်ရီ

ရေဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄/၇၈ တွင် လျှောက်ထားခံရသူ ဒေါ်ကျင်ရီက လျှောက်ထားသူ ဒေါ်ကျင်မှုံ အပေါ် ငှားရမ်းထားသည့် ဥပစာကို ပြန်လည်ပေးအပ်စေရန် တရားစွဲဆိုရာ၊ မြို့နယ်တရားရုံးက ပဏာမငြင်းချက် (၄) ရပ် ထုတ်နုတ်၍ လျှောက်ထားခံရသူအား အနိုင်ပေးကာ ဆုံးဖြတ်သည်။ လျှောက်ထားသူက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရေဝတီတိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ၊ တိုင်းတရားရုံးက ပထမငြင်းချက်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံး၏ အမိန့်ကိုအတည်ပြုပြီး ကျန်ငြင်းချက် သုံးရပ်ကို သက်သေခံချက်များ မှတ်တမ်းတင်ပြီးမှ အဆုံးအဖြတ်ပေးရန် ပြင်ဆင် အမိန့်ချမှတ်သည်။ လျှောက်ထားသူက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူ ဒေါ်ကျင်မှုံသည် ပုသိမ်မြို့၊ ကုန်သည်လမ်း၊ အမှတ် ၃၂ (က) နှင့် (ခ) အဆောက်အအုံ ပိုင်ရှင်ဖြစ်၍ အမှတ် ၃၂ (ခ) ပေါက်သော အိမ်ခန်းများကို တချိန်က လျှောက်ထားခံရသူ ဒေါ်ကျင်ရီအား ငှားရမ်းခဲ့သည်။ ယင်းအဆောက်အအုံ တစ်ခုလုံးမှာ ၁၀-၂-၇၆ နေ့တွင် မီးလောင်ခြင်းခံရသဖြင့် လုံးဝပျက်စီးသွားသည်။ လျှောက်ထားသူက မီးသင့်သော နေရာဟောင်းတွင် အိမ်သစ် ဆောက်လုပ် ပြီးစီးသောအခါ လျှောက်ထားခံရသူက မူလငှားရမ်းခဲ့သည့်အတိုင်း အိမ်ခန်းများကို ပြန်လည်ငှားရမ်းရန် အရေးဆိုရာ၊ လျှောက်ထားသူက ငြင်းဆန်သဖြင့် လျှောက်ထားခံရသူက ဥပစာငှားရမ်းခြင်းကို ပြန်လည်ပေးအပ်စေရန် တရားစွဲဆိုလေသည်။ လျှောက်ထားသူက မိမိနှင့် လျှောက်ထားခံရသူတို့ အကြားရှိ အိမ်ရှင်၊ အိမ်ငှား ဆက်သွယ်မှုမှာ ငှားရမ်းခဲ့သည့် အဆောက်အအုံ မီးလောင်သော ၁၀-၂-၇၆ နေ့က ရပ်စဲသွားကြောင်း ထုချေသဖြင့်၊ မြို့နယ်တရားရုံးသည် အောက်ပါ ပဏာမ ငြင်းချက်ကို ထုတ်နုတ် ကြားနာခဲ့သည်။

> "၁၀-၂-၇၆ နေ့တွင် အဆောက်အအုံများ မီးလောင်ခြင်းခံခဲ့ရပြီး ဖြစ်သော်လည်း တရားပြိုင်နှင့် တရားလိုတို့သည် အချင်းဖြစ် ဥပစာအတွက် တရားဥပဒေအရ အိမ်ရှင် အိမ်ငှားအဖြစ်ဆက်လက် ရပ်တည်လျက်ရှိပါသလား။"

၁၉၇၀ ဒေါ်ကျင်မှုံ နှင့် ဒေါ်ကျင်ရီ

ဤအမှုတွင် အငြင်းမပွားသည့် အချက်မှာ လျှောက်ထားသူက လျှောက်ထားခံရသူအား ငှားရမ်းခဲ့သည့် အိမ်ခန်းများမှာ ၁၈-၂-၇၆ နေ့က မီးသင့်လောင်ခဲ့၍ လုံးဝပျက်စီးခဲ့လေသည်။ ဤအခြေအနေတွင် မူလကနဦးက လျှောက်ထားခံရသူအား ငှားရမ်းထားသည့် အိမ်ခန်းများ မရှိတော့သည့်အလျောက်၊ လျှောက်ထားသူ အနေဖြင့် ကွယ်ပျောက် ပျက်စီးသွားပြီးဖြစ်သော ယင်းအိမ်ခန်းများကို ပေးအပ်ရန် မှချမဖြစ်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ပြုလုပ်ခဲ့ကြသည့် အိမ်ငှားရမ်းခြင်း ဆိုင်ရာ ပဋိညာဉ်မှာ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ အရ ပျက်ပြယ်သွားပြီဟု ကောက်ယူသင့်ပေသည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင်ကအိမ်ငှားဖြစ်သော လျှောက်ထားခံရသူသည် အိမ်ငှားရမ်းခြင်းကို ဖျက်သိမ်းခြင်း မပြုရသေး၍၊ ငှားရမ်းခြင်းမှာ ပစ္စည်းလွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၁၀၈ (င)ပါ ပြဋ္ဌာန်းချက်များအရ အတည်ဖြစ်နေသေးကြောင်း တင်ပြလျှောက်လဲသည်။ ယင်းပုဒ်မ ၁၀၈ (င) တွင် ငှားရမ်းသည့် ပစ္စည်း၏ အဓိက အစိတ်အပိုင်းမှာ မီးဘေး၊ ရေဘေး၊ လေဘေး အစရှိသည့် ဘေးအန္တရာယ်တရပ်ရပ် ကျရောက်သောကြောင့် လုံးဝပျက်စီးသွားလျှင်ဖြစ်စေ၊ သို့မဟုတ် ငှားရမ်းသည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုမရသည့် အခြေသို့ ဆိုက်ရောက်ခဲ့သည်ဖြစ်စေ ငှားရမ်းမှုကို ငှားရမ်းသူက ပယ်ဖျက်နိုင်ကြောင်း ပြဆိုထားသည်။ ဤအမှုတွင် ငှားရမ်းထားသည့် အိမ်ခန်း၏ အဓိက အစိတ်အပိုင်းမျှမက အိမ်တစ်ခုလုံး လောင်ကျွမ်းပျက်စီး ကွယ်ပျောက်သွားပြီ ဖြစ်သဖြင့်၊ ဤအမှုသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈ (င) တွင် အကျုံးဝင်သည်ဟု ယူဆရန် မသင့်ချေ။

ထို့ပြင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် နောက်ထပ်ပြန်လည် တည်ဆောက်ထားသည့် အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ အိမ်ရှင်-အိမ်ငှား ဆက်သွယ်မှု မရှိချေ။ သို့ဖြစ်၍ လျှောက်ထားခံရသူသည် ယင်းအဆောက်အအုံကို ယင်းအား ငှားရမ်းရန်အတွက် အရေးဆိုခွင့် တစုံတရာမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ လျှောက်ထားခံရသူ ဒေါ်ကျင်ရီ စွဲဆိုသော အမှုကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ လျှောက်ထားခံရသူသည် တရားရုံးအဆင့်ဆင့် စရိတ်များကို ကျခံရမည်။ ရှေ့နေခကို ကျပ် ၈၀/-ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်
ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးချစ်တင် † ၁၉၇၀

နှင့် ဩဂုတ်လ

ဒေါ်သန်းသန်း * ၂၀ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၉-မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်သော ဒီကရီတွင် ယင်းပစ္စည်းနှင့် ပတ်သက်သော ဖော်ပြချက် ပါရှိရခြင်း- ဤတာဝန်မှာ တရားရုံး၏ တာဝန်ဖြစ်ခြင်း- တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂-ဒီကရီတွင် ဖော်ပြရန် အချက်ကိုတရားရုံးက ပျက်ကွက်ရုံမျှဖြင့် တရားနိုင်သည် ရရှိပြီး ဒီကရီ၏ အကျိုးခံစားခွင့်မရှုံးစေသင့်ခြင်း- တရားရုံးသည် မိမိအလို အလျောက်ဖြစ်စေ၊ အမှုသည်၏ လျှောက်ထားချက်အရဖြစ်စေ အချိန်မရွေး ပြင်ဆင်ပေးနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။ဇာရီမှုအမှုတွဲ၌၊ ပူးတွဲတင်သွင်းထားသော မြို့နယ်တရားရုံး၏ ဒီကရီ မိတ္တူမှန်ကို ကြည့်ရှုလေ့လာသည့်အခါ၊ဒီကရီ၌ တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည် ဟူ၍သာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အချင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ ဖော်ပြချက် တစုံတရာ မပါရှိပေ။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၀၊ နည်း ၉ ၌ အမှုအကြောင်းခြင်းရာသည် မရွှေ့မပြောင်း နိုင်သော ပစ္စည်းနှင့် ပတ်သက်နေလျှင်၊ ဒီကရီတွင် ယင်း မရွှေ့မပြောင်း နိုင်သော ပစ္စည်းကို ခွဲခြားသိရှိနိုင်ရန်အတွက် ယင်းပစ္စည်းနှင့် ပတ်သက် သော ဖော်ပြချက် ပါရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤတာဝန်မှာ သက်ဆိုင်ရာ တရားရုံးက ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဒီကရီတွင် ဖော်ပြရန်ရှိသည်များကို ဖော်ပြရန် တရားရုံးက ပျက်ကွက်ရုံမျှဖြင့်

---

* ၁၉၇၇ ခုနှစ် တရားမ ဒုတိယ အယူခံမှု အမှတ် ၁၂၇

† ၁၉၇၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁ တွင် ချမှတ်သော (၁၉-၅-၇၇) နေ့စွဲပါ မြန်မာနိုင်ငံ တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၀ | ဦးချစ်တင်နှင့် ဒေါ်သန်းသန်း

တရားနိုင်သည် မိမိရရှိပြီး ဒီကရီ၏ အကျိုးခံစားခွင့် မဆုံးရှုံးစေသင့်ပေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ စီရင်ချက်၌ဖြစ်စေ၊ ဒီကရီ၌ဖြစ်စေ၊ အမိန့်၌ဖြစ်စေ ရေးသားဖော်ပြချက် သို့မဟုတ် ကိန်းဂဏန်းဖော်ပြချက် မှားယွင်းစွာ ဖော်ပြမှု သို့မဟုတ် မရည်ရွယ်ပဲ မှားယွင်းချွတ်ချော်သွားမှု၊ သို့မဟုတ် မရည်ရွယ်ပဲ ရေးသွင်းဖော်ပြရန် ကျန်ရှိသွားမှုများကို တရားရုံးသည် မိမိအလိုအလျောက် ဖြစ်စေ၊ အမှုသည် တစ်ဦးဦး၏ လျှောက်ထားချက်အရ ဖြစ်စေ အချိန်မရွေး ပြင်ဆင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုအတွက် -ဦးဘငွေ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် -ဦးတင်အောင်၊ ဗဟိုတရားရုံးရှေ့နေ။

မန္တလေးတိုင်း၊ မြစ်သားမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၃/၇၅ ၌ အယူခံတရားပြိုင် ဒေါ်သန်းသန်းက အယူခံတရားလို ဦးချစ်တင် အပေါ် အချင်းဖြစ်မြေနှင့် ပတ်သက်၍ ပြုလုပ်ခဲ့သော အရောင်းအဝယ်စာချုပ်ကို ပယ်ဖျက်၍ အချင်းဖြစ် မြေကို လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခဲ့ရာ ဒီကရီရရှိခဲ့သည်။ ဒေါ်သန်းသန်းက ဇာရီမှု အမှတ် ၁/၇၅ ကို ဖွင့်လှစ် ဆောင်ရွက်သည့်အခါ ဦးချစ်တင်က တရားရုံး၏ ဒီကရီသည် မပြည့်စုံ၍ ဇာရီမှုကို ပလပ်ပေးရန်အတွက် ကန့်ကွက်ခဲ့သည်။ မြို့နယ်တရားရုံးက ဦးချစ်တင်၏ ကန့်ကွက်လွှာကို လက်မခံပဲ ပလပ်ခဲ့သည်။ ဦးချစ်တင်က ယင်းအမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံးသို့ အယူခံမှု တင်သွင်းခဲ့သော်လည်း တိုင်းတရားရုံးက အယူခံမှုကို ပလပ်လိုက်သည့်အတွက် ဦးချစ်တင်က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှုကို တင်သွင်းသည်။

ဤဒုတိယအယူခံမှုအတွက် ဦးချစ်တင် တင်ပြထားသော အဓိကအကြောင်းပြချက်မှာ မူလရုံး၏ ဒီကရီသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၉ နှင့် ညီညွတ်ခြင်းမရှိသဖြင့် ဇာရီမှု ဖွင့်လှစ်အတည်ပြု၍ မရနိုင်ကြောင်းပင် ဖြစ်သည်။

ဇာရီမှု အမှုတွဲ၌ ပူးတွဲတင်သွင်းထားသော မြို့နယ်တရားရုံး၏ ဒီကရီမိတ္တူမှန်ကို ကြည့်ရှုလေ့လာသည့်အခါ ဒီကရီ၌ တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်ဟူ၍သာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အချင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ ဖော်ပြ

ချက် တစုံတရာ မပါရှိပေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၉ ၌ အမှုအကြောင်းခြင်းရာသည် မရွေ့မပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်နေလျှင်၊ ဒီကရီတွင် ယင်းမရွေ့မပြောင်းနိုင်သော ပစ္စည်းကို ခွဲခြားသိရှိနိုင်ရန်အတွက် ယင်းပစ္စည်းနှင့် ပတ်သက်သော ဖော်ပြချက် ပါရှိရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤတာဝန်မှာ သက်ဆိုင်ရာ တရားရုံးက ပြုလုပ် ဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဒီကရီတွင် ဖော်ပြရန် ရှိသည်များကို ဖော်ပြရန် တရားရုံးက ပျက်ကွက်ရုံမျှဖြင့် တရားနိုင်သည် မိမိရရှိပြီး ဒီကရီ၏ အကျိုးခံစားခွင့် မဆုံးရှုံးစေသင့်ပေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၂ အရ စီရင်ချက်၌ဖြစ်စေ၊ ဒီကရီ၌ဖြစ်စေ၊ အမိန့်၌ဖြစ်စေ ရေးသားဖော်ပြချက် သို့မဟုတ် ကိန်းဂဏန်း ဖော်ပြချက် မှားယွင်းစွာ ဖော်ပြမှု သို့မဟုတ် မရည်ရွယ်ပဲ မှားယွင်း ချွတ်ချော်သွားမှု သို့မဟုတ် မရည်ရွယ်ပဲ ရေးသွင်း ဖော်ပြရန် ကျန်ရှိသွားမှုများကို တရားရုံးသည် မိမိအလိုအလျောက်ဖြစ်စေ၊ အမှုသည် တစ်ဦးဦး၏ လျှောက်ထားချက်အရ ဖြစ်စေ အချိန်မရွေး ပြင်ဆင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ အယူခံတရားလို ဦးချစ်တင်၏ ဤဒုတိယအယူခံမှု ကိုပလပ်၍ မူလတရားရုံးသည် ဒီကရီကို လိုအပ်သလို ဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲပြီး ဇာရီမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်သည်၊

ဤအမှုအတွက် စရိတ်မချမှတ်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀ မောင်ခွေးသိုး (ဒေါ်ထပ်ကြီး၏ တရားဝင်ကိုယ်စားလှယ်)

ဇွန်လ နှင့်

၁၁ ရက် ဒေါ်မှတ်ကြီး *

**မိသားစု စီမံမှုဖြင့် အမွေပုံပစ္စည်းများ ခွဲဝေခြင်း- အမွေရှင် သေဆုံးသည့်အခါ မိသားစု စီမံမှုပြုစဉ်က ပဋိညာဉ်အတိုင်း ပစ္စည်းများကို ခွဲဝေယူရခြင်း-မိသားစု စီမံမှုကို နှုတ်ကတိဖြင့် ဆောင်ရွက်နိုင်ခြင်း- နှုတ်ကတိဖြင့် ပြုလုပ်သော မိသားစု စီမံမှုကို မှတ်ပုံတင်စာချုပ် ပြုလုပ်ရန် မလိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦး မသေမီ သားသမီးများဖြစ်ကြသည့် အမွေစားအမွေခံတို့၏ သဘောတူညီချက်ဖြင့် အမွေပုံ ပစ္စည်းများကို ခွဲဝေပေးခွင့်ရှိသည်။ ထိုသို့ပြုလုပ်ခြင်းမှာ မိသားစု စီမံမှုဟု ခေါ်သည်။ မိသားစု စီမံမှုပြုလုပ်ထားလျှင် အမွေရှင် သေဆုံးသည့်အခါ မိသားစု စီမံမှု ပြုလုပ်စဉ်က ပဋိညာဉ်ပြုလုပ်ခဲ့သည့်အတိုင်း အမွေပစ္စည်းများကို ခွဲယူရမည်ဖြစ်သည်။ စာရွက်စာတမ်းဖြင့် မဟုတ်ပဲနှုတ်ကတိများဖြင့် ထိုသို့ပြုလုပ်သည့် မိသားစုစီမံမှုကို မှတ်ပုံတင် စာချုပ်ဖြင့် ပြုလုပ်ရန်မလိုပေ။

အယူခံတရားလိုအတွက် -ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် -ဒေါ်နီနီရွှေ၊ ဗဟိုတရားရုံးရှေ့နေ။

တောင်သာမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၄၃/၇၄ တွင် ဒေါ်ထပ်ကြီးဆိုသူက အယူခံတရားပြိုင် ဒေါ်မှတ်ကြီးအပေါ် ခွင့်ပြုချက်ဖြင့် ထားဆူအား အိမ်မှနှင်လိုမှု တရားစွဲဆို၍ အနိုင်ဒီကရီ ရရှိခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဒေါ်မှတ်ကြီးက မန္တလေးတိုင်း တရားရုံး တရားမအယူခံမှု အမှတ် ၇/၇၅

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၄၂

† ၁၉၇၅ ခုနှစ်၊တရားမအယူခံမှုအမှတ် ၇ တွင်ချမှတ်သော (၁၆-၆-၇၅) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၀

မောင်ခွေး
သိုး
(ဒေါ်ထပ်
ကြီး၏တရား
ဝင်ကိုယ်စား
လှယ်)
နှင့်
ဒေါ်မှတ်ကြီး

တွင် အယူခံဝင်ရာ၊ အယူခံတရားရုံးက မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဒေါ်ထပ်ကြီး စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ အမှုအတောအတွင်း ဒေါ်ထပ်ကြီး သေဆုံးသွားသည့်အတွက် သူ၏ တရားဝင်ကိုယ်စားလှယ် မောင်ခွေးသိုးက အမှုကို ဆက်လက်ဆောင်ရွက်ပြီး ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အချင်းဖြစ်အိမ်နှင့် မြေကို အစက ဦးလူလေးဆိုသူ ပိုင်ကြောင်း၊ ဦးလူလေးက မသေမီ သားသမီးအားလုံးရှေ့တွင် မိသားစုစီမံမှုပြုလုပ်၍ အချင်းဖြစ်သည့် အိမ်နှင့်မြေကို သမီးဖြစ်သူ ဒေါ်ထပ်ကြီးအား ပေးခဲ့ကြောင်း၊ ဦးလူလေး သေဆုံးပြီးနောက် အချင်းဖြစ်အိမ်တွင် ဒေါ်ထပ်ကြီးက သူ၏မောင် ဦးထွန်းညိမ်းနှင့် သားမောင်လှသန်းနှင့် မောင်လှသန်း၏ဇနီး အယူခံတရားပြိုင် ဒေါ်မှတ်ကြီးတို့ကို အတူလာရောက် နေထိုင်ခွင့် ပြုခဲ့ကြောင်း၊ ဦးထွန်းညိမ်း သေဆုံးပြီးနောက် ဒေါ်ထပ်ကြီးက မောင်လှသန်းနှင့် ဒေါ်မှတ်ကြီးတို့ကို အချင်းဖြစ်အိမ်တွင် ဆက်လက်နေခွင့်ပြုခဲ့ကြောင်း၊ ထို့နောက် မောင်လှသန်း သေဆုံးပြီးနောက်တွင်လည်း ဒေါ်ထပ်ကြီးက ဒေါ်မှတ်ကြီးကို အချင်းဖြစ်အိမ်တွင် ဆက်လက်နေခွင့် ပြုခဲ့ကြောင်း၊ ဒေါ်မှတ်ကြီး နေပုံထိုင်ပုံကို မနှစ်သက်သဖြင့် ဒေါ်ထပ်ကြီးက ဒေါ်မှတ်ကြီးအား အချင်းဖြစ်အိမ်မှ ထွက်ခွာသွားရန် ပြောဆိုရာ မရသဖြင့်၊ တရားစွဲဆိုရကြောင်း အစချီသဖြင့် ဒေါ်ထပ်ကြီးက အဆိုပြုခဲ့သည်။

ဒေါ်မှတ်ကြီးက အချင်းဖြစ်မြေနှင့်အိမ်ကို ဒေါ်ထပ်ကြီး မပိုင်ကြောင်း၊ အမွေဆိုင်အိမ်ဖြစ်ကြောင်း၊ အမွေဆိုင်တစ်ဦးဖြစ်ခဲ့သည့် ဦးထွန်းညိမ်း၏သား မောင်လှသန်းနှင့် အချင်းဖြစ်အိမ်တွင် လာရောက်နေထိုင်ကြောင်း၊ ဒေါ်ထပ်ကြီး၏ ခွင့်ပြုချက်အရ နေခြင်း မဟုတ်ကြောင်း အစချီသဖြင့် ထုချေခဲ့သည်။

မူလမြို့နယ်တရားရုံးက ဦးလူလေးမသေမီက အမွေဆိုင်အားလုံး သဘောတူညီချက်ဖြင့် အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်ထပ်ကြီးအားပေးခဲ့ပြီး ဖြစ်သဖြင့်၊ အချင်းဖြစ်မြေနှင့် အိမ်၏ ပိုင်ရှင်မှာ ဒေါ်ထပ်ကြီးဖြစ်ကြောင်းနှင့် ဒေါ်ထပ်ကြီး၏ ခွင့်ပြုချက်ဖြင့် ဒေါ်မှတ်ကြီးသည် အချင်းဖြစ် အိမ်နှင့် မြေပေါ်၌နေကြောင်း အဆုံးအဖြတ်ပေးပြီး ဒေါ်ထပ်ကြီးအား အနိုင်ပေးခဲ့သည်။

၁၉၇၀ — မောင်ခွေး သိုး (ဒေါ်ထပ်ကြီး၏တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်မှတ်ကြီး

ပထမအယူခံ တိုင်းတရားရုံးက ဦးလူလေးမသေမီက မိသားစုစီမံမှုအရ အချင်းဖြစ်အိမ်နှင့် မြေကို ဒေါ်ထပ်ကြီးအား ပေးပြီးဖြစ်သော်လည်း၊ ဤကဲ့သို့ပေးခြင်းမှာ မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ထားခြင်းမရှိသည့်အတွက် တရားမဝင်ဟု အဆုံးအဖြတ် ပေးသည့်အပြင်၊ ဒေါ်မှတ်ကြီးသည် အချင်းဖြစ်အိမ်တွင် ဒေါ်ထပ်ကြီး၏ ခွင့်ပြုချက်ဖြင့် နေခြင်းမဟုတ်ဟုလည်း ဆုံးဖြတ်ခဲ့သည်။

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မိဘတဦးဦးမသေမီ သားသမီးများ ဖြစ်ကြသည့် အမွေစားအမွေခံတို့၏ သဘောတူညီချက်ဖြင့် အမွေပုံပစ္စည်းများကို ခွဲဝေပေးခွင့်ရှိသည်။ ထိုသို့ပြုလုပ်ခြင်းမှာ မိသားစုစီမံမှုဟုခေါ်သည်။ မိသားစုစီမံမှု ပြုလုပ်ထားလျှင် အမွေရှင်သေဆုံးသည့်အခါ မိသားစုစီမံမှုပြုလုပ်စဉ်က ပဋိညာဉ် ပြုလုပ်ခဲ့သည့်အတိုင်း အမွေပစ္စည်းများကို ခွဲယူရမည်ဖြစ်သည်။ စာရွက်စာတမ်းဖြင့် မဟုတ်ပဲ နှုတ်ကတိများဖြင့် ထိုသို့ပြုလုပ်သည့် မိသားစု စီမံမှုကို မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ရန်မလိုပေ။ ထို့ကြောင့် ဒေါ်ထပ်ကြီးအား မိသားစု စီမံမှုအရ အချင်းဖြစ်အိမ်နှင့်မြေကို မှတ်ပုံတင်စာချုပ်ဖြင့် ပြုလုပ်ထားခြင်းမရှိသည့်အတွက် တရားမဝင်ဟု ပထမအယူခံ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ ဥပဒေနှင့် မကိုက်ညီပေ။

ဦးလူလေး သေဆုံးပြီးနောက် ဦးထွန်းညိမ်း၊ မောင်လှသန်းနှင့် ဒေါ်မှတ်ကြီးတို့သည် နေစရာမရှိ၍ အချင်းဖြစ်အိမ်တွင်နေရန် ဒေါ်ထပ်ကြီးက ခေါ်ထားပြီး၊ ဦးထွန်းညိမ်းသေဆုံးပြီးနောက် မောင်လှသန်းနှင့် ဒေါ်မှတ်ကြီးကို ဆက်လက်နေခွင့် ပြုခဲ့ကြောင်း၊ မောင်လှသန်းသေဆုံးပြီးနောက် ဒေါ်မှတ်ကြီးကို ဆက်လက်နေခွင့် ပြုခဲ့ကြောင်း အမှုတွဲရှိ သက်သေ အထောက်အထားများအရ ပေါ်လွင်ထင်ရှားပေသည်။ ဤအချက်ကို တရားလိုပြ သက်သေ ဒေါ်လေး၊ ဒေါ်ဖွားသိန်းနှင့် ဒေါ်ရွှေကြီးတို့က ထောက်ခံထွက်ဆိုခဲ့သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ပထမအယူခံ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင် အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့
ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးဇော်ဝင်း ပါ (၃) † ၁၉၇၀

နှင့် နိုဝင် ဘာလ

နိုင်ငံတော်ကုန်သွယ်ရေးဌာန ၁၅ ရက်

မန္တလေးဘဏ်ခွဲကိုယ်စား၊ မန်နေဂျာ ဦးတင်ဦး*

**တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅-ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျှင် ဗဟိုတရားရုံးက သင့်တော်သော အမိန့်ချမှတ်ပေးနိုင်ခြင်း-ယေဘုယျကျသည့် တောင်းဆိုချက်ကို ဗဟိုတရားရုံးက ဆောင်ရွက်ပေးမည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၅ အရ ဗဟိုတရားရုံးသည် လက်အောက်ခံတရားရုံးများက အမှုတစ်မှုတွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ယင်းအမှုကို ခေါ်ယူစစ်ဆေး၍ ယင်းပုဒ်မ ၁၁၅ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျှင် ဗဟိုတရားရုံးက သင့်တော်သည့် အမိန့် ချမှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဗဟိုတရားရုံးက ပုဒ်မ ၁၁၅ အရ ဆောင်ရွက်နိုင်ရန် လက်အောက်ခံတရားရုံး၏ ဆုံးဖြတ်ချက် တိတိကျကျရှိရမည်။

ယေဘုယျကျသည့် တောင်းဆိုချက်နှင့် ပတ်သက်ပြီး ဗဟိုတရားရုံးအနေနှင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ဆောင်ရွက်ပေးမည် မဟုတ်ပေ။

လျှောက်ထားသူများအတွက် -ဦးမိုဟန်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် -ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူ ဘဏ်က လျှောက်ထားသူတို့အပေါ် ယင်းမန္တလေးခရိုင် တရားမ တရားသူကြီးရုံး တရားမကြီးမှု အမှတ်

* ၁၉၇၀ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၈။

† ၁၉၇၃ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၉ တွင် ချမှတ်သော (၃၁-၁-၇၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၀ — ဦးဇော်ဝင်း ပါ (၃) နှင့် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် မန္တလေးဘဏ်ခွဲကိုယ်စား၊ မန်နေဂျာဦးတင်ဦး

၂၁/၆၂ တွင် အပေါင်ဒီကရီ ရရှိခဲ့သည်။ ယင်းဒီကရီအရ ယခု မန္တလေးတိုင်း တရားရုံး တရားမဇာရီမှု အမှတ် ၉/၇၃ တွင် အပေါင်ပစ္စည်း လေလံတင်ရောင်းချခြင်း၊ ပုဂ္ဂလိက ဒီကရီချမှတ်ခြင်း၊ လေလံတင်ရောင်းချသည့် ပစ္စည်းကို လက်ရောက်ပေးအပ်စေရန် ဆောင်ရွက်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် မန္တလေးတိုင်း တရားရုံးက မူလအမှုတွဲ မရှိပဲကောက်နုတ်ချက် နေ့စဉ်မှတ်တမ်းများအရ ဆောင်ရွက်ခဲ့သဖြင့် ၈-၉-၇၀ နေ့ နောက်ပိုင်း၌ တရားရုံး၏ ဆောင်ရွက်ချက်များကို ပယ်ဖျက်ပေးရန် လျှောက်ထားသူက ဗဟိုတရားရုံးသို့ ဤလျှောက်လွှာ တင်ခြင်းဖြစ်သည်။

ဤလျှောက်လွှာမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ တင်သွင်းသည့် လျှောက်လွှာဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ဗဟိုတရားရုံးသည် လက်အောက်ခံ တရားရုံးများက အမှုတစ်မှုတွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ယင်းအမှုကို ခေါ်ယူစစ်ဆေး၍ ယင်းပုဒ်မ ၁၁၅ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျှင် ဗဟိုတရားရုံးက သင့်တော်သည့်အမိန့် ချမှတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဗဟိုတရားရုံးက ပုဒ်မ ၁၁၅ အရ ဆောင်ရွက်နိုင်ရန် လက်အောက်ခံ တရားရုံး၏ ဆုံးဖြတ်ချက် တိတိကျကျရှိရမည်။ ယခုမှာမူ လျှောက်ထားသူက မန္တလေးတိုင်း တရားရုံးတွင် ၈-၉-၇၀ ရက်နေ့ နောက်ပိုင်း ဤအမှုနှင့် ပတ်သက်ပြီး ဆောင်ရွက်ချက်များကို ပယ်ဖျက်ပေးရန် တောင်းဆိုထားကြောင်း တွေ့ရသည်။ ဤတောင်းဆိုချက်မှာ ယေဘုယျကျလွန်းလှပေသည်။ ဤသို့ ယေဘုယျကျသည့် တောင်းဆိုချက်နှင့် ပတ်သက်ပြီး ဗဟိုတရားရုံးအနေနှင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ဆောင်ရွက်ပေးမည် မဟုတ်ပေ။

သို့ဖြစ်၍ ဤလျှောက်လွှာကို ပလပ်လိုက်သည်။ စရိတ်ငွေ ကျပ် ၈၀/- ခွင့်ပြုသည်။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့်ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးလုကနတ်ပါ(၂)

နှင့်

ဦးကျော်မြင့်ပါ(၁၁)*

† ၁၉၇၀

နိုဝင်ဘာလ ၂၉ ရက်

**တဘက်သတ် စစ်ဆေးကြားနာသော အမှုများ— ငြင်းချက်မထုတ်ပဲစစ်ဆေးရန်သော်လည်းကောင်း၊ ငြင်းချက်ထုတ်ပြီးမှ စစ်ဆေးဆုံးဖြတ်ရန်သော်လည်းကောင်း ဥပဒေပြဋ္ဌာန်းချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တဘက်သတ်ကြားနာရသော အမှုများကို ငြင်းချက်မထုတ်ပဲ အဆုံးအဖြတ်ပေးရန် သော်လည်းကောင်း၊ ငြင်းချက်ထုတ်၍ တရားလိုဘက်ကို ကြားနာပြီးမှသာ အဆုံးအဖြတ် ပေးရမည်ဟူ၍သော်လည်းကောင်း ပြဋ္ဌာန်းထားချက် မရှိပေ။

အယူခံတရားလိုများအတွက် — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်များအတွက် — မလာ။

ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၇၆ (သီပေါ) တွင် အယူခံတရားလို ဦးလုကနတ်နှင့် ဦးဘိစနူးတို့က အယူခံတရားပြိုင်ဦးကျော်မြင့်ပါ(၁၁)ဦးတို့အပေါ် အချင်းဖြစ် ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန် တရားစွဲဆိုရာ ပြည်နယ်တရားရုံးက အမှုကို ပယ်လိုက်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

အယူခံတရားလိုဦးလုကနတ်နှင့် ဦးဘိစနူးတို့က ရှမ်းပြည်နယ် သီပေါမြို့ဈေးအနီးရှိ တိရစ္ဆာန်ထောင်နေရာဟောင်းကို ဂရန်ရထားသူ ဦးဖေရှင်ထံမှ အဖိုးငွေ ကျပ် ၁၅၀၀၀/-နှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ၈-၂-၆၂ နေ့တွင် ဝယ်ယူခဲ့ကြောင်း၊ ထို့နောက် မိမိတို့ အမည်ဖြင့် ဂရန်ကို အမည်ပြောင်းယူခဲ့ကြောင်း၊ ရှမ်းပြည်နယ် ဦးစီးအဖွဲ့သည် ဦးဖေရှင် အနေဖြင့် အချင်းဖြစ် မြေတွင် ကိုယ်တိုင်မနေပဲ မိမိတို့အား

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၀

† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ (သီပေါ)တွင် ချမှတ်သော (၂၄-၄-၇၀) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉ဂ၀
ဦးလုကနတ် ပါ(၂) နှင့် ဦးကျော်မြင့် ပါ (၁၁)

မြေကိုရောင်းပစ်သည်ဟုဆိုကာ မိမိတို့အမည်ဖြင့် ပေးထားသည့် ဂရန်ကို ပယ်ဖျက်ခဲ့ကြောင်း၊ ထိုသို့ ပယ်ဖျက်ခြင်းမှာ တရားဥပဒေအရ ပေးအပ်ထားသော တိုင်းသူပြည်သားတစ်ဦး၏ အခွင့်အရေးကို တားဆီးပိတ်ပင်ရာရောက်ကြောင်း၊ အယူခံတရားပြိုင်များပါဝင်သော မြို့မြေယာချထားရေးကော်မတီသည် အချင်းဖြစ်မြေကို အခြားသူတစ်ဦးအား ချထားရန် စီစဉ်နေသဖြင့် မိမိတို့၏ အခွင့်အရေးများကို ထိခိုက်လာကြောင်း အဆိုပြုကာ အချင်းဖြစ်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံကို ပိုင်ကြောင်း မြွက်ဟကြေညာပေးရန် ရှမ်းပြည်နယ် တရားရုံးတွင် တရားစွဲဆိုသည်။ ရှမ်းပြည်နယ်တရားရုံးက ပဏာမ ငြင်းချက်ထုတ်၍ အယူခံတရားလိုတို့ဘက်ကို ကြားနာပြီးနောက် ဦးလုကနတ် တို့သည် အထက်မြန်မာပြည် မြေနှင့်အခွန်တော် စည်းမျဉ်း သတ်မှတ်ရေး ဥပဒေ ပုဒ်မ ၅၃(၂) အရ အမှုကို စွဲဆိုခွင့်မရှိဟုဆိုကာ ပယ်လိုက်လေသည်။

အယူခံ တရားလို၏ အကျိုးဆောင်က မူလရုံးသည် အမှုကို တဘက်သတ်ကြားနာရသဖြင့် အမှုတွင် ငြင်းချက်ထုတ်၍ ကြားနာရန် မလိုပဲ ငြင်းချက်ထုတ်နှုတ်ကြားနာသည်မှာ မှားယွင်းကြောင်း တင်ပြလျှောက်လဲသည်။ တဘက်သတ်ကြားနာရသော အမှုများကို ငြင်းချက်မထုတ်ပဲ အဆုံးအဖြတ်ပေးရန်သော်လည်းကောင်း၊ ငြင်းချက်ထုတ်၍ တရားလိုဘက်ကို ကြားနာပြီးမှသာ အဆုံးအဖြတ်ပေးရမည်ဟူ၍သော်လည်းကောင်း ပြဋ္ဌာန်းထားချက် မရှိပေ။ သို့ရာတွင် ဤအမှု၌ ပြည်နယ်တရားရုံးက ငြင်းချက်ထုတ်၍ တရားလိုဘက်ကို ကြားနာခဲ့ခြင်းဖြင့် တရားလိုတို့သည် မိမိတို့ တင်ပြလျှောက်လဲလိုသော အချက်အလက်များကို အသေးစိတ် တင်ပြလျှောက်လဲရန် အခွင့်အရေး ရရှိခဲ့သဖြင့် ၎င်းတို့အား အကျိုးရှိစေခဲ့သည်ဟုသာ ကောက်ယူသင့်ပေသည်။

အမှုကို ပြည်နယ်တရားရုံးက ပယ်ခဲ့ခြင်းမှာ အထက်မြန်မာပြည် မြေနှင့် အခွန်တော်စည်းမျဉ်းသတ်မှတ်ရေး ဥပဒေပုဒ်မ ၅၃(၂) အရ ပယ်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၅၃ (၂)တွင် နိုင်ငံပိုင် မြေကို ပိုင်ဆိုင်ကြောင်း အရေးဆိုသည့်အမှုကို တရားမ ရုံးများက စီရင်ဆုံးဖြတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုတို့သည် နိုင်ငံပိုင်ဖြစ်သည့် အချင်းဖြစ် ဂရန်မြေနှင့် စပ်လျဉ်း၍ အရေးဆိုခွင့် မရှိချေ။ သို့ဖြစ်၍ ရှမ်းပြည်နယ်တရားရုံးက အယူခံတရားလိုတို့၏အမှုကို ပယ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် အယူခံ တရားလိုတို့၏ အယူခံကို ပယ်လိုက်သည်။ စရိတ်မရှိ။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သောင်းဌေးပါ(၂)

နှင့်

မောင်ကြည်ပါ(၂)*

† ၁၉၈၀
ဇန်နဝါရီလ
၁၀ ရက်

**ခွင့်ပြုချက်ဖြင့် နေထိုင်သူသည်နှစ်ပေါင်းမည်မျှပင်နေထိုင်စေကာမူ ဆန့်ကျင်ဘက်ပိုင်ဆိုင်မှုကို မရရှိနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူများဖြစ်၍ နှစ်ပေါင်းမည်မျှပင် နေထိုင်စေကာမူ ဆန့်ကျင်ဘက်ပိုင်ဆိုင်မှုကို ရရှိနိုင်သူများမဟုတ်ပေ။ သို့ဖြစ်၍ နှစ်ပေါင်း ၂၀ ခန့် နေထိုင်ခဲ့၍ ဆန့်ကျင်ဘက်ပိုင်ရှင်များဖြစ်သည် ဆိုသည့် တင်ပြချက်ကိုလည်း လက်ခံရန်အကြောင်းမရှိပေ။

အယူခံတရားလိုများအတွက် — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

ရွှေဘိုမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၇၆ တွင် အယူခံတရားလိုများက အယူခံတရားပြိုင်များအပေါ် အခမဲ့ နေထိုင်ခွင့် ပြုထားသောမြေမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုခဲ့သည်၊ မြို့နယ်တရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးခဲ့သည်။ အယူခံတရားပြိုင် များက စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံသည့်အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည်။ အယူခံ တရားလိုများက တိုင်းတရားရုံး၏ဆုံးဖြတ်ချက်ကို မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၄၅

† ၁၉၇၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈ တွင်ချမှတ်သော (၇-၅-၇၇) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၀

ဒေါ်သောင်း ငွေးပါ(၂) နှင့် မောင်ကြည် ပါ(၂)

အယူခံတရားလိုတို့ အဆိုလွှာအရ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းရွာ ကွက်သစ်ရှိ အလျားပေ ၇၀၊ အနံပေ ၆၈၊ တောင်လားသော် လမ်း၊ မြောက်လားသော် ဆေးပေးဌာန၊ အရှေ့လားသော် လမ်းနှင့် အနောက်လားသော် မောင်ထန်းသီးအိမ် မြေကွက်၊ နယ်လေးရပ် အတွင်းရှိ မြေမှာ အယူခံတရားလိုများ ပိုင်ဆိုင်ကြောင်း၊ ထိုမြေတွင် အယူခံတရားပြိုင်များကို ခေတ္တ အခမဲ့ နေရန် ခွင့်ပြုထားခဲ့ကြောင်း၊ မြေကို ပြန်လည်အလိုရှိ၍ ဖယ်ရှားပေးရန် ပြောဆိုသည့်အခါ ဖယ်ရှားခြင်း မရှိ၍ အယူခံတရားလိုများက မူလရုံးအမှုကို စွဲဆိုခြင်းဖြစ်သည်။ အယူခံတရားပြိုင်များက ယင်းတို့သည် အယူခံတရားလိုတို့၏ ခွင့်ပြုချက်ဖြင့် နေသူများမဟုတ်ကြောင်း မြေ၏ပိုင်ရှင် ကိုကျော်အေး ဆိုသူထံမှ ငွေကျပ် ၁၀၀/-နှင့် ဝယ်ယူနေထိုင်ခြင်းဖြစ်ကြောင်းထုချေခဲ့သည်။ မူလတရားရုံးက အယူခံတရားလိုများ၏ အဆိုကို လက်ခံသည်။ တိုင်းတရားရုံးက အယူခံတရားပြိုင်များ၏ ထုချေချက်ကို လက်ခံခဲ့သည်။

ဤအယူခံမှုတွင် တင်ပြသည့် အဓိကအကြောင်းပြချက် များမှာ အချင်းဖြစ်မြေတွင် အယူခံတရားပြိုင်များအား အယူခံတရားလို ဒေါ်သောင်းငွေးက အခမဲ့နေခွင့်ပြုကြောင်း အထောက်အထားများ ထင်ရှားရှိပါလျက် တိုင်းတရားရုံးမှ လက်မခံခြင်းမှာ မှားယွင်းကြောင်း၊ အယူခံတရားပြိုင်များသည် မြေကို ငွေကျပ် ၁၀၀/-နှင့် ဝယ်ယူသည် ဆိုသော်လည်း မှတ်ပုံတင် စာချုပ်စာတမ်း တင်ပြခြင်း မရှိ၍ တိုင်းတရားရုံးမှ ဝယ်ယူခြင်းမှာ ယုတ္တိရှိသည်ဟု ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ကြောင်း၊ မူလရုံးတွင် ငြင်းချက် ထုတ်ထားခြင်း မရှိပဲ အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေကို ဝယ်ယူထားခြင်းမှာ မှန်သည်ဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း စသည်တို့ဖြစ်သည်။

မူလရုံးအမှုသည် ခွင့်ပြုချက်ဖြင့် အခမဲ့ထားသူအား နှင်ထုတ်လိုမှုဖြစ်၍ အဓိက စဉ်းစားရန်မှာ အယူခံတရားပြိုင်များအား အယူခံတရားလိုတို့က အခမဲ့နေခွင့်ပြုခဲ့ခြင်း မှန်မမှန်သာဖြစ်သည်။ သို့ဖြစ်၍လည်း မူလရုံးမှ တရားလိုသည် အချင်းဖြစ်မြေပေါ်တွင် နေထိုင်ရန်တရားပြိုင်များအား အခမဲ့နေထိုင်ခွင့်ပြုခဲ့သလားဆိုသည့် ငြင်းချက် တစ်ခုကိုသာ ထုတ်ခဲ့ခြင်းဖြစ်သည်။ မူလရုံးအမှုတွဲကို လေ့လာသည့်အခါ ပွဲရုံတွင် အလုပ်လုပ်သည့် အယူခံတရားပြိုင်များအား အချင်းဖြစ်မြေတွင် အခမဲ့နေထိုင်ရန် နေခွင့်ပေးခဲ့သည်ဟု ဒေါ်သောင်းငွေး (လိုပြ-၁)၏ ထွက်ဆိုချက်ကို ဦးပေါ်သာ (လိုပြ-၄)နှင့် ဦးကံဇ (ရုံးခေါ် သက်သေ) တို့က ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

၁၉၇၀

ဒေါ်သောင်း၊ ဒွေးပါ(၂) နှင့် မောင်ကြည် ပါ(၂)

အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေကို ကိုကျော်အေး ဆိုသူထံမှ ငွေကျပ် ၁၀၀/-နှင့် ဝယ်သည်ဟု ထွက်ဆိုကြ သော်လည်း ကိုကျော်အေး၏ဇနီး ဒေါ်ထွေး(လိုပြ-၃)က မိမိနှင့် ကိုကျော်အေးတို့ အချင်းဖြစ်မြေက ပြောင်းသွားသည့်အခါ မည်သူ့ကိုမှ မြေကို လွှဲပြောင်းခြင်း မပြုခဲ့ကြောင်း၊ အယူခံ တရားလိုများကိုသာ ပြန်လည်အပ်ခဲ့ကြောင်း၊ ယခုအမှုဖြစ်သည့်အချိန်ကျမှ အယူခံတရားပြိုင် ကိုကြည်က လာ၍ ငွေပေးပြီး မြေကို ကိုကျော်အေးက ရောင်းခဲ့ကြောင်း ထွက်ဆိုရန် ပြောကြားပါသည်ဟု ထွက်ဆိုထားသည့် အပြင်၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်စာတမ်းတင်ပြနိုင်ခြင်း မရှိသည့်အတွက်၊ အချင်းဖြစ်မြေကို ကိုကျော်အေးထံမှ ဝယ်ယူခဲ့သည် ဆိုသည်ကို လက်ခံရန် အကြောင်းမရှိပေ။

အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူများဖြစ်၍ နှစ်ပေါင်းမည်မျှပင် နေထိုင်စေကာမူ ဆန့်ကျင်ဘက် ပိုင်ဆိုင်မှုကို ရရှိနိုင်သူများ မဟုတ်ပေ။ သို့ဖြစ်၍ နှစ်ပေါင်း ၂၀ ခန့် နေထိုင်ခဲ့၍ ဆန့်ကျင်ဘက် ပိုင်ရှင်များဖြစ်သည် ဆိုသည့် တင်ပြချက်ကိုလည်း လက်ခံရန် အကြောင်းမရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပြန်လည် အတည်ပြုလိုက်သည်။ ဤရုံးရှေ့နေခ အဖြစ် ငွေကျပ် ၅၀/- သတ်မှတ်သည်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တရားစီရင်ထုံးများ
## ၁၉၇၀ ပြည့်နှစ်၊ တနှစ်လုံးအတွက် (ပြစ်မှု) အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| [ဈ] | ၁၆ | ဖြစ်ပေါ်ခြင်း | ဖြစ်ပေါ်ခြင်း- |
| [ဒ] | ၅ | "မောင်ထွန်းလွင် | မောင်ထွန်းလွင် |
| [ဓ] | | | |
| ၁၀ | ခေါင်းစဉ် | ၁၉၇၀ ဒီဇင်ဘာလ ၁၆ ရက် | ၁၉၇၀ ဒီဇင်ဘာလ ၂၄ ရက် |
| ၁၁ | ၁၂ | ဦးကျော်သန်းပါ( )ဦး | ဦးကျော်သန်းပါ (၄)ဦး |
| ၁၃ | ၂၉ | ၁၉-၄-၇၅ | ၁၆-၇-၇၀ |
| ၂၀ | ၂၀ | ၅၁၄ | ၅၀၄ |
| ၃၂ | ၁၅ | မဟုတ်ပါဟု | မဟုတ်ဟု |
| ၃၃ | ၄ | တိုင်းတရားစီရင်ရေး | ပြည်နယ်တရားစီရင်ရေး |
| ၄၆ | ၁၀ | ရထိုက်ကြောင်း။ | ရထိုက်ခွင့်ရှိခြင်း။ |
| ၄၆ | ၁၄ | ထိမ်းမြားလက်ထပ် | ထိမ်းမြားလက်ထပ်ခြင်း၊ |
| ၅၉ | ၇ | ၁၆၂ (၂) | ၁၆၂ (၂)- |
| ၅၉ | ၂၄ | ဥပဒေဝန်ထမ်း အဆင့်(၁) ဦးဝင်းဖေ | ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့်(၁)၊ |
| ၇၀ | ၂၉ | နည်းဥပဒေပုဒ်မ ၂၅ | နည်းဥပဒေ ၂၅ |

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တရားစီရင်ထုံးများ
## ၁၉၇၀ ပြည့်နှစ်၊ တနှစ်လုံးအတွက် (တရားမ) အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| [ဆ] | ၂၅ | ဦးသာခင် | ဦးသာဒင် |
| [ည] | ၁၆ | ဆန့်ကျင်လျှင်- | ဆန့်ကျင်လျှင် |
| [ဌ] | ၂၁ | နည်း ၉ | နည်း ၉- |
| ၇ | ၃၁ | ၅၀/- | ၅၀/- |
| ၂၅ | ၉ | နည်းဥပခဒ | နည်းဥပဒေ |
| ၂၉ | ဘေးခေါင်းစဉ် | ၄၉၇၀ | ၁၉၇၀ |
| ၆၅ | ၄၊၂၆ | ဦးသာခင် | ဦးသာဒင် |
| ၆၆ | ၁၊၈၊၂၁ | ဦးသာခင် | ဦးသာဒင် |
| ၆၆ | ဘေးခေါင်းစဉ် | ၁၉၇၀ | ၁၉၇၀ |
| | | ဦးသာခင် | ဦးသာဒင် |
| ၆၈ | ၄ | ဦးသာခင် | ဦးသာဒင် |
| ၆၈ | ဘေးခေါင်းစဉ် | ၁၉၇၀ | ၁၉၇၀ |
| | | ဦးသာခင် | ဦးသာဒင် |
| ၆၇ | ၂ | ဦးစိုလှိုင် | ဦးစိုးလှိုင် |